http://www.linhtet.com



http://www.linhtet.com

စာစဉ် ၁

Shwe Minn Tha Book
ရွှေမင်းသားစာအုပ်တိုက်

http://www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.linhtet.com



http://www.linhtet.com


| | |
|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | [၁၅၂၂ / ၂၀၀၃ (၁၁)] |
| **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** | [၁၃၃၉ / ၂၀၀၃ (၁၁)] |
| **ပုံနှိပ်ခြင်း** | ဒုတိယအကြိမ် |
| **ထုတ်ဝေခြင်း** | ဖေဖော်ဝါရီ - ၂၀၀၄ |
| **စီစဉ်သူ** | ရွှေမင်းသား မီဒီယာ |
| **မျက်နှာဖုံးဒီဇိုင်း** | ကျော်မင်းမောင် |
| မျက်နှာဖုံးဖလင် | **Stars Colour Repro** |
| **မျက်နှာဖုံးပုံနှိပ်** | ရွှေမင်းသားပုံနှိပ်တိုက် |
| **ကွန်ပျူတာစာစီ** | ရွှေမင်းသားမီဒီယာ<br>အခန်း **B** -၁၀၄ တိုက် ၇၉၇၊ ဗိုလ်ချုပ်လမ်း<br>(ဝါးတန်းလမ်းထောင့်) လမ်းမတော်မြို့နယ်၊<br>ရန်ကုန်မြို့။<br>ဖုံး-၀၁ . ၂၂၂၉၂၃၊ ၀၉.၈၀.၂၁၄၇၈ |
| အတွင်းဖလင် | ကိုမြတ်စိုး**ADORN** |
| **အတွင်းပုံနှိပ်** | ရွှေမင်းသားပုံနှိပ်တိုက် |
| ထုတ်ဝေသူ | လောကအလှစာပေ၊<br>ဦးစိန်ထွေး-မှတ်ပုံတင်အမှတ် ၀၁၇၉၉<br>အမှတ် (၂၁) အောင်သပြေလမ်း၊<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |

**ဖြန့်ချိရေး**

| | |
|---|---|
| အောက်မြန်မာပြည် - | ရွှေမင်းသားစာအုပ်တိုက် |
| အထက်မြန်မာပြည် - | ထွန်းဦးစာပေ (မန္တလေး) |

တန်ဖိုး – ၇၅၀ ကျပ်

http://www.linhtet.com

# မာတိကာ

**ဆရာကြီးမောင်ထင်၏ဇွဲအတ္တုပ္ပတ္တိဆောင်းပါး**
**စီစဉ်ထုတ်ဝေသူ၏အမှာ**
**စာရေးသူ၏အမှာ**


၁။ တစ်ဆင့်ကြားဖြင့်သိခဲ့ရသည့်ကိုယ့်ဘဝ။ ....... ၂၁
ဘဝ၏အစ .....ငါ့ကိုမလိုလားကြဘူး .....
မီးရထားစီးဖူးခြင်း.....ဖိနပ်စီးဖူးခြင်း .....
အနှိပ်ဆရာမ.....

၂။ လောကကို ဘဝင်မကျခြင်း။...... ၃၀
ကျောင်းစတက်သည့်နေ့....အခွင့်ထူးခံ .....
အတန်းတက်ပွဲ...စိတ်ကူးဖြင့်ကြေနပ်ရခြင်း ...
ပထမဆုံးချစ်ခင်ရသူ.... မတရားမှုကိုမကြိုက်
သော်လည်း...အကောင်းဆုံးလူတစ်ယောက် ...
ရိုးရာယဉ်ကျေးမှု..... ငွေအကြောင်း......
ရေချိုးရသည့်ဒုက္ခ... ရုန်းရကန်ရသည့်ဘဝ....

၃။ ပြည်တွင်းစစ်အရသာ..... ၄၉
မိသားစုနှင့်ခွဲခွာနေရခြင်း...ရေနစ်ဖူးခြင်း....
ပစ္စည်းဥစ္စာ၏သဘော...ရန်ကုန်သို့ပြေးရပြီ...
စွဲလမ်းခဲ့ဖူးသည့်ဘဝရောင်ခြည်...ရေနွေးဖျော်ခံရ
ခြင်း.....ဝဋ်နာကံနာတဲ့...မေမေ့မေတ္တာ ...

http://www.linhtet.com


၄။ ကျောင်းပြန်နေရခြင်း..... ၆၄
အတော်ဆုံးကျောင်းသား .....တိုးတက်လာသော
အရည်အချင်းများ... လူ့မနောအံ့သြမကုန်....
အဆိုးမြင်ဝါဒ......လောင်းကစားစိတ် .....
လူသည်ကိုယ်ကျိုးရှာသမားလော...ကံစမ်းမဲ ...
ပြည်တော်သာညီလာခံသို့.....

၅။ စာတော်သူ၏ကျဆုံးခန်း..... ၈၂
အတန်းကုန်ပြီ....ကျောင်းသားဘဝလမ်းစပြတ်ပြီ
ဖြေဖျော်စရာအနုပညာ...စာပေနှင့်ဖေဖေ ...
တိုးတက်လာခြင်း....ရှင်ပြုပေးခြင်း .......

၆။ အသန့်ကြိုက်သူမောင်သောင်းကျန်း ......... ၉၃
ကျွန်တော့်မိဘ..ဖေဖေနှင့်မေမေ မတူညီချက် ..
ဖေဖေ၏ဘာသာရေးစိတ်ဓာတ်..ပဲခူးအိမ်တွင် ..
ဆရာကိုစမ်းမိပုံ.....အသန့်ကြိုက်သူ .....
ဗိုလ်စတိုင်.......မောင်သောင်းကျန်း ....

၇။ စိတ်၏ဖြေရာ... ၁၀၄
ဘဝကိုဖုံးကွယ်လိုခြင်း.... စွန့်လွှတ်ခြင်းဖြင့်ဖြေ
သိမ့်မှု...အကောင်းဆုံးမိတ်ဆွေ..... ဖေဖေ၏
အပြောင်းအလဲ...ပန်းချီနှင့်ကျွန်တော်...စာ စ
ရေးခြင်း.... လောကကြီးနှင့်အဆက်ပြတ်ရခြင်း
ပထမဆုံးမိုးပွင့်ဖြူ..မီးတိုးကောင်နှင့်ဝက်ကလေး..

http://www.linhtet.com

**၈။** စိတ်လွှတ်ပေါက်ပေးလိုက်ခြင်း .... **၁၂၃**
ဒါ ငါ့ကမ္ဘာ..အဖြူကိုမသိ၍အမည်းကိုမသိခြင်း..
မျက်စိမွဲစပြုလာပြီ.....ကျွန်တော်သေနေပြီ ...
သနားစရာလား...မခံချင်စိတ်..ဟာသဆရာ ..
အစွမ်းထက်ထက် ကလောင်လက်နက် .......
တစ်ယောက်တည်းသောစာဖတ်ပရိသတ် ......

**၉။** လောကကို ကြည့်တတ်လာခြင်း ........... **၁၄၉**
အတွေးအမြင်ကိုပဲ့ကိုင်ပေးသူ..အမြင်မှန်လာပြီ..
သောကကင်းဝေးနေနိုင်ရေး..တရားပြမိခြင်း ...
မျက်မှန်တပ်ရပြီ..မချိန်ဝံ့သည့်စာရေးဆရာဘဝ ..

**၁၀။** ဤမြေကမ္ဘာ မေတ္တာသည်ပင် လွှမ်းစေချင် .....**၁၆၄**
လုံးချင်းလောက သိရသမျှ.... ကိုယ်ပိုင်ထုတ်ဝေ
ရေး..ငွေအတွက်ခက်ပုံက..... ဘီးတပ်ကုလား
ထိုင်သစ်.....ဘဝ မရှုံးသူများ....... ရွှေသွေး
ကိုယ်စားလှယ်..အတ္တမာနကိုထိခိုက်သွားခြင်း...

**၁၁။** လောကအလှ..... **၁၇၈**
ကိုယ်တိုင်ဆုယူရေး..... ...

**၁၂။** ဆန်းစစ်ချက်...... **၁၈၄**
စာပေခရီးလမ်း..... လူနှင့်အလုပ်......

http://www.linhtet.com

www.linhtet.com

# ငါ့အတ္ထုပ္ပတ္တိ

လူသည်သစ်တုံးမဟုတ်။ လူ၌ စိတ်ရှိ၏။ ထိုစိတ်သည်ကိုယ် (အတ္တဘော)၌ တည်၏။ ဘယ်နေရာမှာတည်သည်ဟု အပ်ချမတ်ချ မပြောနိုင်။ စိတ်သည်ကာယ မဟုတ်သောကြောင့် နှလုံးသည်းပွတ်တို့ကဲ့သို့ အကောင်အထည်မရှိ။ သို့သော် အကောင်အထည်မရှိသောကြောင့် စိတ်မရှိဟု မယူဆသင့်။ မိမိကိုယ်၌ စိတ်ရှိသည် မရှိသည်ကို စမ်းသပ်လိုလျှင် မိမိကိုယ်ကိုဆိတ်ကြည့်ပါ။

ကိုယ်ကိုဖွံ့ဖြိုးအောင် ကာယဗလလေ့ကျင့်ခန်းတို့ဖြင့် လေ့ကျင့်လျှင်ရ၏။ ဤသဘောသွားအတိုင်းပင် စိတ်ကို ဖွံ့ဖြိုးအောင် စိတ္တဗလ လေ့ကျင့်ခန်းတို့ဖြင့် လေ့ကျင့်လျှင်ရနိုင်သည်။ သို့သော်မည်သူမျှ လေ့ကျင့်ခန်းသပ်သပ်ယူ၍ ကျင့်သည်ဟု များစွာမရှိ။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်များ ရှိတန်သရွေ့ရှိ၏။ ထိုပုဂ္ဂိုလ်တို့၌ ယေဘုယျအားဖြင့် စိတ်တန်ခိုးရှိ၏။ ထိုစိတ်တန်ခိုးမှာ ဖန်ဆင်းသော ဣဒ္ဓိပါဒ်ကိုမဆို။ မကောင်းမှုကို ငါမလုပ်ဟူ၍ သန္နိဋ္ဌာန်ချမှတ်သော သတ္တိကိုဆိုလိုသည်။ ယင်းသတ္တိသည် နှယ်နှယ် သတ္တိမဟုတ်။ တကယ်ကျင့်ကြည့်မှ ထိုသတ္တိအကြောင်းကိုသိမည်။ ယေဘုယျကား လူသည်မိမိစိတ်ကိုမိမိဆုံးမလေ့ရှိ၏။

စိတ်သည် ကျွန်ုပ်တို့ကိုပြုပြင်နေသည်။ စိတ်ဆိုးလာသောအခါ တစ်ကိုယ်လုံးဆတ်ဆတ်တုန်သည်။ စိတ်လျှော့လာသောအခါ တစ်ကိုယ်လုံးခွေယိုင်လာသည်။ စိတ်တင်းလာသောအခါ ကြံ့ခိုင်သန်မာလာသည်။ ဘဝကိုအရှုံးပေးရပြီဟေ့ဟု ယူဆရသောအခါ ဤခန္ဓာကိုယ်အတ္တဘောကြီးမှာ ခွေယိုင်နုံးချိပျော့စိစိနှင့် ပကတိသက်မဲ့ကဲ့သို့ ဖြစ်လာသည်။ ဘာလဲဟဲ့ လောကဓံဟု ကြုံးဝါး၍

http://www.linhtet.com

မိမိကိုယ်ကို မိမိအားပေးကာ တစ်ပန်းရှုံးနေသော ဘဝကို အနိုင်ရအောင်ကြိုးပမ်းလိုက်သောအခါ ဇွဲသတ္တိဟူသော တန်ခိုးကြောင့် ခန္ဓာကိုယ်ကြီး တစ်ခုလုံး အသက်ဝင်လှုပ်ရှားလာလေသည်။

ကျွန်တော် စမ်းချောင်းမှာ နေစဉ်က မဟာမြိုင်ဟု အမည်ရှိသော ပိစိကွေးပန်းခြံကို ပတ်၍ပတ်၍ လမ်းလျှောက်ခဲ့ဖူး၏။ ထိုအခါ မျက်နှာချင်းဆိုင် တိုက်အိမ်ဖွေးဖွေးထဲမှ အသံဗလံများကိုကြားရပြီးနောက် လက်တွန်းလှည်းကလေးဖြင့် မိမိကိုယ်ကို မိမိတွန်း၍ လူးလာခတ်နေသော သူငယ်တစ်ယောက်ကို မကြာခဏမြင်ခဲ့ဖူး၏။ သနားစရာဟုထင်မိသည်။ သနားစရာဒုက္ခိတကို စိတ်တိုင်းကျ သွားလာလှုပ်ရှားနိုင်အောင် ဖန်ဆင်းပေးသော မိဘတို့၏ မေတ္တာကိုလည်း ချီးကျူးမိ၏။ သို့သော် မည်သူမည်ဝါမှန်းမသိ။

ယခုအခါ ထိုသူငယ်ကို သူငယ်ဟုခေါ်လျှင် စိတ်ဆိုးလိမ့်မည်။ သနားစရာဟုပြောလျှင် ပို၍စိတ်ဆိုးလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်စိတ်ထဲမှာ ကလေးလေးဟု ထင်သောသူငယ်သည် အသက် ၃၀ ကျော်လူကြီး ဖြစ်ရုံမျှမကသေး ဘဝကို အရှုံးမပေးဟူသော ဇွဲမာန်ကြောင့် စာရေးဆရာဟူသော ဘွဲ့ကို ခံထိုက်သူ ဖြစ်လာသောကြောင့်ပေတည်း။

သူ့ခမျာ လူဖြစ်မည့်ကြံကာရှိသေး၊ ပိုလီယိုဟူသောရောဂါကြောင့် ခြေလက်မလှုပ်ရှားနိုင်ဖြစ်ခဲ့၏။ နှစ်ခါလည်ကျော် သုံးခါလည်နီးပါးမှာမှ ထိုင်တတ်သည်။ ဒုက္ခ...ဒုက္ခ..။ ဟိုတုန်းက တစ်ခါတည်းသေသွားရင်ကောင်းမှာပဲဟူ၍ပင် အပြောခံရ၏။ ကရုဏာဒေါသောအပြောခံရ၍ အလွန်ဝမ်းနည်းတတ်၏။ အကယ်၍ ဤကဲ့သို့ချည်းသာ ဝမ်းနည်းပက်လက်နှင့် ဘဝကို အရှုံးပေးခဲ့လျှင် ဒီသူငယ် "က" ကြီး "ခ"ခွေး တောင်မှ ရေးတတ်

http://www.linhtet.com

မည်မဟုတ်။ သို့သော် သူတစ်ပါးကိုချည်း အားကိုးနေရသောဘဝမှ မိမိဘာသာ မိမိထိုင်ခုံ ပေါ်မှာထိုင်နိုင်အောင်၊ မိမိဘာသာမိမိ ကိုယ်လက်သုတ်သင်တတ်အောင်၊ အပေါ်ထပ်သို့ လှေကားနှင့်တက်တတ်အောင်၊ ခုတင်ပေါ်တက် တတ်အောင်၊ စက်ချုပ်တတ်အောင်၊ လက်နှိပ်စက်ရိုက်တတ်အောင် အမျိုးမျိုးကြိုးပမ်းခဲ့ရာ ကြိုးပမ်းသလောက် အောင်မြင်သည်။

အောင်မြင်လာသောအခါ လက်ခမောင်းထ၍ ခတ်ဖို့သာရှိမည် မဟုတ်လော။ သို့သော် သူ့ခမျာ လက်မသန်သောကြောင့် မခတ်နိုင်သည့်အပြင် မိမိဘာသာမိမိလှုပ်ရှားသွားလာနိုင်ခြင်း မရှိသောကြောင့် ရေနစ်ခံခဲ့ရဖူးသည်။ ရေနွေးလောင်းခံခဲ့ ရဖူးသည်။

ဤအထဲတွင် "ဆန်ကုန်မြေလေး" ဟုလည်းအပြောခံခဲ့ရဖူး၏။ ဤအပြောသည် သာမန်အားဖြင့် စိတ်ဓါတ်ချိနဲ့သူကို စိတ်ဓါတ်နတ္တိဖြစ်အောင် ဖန်တီးပေးနိုင်လိမ့်မည်။ သို့သော် မခံချင်သောစိတ်ဇောက ဆန်လည်းမကုန်ရအောင်၊ မြေလည်း မလေးရအောင် မိမိကိုယ်ကိုမိမိ ပြုပြင်စရာနည်းလမ်းများကို ညွှန်ပေးခဲ့၏။

ထို့ကြောင့် အသက်အစိတ်မျှမရှိသေးမီ စာတိုပေစရေးလာနိုင်သည်။ သူ့စာထဲတွင် ကိုယ့်ဒုက္ခကို ကိုယ်ပြန်ကြည့်၍လောကကြီးကို ဟက်ဟက်ပက်ပက် ရယ်လိုက်သောအသံများပါသည်။ အတန်ကြာသောအခါ ယင်းဟာသဓါတ်သည် တည်ငြိမ်မှုသမာဓိဘက်သို့ ရွေ့ရှူသွားသည်။ ထို့ကြောင့် ငယ်စဉ်ကငယ်သောသဘာဝဖြင့် စာရေးရာ၌ မှင်မသေသော အသုံးအနှုန်းတို့ကို သုံးနှုန်းသော်ငြားလည်း အတန်ငယ်ရင့်ကျက်လာသောအခါ သူ၏စာမှ

http://www.linhtet.com

သန္တရသ ပေါ်ထွန်းလာသည်။

ဟဲလင်ကဲလားနှင့်တကွ အခြားအခြားသော ဒုက္ခိတတို့သည် ဤဒုက္ခိတထက်ပို၍ ဒုက္ခိတဖြစ် ကောင်းဖြစ်ကြမည်။ သို့သော် သူတို့၏ပတ်ဝန်းကျင်သည် လိုတရသော ပတ်ဝန်းကျင်ဖြစ်၏။ ဤသူငယ်၏ ပတ်ဝန်းကျင်ကား သောင်းကျန်းမှုအဝဝတို့၏ ပတ်ဝန်းကျင်ဖြစ်သည်။ ထို့ကြောင့် သူ့အတိုင်းအတာနှင့်သူကြည့်၍ပြောလျှင် သူ့ဒုက္ခသည် ဟဲလင်ကဲလား စသောသူတို့၏ဒုက္ခနှင့်နင်လား ငါလားသာမက လို၍မရသောဆင်းရဲကြောင့် ပိုချင်သာပိုမည်။

ဤကဲ့သို့ စာပေအရသာကိုပေးသူကား ဂျပန်ခေတ် မှာလူဖြစ်လာသော မောင်စိန်ထွေးဖြစ်၏။

သူသည် ယခုလအတွင်း "ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ" ကို စာပေဗိမာန်မှတစ်ဆင့် ရေးသားထုတ်ဝေခဲ့၏။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ဝှံဝှံစားစားရေးသည့်အကြောင်း ဖွဲ့နွဲ့ရေးလျှင်ရေးစရာ များစွာရှိပါသည်။ စင်စစ် ကျွန်တော်သည် ဝေဖန်ချက်ကိုရေးနေခြင်းမဟုတ်။ လူငယ်ဟူသည် မိမိတို့၏ဘဝကို အရှုံးမပေးဘဲ ဇွဲနဘဲနှင့် ကြိုးပမ်းလျှင် ဒုက္ခိတဘဝမှပင်လျှင် လွတ်မြောက်နိုင်သည်ဟူသော ဥပဒေသကို မောင်စိန်ထွေး၏ဖြစ်ရပ်နှင့်ယှဉ်၍ပေးလိုရင်းသာဖြစ်သည်။ ။

**မောင်ထင်**

---

၁၄-၁-၇၅ နေ့စွဲပါဟံသာဝတီသတင်းစာ၌ ပါရှိသောဆောင်းပါးကို ထပ်မံကူးယူဖော်ပြထားခြင်းဖြစ်ပါသည်။ ။**စာရေးသူ**

ရွှေမင်းသားစာအုပ်တိုက်

http://www.linhtet.com

www.foreverspace.com.mm

## စီစဉ်ထုတ်ဝေသူ၏အမှာ

ကျွန်တော် စီးပွားရေးလောကထဲကို ၁၉၉၀ ခုနှစ်မှာ အိမ်၊ ခြံ၊ မြေလုပ်ငန်းများနှင့် စတင်ဝင်ရောက်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်မှာတော့ မီဒီယာလုပ်ငန်းများကို တိုးချဲ့ခဲ့ပြီး ၂၀၀၀ ခုနှစ်မှာ ပုံနှိပ်လုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်ခဲ့ပါသည်။ ကျွန်တော့် မိဘများအနေဖြင့် ကျွန်တော့်ကို စာပေလုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်းများနှင့် ကျင်လည်အသက်မွေးဝမ်းကျောင်းပြုစေလိုသည့် အားလျော်စွာ ကျွန်တော့်လုပ်ငန်းများကို အလွန်ပင် အားပေးအားမြှောက်ပြုခဲ့ပါသည်။ မွေးစဉ်ကပင် ဘဝကိုအကျောပေးခဲ့ရသူများအနက် တစ်ဦးဖြစ်သော ကျွန်တော့်ကို မိဘများသည် အထူးပင် စနစ်တကျ ပြုစုပျိုးထောင်ပေးခဲ့ပါသည်။ ဤနေရာမှနေ၍ ကျေးဇူးရှင် မိဘနှစ်ပါးကို ရိုကျိုးစွာ ရှိခိုးကန်တော့ပါသည်။

ဤကဲ့သို့ပြုစုပျိုးထောင်ရာ၌ ငယ်စဉ်ကပင် စာဖတ်တတ်ခြင်း အကျင့်ကိုလည်း လေ့ကျင့်ပေးခဲ့ပါသည်။ ကျွန်တော်နှင့် သင့်လျော်မည့် စာများကို သေချာရွေးချယ်၍ ဖတ်စေပါသည်။ မေမေ ရွေးပေးခဲ့သော စာအုပ်များအနက် လုံးဝမမေ့နိုင်သော စာအုပ်တစ်အုပ် ရှိခဲ့ပါသည်။ ထိုစာအုပ်မှာ (ဦး) "မောင်စိန်ထွေး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ" စာအုပ်ပင်ဖြစ်ပါသည်။

မမေ့နိုင်သည့် အကြောင်းအရာများစွာ အနက် ပထမဆုံးအချက်မှာ လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ်ကျော်က ကျွန်တော့်ဘဝတွင် ပထမဆုံးဖတ်ခဲ့ဖူးသော စာအုပ်များအနက် တစ်အုပ်ဖြစ်ပါသည်။ (စာရေးဆရာမကြီး (ဒေါ်) မစန္ဒာ၏ "ကွက်လပ်ကလေးဖြည့်ပေးပါ" နှင့် ဤစာအုပ်ကို တစ်ပြိုင်တည်း ဆက်တိုက်ဖတ်ခဲ့

ရခြင်းဖြစ်ပါသည်။) ဤကဲ့သို့ ဖတ်ရာတွင် တစ်ကြိမ်သာမက ကျွန်တော် အသက်အရွယ်ကြီးမြင့်လာသည်အထိ သုံးလေးကြိမ် ထက်မနည်းအကြိမ်ကြိမ်ဖတ်ခဲ့ရသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

ဒုတိယအချက်မှာ ဤစာအုပ်ပါအကြောင်းအရာနှင့် ပတ်သက်၍ ဖြစ်ပါသည်။ ကျွန်တော့်မိဘများသည် ကျွန်တော့်ကို ပြုစုပျိုးထောင်ရာ၌ နည်းလမ်းမျိုးစုံကို အသုံးပြုခဲ့ပါသည်။ ကျွန်တော့်၏စိတ်ဓာတ်ကို မြေတောင်မြှောက်ပေးရာ၌ စာပေလက်နက်ကိုလည်း မေမေသည် ကောင်းစွာအသုံးပြုနိုင်ခဲ့ပါသည်။ စာပေလက်နက်များထဲမှ ဤစာအုပ်သည်လည်း မေမေ့အတွက် ကျွန်တော့်ကို မြေတောင်မြှောက်ပေးရာ၌ လက်နက်ကောင်းတစ်ခု ဖြစ်ခဲ့ပါသည်။ မေမေပေးဖတ်ခဲ့သော စာအုပ်များအနက် တချို့ စာအုပ်များသည် ကျွန်တော့်ကို သွယ်ဝိုက်၍ အသိအမြင်တိုးပွား စေနိုင်သော်လည်း ဆရာဦးစိန်ထွေး၏ ဤစာအုပ်သည် ကျွန်တော့် ကို တိုက်ရိုက် အကျိုးပြုစေနိုင်ခဲ့ပါသည်။ ဆရာဦးစိန်ထွေးသည် ဤစာအုပ်ကိုရေးချိန်အခါက သူ့ဘဝ၏ အစောဆုံးကာလများ ပင်ဖြစ်ပါသေးသည်။ သို့သော် ဆရာဦးစိန်ထွေးအနေဖြင့် ပရိသတ် ကို တင်ပြစရာ အကြောင်းအရာများစွာ ရှိနေပြီဖြစ်ပါသည်။ ဤကဲ့သို့ရှိသည့်အတိုင်း ပရိသတ်ကို တင်ပြခဲ့ပါသည်။ ဆရာ ဦးစိန်ထွေး၏ တင်ပြပုံတင်ပြနည်းမှာ ရိုးရှင်းလွန်းပါသည်။ ရိုးလွန်း၍ ဆန်းသွားရခြင်းလည်းဖြစ်နိုင်ပါသည်။ ၄င်းအချိန်အထိ ဆရာ ဦးစိန်ထွေး၏ဘဝအတွေ့အကြုံများကို ရှင်းလင်းစွာရေးဖွဲ့ထားပုံမှာ လည်း စွဲမက်ဖွယ်ရာတစ်မျိုး ကောင်းနေပါသည်။ အပိုအလိုမရှိ တိကျစွာရေးသားထားပါသည်။ စ ဖတ်သည်နှင့် ဆရာ ဦးစိန်ထွေး ခေါ် ရာသို့ ပါခဲ့ရပါသည်။ ဆရာဦးစိန်ထွေးသည် သူ့ဘဝအကြောင်း

http://www.linhtet.com

ကို တင်ပြရာ၌ ရိုးသားစွာ အမှန်အတိုင်းတင်ပြခဲ့သည်။ အားတက်ဖွယ်ရာလည်းပါသည်။ အားငယ်စရာလည်းပါသည်။ ပျော်ရွှင်ဖွယ်ရာ လည်းပါသည်။ ဝမ်းနည်းဖွယ်ရာလည်းပါသည်။ အောင်မြင်မှုများနှင့်လည်း တွေ့ခဲ့သည်။ ဆုံးရှုံးမှုများဖြင့်လည်း ရင်ဆိုင်ခဲ့ရသည်။ လူများထဲက လူသားတစ်ဦးဖြစ်သည့် အားလျော်စွာ လူသားတိုင်း ကြုံတွေ့လေ့ရှိသည့် လောကဓံတရားများကို ဆရာဦးစိန်ထွေး ကြံ့ကြံ့ ခိုင်ရင်ဆိုင်နိုင်ခဲ့သည်။ ရင်ဆိုင်ပုံ ရင်ဆိုင်နည်းများ ကွဲပြားခြားနားသည့်အလျောက် ဘဝကိုလက်ခံသည့် အတွေးအမြင်များလည်းကွဲပြားခြားနားပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်သည် ဆရာဦးစိန်ထွေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အကြောင်းများအနက် တစ်ခုဖြစ်ပါလိမ့်မည်။ ဆရာကြီး ဒေါက်တာဦးလှဖေ တစ်ခါကပြောဖူးတာ တစ်ခုရှိပါသည်။ **"မင်းတို့က မသန် မစွမ်းတွေမဟုတ်ဘူး။ မသန်ပေမယ့် စွမ်းတဲ့ မသန်စွမ်းတွေပဲဖြစ်တယ်။"** ဤစကားစုများသည် ကျွန်တော်တို့ ကဲ့သို့ဘဝကိုအကျောပေးခဲ့ရသူများအတွက် တန်ဖိုးမဖြတ်နိုင်သော အားဆေးတစ်ခွက်ပင်ဖြစ်ပါသည်။ ထိုနည်းတူစွာ ဆရာဦးစိန်ထွေး၏ ဤစာအုပ်သည်လည်း ကျွန်တော်တို့ အတွက်သာမက လူတိုင်းအတွက် အားဆေးတစ်ခွက်ဖြစ်မည် ဟု ယုံကြည်ပါသည်။ ဆရာဦးစိန်ထွေး စွမ်း၊ မစွမ်း စာဖတ်ပရိသတ်များက ဆုံး ဖြတ်ပေးပါလိမ့်မည်။

နောက်ဆုံးအချက်မှာ ကျွန်တော် ရွှေမင်းသားစာအုပ်တိုက် ထူထောင်၍ စာအုပ်ထုတ်ဝေခြင်းလုပ်ငန်း စတင်ပြီးသည့်နောက် ပထမဆုံး ထုတ်ဝေသော စာအုပ်ဖြစ်သည့်အတွက်လည်း ကျွန်တော့်အနေဖြင့် ဤစာအုပ်ကို မေ့နိုင်စရာ အကြောင်း မရှိပါ။

http://www.linhtet.com

စာဖတ်ပရိသတ်အား လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ်ကျော်က စာအုပ်ကို ပြန်လည်တင်ပြခွင့် ပေးသည့်အတွက် ဆရာဦးစိန်ထွေးကို များစွာကျေးဇူးတင်ပါသည်။

ဤစာအုပ်ကို Proof Reading လုပ်ပေးသည့် ဆရာကြီးစောရွှေဗိုလ် (ဆရာဦးသောင်းရွှေ)၊ မျက်နှာဖုံး ဒီဇိုင်းအလှဆင်ပေးသည့် ကိုကျော်မင်းမောင်၊ အစစ အရာရာကူညီဆောင်ရွက်ပေးသည့် ရွှေမင်းသားကုမ္ပဏီမှ လက်ထောက်မန်နေဂျာ ဒေါ်ဖြိုးကြည်လတ်၊ ရွှေမင်းသား စာအုပ်တိုက်မှဖြန့်ချိရေးတာဝန်ခံ (အောက်မြန်မာပြည်) ကိုအောင်မိုးဟိန်း၊ ရွှေမင်းသားမီဒီယာမှ ကွန်ပြူတာတာဝန်ခံ ချောသက်လွင်၊ ရွှေမင်းသားပုံနှိပ်တိုက်မှ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဆက်လက်၍လည်း ရွှေမင်းသား စာအုပ်တိုက်မှ စာကောင်း ပေကောင်းများကို ထုတ်ဝေသွားနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ပထမဆုံးစီစဉ်ထုတ်ဝေသော စာအုပ်ဖြစ်သည့် အားလျော်စွာ အားနည်းချက်များ ရှိမည်ဆိုပါက ကျွန်တော်၏ တာဝန်သာဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

**စီစဉ်ထုတ်ဝေသူ**

http://www.linhtet.com

# စာရေးသူ၏အမှာ

ကျွန်တော်တို့ မြန်မာစာပေလောကဝယ် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစစ်စစ် အလွန်ရှားပါးသည်။ လက်ချိုးရေတွက်ကြည့် လျှင်ပင် ရနိုင်လောက်သည်။

အဘယ့်ကြောင့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများ ထွန်းကား သင့်သလောက် မထွန်းကားရပါသနည်း။

အတ္ထုပ္ပတ္တိဟူသည် လူအများ အားကျနည်းယူနိုင်ရန် အတွက်ဖြစ်သည်။ ခက်ခက်ခဲခဲကြိုးပမ်း၍ ထူးထူးခြားခြားစွမ်း ဆောင်မှုရှိပြီး ထူးချွန်ပြောင်မြောက်သွားသည့် လူတစ်ယောက် ၏ အကြောင်းသည်သာလျှင် အတ္ထုပ္ပတ္တိတစ်ခုဖြစ်ထိုက်သည်။ လူ တစ်ယောက်သည် " လူတစ်လုံး သူတစ်လုံး " မဖြစ်သေးသမျှ ကာလပတ်လုံး ထိုသူ၏အကြောင်းသည် အတ္ထုပ္ပတ္တိတခု မဖြစ်သင့် သေး .. စသည် စသည်ဖြင့် ကျွန်တော်တို့သည် ယေဘုယျ အားဖြင့် ဤသို့ ထင်မြင်ယူဆမိတတ်၏။

ဤထင်မြင်ယူဆချက်ကြောင့်လည်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများ ပေါ်ထွက်မလာခြင်းဖြစ်သည် ဟုထင်မြင်မိသည်။ တစ်ဖန် လူအများ အားကျနည်းယူဖွယ်ကောင်းလောက်အောင် "လူတစ်လုံး သူတစ်လုံး" ဖြစ်နေသူတစ်ဦးအဖို့လည်း " ကိုယ့်ကိုယ်ကို ဖော် မသူတော် " ဟူသောစကားကြောင့် မိမိအတ္ထုပ္ပတ္တိကို မိမိ ကိုယ်တိုင် ရေးရန် လက်တွန့်နေနိုင်ပြန်သည်။

စင်စစ် အတ္ထုပ္ပတ္တိဟူသည် လူတစ်ယောက်၏ တကယ့် လက်တွေ့ဖြစ်စဉ်တစ်ခုဖြစ်သဖြင့် လူ၏ တကယ့်အကြောင်းအရာ များသာဖြစ်ပါသည်။ လူ၏တကယ့်အကြောင်းရပ်များတွင်

http://www.linhtet.com

ခက်ခက်ခဲခဲကြိုးပမ်းမှု ရှိချင်ရှိမည်။ ထူးထူးခြားခြား စွမ်းဆောင်မှု ရှိချင်ရှိမည်။ ထူးချွန်ပြောင်မြောက်မှု ရှိချင်ရှိမည်။ အားကျနည်းယူဖွယ် ရှိချင်ရှိမည်။ ထိုသို့မဟုတ်ဘဲ သာမန်ဖြစ်ရိုးဖြစ်စဉ် ဖြစ်ချင်လည်းဖြစ်နေနိုင်ပြန်သည်။

မည်သို့ပင်ဖြစ်စေ လူ၏အကြောင်း တစ်နည်းအားဖြင့် လူ၏ အတ္ထုပ္ပတ္တိသည် လူ့လောကရှိလူသားတို့ကို တစ်နည်းနည်းဖြင့် အကျိုးပြုနိုင်သည်ချည်းဖြစ်သည်။

စင်စစ် လူတယောက်၏အတ္ထုပ္ပတ္တိသည် လူ့လောက လူ့ဘဝတိုးတက်ရေးအတွက် သုတေသနပြုရန် ဓါတ်ခွဲစမ်းသပ်ခံ ပစ္စည်းတစ်ခုပင် မဟုတ်ပါလား။

ကျွန်တော်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိသည်လည်း ဓါတ်ခွဲစမ်းသပ်ခံပစ္စည်းတစ်ခုသာဖြစ်ပါသည်။ ကျွန်တော့် အတ္ထုပ္ပတ္တိတွင် လူ့လောကမှအထင်ကြီးလေးစားလောက်သော ကြီးကျယ်ထူးခြားမှုများ ပါကောင်းမှ ပါ ပါမည်။ သို့သော် လူ့လောက ထောင့်တစ်နေရာမှ လူတစ်ယောက်၏အဆင့်မမှီဘဲ ပုံစံတစ်မျိုးဖြင့်ဘဝကို လှုပ်ရှားရုန်းကန်နေသော လူသားတစ်ယောက်၏ ဘဝရုပ်လွှာကိုမူ မြင်နိုင်ကောင်း မြင်နိုင်ပါလိမ့်မည်။

ထိုလူသားသည် လူ့အောက်အဆင့်နိမ့်နေရာမှ လူသာမန်အဆင့်သို့ရောက်လိုသဖြင့် မမီတမီ ကြိုးပမ်းရပုံ၊ မီသလို လိုရှိလာသောအခါ ရလာသည့်ဘဝအခြေအနေမှ မိမိကို မိမိ တန်ဖိုးရှိသည့်လူ ဖြစ်လိုလှ၍ ရုန်းကန်ကြည့်ပုံ စသည် စသည်တို့ကိုမူ တွေ့ထိမိနိုင်ကောင်းမည်ဟု မျှော်လင့်ပါသည်။

ထို့ပြင် ကျွန်တော့်အတ္ထုပ္ပတ္တိတွင် သာမန်လူများအဖို့ အရေးမထားလောက်သော အကြောင်းသည် ကျွန်တော့်အဖို့အရေးထား

http://www.linhtet.com

လောက်သော အကြောင်းတစ်ရပ် ဖြစ်ချင်ဖြစ်တတ်ပါသည်။ ထို့အတူပင် လူသာမန်များအဖို့ အသေးအမွှားကိစ္စကလေးများသည် ကျွန်တော့်အတွက် ကြီးကြီးမားမား ဖြစ်ချင်ဖြစ်နေ နိုင်ပါသည်။

သို့သော် မည်သို့ပင်ဖြစ်စေ ကျွန်တော်သည်လည်း လူ့လောကမှ လူသားတစ်ယောက်ဖြစ်၍ အခွင့်အခါ အခြေအနေ အချိန်အခါအလိုက် အတွေးအခေါ် အမြော်အမြင် အယူအဆနှင့် လှုပ်ရှားမှုအားလုံးသည် ပတ်ဝန်းကျင်ရှိ လူသားများ နည်းတူ ဖြစ်ပျက် ပြောင်းလဲနေသည်သာဖြစ်၏။

ဤအတ္ထုပ္ပတ္တိကို ရေးသည့်အချိန်၌ ဘဝတစ်ခုလုံး နှင့်နှိုင်းစာလျှင် ကျွန်တော်သည်အလွန်တရာပင် အသက်အရွယ်နုနယ်ပါသေးသည်။သို့သော် ကျွန်တော်၏ဘဝကို နှစ်ပိုင်းချိုး၍ ဤအပိုင်းကို နုနယ်သော အတွေးအမြင်များဖြင့်သာ ရေးဖွဲ့ထားပါ သည်။ နုနယ်သောအတွေးအမြင်ဟူသည် မရင့်ကျက်မီ အချိန်ကာလအတွင်း၌ ရှိနေနိုင်သည် မဟုတ်ပါလား။

ကျွန်တော့် အတ္ထုပ္ပတ္တိတွင် ပင်ကိုယ်အားဖြင့် လူ့ဘဝအဆင့်အတန်းကိုမမှီဘဲယိုင်နဲ့နဲ့နှင့် လူဖြစ်လာရသော လူ တစ်ယောက်၏ အားနည်းချို့တဲ့ချက်များစွာဖြင့် အသက်ရှင်နေထိုင်ရပုံကို ပီပီပြင်ပြင်ဖေါ်ထုတ် ပြီးပါပြီ။ ထိုသို့သော လူသားတို့ အတွက် ယနေ့အခြေအနေထက် ပိုမိုကောင်းမွန်သော အခြေအနေမျိုးသို့ ရောက်အောင် ကျွန်တော့်အတ္ထုပ္ပတ္တိသည် အဖြေဖွေရှာ ပေး နိုင်ခဲ့သည့်သဘောသက်ရောက်ပါမူ သည်လောကကြီးသို့လူအဖြစ်ရောက်လာရသောကျွန်တော်သည် လူဖြစ်ရကျိုးနပ်ပြီဟု ပြောပါရစေလား။

**ဘဝတိုင်း ပွင့်လန်းကြပါစေ။**

**မောင်စိန်ထွေး**

http://www.linhtet.com

တစ်

# တစ်ဆင့်ကြားဖြင့်သိခဲ့ရသည့် ကိုယ့်ဘဝ

ကျွန်တော့်အကြောင်းကို မှတ်မိသည့်အရွယ်မှ စပြောရန်ဖြစ်သော်လည်း ကျွန်တော် မမှတ်မိ မသိရှိလိုက်သေးသော အပိုင်းကဏ္ဍသည် ကျွန်တော့်ဘဝ၏ အရေးအကြီးဆုံးသော ဘဝအခြေခံအကြောင်း တရားများဖြစ်နိုင်သဖြင့် ထိုအပိုင်းကဏ္ဍကို ကျော်လွှန်ထား၍ မဖြစ်နိုင်ဟု ထင်မိပါသည်။ ထိုအပိုင်းအခြားရှိ ကျွန်တော့်အကြောင်းကို ဖေဖေ၊ မေမေ စသည့် လူကြီးမိဘတို့၏ပြောသံကြားဖြင့် ကျွန်တော့်မှာ မှတ်မိနေရ၏။

ကျွန်တော်သိမှတ်တတ်သည့်အရွယ်မှစ၍ ကျွန်တော့်ကို တစ်စုံတစ်ဦးက တွေ့မြင်လျှင် မေမေ့ကိုဖြစ်စေ၊ ဖေဖေ့ကိုဖြစ်စေ ဘယ်လိုဖြစ်လာတာလဲဟု မေးမြန်းလေ့ရှိတတ်၏။

ထိုအခါမျိုးတွင် မေမေသည် မေးသူအချိန်ရလျှင် ရသလို ကျွန်တော့်အကြောင်းကို စီကာပတ်ကုံး အသေးစိတ် ပြောပြလေ့ရှိသည်။ ကျွန်တော့်ကို ကိုယ်ဝန်ဆောင်ထားရစဉ် အချိန်လောက်မှစ၍ ကျွန်တော်၏ နောက်ဆုံး အခြေအနေ အချိန်ပိုင်းလောက်အထိ စိတ်ပါလက်ပါ ပြောပြတတ်လေသည်။

## ဘဝ၏အစ

၁၉၄၂ ခုနှစ်၊ မြန်မာပြည်ကို ဂျပန်တွေဝင်တော့ ကျွန်မတို့က ပြည်မြို့မှာရှိတယ်လေ။ ကလေးတွေ အဖေက သည်တုန်းက လမ်းဌာနမှာ လမ်းဗိုလ်ကလေးပေါ့။ ကျွန်မကအဲသည့်အချိန်မှာမောင်စိန်ထွေးကို ကိုယ်ဝန်ကြီးနဲ့ခုနစ်လလောက်ရှိနေပြီ။

ပြည်မြို့ပေါ်ကို လေယာဉ်ပျံတွေသိပ်ဝဲလာတော့ ပြည်မြို့

http://www.linhtet.com



မှာနေလို့ မဖြစ်တော့ဘူးဆိုပြီး ပြည်မြို့က လူတွေ တောကို ပြေးကြတယ်။ သည်အထဲမှာကျွန်မတို့လည်းပါတာပေါ့။ ပြည်မြို့ကနေ ၂၄ မိုင်ဝေးတဲ့ ညောင်စာရေးရွာကလေးကို ညကြီးမင်းကြီး ပြေးခဲ့ကြတယ်။ အဲသည်ရွာမှာပဲ အချိန်တန်တော့ မောင်စိန်ထွေးကိုမွေးတယ်။ သူ့ကိုမွေးတော့ သူ့အထက်အကြီးကလေးတွေလို သားဖွား ဆရာမတွေ ဘာတွေနဲ့ ဘယ်ဟုတ်မလဲ၊ တောလက်သည်နဲ့ပဲ ဖြစ်သလို မွေးခဲ့ရတာပေါ့။

မောင်စိန်ထွေး တစ်လသားအရွယ် ရောက်ပြန်တော့ ကျွန်မတို့ တစ်ခါစစ်ပြေးရပြန်ရော။သည်တစ်ခါတော့ ကလေးတွေ အဖေရဲ့ဇာတိ သာယာဝတီခရိုင် သုံးဆယ်မြို့ကိုပဲ ပြေးခဲ့ကြတယ်။ အကြီးဆုံးသမီးကသုံးနှစ်သမီးလောက်၊ နို့ညှာသားက နှစ် နှစ်သားလောက်၊ မောင်စိန်ထွေးက တစ်လသားလောက်ဆိုတော့ ကလေးတွေနဲ့ပြေးရတာ ဒုက္ခသိပ်ရောက်တာပေါ့။ လမ်းမှာ တိုက်ပွဲတွေဖြစ်၊ ဗုံးတွေကြဲ၊ တံတားတွေကျိုးနေတော့ ည အိပ်သွားရတယ်။

သုံးဆယ်မြို့ကိုရောက်တော့ လမ်းသစ်တန်းမှာ အိမ်ငှားနေရတယ်။ အိမ်ရှေ့မှာ ရေမုန့်သည်နဲ့ အကြော်သည် ရှိတယ်။နေ့ရော ညပါ အညှော်နံ့က အမြဲရှိနေတယ်။ ဒါကြောင့် ဒေါ်ဒေါ်က "ဟဲ့အညှော်နံ့နဲ့ သည်ကလေးတွေတော့ ဒုက္ခဖြစ်တော့မယ်။ အကြော်သည်တွေကို တခြားသွား ကြော်ခိုင်းစမ်းပါ မောင်ထွန်းတင်ရယ်" လို့မကြာခဏပြောတယ်။

"အို ဒေါ်ဒေါ်ကလည်းသူ့ဝမ်းရေး သူလုပ်စားတာပဲ၊ ဘယ်ပိတ်ပင်လို့ကောင်းမလဲ။ ပြီးတော့ ကျွန်တော်တို့သည် မရောက်ခင်ကတည်းက သူတို့သည်လို ကြော်ရောင်းနေတာ၊ ကိုယ်ရောက်လာမှ တခြားသွားရမယ်ဆိုတော့ ဘယ်နည်းလမ်းကျနိုင်ပါ့မလဲ" လို့ ကလေးတွေအဖေက ပြန်ပြောလေ့ရှိတယ်။

သည်တုန်းကမောင်စိန်ထွေးကလည်း သိပ်ကျန်းမာတယ်။

http://www.linhtet.com



ဝလည်းဝ၊ သန်လည်းသန်၊ ထွားလည်းထွားတယ်။အကြီး က လေး နှစ်ယောက်တုန်းက ခုနစ်လသားလောက်မှာ မတ်တတ် စမ်း မရပ်ခဲ့ပေမယ့် မောင်စိန်ထွေးကျတော့ကိုင်တွယ် စရာ မလိုပဲ မတ်တတ် စမ်းရပ်တတ်နေပြီ။ အဲသည်လို မတ်တတ် စမ်းရပ်တတ်တဲ့ ခုနစ်လသားအရွယ်မှာ တစ်နေ့တော့ မောင် စိန်ထွေး နေမကောင်း ဖြစ်ပါလေရော။ (၁၀)ရက် လောက် အပြင်းအထန် ဖျားပြီး နို့ကိုလည်း ကောင်းကောင်း မစို့တော့ ဘူး။ မျက်လုံးကလေးအသာမှိတ်ပြီး မှိန်းနေတတ်တယ်။ နောက်ကလေးတက်သွားပြီး သတိပါလစ်သွားပါလေရော။

ကလေး မသက်သာတော့ သူ့အဖေကို ခရီးသွားတဲ့ နေ ရာ လိုက်ခေါ်ခိုင်းရတယ်။ သည်တုန်းက စစ်အတွင်းဆိုတော့ ဆရာဝန်တွေဘာတွေ ဘယ်ရှိပါ့မလဲ။ မြန်မာဆေးဆရာတွေ နဲ့ပဲ ကုကြရတာပေါ့။ သူ့အဖေ ပြန်ရောက်ပြီးလို့ သုံးရက် မြောက်နေ့မှာ ကလေးဟာ မျှော်လင့်ချက် မရှိတော့ဘူး။ည တွင်းချင်းပဲ ဆုံးမှာထင်ရဲ့ဆိုပြီး ဆွေမျိုးတွေကိုပါ သွားခေါ် ထားရတယ်။ အဲသည်ညမှာ ဆေးဆရာကပြောတယ်။

"သည်ကလေးရဲ့ရောဂါက မက်ကလောင်ပဲ။ နောက်ဆုံး စမ်းသပ်ကုတဲ့အနေနဲ့ လက်ထိပ်ကလေးတွေကို သွေးဖောက် ပစ်ချင်တယ်။"

ဆရာ့စကားကြောင့် အားလုံးကပဲ ကလေးအသက်ရှင်လို ရှင်ငြား ဆရာ့သဘောကျ ကုဖို့ ခွင့်ပြုလိုက်ကြတယ်။ ဆေး ဆရာကလည်းကလေးရဲ့လက်ချောင်း၊ ခြေချောင်းထိပ်ကလေး တွေကို အပ်နဲ့ဖောက်တယ်။ ထွက်လာတဲ့ သွေးတွေကို ရေထည့် ထားတဲ့ ရေခွက် တစ်ခွက်နဲ့ခံယူတယ်။ ပြီးမှ အုပ်ဆေးတွေ ဘာတွေနဲ့ကလေးကို လုပ်ပေးတာပေါ့။

မိုးလင်းတော့ ကလေးဟာ အသက်မသေပဲ သတိပြန် လည်လာတယ်။ ကလေးကိုကောက်ချီပြီး နို့တိုက်ကြည့်လိုက်

http://www.linhtet.com



တော့ နို့ကောင်းကောင်းစို့တယ်။ ဒါပေမယ့် ကလေးရဲ့ လက်ကလေး၊ ခြေကလေးတွေ ဟာအရှပ်ကြိုးပြတ်သလို တိုးလိုးတွဲလောင်းဖြစ်နေတယ်။

" ဟယ်....ကလေး ဘယ်လိုဖြစ်ပါလိမ့် " ဆိုပြီး လက်ကလေး၊ ခြေကလေးတွေကို စမ်းကြည့်မိတယ်။ ကလေးရဲ့လက်ကလေး၊ ခြေကလေးတွေဟာ ရွှေ့ပေးရင် ရွှေ့ပေးသလို၊ထားရင်ထားသလိုပဲ ရှိနေတယ်။သည်တော့မှ ကလေးအသက် မသေပေမယ့်ခြေလက်သူ့ဖာသာသူ မလှုပ်ရှားနိုင်တော့မှန်းသိရတော့တယ်။

ဆရာကပြောပါတယ်။"ခု ကလေးသိပ်အားနည်းနေလို့ပါ၊ နောက် အားရှိလာရင် ခြေတွေလက်တွေ ပြန်ကောင်းလာပါလိမ့်မယ်" လို့။

ကျွန်မတို့ကလည်း ဆရာကောင်းရှိတယ်လို့ကြားတိုင်း ခေါ်ခေါ်ပြတာပဲ။ အခြေအနေကတော့ မထူးခြားပါဘူး။ ဒါပေမယ့် နောက်ပိုင်းကျတော့ ခြေကလေး၊ လက်ကလေးတွေ နည်းနည်းလှုပ်လာနိုင်တယ်။ နှစ်နှစ်ခွဲလောက် အရွယ်ရောက်မှ သူဟာ ထိုင်နိုင်လာတယ်။ ထိုင်နိုင်တယ်ဆိုပေမယ့် အတွယ်မရှိရင် ခဏခဏ ပက်လက်လန် လဲလဲကျတတ်တယ်။ ဒါကြောင့် သူထိုင်တဲ့အနီးပတ်လည်မှာ ခေါင်းအုံးတွေ ချပေးထားရတယ်။

သည်လိုနဲ့ ဂျပန်အပြေး အင်္ဂလိပ်အဝင် ကက်စဘီခေတ်ရောက်တော့ ဆရာဝန်တွေ ဘာတွေနဲ့ပြကြည့်တယ်။ မရတော့ဘူးလို့ပဲ ပြောကြတယ်။ ဆရာဝန်တစ်ဦးကဆိုရင် ရောဂါအကြောင်း ကို ဘာမျှပြော မပြရသေးခင်မှာပဲ၊ မောင်စိန်ထွေးမကျန်းမမာဖြစ်တာ သည်လို သည်လို မဟုတ်လား ဆိုပြီး အတတ် ပြောပြနေလို့ "ဟာ ဟုတ်ပါတယ်၊ သည်အတိုင်းပဲ" လို့ ပြောမိသေးတယ်။ သည်တော့ ဆရာဝန်က "ဟုတ်တယ် ကျွန်တော့်တူမကလေးလည်း သူ့လိုဖြစ်နေတာ၊ ဘာမှ မတတ်နိုင်ဘူး"လို့ ပြန်ပြောတယ်။

http://www.linhtet.com



ဒါပေမယ့်ရလိုရငြားပေါ့။ အမျိုးမျိုးတော့ စမ်းကုသကြည့်သေးတယ်။ ကုသနည်းတွေကတော့ အစုံပါပဲ။ ကိုယ် တစ်ပိုင်းမြေဓာတ် ပေးရမယ်ဆိုလို့ မြေကျင်းထဲမှာ ကိုယ်တစ်ပိုင်းထည့်ထားရတာမျိုးတို့၊ နှင်းတောထဲချထားရမယ်ဆိုလို့ အအေးဓာတ်ပေးရအောင် နှင်းတောထဲ ချထားရတာမျိုးတို့ပေါ့၊ စုံလို့ပါပဲ။

နောက်ဆုံးတော့ အကြောင်းမထူးတော့လို့သူ့ကံကြမ္မာပါပဲလို့ အောက်မေ့မိတယ်။ တကယ်လို့ ခုလိုဖြစ်မယ့်အစား ဟိုခုနစ်လသားလောက်ကတည်းက သေသွားရင် ခဏပဲဝမ်းနည်းရမှာပါ။ ခုတော့ သူ့ကို မြင်နေတိုင်း အမြဲတမ်းစိတ်မကောင်းဖြစ်နေရတာပေါ့။

## ငါ့ကိုမလိုလားကြဘူး

" ဟိုတုန်းက တစ်ခါတည်းသေသွားရင် ကောင်းမှာပဲ.."

ကျွန်တော့်ရှေ့မှာပင် အမှတ်မထင် အကြိမ်ကြိမ်ပြောခဲ့မိသော မေမေ၏စကားကြောင့် ကျွန်တော်သည် ငယ်စဉ်ကများစွာ ဝမ်းနည်းယူကြုံးမရဖြစ်ကာ အားငယ်ခဲ့ရသည်။ လောကကြီးတွင် မိမိအတွက်နေရာ မရှိတော့သလိုပင် ရင်၌ ခံစားလာရတတ်ပါသည်။

**ဩော် ငါအသက်ရှင်နေတာကို ငါ့အချစ်ဆုံး ငါ့အမေ ကတောင် မလိုလား။ မကျေနပ်တော့ပါကလား။ အေးလေ ငါကလည်း သူတို့ကို ဒုက္ခပေးဖို့အတွက် အသက်ရှင်နေသလို ဖြစ်နေရတယ် မဟုတ်လား။ သည်တော့ ဘယ်သူက ငါ့ကိုလိုလားနိုင်ပါ့မလဲ။ ဟုတ်ပါတယ်လေ ငါကလည်း သူတို့အဖို့ ဘာမှအသုံးမဝင်တဲ့ လူ တစ်ယောက် ဖြစ်နေပေ သကိုး...။**

ရံဖန်ရံခါ အကြောင်းပေါ်တိုင်း ဤသို့ ဤနှယ် တွေး၍ တွေး၍ စိတ်ငယ်ခဲ့ရတတ်လေသည်။ သည် ခံစားမှုကလေးကပင် ကျွန်တော့်စိတ်ဓာတ်အခြေခံ စခဲ့ရပါလေသည်။

http://www.linhtet.com



## မီးရထားစီးဖူးခြင်း

ကျွန်တော်၏ငယ်ဘဝကို ပြန်လှန် စဉ်းစား တွေးတောရာတွင် မီးရထားစီးဖူးခဲ့သည့်အကြောင်းတစ်ခု ပြန်ပေါ်လာသည်။ ကျွန်တော့်တစ်သက်တွင် ထိုတစ်ကြိမ်သာလျှင် မီးရထားစီးခဲ့ဖူးသည်ဟုမှတ်မိပါ၏။ ထိုစဉ်က ကျွန်တော့်အသက် သုံးလေးနှစ်သားလောက်သာ ရှိဦးမည်ထင်သည်။

ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ အမေရိကန်ဆေးရုံကြီး၊ (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး) သို့ ကျွန်တော့်ကိုဆေးကုရန် မီးရထားဖြင့်ခေါ်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဆေးရုံကြီးက ကျွန်တော့်ကို စစ်ဆေးကြည့်ရှု ပြီးနောက် နေ့တိုင်းဆေးထိုးရမည်။ ဤ(ပိုလီယို) သူငယ်နာ အကြောသေရောဂါ ပျောက်ချင်ပျောက်မည်။ လမ်းလျှောက်ချင် လျှောက်နိုင်မည်။ သို့သော် အသေအချာအာမ မခံနိုင်ပါဟု ပြောသည်ဆို၏။

သို့ဖြင့် မေမေလည်း အမေရိကန်ဆေးရုံကြီးမှာပင်ကျွန်တော့်ကို နေ့စဉ်ဆေးထိုးပေးစေပါသည်။ သို့သော် အကြောင်းထူးမလာသောအခါ ကျွန်တော့်ကို သုံးဆယ်မြို့သို့ ပြန်ခေါ်ခဲ့တော့သည်ဆို၏။

ကျွန်တော်မှတ်မိနေခြင်းကား ထိုသို့ဆေးကုပြီး သုံးဆယ်မြို့သို့အပြန်တွင် မီးရထားစီးခဲ့ရခြင်းသာ ဖြစ်ပါ၏။ ကျွန်တော့်ကို ဦးလေးကိုညွန့်ဟန်(မေမေ့ညီမခင်ပွန်း)ကချီလာလေသည်။ရထားပေါ်ဝယ် ထိုင်ခုံတွေမရှိ၊ မေမေက ကော်ဇောကြမ်း တစ်ခုခင်း၏။ ရထားပြတင်းပေါက်နား၌ လှဲထားသည့်အိပ်ရာလိပ်ပေါ်တွင် ကျွန်တော်ထိုင်သည်။ ရထားထွက်သောအခါ အပြင်ဘက်သို့ကြည့်လိုသောကြောင့်ဖြစ်သည်။ အိပ်ရာလိပ်ပေါ်၌ ကျွန်တော် ထိုင်နေစဉ် ဖွားဖွား(မေမေ့အဒေါ်)က"ဟဲ့ မောင်စိန်ထွေး၊ ကောင်းကောင်းကိုင်ထားနော် ရထားတွဲဆက်ရင် ဂျိမ်းကနဲလှုပ် သွားပြီးလိမ့်ကျနေဦးမယ်။သတိထားနေ"ဟု လှမ်းပြောလိုက်သည်ကို မှတ်မိနေသေး၏။မီးရထားစီးခဲ့ဖူးခြင်းနှင့်ပက်သက်၍ကား သည်မျှသာ ကျွန်တော်မှတ်မိလိုက်ရပါသည်။

http://www.linhtet.com



## ဖိနပ်စီးဖူးခြင်း

ဖိနပ်စီးခြင်းသည် သာမန်လူတစ်ဦးအဖို့ မည်သို့မျှ ထူးခြား ဆန်းကြယ်စရာအကြောင်း မဟုတ်သော်လည်း ကျွန်တော့် အဖို့မူ လူဖြစ်လာချိန်မှစ၍ တစ်ကြိမ်တစ်ခါမျှ မြေကြီးကို ခြေထောက်ဖြင့် နင်းမလျှောက်ခဲ့ဖူးသောကြောင့် အလွန်တရာမှ ထူးခြား ဆန်းကြယ်နေမိပါ၏။

ကျွန်တော့်တစ်သက်တွင် ဖိနပ်တစ်ရံမျှသာ ပိုင်ဆိုင်ခဲ့ဖူးပြီး တစ်ကြိမ်မျှသာ ထိုဖိနပ်ကို မှတ်မှတ်ရရ စီးခဲ့ရဖူးပါ၏။

ကျွန်တော်ငယ်စဉ်က သူများတကာလိုပင် ဖိနပ်စီးချင်လှသဖြင့် ပူဆာလွန်းသောကြောင့် မေမေသည် ကျွန်တော့်ကို အဝတ်ဖိနပ်အဖြူကလေးတစ်ရံ ဝယ်ပေး၏။ ထိုဖိနပ်ကလေးကို အိမ်တစ်အိမ်သို့သွားရာတွင် တစ်ကြိမ်သာ ဝတ်ခဲ့ရပါသည်။

ကျွန်တော်ကဖိနပ်စီးထားလျက် လူတစ်ယောက်ကကျွန်တော့်ကို ပွေ့ချီခေါ်သွားခြင်းဖြင့် ကျွန်တော်၏တစ်သက်တစ်ကြိမ်ဖိနပ်စီးဖူးရခြင်း ကိစ္စပြီးမြောက်ခဲ့ရပါ၏။

## အနှိပ်ဆရာမ

တစ်နေ့တွင် ဖေဖေ့အစ်ကိုဝမ်းကွဲတစ်ယောက်သည် မိန်းမကြီးတစ်ယောက်ကို ခေါ်လာသည်။

"မောင်စိန်ထွေးကို နှိပ်ပေးဖို့ဆရာမလေ" ဟု ဖေဖေနှင့် မေမေကို ပြောပြသည်။ထိုမိန်းမကြီးသည်ကိုယ်ခန္ဓာ အကြောအခြင်အကြောင်းကို နားလည်သည့်အနှိပ်ဆရာမဖြစ်သည် ဟုဆိုလေသည်။

"ခင်ဗျား ကျွန်တော့်သားကို လမ်းလျှောက်နိုင်အောင်ပဲ လုပ်ပေးပါ။ ခင်ဗျားကြိုက်သလောက် ပိုက်ဆံပေးပါ့မယ်" ဟု ဖေဖေက ဆရာမကိုပြော၏။

နောက်တစ်နေ့မှစ၍ ဆရာမသည် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နာရီခန့်စီ ကျွန်တော့်ကို နှိပ်နယ်ပြု

http://www.linhtet.com



စုပေးသည်။ သူနှိပ်လျှင် နာကျင်လွန်း၍ ကျွန်တော်ငိုရ၏။သူ၏ ကျန်းမာရေးလေ့ကျင့်ခန်းများကို ကျွန်တော် လိုက်နာပြုလုပ်ရသည် မှာ ကျွန်တော့်အဖို့ ဒုက္ခဆင်းရဲကြီးတစ်ခုဟု ထင်မြင်နေသည်။သို့သော် ဖေဖေ့ကိုကြောက်ရွံ့၍ လည်းကောင်း၊ ငြင်းပယ်လျှင်လည်း မရနိုင် ကောင်းမှန်းသိနေ၍လည်းကောင်း၊ ကြိတ်မှိတ်တင်းခံနေရလေသည်။

တစ်ခါတစ်ရံတော့လည်း ဆရာမကို တောင်းပန်တိုးလျှိုးရ၏။

"ဆရာမရယ် ဖြည်းဖြည်းနှိပ်ပါနော် "

"အေးပါကွယ်၊ ဆရာမက ဖြည်းဖြည်းနှိပ်မှာပါ။"

ဆရာမကလည်း ချော့မော့၏။

တစ်ခါတစ်လေတော့လည်း "ခဏကလေးပဲနှိပ်ပါ ဆရာမ ရယ်နော်" ဟု ကျွန်တော်က အသနားခံမိသည်။

ထိုအခါ ဆရာမက စိတ်ရှည်ရှည်ပင် ပြန်ပြောပြတတ်၏။

"အေးပါ၊ ခဏပဲနှိပ်ပါ့မယ်။ ငါ့သား လမ်းလျှောက်နိုင် အောင် ဆရာမကလုပ်ပေးတာပါ။ လမ်းလျှောက်နိုင်တော့ သူများ တွေလိုလည်းဆော့နိုင်မယ်၊ ကျောင်းလည်းတက်နိုင်မယ်။ ကျောင်း တက်နိုင်မှ ငါ့သား စာတတ်မှာ။ ငါ့သားက သူများနဲ့မတူဘူး။ ဉာဏ်လဲကောင်းတယ်၊ သူတို့ထက်လည်း ချောတယ် "

ဆရာမ၏ ပြုစုလေ့ကျင့်ပေးမှုများကြောင့် ကျွန်တော့် ကျန်းမာရေးသည် အတော်အတန် တိုးတက်လာလေသည်။ မူလက လုံးဝနီးပါးမသန်စွမ်းသော ခြေထောက်သည် ဆရာမ၏ပြုစု လေ့ကျင့်ပေးမှုများကြောင့် အဝတ်ပုခက်အတွင်း၌ ဝမ်းလျား မှောက်ပြီး အောက်၌ ချထားသော ဘော်လုံးကို လှမ်းကန်နိုင် လာသည်။ ထို့အပြင် ကျွန်တော့်ကို ဘေးမှညှပ်ထိန်းထားလျှင် ခဏတစ်ဖြုတ် ခြေထောက် ထောက်ထားနိုင်လာသည်။ လက် နှစ်ဖက်သည်လည်း မူလက အပေါ်သို့ မမြှောက်နိုင်သော်လည်း ဆရာမ၏ လေ့ကျင့်ပေးမှုကြောင့် လက်ျာလက်ကို ကိုယ့်ဖာသာ ကိုယ် မြှောက်နိုင်ချနိုင်လာသည်။ လက်ဝဲလက်ကမူ တစ်ယောက်

http://www.linhtet.com



ယောက်ကဆွဲမြှောက်ပေးပါမှ ခဏတဖြုတ် လက်မြှောက်နိုင်သည်။

အိမ်သားများသည် ကျွန်တော်၏တိုးတက်လာမှုကို ကြည့်၍ ဝမ်းသာနေကြလေသည်။ သည်အတိုင်းသာ မှန်မှန်တိုးတက်လာပါက မကြာမီ ကျွန်တော် လမ်းလျှောက်နိုင်မည်ဟု မျှော်လင့်ယုံကြည်နေကြ၏။သို့ဖြင့် ဆရာမကတောင်းဆိုလာသော ရွှေဆွဲကြိုးတစ်ကုံးနှင့် လက်ကောက်တစ်ရံကို ဖေဖေက ကျေကျေနပ်နပ်ကြီးပင်ပြုလုပ်ပေးလိုက်လေသည်။

တစ်နေ့သ၌ ဆရာမ၏အမည်ကိုမေးပြီး လူတစ်ယောက်အိမ်ထဲသို့ဝင်လာသည်။ ဆရာမနှင့်ထိုလူ စကားတီးတိုးပြောဆိုကြပြီးနောက် ဆရာမက ဖေဖေ့ကိုပြော၏။

" ဦးထွန်းတင် ကျွန်မ မောင်လာခေါ်လို့ ခဏလောက်လိုက်သွားဦးမယ်။ မကြာပါဘူး။ ကျွန်မ ပြန်လာခဲ့ပါ့မယ် "

အိမ်သားအားလုံးက ဆရာမကို မပြန်စေချင်ကြ။ မသွားရဟူ၍ တားပိုင်ခွင့်မရှိသဖြင့်သာ ကြည့် နေရသည်။ ဖြစ်နိုင်လျှင်ကားမသွားဖြစ်အောင် တားထားချင်လေသည်။နောက်ဆုံးတွင် ဆရာမကို ပြန်လာခဲ့ရန်သာ အထပ်ထပ် ပြောဆို မှာကြားရ၏။

" ပြန်လာခဲ့ပါဆရာမရယ်နော်။ ကလေးကလည်း အတော်တိုးတက်မှုရှိနေပြီ။သည်လိုဆက်ပြီး လုပ်ပေးနိုင်မယ့်လူမရှိရင်တိုးတက် ဖို့နေနေသာသာ ပြန်ဆုတ်ယုတ်သွားမှာတောင် စိုးရပါတယ်။ ဆရာမလုပ်ပေးမှ သည်ကလေး လူစဉ်မီလာမှာပါ ဆရာမရယ်။ ဆရာမကျေးဇူးကြီးပါတယ်။ ကျေးဇူးလည်း တင်နေကြရပါတယ်။ အဲသည်တော့ ပြန်လာခဲ့ပါနော်။ ပြန်သာ လာခဲ့ပါ ဆရာမရယ် "

" စိတ်ချ...စိတ်ချ၊ ကျွန်မပြန်လာခဲ့ပါ့မယ်၊ ကျွန်မ ပြန်လာမှာပါ"

ထိုသို့ကတိပေး၍ ကျွန်တော်တို့ထံမှ အပျိုကြီးဆရာမထွက်သွားခဲ့သည်မှာ ထိုနေ့မှစ၍ ယနေ့ထက်တိုင် ဘာသတင်းမျှမကြားရတော့ချေ။

* * * * * * *

http://www.linhtet.com

နှစ်

## လောကကို ဘဝင်မကျခြင်း

တစ်နေ့တွင် မိဘများသည် ကျွန်တော့်ပညာရေးအတွက် တိုင်ပင်နေကြလေသည်။

" ကျောင်းထားပေးမှ ဖြစ်မယ် "

" ဘယ်လိုကျောင်းထားပေးမလဲ "

ကျောင်းနေရမည်ကို ကျွန်တော်သည် အလွန်ကြောက်လန့်နေသည်။ ဆရာကြီး၊ ဆရာမကြီးများသည် ကျောင်းသားများကို ကြိမ်လုံးကြီးများဖြင့် ရိုက်တတ် နှက်တတ်ကြောင်းလည်း ကြားဖူးနေလေသည်။ထိုဆရာကြီး၊ ဆရာမကြီးများနှင့် မတွေ့ချင်၊ မတွေ့ဝံ့။

ထို့အပြင် တစ်ခါက လမ်းမကြီးပေါ်မှ အဖြစ်အပျက်တစ်ခုကို အိမ်ထဲမှ ကျွန်တော်လှမ်းမြင်ခဲ့ရဖူးသည်။ တစ်နေ့တွင် ခြေထောက် ထော့နဲ့၊ ထော့နဲ့ဖြင့် လမ်းလျှောက်လာနေသော ကျောင်းသား ကလေးတစ်ယောက်ကို အခြားကျောင်းသားများက ဝိုင်းဝန်း လှောင်ပြောင်နေသည်။

" ခြေကျိုး... ခြေကျိုး... တုတ်နဲ့ထိုး "

" အကျိုးလေးဟေ့၊ အကျိုးလေး "

သည်မြင်ကွင်းသည် သာမန်အားဖြင့် ဘာမျှမဖြစ်လောက်ဟု ထင်စရာရှိသော်လည်း ကျွန်တော့်အဖို့မှာမူ ရင်ထဲဝယ် စွဲစွဲလမ်းလမ်း အမှတ်ထင်ထင် ဖြစ်သွားရ၏။ ထိုကျောင်းသားလေး အဖြစ်နှင့် မိမိ အဖြစ်ကိုလည်း နှိုင်းယှဉ်စဉ်းစားကြည့်မိသည်။

**" ဒီကျောင်းသားလေးက ခြေတစ်ဖက်ထော့နဲ့ထော့နဲ့ဖြစ်ရုံဖြစ်တာ။ လမ်းလျှောက်နိုင်သေးတယ်။ငါက သူ့လို ထော့နဲ့ရုံတင်မဟုတ်ဘူး၊ လုံးလုံးလမ်းမလျှောက်နိုင်ဘူး။ သူ့ကိုတောင်သည်လောက်ပြောင်စနေရင် ငါ့လိုကောင်ဆိုပိုပြီးလှောင်ကြပြောင်ကြမှာပဲ၊ ရှက်ဖို့ကောင်းလိုက်တာ..."**

http://www.linhtet.com



ထိုအချိန်မှစ၍ " အကျီ၊ ငချိ၊ ဖင်ဒရွတ်ဆွဲ " စသော စကားလုံးကြီးများသည် ကျွန်တော့်ဘဝ၊ ကျွန်တော့်အသိတရားကို အလွန်အမင်း ခြောက်လှန့်လျက်ရှိနေခဲ့ပါသည်။

## ကျောင်းစတက်သည့်နေ့

ကျွန်တော့်စိတ်ဝယ် မည်သို့ပင်ရှိစေ နောက်ဆုံးတွင် ကျွန်တော့်ကို ကျောင်းအပ်ခဲ့ကြသည်။

ကျွန်တော်ကျောင်းနေရသောအချိန်တွင် ကျွန်တော်တို့သည် လမ်းသစ်တန်းအိမ်၌ မဟုတ်တော့ဘဲ လက်ပံခုံ လမ်းမတော်တွင်အိမ်ဝယ်၍ နေထိုင်ပြီဖြစ်၏။ ကျွန်တော်တို့ အိမ်နှင့် သုံးလေးအိမ်ကျော်လောက်တွင် အစိုးရမူလတန်း ကျောင်းကလေး တစ်ကျောင်းရှိသည်။ ကျောင်းအုပ်ဆရာမကြီးမှာဒေါ် သန်းဖြစ်သည်။ထိုကျောင်းရှိဆရာ၊ ဆရာမအားလုံးလိုလိုသည်ဆရာမကြီး၏ သွေးချင်းတို့သာဖြစ်ကြသည်။

မကြင်ဥ၊ (ဖေဖေ့အစ်မကြီး၏ သမီးအငယ်ဆုံး) မမ၊ ကိုကိုတို့သည်လည်း ထိုကျောင်းမှာပင် နေကြ၏။ သူတို့ သုံးယောက်သည် ဒုတိယတန်းသို့ ရောက်နေလေပြီ။

ကျွန်တော့်ကို မေမေကိုယ်တိုင်ချီ၍ ကျောင်းလိုက်အပ်၏။

ကျောင်းသို့ရောက်သောအခါ ကျွန်တော် အလွန်အမင်း စိတ်အားငယ် ကြောက်ရွံ့နေ၏။ ဆရာ၊ ဆရာမများကိုလည်း ကောင်းကောင်းမကြည့်ဝံ့။ လူတစ်ကိုယ်လုံး တုန်ရီနေလေသည်။

ကျွန်တော့်ကိုချီ၍ ဝင်လာသော မေမေ့ကိုမြင်သည် နှင့် တစ်ပြိုင်နက် ဆရာမများသည် အယ်လဲဝမ်းသာ ဆီးကြိုကြလေသည်။ သူတို့သည် ကျွန်တော့်မိဘများနှင့် အလွန်ရင်းနှီးသူများ ဖြစ်သည်။ ဆရာမများသည် ကျွန်တော့်အတွက် စိတ်မပူရန်နှင့် သူတို့တတ်နိုင်သလောက် စောင့်ရှောက်မည့်အကြောင်း၊ ကျွန်တော့် အတွက် ဘာမျှအခက်အခဲမရှိနိုင်ကြောင်း စသည်ဖြင့် မေမေ့ကို ဝိုင်းပြောကြ၏။ ကျွန်တော့်ကိုလည်း ကြင်ကြင်နာနာ ဂရုတစိုက်ပင်

http://www.linhtet.com



ပါးကလေးကိုကိုင် ပခုံးကလေးကိုဖက်၍ အားပေးစကားများ ပြောကြ၏။

သို့ဖြင့် ကြောက်ရွံ့အားငယ်မှုသည် အတန်အသင့်လျော့ပါး သက်သာသွားလေသည်။ သို့သော် ကျွန်တော့်ကို ထူးဆန်းသောသတ္တဝါ တစ်ကောင်အလား ကျောင်းသားများ ဝိုင်းအုံကြည့်လာသဖြင့် ကျွန်တော့်မှာ ရှက်ကြောက်လွန်းသောကြောင့် လူတစ်ကိုယ်လုံးသေးကွေး ပြားချပ်သွားလေသလားဟုပင် စိတ်ထဲ၌ ခံစားရင်း တုန်ရီနေမိသည်။

" ဘယ်အတန်းမှာ နေမလဲ "

ဆရာမက ကျွန်တော့်ကို မေး၏။

ကျွန်တော်စကားတစ်လုံးမျှမထွက်။ခေါင်းကိုသာတွင်တွင် ငုံ့ထား၏။

ဆရာမကပြောပြန်၏။

" မောင်စိန်ထွေးရဲ့ မမနဲ့ ကိုကိုတို့က သည်အတန်းမှာ နေတယ်ဆိုတော့ သူတို့နဲ့နီးနီးနားနား နေချင်ရင် သည်ဘက်က သူငယ်တန်းကြီးမှာနေပေါ့။ သူငယ်တန်းလေးမှာဆိုရင် မင်း မမတွေနဲ့ ဝေးနေလိမ့်မယ်။ ဘယ့်နှယ်လဲ "

ကျွန်တော်က ဘာမျှမပြောနိုင်၊ မျက်ရည်သာဝိုင်းနေ၏။

" ဘယ့်နှယ်လဲ ဘယ်အတန်းမှာ နေချင်လဲ "

ဆရာမက နောက်တစ်ကြိမ်ထပ်မေးသောအခါ ကျွန်တော် တရှုံ့ရှုံ့ ငိုပါလေပြီ။ ထိုအခါ မမကဝင်၍ ပြော၏။

" မမတို့နဲ့နီးအောင် သူငယ်တန်းကြီးမှာပဲနေမလား "

ကျွန်တော်သည် အတန်ကြာအောင် ငိုနေ၏။ မမက အထပ်ထပ်မေးမှ ခေါင်းညိတ်ပြလိုက်သည်။

## အခွင့်ထူးခံ

ကျွန်တော်သည် ကျောင်းစနေလျှင်နေချင်း သူများနည်းတူ သူငယ်တန်းလေးတွင်မနေရပဲ သူငယ်တန်းကြီးမှစ၍ စာသင်ခဲ့ရသည်။

http://www.linhtet.com



ကျွန်တော်ကိုယ်တိုင်ကျောင်းသားဖြစ်လာသောအခါမူလ ကတွေးကြောက်နေခဲ့ သလိုမဟုတ်ကြောင်းတွေ့လာ၏။ မည်သည့် အခက်အခဲ ပြဿနာမျှမရှိ၊ အားလုံး ချောမောအဆင်ပြေသည်။

ဆရာမများကလည်း ကျွန်တော့်ကို အလွန်ဂရုစိုက်၍ မျက်နှာသာပေးကြပါသည်။ သို့ဖြစ်၍ ကျောင်းသားများကလည်း ကျွန်တော့်အပေါ်တွင် လိုက်လိုက်လျောလျောရှိကြသည်။ မူလက ကျွန်တော် တွေးကြောက်ခဲ့သလို ကျောင်းသားများသည် ကျွန်တော့်ကို လှောင်ပြောင်ရန်ဝေးစွ၊ ကျွန်တော်ငိုမှာကိုပင် စိုး ကြောက်လန့်နေကြပါသည်။ သို့သော် ကျွန်တော်သည် ငယ်စဉ်က အလွန်လည်း ဝမ်းနည်းတတ်၏။ အငိုလည်း လွယ်လွန်းသည်။ တစ်ခါတစ်ရံ ဘာမျှမပြောဘဲ တစ်ယောက်ထည်း ငိုချင်ငိုနေတတ်၏။

ကျောင်း၌ ကျွန်တော်ငိုပြီဆိုလျှင် တစ်ကျောင်းလုံး စာသင် ရပ်သွားတော့သည်။ ဆရာမများ ဝိုင်းလာပြီး မေးကြမြန်းကြသည်။

" ဘာဖြစ်လို့လဲ "

" ဘယ်သူစလို့လဲ "

" ဘယ်သူက ဘာလုပ်သလဲ "

ကျွန်တော်က မေးသမျှကို ဘာမျှမဖြေဘဲတရှုပ်ရှုပ်သာ ငိုနေတတ်လေသည်။ ထိုအခါမျိုးတွင် အနားရှိကျောင်းသားခများမှာ အပြစ်မရှိပါပဲလျက် အကြောင်းမဲ့မဲ့သက်သက် ဆရာမအရိုက်ခံ ရတတ်ပါ၏။ထို့ကြောင့် ကျွန်တော်ငိုမည်ကို ကျောင်းသားများက အလွန်ကြောက်ကြရခြင်း ဖြစ်ပါသည်။

တစ်နေ့သ၌ ကျောင်းတွင် ကျွန်တော် အလွန်ရှုရှုပေါက်ချင် နေသည်။ အောင့်ထား၍ မရတော့သောအခါ ကြမ်းပြင်ပေါ်မှာပင်ရှုရှု ပေါက်ချလိုက်လေသည်။ အတန်းသားအားလုံးသည် မတ်တတ်ထ၍ စာကိုအတင်း အော်ဖတ်နေကြရသဖြင့် ကျွန်တော် ရှုရှုပေါက်ချ လိုက်သည်ကို မည်သူမျှ မသိလိုက်ချေ။ဆရာမကြီး ဒေါ်သန်းရောက် ရှိလာသောအခါ ကျွန်တော်တို့ ဘေးနားက ရှုရှုကွက်ကြီးကိုလက်

http://www.linhtet.com



ညိုးထိုး၍ "ဘာတွေလဲ "ဟု ကျောင်းသားများကို မေး၏။ မည်သူမျှ ပြန်မဖြေနိုင်ကြ။ ကျွန်တော့် မှာမူ အကြောက်လွန် နေရချေပြီ။

ဆရာမကြီးသည် မည်သူ့ကိုမျှ မေးမရသောအခါ စိတ်တို လာပြီး ကျောင်းသားများကို ဆူတော့သည်။ ထိုအခါမှ ကျွန်တော် သည် မနေသာတော့ဘဲ ကြောက်ကြောက်ရွံ့ရွံ့နှင့် အသံထွက်လာ တော့သည်။

" ဟို....ဟို .. ဆရာမ... အပေါ်ထပ်က ရေတွေ ကျတာပါ "

ဤအကြိမ်သည်ကျွန်တော့်တစ်သက်တာတွင် ပထမဦးဆုံး အကြိမ် လိမ်ညာပြောခြင်းဖြစ်လိမ့်မည်ထင်ပါသည်။ ရိုးသားဖြူစင် ချင်တတ်သော ကလေးငယ်တို့၏ သဘာဝအတိုင်း မိမိလိမ် ညာမိ ခြင်းအတွက် မိမိဘာသာ အတော်အချိန်ကြာမြင့်အောင်ပင် စိတ် မကောင်းဖြစ်နေမိ၏။မိမိ၏လိမ်ညာမှုကိုယနေ့တိုင်မှတ်မိနေသည်။

ဆရာမကြီးကလည်း ကျွန်တော့်အပြောကြောင့် အပေါ် သို့မော့ကြည့်ပြီး "ဩော်..ဩော်... အပေါ်ထပ်က ကလေးသေး ပေါက်ချတာထင်ပါရဲ့၊ မင်းအစကပြောရော့ပေါ့၊ အေး.. ဘာဖြစ်ဖြစ် မင်းကမှ သိသေးတယ် "ဟုပြော၍ အနီးမှ ထွက်သွား လေတော့သည်။ အပေါ်ထပ်တွင် ဆရာမကြီး၏ သွေးချင်းတို့ နေထိုင်လေသည်။

ဆရာမကြီးထွက်သွားမှ ကျွန်တော့်ရင်ထဲက အလုံးကြီး ကျသွားတော့၏။ ထိုနေ့မှစ၍ ကျွန်တော့် ခေါင်းထဲ၌ ပြဿနာ တစ်ခု ဝင်ရောက်လာလေသည်။ နောက်သည်လိုပင် ကျောင်းမှာ ရှူရှူပေါက်လိုပါက မည်သို့လုပ်မည်နည်း။

ဤကိစ္စအတွက် အဖြေရှိပါသည်။ ကျွန်တော်သည် ထိုစဉ်က အိမ်၌ ရှူရှူပေါက်ချင်လျှင် ကြမ်းကြားထဲကသာ ပေါက် ချလေ့ရှိသည်။ ထိုနည်းအတူ ကျောင်း၌ ရှူရှူပေါက်ချင်လျှင် လည်း ကြမ်းကြားထဲသာပေါက်ရပေတော့မည်။သို့ဖြင့် ကျောင်း၌

http://www.linhtet.com



ကြမ်းကြားရှိသော နေရာကိုသာအမြဲတမ်းနေရာယူ၍ထိုင်တော့၏။

ရှူရှူကိစ္စပြဿနာ ပြေလည်နိုင်သော်လည်း အီးအီး ကိစ္စကား မလွယ်ပါ။ တစ်ခါတစ်ရံကျောင်း၌ အီးအီးပါချင်လျှင် ထိုင်ငိုနေမိ၏။ ဆရာမများက အထပ်ထပ်မေးနိုင်မှ "အီးအီးပါချင်လို့" ဟူသောအဖြေ ထွက်လာသည်။ထိုအခါ ကျောင်းသားတစ်ယောက်ကို အိမ်သို့ ဆရာမက လွှတ်လိုက်သည်။ အိမ်မှတစ်ယောက်ယောက်က ကျွန်တော့်ကို လာခေါ် ယူရသည်။ အိမ်၌ ကိစ္စဝိစ္စပြီးမှ တစ်ဖန် ကျောင်းသို့ ပြန်ချီပို့ပေးရ ပြန်လေသည်။

နောင်အခါ ကျွန်တော်သည် လေ့အကျင့်တစ်ခုကိုပြုလုပ်ထား၏။ နံနက်အိပ်ရာမှထသည်နှင့် ထိုအပေါ့အလေးကိစ္စဝိစ္စများကို အပြီးအစီးပြုလုပ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်၏အစားကို အချိန်မှန်စား၍ အပြင်သွားစရာရှိလျှင် အရည်ကို လုံးဝမသောက်တတ်ပဲနေသည်။လူ့ဘဝတစ်ခုအဆင်ပြေရေးမှာလူ၏ အလေ့အကျင့်သည် အလွန်အရေးပါသည်ဟု ထင်ပါသည်။

## အတန်းတက်ပွဲ

စာသင်နှစ် တစ်နှစ်ကုန်ဆုံး၍ ကျောင်းပြန်ဖွင့်သောအခါ ကျွန်တော်တို့ အတန်းသားများ အတန်းသစ်တက်ကြရ၏။ ဆရာမက ကျွန်တော့်ကို လာမေးသည်။

" မောင်စိန်ထွေးကော အတန်းတက်မလား "

ကျွန်တော်သည် မမနှင့် ကိုကိုအား လှမ်းကြည့်၏။ သူတို့က ကျွန်တော်နှင့် ယှဉ်လျက်ရှိသော ဒုတိယတန်းမှာပင်ရှိသေးသည်ကို မြင်ရသဖြင့် " အတန်းမတက်ချင်ဘူး " ဟု ကျွန်တော်က ခေါင်းခါလိုက်၏။ သို့သော် မကြာမီ မမနှင့် ကိုကိုတို့သည်လည်း ဒုတိယတန်းမှ တတိယတန်းသို့ နေရာပြောင်းသွား၏။ ကျွန်တော်ငိုပါလေပြီ။

အတန်ကြာငိုနေသောအခါ ဆရာမရောက်လာ၏။

http://www.linhtet.com



" ဘာဖြစ်လို့လဲ မောင်စိန်ထွေး "

ကျွန်တော်ဘာမျှမပြော၊ ငိုမြဲငိုနေ၏။

ဆရာမက အတန်ကြာစဉ်းစားကြည့်ပြီးမှ " မောင်စိန်ထွေး က အတန်းတက်ချင်လို့လား " ဟု စူးစမ်းရင်းမေး၏။ ထိုအခါမှ ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရသည်။

ဆရာမသည် ကျွန်တော့်ကို ပထမတန်းနေရာသို့ ချီရွှေ့ပေးလိုက်ရလေသည်။

ပထမတန်းနေရာသည်လည်း မမတို့ ကိုကိုတို့ရှိသော တတိယတန်းနေရာနှင့် ယှဉ်လျက်သားဖြစ်သည်။

သူတို့နှင့် ကျွန်တော်မှာ ဟိုတုန်းကလိုပင် တစ်လံကွာမျှ အဝေးတွင်သာရှိ၏။

သို့ဖြင့် ကျွန်တော်သည် ပထမတန်းကျောင်းသားကြီး ဖြစ်သွားပြန်၏။

## စိတ်ကူးဖြင့်ကျေနပ်ရခြင်း

ကျွန်တော်သည် သူများတကာနည်းတူ ကိုယ်တိုင်ပြေးလွှား ဆော့မကစားနိုင်သော်လည်း သူများတကာပြေးလွှား ဆော့ ကစားကြသည်ကို တစ်နေရာမှ ထိုင်ငေးကြည့်ရင်း စိတ်ကူးဖြင့် ပျော်ရွှင်ကျေနပ်နေတတ်လေသည်။ ကျောင်း၌ လည်း ထိုအတိုင်းပင်ဖြစ်၏။

ကျွန်တော်တို့ မောင်နှမတတွေသည် ညနေတိုင်း အိမ်ရှေ့ခြံဝင်းအပြင်သို့ထွက်၍ ကစားကြသည်။ ကျွန်တော့်ကို မကြင်ဥက ကုန်းပိုး၍ ခေါ်ယူလာခဲ့ပြီး ခြံဝင်းအပြင်ဘက်ရှိ ကုန်တင်နောက်တွဲယာဉ်ကြီးအပေါ်တွင်ထိုင်နေစေသည်။ မမနှင့်ကိုကိုတို့က သူတို့၏ အပေါင်းအဖေါ် သူငယ်ချင်းများနှင့် စိမ်ပြေတမ်းကစားသည်။ ဖန်ခုန်သည်။ ထုပ်ဆီးတိုးသည်။ ဂုံညင်းပစ်၊ ရုပ်ဒိုးပစ်သည်။

ကျွန်တော်က သူတို့ကစားရာတွင် ဒိုင်လူကြီးဖြစ်နေတတ်၏။ သူတို့အချင်းချင်း တစ်ခါတစ်ရံအငြင်းအခုံ ရှိလာတတ်သော

http://www.linhtet.com



အခါ ကျွန်တော်က ဆုံးဖြတ်ပေးရလေသည်။ သည်လိုဆုံးဖြတ်မှု ပေးရသည်ကိုကျွန်တော်သည် အလွန်သဘောကျ ပီတိဖြစ်သည်။ မိမိသည် သူတို့အကြားဝယ် အထူးအရေးပါ အရာရောက် အသုံးကျ လေသည် မဟုတ်ပါလော။ထို့အပြင် သူတို့နှင့်ရော၍ စိတ်ပါလက်ပါ အော်ဟစ်ရသည်မှာ ပျော်ရွှင်ကျေနပ်ဖွယ်ရာ ပါတကား။

## ပထမဆုံး ချစ်ခင်သူ

မမနှင့် ကိုကိုတို့၏ ကစားဖော်များအနက် ကျွန်တော့် အပေါ်တွင် ချစ်ခင်ကြင်နာဆုံးမှာ မမ၏ သူငယ်ချင်း မြမြပင်ဖြစ်ပါသည်။ မြမြသည် ကျွန်တော့်ထက် လေးနှစ်ကျော်ကျော် အသက်ကြီး၏။ ကျွန်တော်တို့ခြံနှင့် တစ်ခြံကျော်တွင် နေထိုင်သည်။ အဖေမရှိ၊ အမေ မုဆိုးမကြီးနှင့် အတူနေသည်။

မြမြက ကျွန်တော့်အပေါ်တွင် ချစ်ခင်တွယ်တာမှုရှိသလိုပင် ကျွန်တော်ကလည်း မြမြအပေါ်တွင် အတော်ချစ်ခင်တွယ်တာ ပုံရပါသည်။ သူနှင့်ကျွန်တော်သည် အပြန်အလှန် သနားကြင်နာတတ်၏။

မမ ကိုကိုတို့နှင့် ဆော့ကြရင်း တစ်ခါတစ်ရံ ခိုက်ရန်ဖြစ်ပွားသောအခါ မြမြမှာငိုယို၍သာပြန်သွားရရှာပါသည်။ ကျွန်တော်တို့မောင်နှမတတွေဘက်ကလူအင်အားကောင်းသည်။ ကစားဖော်များကလည်း အကြောင်းကြောင်းတို့ကြောင့် မျက်နှာလိုက်ပြီး မမတို့ဘက်ကသာ ဝင်ကူကြ၏။ မြမြဘက်၌ ရပ်မည့်သူမရှိ။ သူတစ်ယောက်တည်း။

ကျွန်တော် အလွန် စိတ်မကောင်းဖြစ်သည်။

ကစားရာတွင် တစ်ခါတစ်ရံမြမြဘက်ကချည်း အနိုင်ရနေပါလျှင် ဘယ်သို့ပင် ညစ်ကစားကစား မရနိုင်သည့်အဆုံး မကြင်ဥကခေါင်းဆောင်၍ မြမြကို ဝိုင်းဝန်းနှိပ်စက်ကြလေ၏။

ထိုသို့ရန်ဖြစ်ပြီးနောက် လေးငါးဆယ်ရက်ကြာအောင် မြမြနှင့်သူတို့ မခေါ်ဘဲ၊ မကစားဘဲနေကြ၏။ ထိုအခါမျိုးတွင်

http://www.linhtet.com



ကျွန်တော်သည် မြမြအတွက် ဝမ်းနည်းနေတတ်၏။ လူတွေဟာ မတရားဘူးဟု ရင်ထဲဝယ် နာကျည်းသယောင်ယောင် ခံစားမိသည် အခွင့်သာ အခြေအနေပေးခိုက် အပေါ်စီးရနေစဉ် ယင်းသို့မတရား အနိုင်ကျင့်ခြင်းမျိုးကို ထိုအချိန်အရွယ်ကပင် ကျွန်တော် မုန်းတီး တတ်လာသည် ထင်ပါသည်။

## မတရားမှုကို မကြိုက်သော်လည်း

မတရားမှုကို ထိုသို့မနှစ်မြို့မိသော်လည်း မိမိ ကိုယ်တိုင် လည်း ဖြောင့်မတ်မှန်ကန်မှု မရှိနိုင်ပါ။

သူတို့စိမ်ပြေးတမ်း ကစားကြသောအခါ တစ်ခါတစ်ရံ မြမြ လိုက်အလှည့်၌ မကြင်ဉကိုမိခဲ့သော် မကြင်ဉက " မမိပါဘူး" ဟု ဇွတ်ငြင်း၏။

မြမြက " မိပါတယ်၊ မယုံရင် မောင်စိန်ထွေးမေးကြည့်" ဟု ကျွန်တော့်ကို သက်သေထူ၏။

ထိုအခါ မိသွားသောကြောင့် " မိပါတယ် " ဆုံးဖြတ်ခဲ့လျှင် ကျွန်တော်မသက်သာတော့။ အိမ်ရောက်သောအခါ မကြင်ဉက "ဘာလဲ ကိုယ့်မောင်နှမအချင်းချင်းဘက်တော့ မလိုက်ဘူးပေါ့လေ၊ သူများဘက်တော့ လိုက်တယ်ပေါ့ ဟုတ်လား။ နင်တော့ သိရော၊ နောက်တစ်ခါ နင့်ကိုလည်းဘယ်သူမှမခေါ်တော့ဘူး။ နင်ခိုင်းတာ လည်းလုပ်မပေးတော့ဘူး" စသည်ဖြင့် ကျွန်တော့်ကိုဆူပူကြိမ်း မောင်းတော့၏။

ထို့ကြောင့် နောင်အခါ ထိုသို့ အငြင်းပွားစရာကိစ္စရှိ လာလျှင် ကျွန်တော့်မှာ မမြင်ဟန်ဆောင် နေလိုက်ရတတ်သည်။ "ကျွန်တော် မမြင်လိုက်လို့ မသိလိုက်ဘူး" ဟုဆိုကာ ခေါင်းရှောင် နေလိုက်သည်။မြမြကို မိမိအခွင့်အရေး မိမိဘာသာ တိုက်စေချင် ၏။ သူတို့အပြန်အလှန် ငြင်းခုံကြသည်။နောက်ဆုံး အငြင်းသန်လှ သော မကြင်ဉသာလျှင် အနိုင်ရပေ၏။

Shwe Minn Tha Book

http://www.linhtet.com



ထို အရွယ်လောက်မှစ၍ ကျွန်တော်သည် လောက၏ သဘောကို ဘဝင်မကျ ရှိလာမိဟန်တူပါသည် လောက၏ သဘောကား အားနည်းသူ၊ နိမ့်ကျသူ၊ ချို့တဲ့သူတို့ဘက်က ထောက်ကူမှု မရှိတတ်ပါကလား၊ စာနာ ညှာတာ သနားတတ်မှု မရှိတတ်ပါကလား စသည်ဖြင့် အမြင်ရှိလာပုံ ရပါသည်။

## အကောင်းဆုံးလူတစ်ယောက်

မြမြကား ကျွန်တော့်အပေါ်တွင် အလွန်ကောင်းရှာ၏။ ယုယကြင်နာမှုလည်းရှိ၏။ တစ်ခါတစ်ရံ သူ့ဘာသူကစားနေရာက မကစားတော့ဘဲ ကျွန်တော့်ဆီလာပြီး " မောင်စိန်ထွေး တစ်ယောက် ထည်းပျင်းနေသလား၊ မောင်စိန်ထွေး ပြင်းနေရင် မြမြလည်းမကစား တော့ဘူးလေ " ဟု ဆိုကာ အနား၌ ထိုင်ပြီး ရောက်တတ်ရာရာ ပြောဆိုနေတတ်လေသည်။

ဆောင်းရာသီညနေခင်းများ၌ အေးလာသောအခါ သူသည် ကျွန်တော့်ခြေထောက်နှင့် လက်ကိုကိုင်ကြည့်ပြီး "ချမ်းနေပြီလား၊ ကြည့်စမ်း၊ လက်တွေအေးနေပြီ။ ပေး၊ လက်တွေနွေးလာအောင် မြမြဆုပ်ထား ပေးမယ် " ဟု ပြောပြောဆိုဆိုပင် ကျွန်တော့် လက်ကလေးများကို ဆွဲယူ၍ သူ့လက်ဖြင့် ဆုပ်ထားပေးတတ်လေသည်။

တစ်ခါတစ်ရံ မြမြသည် မည်သူနှင့်မျှဝင်မကစားဘဲ လေထဲ တွင်လွင့်ပါလာတတ်သော ရိုးပြတ်မီးကျွမ်း စလေးတွေကို သူ့လက်ခုပ်ဖြင့် လိုက်ဖမ်းယူ၍ ကျွန်တော့်ထံလာပေးသည်။

"စုထားနော် မောင်စိန်ထွေး" ဟု သူကဆိုတတ်သည်။ ကျွန်တော်က သူပေးလာသမျှ ရိုးပြတ် မီးကျွမ်းစလေးများကို လက်ထဲဝယ် ဆုပ်ထားရသည်။ တစ်နေ့ ညနေစောင်းတွင်မူ မည်သူမျှ ပြေးလွှား မကစားကြပဲ ခြံရှေ့ရှိ ကုန်တင်နောက်တွဲယာဉ်ကြီး ပေါ်၌ စကားထိုင်ပြောနေကြသည်။ ကျွန်တော်ကား သူတို့အားလုံးနှင့်ဝေးရာ ဆန့်ကျင်ဘက် အခြားတဘက်စွန်း၌ ရှိနေသည်။ ထို

http://www.linhtet.com



အခိုက် နောက်ပိုင်းကလူများ၏ အလေးချိန်ကြောင့် နောက်တွဲယာဉ်ကြီးမှာ ဖြုန်းကနဲ တဘက်သို့ စောင်းသွား၏။

" အမယ်လေး....လုပ်ကြပါအုံး "

ကျွန်တော်က ထိုနောက်တွဲယာဉ်ကြီး၏ ကြမ်းပြင်မှာဝပ်လျက် ကြောက်လန့်တကြား ကုန်းအော်နေသည်။

ကျွန်တော့်နားထဲ၌ အော်သံ၊ ဟစ်သံ၊ ပြေးသံ၊ လွှားသံ၊ အသံဗလံမျိုးစုံတွေနှင့် ဝေါကနဲအသံအကျယ်ကြီး ထိတ်လန့်စဘွယ်ကြားနေရ၏။ ရင်ထဲ၌ နောက်တွဲယာဉ်ကြီး ငြိမ့်ကနဲ လှုပ်ရှားသွားမှုကြောင့်အေးကနဲခံစားလိုက်ရသည်။ ကျွန်တော်ကား မည်သို့မျှ မတတ်နိုင်။သူများတကာတွေလိုလည်း ထွက်မပြေးနိုင်သဖြင့် မျက်စိစုံမှိတ်လျက်သာ တအားကုန်းအော်နေရသည်။

"မောင်စိန်ထွေး မကြောက်နဲ့၊ မကြောက်နဲ့၊ မြမြရှိတယ်" ဟူသော အလွန်အားထားစရာကောင်းလှသည့် အသံလေး ရုတ်တရက်ပေါ်လာပြီးနောက် ကျွန်တော့်ကို တအားလာဖက်လိုက်သည့် မြမြကိုတွေ့လိုက်ရပါသည်။ မြမြကိုမူ ကျွန်တော်သည် ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်စိတ်၊ အားကိုးယုံကြည်စိတ်ဖြစ် ပေါ်သွားမိ၏။

ကျွန်တော့်မမ၊ ကိုကိုအပါအဝင် အားလုံးသောလူတို့သည် မိမိကိုယ်မိမိ ကိုယ်လွတ်ရုန်းပြေးကြသောအချိန်၌ မြမြကားသူတို့လို ထွက်မပြေးဘဲ ကျွန်တော့်ဆီသို့သာ အပြေးလာခဲ့သည်။ အကယ်၍သာ သည်နောက်တွဲယာဉ်ကြီးသည် အဆုံးအထိ ဆက်လက် တိမ်းမှောက်ခဲ့ပါက မြမြရော ကျွန်တော်ပါ နောက်တွဲ ယာဉ်ကြီးပိပြီး သေဆုံးနိုင်သည်ကို ကျွန်တော့်ထက် အသိဉာဏ်ပိုသော မြမြလည်း မသိဘဲရှိမည် မဟုတ်ပါပေ။

မြမြကား ကျွန်တော်နှင့် သွေးသားမတော်စပ်သူများထဲမှ ပထမဦးဆုံး ချစ်ခင်တွယ်တာ ယုံကြည်အားကိုးရဆုံးသော သူတစ်ယောက်ဖြစ်ပါ၏။ သူသည် ထိုစဉ်၊ ထိုအချိန်၊ ထိုအရွယ်၌ ကျွန်တော့်အပေါ် အကောင်းဆုံးလူတယောက်ဖြစ်ခဲ့ဖူးပါ၏။

http://www.linhtet.com



## ရိုးရာယဉ်ကျေးမှု

ဖေဖေသည် ကျွန်တော်တို့မောင်နှမတစ်စုကို အိမ်၌ ဆရာမကြီးတစ်ယောက်နှင့် အင်္ဂလိပ်စာသင်ကြားပေး၏။ ထို့ကြောင့် ကျွန်တော်တို့သည် နေ့စဉ် အင်္ဂလိပ်ဘာသာအတွက်လေ့ကျင့်မှုများ ပြုလုပ်ရလေသည်။ ထိုစဉ်က ကျွန်တော်တို့ မောင်နှမတစ်စုသည် မိဘ၏ဆုံးမဩဝါဒထက် အဖွား (မေမေ့အဒေါ်)၏ ဆုံးမ ဩဝါဒ အောက်၌ ရှိလေသည်။ မမနှင့်ကျွန်တော်သည် ဖွားဖွား၏ အချစ်တုံးများ ဖြစ်သည်။ ဖွားဖွားနှင့် တူတူအိပ်သည်။ တူတူစားသည်။ ည အိပ်ရာဝင်သည့်အခါတိုင်း ဖွားဖွားက ဇာတ်နိပါတ်တော် ပုံဝတ္ထုများကို ပြောပြရင်း ဆုံးမဩဝါဒများ ပေးတတ်၏။ လူကြီး မိဘကိုရိုသေ ကိုင်းရှိုင်းရန်၊ လူကြီးမိဘတို့၏ စကားကို နားထောင် လိုက်နာရန်၊ ကိုယ်ကျင့်တရားကောင်းရန်၊ ကိုယ်ချင်းစာနာစိတ်ရှိ စေရန်စသည် စသည်ဖြင့် သာယာညင်းပျောင်းစွာ ပြေဆိုဆုံးမတတ်လေသည်။ (မမကား ဖွားဖွားလိုချင်သည့်ပုံစံအတိုင်း ဖြစ်ပါ၏။)

တစ်ခါသော် ငါးပါးသီလအကြောင်း ပြောပြီးနောက် ငါးပါး သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေဖို့အကြောင်း၊ ငါးပါးသီလ လုံခြုံ ပါက မည်သို့အကျိုးပွားများပုံ၊ ငါးပါးသီလမလုံခြုံပါက မည်မျှ အပြစ်ကြီးပုံတို့ကိုပြောပြရင်း သူတစ်ပါးအသက်ကို မသတ်မိဖို့ သတိပေး ပြောကြားနေစဉ် ကျွန်တော့်မှာ ဝမ်းနည်း လွန်း၍ တအီအီ ငိုမိပါတော့၏။

"ဟဲ့....ဘာဖြစ်တာလဲ"ဟု ဖွားဖွားက အထပ်ထပ်မေး၏။ ကျွန်တော်သည် တော်တော်နှင့် မပြောနိုင်ဘဲ အတော်အတန် အငိုဝမှ ပြောပြလိုက်လေသည်။

" ဟိုတစ်နေ့ကပိုးဟပ်တစ်ကောင်ကို အနော်ဖင်တက်ထိုင်မိတာ ပိုးဟပ်ကလေး ချိုးထွက်သေသွားရော။ အဲဒါ အနော်တော့ ငရဲကြီးတော့မှာပဲ "

ကျွန်တော့်မှာ ပြောပြီးမျက်ရည်မဆည်နိုင်အောင်ရှိုက်ရလေသည်။

http://www.linhtet.com



ဖွားဖွားသည် အသံထွက်အောင်ရယ်ပြီး "အမယ်လေး ငါ့မြေးရယ်၊ ငါ့မြေးက ပိုးဟပ်ကလေးကို သေစေချင်လို့ သတ်တာမှမဟုတ်တာပဲ။ မတော်တဆ သူ့ဖာသာသူ သေသွားရတာပဲဟာ။ ငါ့မြေးဘယ်ငရဲ ကြီးပါ့မလဲ၊သေစေချင်တဲ့စိတ်နဲ့ တမင်ကလာသတ်မှငရဲကြီးမှာပေါ့" စသည်ဖြင့်အတော်ချော့ယူရလေသည်။

ဖွားဖွားသည် ဘုရားရှိခိုးစာများကို ရွတ်ဆိုပြ၍ ကျွန်တော်တို့ မောင်နှမတစ်တွေကို အပြိုင်အဆိုင် ဘုရားရှိခိုးများ ကျက်မှတ်ခိုင်းသည်။ ဘုရားရှိခိုးစာရလျှင် ပိုက်ဆံပေး၍ ဆုချ၏။

ညစဉ်ညတိုင်း အိပ်ရာမဝင်မီ ဘုရားရှိခိုး ဝတ်ပြုကြရသည်။ ဘုရားရှိခိုးပြီးနောက် တစ်အိမ်လုံးရှိ လူကြီးမိဘများကို အသက် ကြီးစဉ်ငယ်လိုက် တစ်ဦးစီလိုက်ပြီး ကန်တော့ကြရသည်။ ညှော်သည် ရောက်နေလျှင်လည်း ညှော်သည်ကိုပါကန်တော့ရ၏။ ဝါတွင်း ကာလများဆိုလျှင် ဥပုသ်နေ့တိုင်း တစ်အိမ်သားလုံး ဥပုသ်စောင့် ကြရ သည်။ မစောင့်၍လည်းမဖြစ်။ ညနေစာထမင်းလည်း မချက်။ ထမင်းစားခွင့်လည်းမရှိ။ ဖျော်ရည်တစ်မျိုးမျိုးသာ သောက်ရန်အဆင်သင့် လုပ်ပေးသည်။

ဥပုသ်စောင့်သည့်နေ့လည်ခင်းမှာမူ ငါးရာ့ငါးဆယ်နိပါတ် တော် ဝတ္ထုကြီးများကို ဖေဖေတစ်လှည့်၊ မေမေတစ်လှည့် သံနေ သံ ထားဖြင့် ဖတ်ပြလေ့ရှိ၏။ ဝေဿန္တရာဇာတ်တော်ကြီးနှင့် ဘူရိဒတ္တနဂါးမင်း ဇာတ်တော်ကြီး တို့ကဲ့သို့သော သနားစရာ ဝမ်းနည်းစရာများပါသည့် ဇာတ်လမ်းမျိုးများဖြစ်လျှင်ကား ကျွန်တော်တို့ မောင်နှမတစ်တွေမှာ ငိုကြလေ၏။

"တော်...တော်...နင်တို့တစ်တွေငိုနေရင် ငါဆက်မဖတ်ပြတော့ဘူး"ဟု မေမေကပြောမှ ကျွန်တော်တို့တတွေမှာ မျက်ရည်သုတ်ပြီးနောက် ငိုပွဲကြီးကို လက်စသတ်ရ၏။

ဘာသာရေးဆိုင်ရာ ရိုးရာယဉ်ကျေးမှုများကို ဖေဖေ နှင့် မေမေတို့သည် အခြေအနေပေးလျှင် ပေးသလိုဖြစ်နိုင်သမျှ စွဲစွဲ မြဲမြဲ

http://www.linhtet.com



ထိန်းသိမ်းလာနိုင်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်တို့မှာလည်းမိဘ၏ အရောင်ရိုက်ခတ်မှု အဘယ်မှာသာလျှင် ကင်းနိုင်ပါမည်နည်း။

## ငွေအကြောင်း

ဖွားဖွားသည် ကျွန်တော်တို့မောင်နှမတစ်တွေကို ငွေ၏ အရာရောက်ပုံ၊ ငွေမရှိလျှင် ဒုက္ခရောက်တတ်ပုံ စသည်များကို ပြောပြတတ်ပြီး ငွေကိုချွေတာရန်၊ မက်မောရန်၊ စုဆောင်းရန်တို့ကို သင်ကြား၏။ငွေစုသည့် အလေ့အကျင့်ကိုလည်း လေ့ကျင့် ပေး၏။ ပိုက်ဆံကို မောင်နှမအချင်းချင်း အပြိုင်အဆိုင်စုစေ၏။ သို့ဖြစ်၍ ညစဉ်ညတိုင်း ကျွန်တော်တို့မောင်နှမတစ်တွေ ပိုက်ဆံရေတွက်ကြည့်ရသည်မှာ အမော။ ကျွန်တော်ကပိုက်ဆံကို ကောင်းကောင်းရေတွက်တတ်သူ မဟုတ်၍ မီးဖိုချောင်မှ မိန်းကလေးတို့ကို ရေတွက်ခိုင်းရသည်။ သူတို့သည် ကျွန်တော့် စိတ်ကြိုက် ဖြစ်အောင် တစ်နေ့ထက်တစ်နေ့ ပို၍ပိုက်ဆံတိုးပွား၍သာ ရေတွက်ပြခဲ့ကြသည်။နောင်အခါ သူတို့မရှိမှဖွားဖွားက ရေတွက်ပြသောအခါ ကျွန်တော့်ပိုက်ဆံများမှာတိုးမလာသည့်အပြင် အနည်းအပါးလောက်သာ ရှိပါတော့သည်။

"ကဲ မှတ်ထား၊ အဲဒါ ကိုယ့်ဘာသာမရေတတ်လို့ သူများခိုင်းရတော့ သူများတွေခိုးယူလို့ ခိုးယူမှန်းလည်းမသိဘူးပေါ့၊ နောက် ကိုယ့်ပိုက်ဆံ သူများမခိုးရအောင် စာတတ်အောင် ကောင်းကောင်း သင် " ဟုဖွားဖွားက ဩဝါဒပေး၏။ ဖွားဖွား၏ ဩဝါဒသည် ကျွန်တော့်အဖို့ လူတွေကို မယုံကြည်စိတ်ဖြစ်ရမိအောင် အားပေးလိုက်သလိုများ ဖြစ်လေလား မသိ။ ဦးနှောက်နုစဉ်အရွယ်၌ ပတ်ဝန်းကျင်သည် အရေးကြီးလှသည် မဟုတ်ပါလား။

## ရေချိုးရသည့်ဒုက္ခ

ထိုစဉ်က ကျွန်တော်သည် မိမိ၏စားမှုသောက်မှု နေမှုထိုင်မှု ဟူသမျှကို မိမဘာသာ ဘာတစ်ခုမျှ မဆောင်ရွက်နိုင်သော်

http://www.linhtet.com



လည်း အလွန်ဇီဇာကြောင်တတ်သည်။ ဒေါသလည်းကြီးသည်၊ စိတ်တိုသည်၊ အငိုလည်း လွယ်လွန်းသည်ဟု မိဖတို့ပြောစကားအရ သိရ၏။ ဟုတ်ကောင်းဟုတ်ပေလိမ့်မည်။ ထိုအပိုင်းကို ကျွန်တော် ကောင်းကောင်း မမှတ်မိသော်လည်း စ်ခုမှတ်မိနေသည်မှာ ရေချိုး ခန်းထဲ၌ ဖင်ထိုင်ခုံလေးနှစ်ခုဖြင့် မိမိဘာသာ သွားတတ်လာတတ် သည့် စနစ်ကလေးတစ်ခု စတင်ပေါ်ပေါက်လာပုံပင် ဖြစ်ပါသည်။

ကျွန်တော်သည် ရေချိုးလျှင် ရေချိုးခန်း သမံတလင်းပေါ် တွင် ဖင်ချမထိုင်ချင်။ ချွဲကျိုနေသော သမံတလင်းကို ရွံရှာမိသည်။ သို့ဖြစ်၍ ရေချိုးမည့်နေရာ၌ ဖင်ထိုင်ခုံလေးနှစ်လုံးကို တစ်ယောက် ယောက်က ဦးစွာသွားချထားရသည်။ ဖင်ထိုင်ခုံနှစ်ခု ထားရသည့် သဘောမှာ တစ်ခုကကျွန်တော်ထိုင်ရန်နှင့် ကျန်တစ်ခုက ကျွန် တော့် ခြေထောက်ကလေးတွေကို တင်ထားနိုင်ရန်ဖြစ်ပါသည်။ ထိုသို့ အဆင်သင့်ရှိမှ ကျွန်တော့်ကို ပွေ့ချီယူ လာပြီးနောက် ထိုဖင် ထိုင်ခုံပေါ် ချပေးရသည်။ ပြီးမှ ရေလောင်း ချိုးပေးရမြဲဖြစ်၏။

တစ်ကြိမ်တွင် ကျွန်တော့်ကိုရေချိုးပေးရန် ရေချိုးခန်းထဲ၌ ခဏထားရစ်ခဲ့ပြီး မေမေက မီးဖိုချောင်ထဲဝင်သွားလေသည်။အချိန် အတော်ကြာအောင်ပင် မေမေပြန်မလာနိုင်သောအခါ ကျွန်တော် စိတ်တိုလာပြီး မိမိဘာသာရေလောင်း၊ ဆပ်ပြာတိုက်ကာ ရေချိုးပစ် လိုက်လေသည်။ မေမေ ရေချိုးခန်းထဲသို့ ပြန်ရောက်လာသော အခါ ကျွန်တော်သည် ရေချိုးပြီးနေလေပြီ။

"မေမေမလာနိုင်လို့ ကိုယ့်ဘာသာပဲ ရေချိုးလိုက်ပြီ "ဟု ကျွန်တော်က ဆီး၍ပြောလိုက်သည်။

"အေး ကိုယ့်ဘာသာကိုယ် လုပ်နိုင်တယ်ဆိုတော့ ပိုကောင်း တာပေါ့၊ နောက်ဆိုရင် ကိုယ်ဘာသာကိုယ်ရေချိုး၊ဟုတ်လား"

ကျွန်တော်က မေမေ့ကို ကျေကျေနပ်နပ်ပင် ခေါင်းညိတ်ပြ လိုက်၏။ မိမိဖာသာ ရေချိုးနိုင်ခြင်းကို မိမိဘာသာ အတော်ကြီးဝမ်းသာ ကျေနပ်နေမိသည်။ စိတ်ဓာတ်လည်း အတော်တက်ကြွသွားသည်။

http://www.linhtet.com



နောက်ပိုင်း၌ မူ ရေချိုးမည်ဆိုလျှင် ကျွန်တော့်ကို ရေချိုးခန်းထဲသို့ ပို့ပေးပြီး၊ ပို့ပေးသူကပြန်ထွက်သွားကာ မိမိကိစ္စရှိရာ လုပ်နေနိုင်သည်။ ကျွန်တော်ရေချိုးပြီးသောအခါ "ပြီးပြီ..."ဟု ကျွန်တော်က တအား အော်လိုက်မှ ကျွန်တော့်ကို ရေချိုးခန်းမှလာခေါ်ယူသွားသည်။

တစ်ခါတစ်ရံ ကျွန်တော်က ရေချိုးမည်ပြောသော်လည်း ရေ ချိုးခန်းသို့ ချီပို့ပေးမည့်သူ မအားသဖြင့် အချိန်ကြာအောင် စောင့် ဆိုင်းနေရခြင်းအတွက် ကျွန်တော် စိတ်မရှည်နိုင်ဖြစ်သည်။ ကျွန်တော်က တအော်အော်တဆူဆူ လုပ်နေတတ်သည်။ မိမိစိတ်အလိုတိုင်း မပြည့်ဝ၍ စိတ်ညစ်၊ စိတ်ဆိုးဖြစ်ရသည်ကိုလည်း မိမိဘာသာ စိတ်ပျက်သည်။ မိမိအမှုကိစ္စကို မိမိဘာသာလည်း မတတ်နိုင်။ သူတစ်ပါးလည်း အလိုမကျ။ ထို့ပြင်တစ်ခါတစ်ရံ ရေချိုးပြီးသဖြင့် "ပြီးပြီ..." ဟု အကြိမ်ကြိမ်အော်နေသော်လည်း မည်သူမျှ ကျွန်တော့်ကို လာမခေါ်ဘဲ ရှိတတ်သည်။ ထိုအခါမျိုး၌ ကျွန်တော်သည် စိတ်ဆိုး ဒေါသကြီးနေတတ်ပါသည်။ သိပ်အော်ဟစ် ခေါ်နေလွန်းပြန်လျှင်လည်း တစ်ခါတစ်ရံ မေမေရောက်လာပြီး မြည်တွန်တောက်တီးတတ်လေသည်။

"မင့်အလုပ်ချည်း မဟုတ်ဘူးဟဲ့၊ တခြားအလုပ်တွေလည်း အများကြီးရှိသေးတယ်။ နဲနဲလေးများလည်း စိတ်ရှည်ရှည်ထားပြီး စောင့်ဦးမှပေါ့။ ကိုယ့်ဘာသာကိုယ်သာ ဘာမှ မတတ်နိုင်တယ် သူ့စိတ်ချည်းပဲ။မင်း တစ်ယောက်တော့ ခက်ပါတယ်။ ငါလည်း စိတ်ညစ်လှပြီ "

ထိုအခါ ကျွန်တော်စိတ်ထိခိုက်ပြီး ဝမ်းနည်းသွားတတ်သည်။ ထိုနေ့မျိုး၌ ကျွန်တော့်စိတ်သည် တစ်နေ့လုံး မရွှင်မလန်း ရှိရ၏။

တစ်ခါတစ်ရံ မေမေမအားလပ်၍ မီးဖိုချောင်မှမိန်းကလေးကို လက်လွှဲလိုက်လျှင် ရေချိုးခန်းထဲ၌ အဝတ်ထုပ်တစ်ခုကို ပစ်ချလိုက်သကဲ့သို့ကျွန်တော့်ကို ဆောင့်၍ပစ်ချတတ်သည်။ ဤအခါမျိုးတွင်လည်း ကျွန်တော်သည် ကြိတ်ငိုရုံမှတပါး လူကြီးတွေကို ပြန်မတိုင်တတ်ပါ။

http://www.linhtet.com



## ရှန်းရကန်ရ သည်ဘဝ

တစ်နေ့သော် ကိုယ့်ဘာသာကိုယ် ရေချိုးပြီးချိန်၌ ရေချိုးခန်းထဲမှာပင် စဉ်းစားကြံဆနေမိလေသည်။ မည်သူ့ကိုမျှ အပူမရှာဘဲ ရေချိုးခန်းမှ မည်သို့ထွက်ရပါ မည်နည်း။ အား.... အကြံရချေပြီ။ မကြာမီ တစ်နေ့ကအကြောင်းကို သွားသတိရ၏။

ထိုနေ့က ကျွန်တော်တို့ မောင်နှမတတွေ မြေကြီးပေါ်၌ ဖျာနှစ်ချပ်ခင်း၍ အိုးဗုတ်တမ်း ကစားကြသည်။ အတန်ကြာသောအခါ မကြင်ဥနှင့်ကျွန်တော် မသင့်မမြတ်ဖြစ်လာပြီး "နင့်ကို မခေါ်တော့ဘူး" ဟုဆိုကာ ခပ်လှမ်းလှမ်းနေရာသို့ သူတို့ ရွှေ့ကစားကြ၏။

ကျွန်တော်တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ရ၏။ သူတို့နှင့်လည်း ကစားချင်သေးသည်။ သူတို့နောက်ကိုလည်း ကိုယ့်ဘာသာ မလိုက်နိုင်။ ဘာမျှမတတ်နိုင်သော ကျွန်တော်သည် သူတို့ကို လှမ်းကြည့်လျက်သာ ငေးမောနေရသည်။

အတန်ကြာမှ စိတ်ကူးတစ်ခုရလာပြီး သူတို့ဘက်ဆီဦးတည်၍ ဖျာလေးတစ်ချပ်ကို ရွှေ့ခင်းသည်။ ထိုဖျာလေးပေါ်သို့ ကျွန်တော် ဖင်ရွှေ့သွားသည်။ တစ်ဖန် လွတ်သွားသည့် ဖျာလေးကိုယူပြီး ကျန် တစ်ချပ်နှင့် ဆက်ခင်းပြန်သည်။ ဤသို့ဖြင့် သူတို့ကစားရာ နေရာ သို့ တဖြည်းဖြည်း ရောက်သွားလေ၏။

ဤရေချိုးခန်းကထွက်ရန်ကိစ္စမှာလည်း ဖင်ထိုင်ခုံနှစ်ခုကို ထိုသို့ပြုလုပ်သွားလျှင် ဖြစ်နိုင်ရမည်ဟု အကြံရလာသည်။ သို့ဖြင့် လက်တွေ့အကောင်အထည်ဖော်ကြည့်သည်။ ရေချိုးခန်းအထွက် အထစ်နေရာ၌ သာ အလေ့အကျင့်မရသေးသဖြင့် အနည်းငယ်အခက်အခဲရှိသည်မှတပါး အောင်မြင်သည်။ ထိုနေ့ကဝမ်းမြောက်ဝမ်းသာဖြစ်မိသည်မှာပြောမပြတတ်အောင်ပင်ရှိလေသည်။ထိုနေ့မှစတင်၍ ယနေ့တိုင်အောင်ပင် ရေချိုးခန်း နှင့် အိမ်သာခန်းသို့ သွားရန် ဖင်ထိုင်ခုံလေးနှစ်ခုကို အထူးပြုလုပ် စီမံထားရပေသည်။

* * * * * * *

http://www.linhtet.com

သုံး

# ပြည်တွင်းစစ် အရသာ

ကျွန်တော်တို့နေထိုင်ရာ သာယာဝတီခရိုင်အတွင်း၌ ဆူဆူပူပူတွေ ဖြစ်လာသည်။ အုပ်ချုပ်ရေးတွေပျက်ကုန်၏။ အားလုံး အခြေအနေတွေ ရှုပ်ထွေးနေသည်။ ညဥ့် တစ်မင်းအုပ်စိုးခဲ့သော် လည်း နံနက်မိုးလင်းလျှင်ကား တစ်မင်းပြောင်း အုပ်စိုးနေတတ် ပြန်သည်။

လမ်းမမှ မောင်းထုရှ်အော်သွားလျှင် ကောင်းကောင်းနား စိုက်ထောင်ထားရသည်။ အုပ်စိုးနေသူ၏ သဘောများ၊ စည်းကမ်း များ၊ အမိန့်များ ဖြစ်လေသည်။ သေနတ်သံများလည်း မကြာခဏ ကြားရတတ်သည်။ မှောင်စပျိုးလာတိုင်း လူကြီးတွေမှာ မျက်စိ မျက်နှာ ပျက်နေတတ်ချေပြီ။

ကျွန်တော်တို့မောင်နှမတစ်တွေကိုလည်း ညအိပ်ရာဝင် လျှင် အကျီလုံချည်များ အထပ်ထပ် ဝတ်ပေးထားသည်။ ပြေးရ လွှားရသော် မိမိနှင့်အတူ အဝတ်အစားများ ပါစေရန်ဖြစ်သည်။ ကျွန်တော့်မှာမူ မည်သည့်အထုပ်မျှ သယ်ရန်တာဝန်မရှိသည့် အပြင် အရေးအကြောင်းရှိက ကျွန်တော့်ကို ပွေ့ချီပြေးနိုင် ရန် အတွက် လူပိုအဖော်တစ်ယောက် သပ်သပ်ခေါ် သိပ်ထားရသည်။

အချို့ညမျိုးများ၌ လမ်းမကြီးပေါ် ဝယ် ဖြတ်မောင်းသွား နေသောတင့်ကားသံကြီးများ၊ ချိမ်းကားသံကြီးများမှာ ရင်တုန်စရာ ကောင်းအောင် ထိတ်လန့်စဖွယ် ကြားနေရတတ်၏။

တစ်ညနေစောင်းတွင်မူ သူပုန်များ သေနတ်ကိုင်စွဲပြီး ကျွန်တော်တို့ခြံကြီးကို ဝိုင်းထားသည်။ ကျွန်တော်သည် ကြောက်ရွံ့ လှသဖြင့် နေစရာမရှိဘဲ ဖြစ်နေသည်။ နောက်မှ တံခါးကြားထဲဝင် ပုန်းနေပြီး ဆရာမကြီးဒေါ်သန်းပေးသော "ကိုယ်ပျောက်ဂါထာ" ကိုအကြိမ်ကြိမ် ရွတ်ဆိုနေမိ၏။ အချိန်အတန်ကြာသောအခါ မိမိ

http://www.linhtet.com



ကိုယ်ကိုမိမိ ပြန်မြင်နေရ၍ "ကိုယ်ပျောက်ဂါထာ" ကလည်း ကိုယ်မပျောက်ပါလားဟု စိတ်ပျက်သွားမိသည်။ သူပုန်များသည် ကျွန်တော်တို့၏ခြံထဲ၌ လမ်းဝန်ထောက်တစ်ယောက် ဝှက်ထားရစ်ခဲ့သောဂျစ်ကားကို ရှာဖွေဆွဲထုတ်ပြီး ယူငင်ထွက်သွားကြသည်။

တစ်နေ့သ၌ ကျွန်တော်တို့အိမ်ကိုဓားပြတိုက်မည်ဟု သတင်းရကြောင်း လူတစ်ယောက်က လာပြောသဖြင့် လမ်းသစ်တန်းရှိ ဖိုးဖိုးလေး(ဖေဖေ့ဦးလေး)၏အိမ်သို့ ချက်ချင်းပြောင်းနေကြ၏။ ဖိုးဖိုးလေး၏အိမ်မှာ ကျွန်တော်တို့အိမ်ထက် လုံခြုံသည်။ ထိုည၌ ကျွန်တော်တို့အိမ်ကို ဓားပြမတိုက်ဖြစ်ဘဲ၊ ကျွန်တော်တို့အိမ်နှင့် တစ်အိမ်ကျော်ရှိ မြမြတို့အိမ်ကို ဓားပြတိုက်သွားလေတော့သည်။

## မိသားစုနှင့်ခွဲနေရခြင်း

ကျွန်တော်က မန်ကျည်းကုန်းလမ်းရှိ ဖေဖေ့အစ်မ ကြီးကြီးသိန်း (မကြင်ဥ၏အမေ)၏အိမ်သို့ သွားနေရသည်။ ကျန်မိသားစုအားလုံးက လမ်းသစ်တန်းလမ်းရှိ ဖိုးဖိုးလေး၏အိမ်မှာ နေထိုင်ကြသည်။

ကျွန်တော်တစ်ယောက်တည်းခွဲ၍ ကြီးကြီးသိန်းအိမ်၌ အဘယ်ကြောင့်သွားနေရသနည်း။

ကြီးကြီးသိန်းတို့ အိမ်သားများက ကျွန်တော့်ကို အလွန်ချစ်သည်။ အလွန်လည်းဂရုတစိုက်ရှိသည်။ ကျွန်တော့်ကယိကထများကိုလည်းခံသည်။ ပြေးလွှား ပုန်းအောင်းစရာရှိလျှင်လည်း ကြီးကြီးသိန်း၏ သားများက ကျွန်တော့်ကိုချီပိုး၍ ပြေးနိုင်သည်။ ထို့ကြောင့် ဤမှာ ကျွန်တော်နေရသည်။

ချမ်းသာကြွယ်ဝသော ဖိုးဖိုးလေးတို့အိမ်မှာ အလွန်စည်းကမ်းကြီးသည်။ ကျွန်တော့်မှာ သူတို့၏ စည်းကမ်းအယူအဆတွေနှင့် အလွန်စိတ်ကျဉ်းကျပ်၏။ နေရထိုင်ရသည်မှာ မလွယ်။ ကျွန်တော် အလွန်စိတ်ပျက်မိသည်။

ထမင်းစားသည့် ကိစ္စ၌ ပင်ကြည့်ပါ။ စည်းကမ်းတွေများ

Shwe Minn Tha Book

http://www.linhtet.com



စွာရှိပါသည်။ ထိုအထဲမှ ကျွန်တော်လိုက်နာ၍ မဖြစ်နိုင်သည့် စည်းကမ်းတစ်ခုမှာ ဇွန်းကိုင်ရာတွင် လက်ဝဲလက်ဖြင့်သာ ကိုင်ရမည်။ လက်ျာလက်ဖြင့် ကိုင်သော် ရိုင်း၏။ မကိုင်ရ။

ကျွန်တော့်မှာ လက်ဝဲလက် မသန်သူဖြစ်သည်။ ဟင်းခွက်မှ ဇွန်းကို လက်ဝဲလက်ဖြင့် လုံးဝကိုင်၍မရ။ လက်ျာလက်ဖြင့်လည်း သူတို့မကြိုက်မှန်းသိ၍ မကိုင်ဝံ့။ သို့ဖြင့် ထမင်းစားရာမှာပင် ကျွန်တော့်မှာ အခက်အခဲ ပြဿနာတွေနှင့် ဖြစ်နေရသည်။

ကြီးကြီးသိန်းတို့အိမ်၌ ကား ထိုသို့မဟုတ်။ ကျွန်တော်နေချင်သလို၊ ကျွန်တော်စားချင်သလို သဘောအတိုင်း နေနိုင်စားနိုင်သည်။ သို့သော် ကြီးကြီးသိန်းတို့အိမ်၌ လည်း ကျွန်တော်မပျော်ပိုက်လှပါ။ အမြဲတမ်း မိမိအိမ်သားများကို လွမ်းဆွတ်နေတတ်သည်။ အထူးသဖြင့် ညနေစောင်း နေဝင်ရီသရော အမှောင်ပျိုးစအချိန်မျိုး၌ ဖေဖေမေမေနှင့် အိမ်သားများကို သတိရလွမ်းမိပြီး မျက်ရည်ဝဲရသည်။

တစ်နေ့တွင် သံခမောက်များ၌ သစ်ခက်စိမ်းများ ထိုးထားပြီး သေနတ်များကိုယ်စီကိုင်လာသည့် လူတစ်စုရောက်လာသည်။ ကြီးကြီးသိန်းကို ရိုက်မောင်း ပုတ်မောင်းလည်းလုပ်သည်။ ကြီးကြီးသိန်းမှာ အမျိုးမျိုး ရှိခိုးတောင်းပန်နေရ၏။ ထို့နောက် အိမ်အပေါ်ထပ်သို့တက်၍ သူတို့ မွှေနှောက်ရှာကြပြန်သည်။ အိမ်ခန်းထဲမှ စစ်ဝတ်စုံအသစ်များကို ဆွဲထုတ်ယူလာပြီး ဓားဖြင့် ခုတ်ပစ်မည် လုပ်နေကြပြန်သည်။ ကြီးကြီးသိန်းက တောင်းပန်တိုးလျှိုးရပြန်လေသည်။

"ကျွန်မတို့က စက်ချုပ်စားရတဲ့လူတွေပါ။ ဒီအထည်တွေဟာ အပ်ထည်တွေပါရှင် "

သူတို့သည် နောက်ဆုံး၌ ထိုစစ်ဝတ်စုံများကိုယူ၍ ထွက်ခွာသွားကြလေ၏။

ထိုသူပုန်ခေတ်တွင် အချိန်ကြာမြင့်လာတော့လည်း တော်ရုံ တန်ရုံကိစ္စမျိုး၌ တုန်လှုပ်ချောက်ချားခြင်း မဖြစ်မိတော့ပါပေ။

http://www.linhtet.com



## ရေနစ်ဖူးခြင်း

ကြီးကြီးသိန်းတို့အိမ်တွင် နံနက်လင်းသောအခါ ဈေးရောင်း ထွက်သူကထွက်၊ စက်ချုပ်ဆိုင် ထွက်သူကထွက်နှင့် တစ်နေ့လုံးလိုလို အိမ်၌ လူမရှိတတ်။ ညနေပိုင်းမှ လူအားလုံး ပြန်စုံလာတတ်လေသည်။

"ပျင်းတယ်ဟယ်၊ ချောင်းထဲ ရေသွားချိုးကြရအောင်"

တစ်နေ့တွင် မကြင်ဥက ပြောပြောဆိုဆို ကျွန်တော့်ကို ကုန်းပိုး၍ ချောင်းထဲသို့ ခေါ်လာခဲ့လေသည်။

ချောင်းထဲသို့ရောက်လာသောအခါ ချောင်းရေတွေ ဒလဟောလာနေသည်ကို တွေ့ရသည်။ မကြင်ဥသည် ကျွန်တော့်ကို ရေတိမ်ရာနေရာ၌ ချထားရစ်ခဲ့ပြီး၊ သူကမူ ရေလျှောက်ကူးနေ၏။ ကျွန်တော် ထိုင်နေသော နေရာ၌ ချောင်းရေသည် ကျွန်တော့်လည်ပင်းထိ မြုပ်လောက်အောင် ဖြစ်နေသည်။

**"ငါတော့ ခုနေ ရေထဲမျောပါသွားရင် သေမှာပဲ။ ဘယ်သူမှလည်း သိမှာမဟုတ်ဘူး"**

ကျွန်တော်သည် တွေးကြောက်ပြီး ရေထဲ၌ မလှုပ်ရှားရဲဘဲ ငြိမ်သက်စွာသာ ထိုင်နေမိသည်။ ကျွန်တော်သည် ထိုင်နေရာမှ တစ်ခါတစ်ရံ လဲကျတတ်သဖြင့် လဲမသွားရန်သာ အထူးဂရုစိုက်နေရသည်။ အတော်လည်း စိတ်အားငယ်နေမိသည်။

အတန်ကြာမှ မကြင်ဥက " ကဲပြန်ကြမယ် " ဟုဆိုပြီး ကျွန်တော့်ကို ကုန်းပိုးပြီးပြန်ခေါ်လာခဲ့သည်။ ထိုအခါမှ သက်ပြင်းချနိုင်ပါ၏။

ထိုညနေ၌ အစ်မကြီးအုန်းကြည် (မကြင်ဥ၏အစ်မ) ဈေးရောင်းမှ ပြန်လာသောအခါ "ရေချိုးပြီးပြီလား၊ ဒို့ ရေသွားချိုးမလို့ " ဟု ကျွန်တော့်ကိုပြောသည်။

"သူလည်း ရေမချိုးရသေးဘူး၊ ခု ခေါ်သွားမယ်လေ "

မကြင်ဥသည် ပြောပြောဆိုဆို ကျွန်တော့်ကို အကျီလာ

http://www.linhtet.com



ချွတ်ပေးရင်း ခပ်တိုးတိုးပြော၏။

"ချောင်းထဲ ရေချိုးရတာ ပျော်စရာကောင်းတယ် မဟုတ်လား၊ ရေချိုးပြီးသားကို မပြောနဲ့၊ အသာ တိတ်တိတ်နေ"

မနက်ကမြင်ခဲ့ရသော ချောင်းရေကို ကျွန်တော့်စိတ်ဝယ် ကြောက်ရွံ့သလိုလို၊ စိုးရိမ်သလိုလို ခံစားနေမိသည်။ သို့သော် မကြင်ဥ၏ အငြိုအငြင်ကို မခံလိုသဖြင့် သူ့သဘောအတိုင်းသူ ကုန်းပိုးခေါ်ဆောင်သွားရာ ချောင်းထဲသို့ရောက်ခဲ့ရပြန်လေသည်။

နံနက်က အတိုင်းပင် ချောင်းရေစီးအားက ကောင်းမြဲ ကောင်းနေသေးသည်။ အစ်မကြီးအုန်းကြည်နှင့် အိမ်သားများ ကလည်း ကျွန်တော့်အနီးပတ်ဝန်းကျင်မှာပင် ရေချိုးနေကြသည်။

ထိုစဉ် ဖြုန်းကနဲ ကျွန်တော့်ရင်ပတ်ကို အမှတ်မဲ့ ရေစီး အားက တိုးလိုက်သဖြင့် ကျွန်တော့်မှာ ပက်လက်လန်လဲ သွားလေ သည်။ ကျွန်တော်သည် ချောင်းရေစီးအား အရှိန်အတိုင်း မျောပါ သွားလေတော့သည်။ မျက်စိထဲ၌ မှောင်မဲသွားလိုက်၊ လင်းလာ လိုက် ရှိနေသည်။ အစ်မကြီးအုန်းကြည်ကို တအားအော်ခေါ်၏။ ဝူးဝူးဝါးဝါးမျှသာ အသံထွက်ပုံရ၏။

ကျွန်တော်သည် အားယူ၍ ထပ်မံအော်ကြည့်ပြန်သည်။ အော်လိုက်တိုင်း၊ အော်လိုက်တိုင်း ရေတွေသာ ပါးစပ်ထဲသို့ ဝင်လာကုန်၏။ မျက်စိထဲ၌ လည်း လင်းလိုက်၊ မှောင်လိုက်သာရှိပြီး ဘာကိုမျှမမြင်။ အားလုံး ရှုပ်ထွေးနေအောင် ခံစားမိသည်။

ထိုအချိန်ပိုင်းလေးအတွင်း၌ "ငါသေရတော့မည်..." ဟူသော အသိတရားကြီးက ပေါ်လာသောအခါ အလွန်စိတ်လှုပ် ရှား ထိခိုက်ဝမ်းနည်းသွားသည်။ တကယ်တမ်းသေရတော့မည် ဟု စိတ်၌ ဒုန်းဒုန်းချ အတတ်သိလာပြန်သောအခါ သေခြင်းဘေးမှ လွတ်မြောက်လို လွတ်မြောက်ငြား ကြိုးစားရုန်းကန်ချင်စိတ် စွမ်းအားများမှာ ဖြုန်းကနဲ ပေါ်လာပြန်သည်။ သို့ဖြင့် ရေစီးအတိုင်း မျောပါသွားနေခြင်းကိုရပ်တန့်စေရန် တစ်ခုတည်းသော အားထား

http://www.linhtet.com



ရာ လက်ျာလက်ဖြင့် ကြိုးစားလှုပ်ရှားကြည့်သည်။ ကျွန်တော်၏ လှုပ်ရှားမှုကြောင့် ပိုမို၍ပင် မျော အားအရှိန် ကောင်းသွားသေးသဖြင့် လှုပ်ရှားမှုကို ရပ်လိုက်ရပြန်၏။

တစ်ဖန် မျက်စိထဲ၌ မှောင်လိုက်၊ လင်းလိုက်ဖြစ်နေသည့်သဘောကို စဉ်းစားမိသည်။ မှောင်သွားခြင်းသည် ရေအောက်သို့ ခေါင်းနစ်သွားခြင်းဖြစ်ပြီး၊ လင်းလာခြင်းသည် ရေထဲမှ ခေါင်းပြန်ပေါ်လာခြင်းဖြစ်မည်။ ထို့ကြောင့် မှောင်သွားသောအခါ အသက်ရှူခြင်းကို အောင့်ထား၍ ပြန်လင်းလာလျှင် လင်းလာချင်း "အစ်မကြီးရေ" ဟု တအားအော်လိုက်သည်။ ထိုနည်းအတိုင်း လေး ငါးကြိမ်ခန့် အော်မိပြီးသောအခါနားထဲ၌ တဝုန်းဝုန်းနှင့် ဆူညံလာပြီးနောက် တစ်စုံတစ်ယောက်က ကျွန်တော့်လက်ျာလက်ကို လှမ်းဆွဲယူလိုက်သဖြင့် လေထဲ၌ ကျွန်တော် မြောက်ကနဲပါလာ၏။ ရင်ထဲမှာ အေးကနဲဖြစ်သွားပြီး မျက်စိထဲ၌ အလွန်လင်းသွားလေသည်။

ကျွန်တော်သည် တုန်လှုပ် ချောက်ချား နေလွန်းသောကြောင့် ရုတ်တရက် စကားမပြောနိုင်ဘဲ ဖြစ်နေ ရသည်။ မျက်လုံးထဲကလည်း ရေများထွက်နေသည်။ နှာခေါင်းထဲကလည်း ရေများထွက်နေသည်။ ပါးစပ်ထဲကလည်း ရေများထွက်နေသည်။ နားထဲကလည်း ရေများထွက်နေသည်ဟူ၍ စိတ်မှာထင်မှတ်နေရသည်။

အတန်ကြာမှ အစ်မကြီးအုန်းကြည်ကို ပီပီသသ မြင်လာရသည်။ အားလုံးစိတ်မကောင်း ဖြစ်နေကြပြီး အိမ်ပြန်လာခဲ့ကြသည်။

"မောင်စိန်ထွေးတစ်ယောက်ရေနစ်လို့" ဟု အိမ်ရောက်လာသောအခါ အစ်မကြီးအုန်းကြည်က ပြောလိုက်လျှင် အိမ်ရှိလူအားလုံး ပွက်ပွက်ရိုက်သွားလေသည်။ ကိုတင်ရွှေ (မကြင်ဥ၏အကိုအကြီးဆုံး) က အစ်မကြီးအုန်းကြည်နှင့် မကြင်ဥကို ဆူပူကြိမ်းမောင်းတော့၏။

အတန်ကြာမှ ကိုတင်ရွှေသည် တစ်စုံတစ်ခုကို သတိရဟန်ပြုပြီး ကျွန်တော့်ကို လှမ်းပြောပြန်၏။

http://www.linhtet.com



ရေနစ်တဲ့အကြောင်းကို မင်းအဖေကို ပြန်မပြောနဲ့နော်။ တော်ကြာ တို့အိမ်ကိုတောင် မင်းမလာရဘဲနေမယ်။

ကျွန်တော်က ခေါင်းကိုညိတ်ပြခဲ့မိပါသည်။ ထိုကတိကို ယနေ့အထိ ကျွန်တော်ထိန်းသိမ်းခဲ့မိပါ၏။ထိုနေ့မှစ၍ နောင်အခါ တစ်ကြိမ်မျှ ချောင်းရေထဲသို့ ကျွန်တော် မရောက်ဖူးတော့ပါချေ။

## ပစ္စည်းဥစ္စာ၏သဘော

ဥစ္စာပစ္စည်းနှင့်ပက်သက်၍ ငယ်စဉ်က မှတ်မှတ်သားသား ရှိမိနေခဲ့ပုံကို ယနေ့တိုင် သတိရနေ သေးသည်။ ရောင်စုံသူပုန်ခေတ် ဝယ် ဓားပြများ အလွန်သောင်းကျန်းသဖြင့် ပစ္စည်းများကိုအိမ်၌ မထားဝံ့ဘဲ သုံးဆယ်မြို့၏ အနောက်ဘက်ရှိ ပေါက်တန်း ဘုန်းတော်ကြီးကျောင်းတွင်တိတ်တဆိတ်သွားရောက်အပ်နှံထားရလေသည်။

တစ်နေ့၌ ပေါက်တန်း ဘုန်းတော်ကြီးကျောင်းကို ဓားပြ တိုက်သွား၍ ဓားပြများမယူဘဲ ချန်ထားရစ်ခဲ့သည့် ပစ္စည်းများကို လာသိမ်းယူပါဟု ဘုန်းကြီးက လူလွှတ်ခေါ်၏။

"ပစ္စည်းများ ကုန်ပါပြီ"ဟု စိတ်မသက်မသာနှင့် မေမေ ဘုန်းကြီးကျောင်းသို့ လိုက်သွား၏။ဘုန်းကြီးကျောင်း အောက်ထပ် တစ်ခုလုံးမှာ ပစ္စည်းပစ္စယတွေဖြင့် မွှမွှကျဲနေသည်။ သေတ္တာတွေစီ ထပ်စုပုံနေသည်မှာလည်း သေတ္တာအရောင်းဆိုင်လားဟုပင် ထင်ရ သည်ဆို၏။

ထိုအချိန်ကျမှ သိရသည်မှာ ဘုန်းကြီးကျောင်း၌ ကျွန်တော် တို့လိုပင် အခြားသူများလည်း ပစ္စည်းလာအပ်ထားသည် ဆိုခြင်း ပင်ဖြစ်သည်။ သို့ဖြင့် ကိုယ့်ပစ္စည်းကိုယ် ပြန်စုသိမ်းဆည်းကြလေ သည်။ ပစ္စည်းအားလုံးသိမ်းပြီးသောအခါ ကျွန်တော်တို့ပစ္စည်းများ မှာ ဘာတစ်ခုမျှမလျော့ပဲရှိနေသည်ကို အံ့သြစဖွယ် တွေ့ရလေ၏။

ဓားပြများသည် ဘုန်းတော်ကြီး၏ခြင်ထောင်နှင့် လမ်းဝန် ထောက်တစ်ဦးက ကျွန်တော်တို့ထံ အပ်နှံထားရစ်ခဲ့သော ပစ္စည်းများ

http://www.linhtet.com



ကို ယူငင်သွားကြ၏။ ထိုလမ်းဝန်ထောက်သည် အတော်ကလေးကံဆိုးသည်ဟု ဆိုရမည်ထင်ပါသည်။ သာယာဝတီမြို့ရှိ သူ့အိမ်နောက်ဖက်ကို ဗုံးကျသောအခါ ကျွန်တော်တို့အိမ်သို့ပြောင်းရွှေ့လာသည်။ သူ့၌ ဂျစ်ကားတစ်စီးနှင့် စတေရှင်ဝက်ဂွန်း မော်တော်ကားတစ်စီးရှိသည်။ ကျွန်တော်တို့၌ ကုန်တင်ကားကြီးနှစ်စီးရှိရာ နေ့စဉ်ထိုဝန်ထောက်နှင့်အတူ အလုပ်သို့ ကားသုံးစီး သွားတတ်လေ့ရှိသည်။

တစ်နေ့သ၌ ကျွန်တော်တို့၏ ကုန်တင်ကားကြီး တစ်စီးမှာပျက်နေပြီး ကျန်တစ်စီးမှာ မောင်းမည့်သူမလာသဖြင့် ထိုလမ်းဝန်ထောက်တစ်ဦးတည်းသာ သူ၏စတေရှင်ဝက်ဂွန်း မော်တော်ကားလေးနှင့် အလုပ်ရှိရာသို့သွားလေ၏။ လမ်းတွင် ကရင်သူပုန်များနှင့်တိုးနေပြီးလမ်းဝန်ထောက်၏ မော်တော်ကားလေး ကို သိမ်းယူထားလိုက်လေသည်။

## ရန်ကုန်သို့ပြေးရပြီ

သုံးဆယ်မြို့၌ အခြေအနေ အနည်းငယ်ပြန်ကောင်းသောအခါ လက်ပံခုံလမ်းမတော်ရှိ ကျွန်တော်တို့ အိမ်တွင်မိသားစုအားလုံးပြန်၍ တပေါင်းတည်း နေထိုင်ကြသည်။

သို့သော် မကြာမီပင် ကရင်သူပုန်များက မြို့ကိုသိမ်းတော့မလိုလို ကြားရသဖြင့် သုံးဆယ်မြို့တွင် ကျွန်တော်တို့ မနေရဲတော့ပေ။

ကောလာဟလ သတင်းမျိုးစုံ ကြားနေရသဖြင့် မေမေသည် ကျွန်တော့်ကိုကြည့်၍ မကြာခဏ မျက်ရည်ကျတတ်၏။

"သူများတွေကတော့ အရေးဟယ်၊ အကြောင်းဟယ်ဆိုရင် ကိုယ့်ခြေထောက်နဲ့ကိုယ်ပြေးနိုင်တယ်။ မင်းမှာတော့ အရေးကြုံလာရင် ဘယ့်နှယ်လုပ်မလဲ။မင်းအတွက်ကလည်းတစ်ဒုက္ခခက်တာပဲ"

ထိုအခါ ကျွန်တော် ငိုရုံသာတတ်နိုင်ပါသည်။

နောက်ဆုံး အခွင့်အခါသာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့မိသားစုသည် ကုန်တင်ကားကြီးတစ်စီးဖြင့်

http://www.linhtet.com



ရန်ကုန်သို့ ပြေးခဲ့ကြရလေတော့၏။

ရန်ကုန်မြို့သို့ ရောက်သောအခါ (၂၈) လမ်း၊ ဒုတိယ အထပ်ရှိ (၁၂)ပေအကျယ် အခန်းတစ်ခန်း၌ နေထိုင်ကြရသည်။

ထိုအချိန်၌ ကျွန်တော်တို့တွင် မောင်နှမမှာ ငါးယောက်ရှိနေချေပြီ။ အငယ်ဆုံးညီလေးသည်ပင် ခြောက်လသားရှိပြီ။ ဖွားဖွားကား သုံးဆယ်မြို့မှာပင် ဆုံးခဲ့လေပြီ။

ကျွန်တော်တို့မိသားစုသည် ထိုအိမ်ခန်းလေးတွင် အလွန်ပင် ကျပ်ညပ်နေသည်။တစ်ခါတစ်ရံညအိပ် ညှော်သည်ရောက် လာလျှင် အိပ်စရာနေရာမရှိ၊ လမ်းဘေးလူသွားလမ်းပေါ် ဆင်းအိပ်ကြရသည်။

ဖေဖေသည် သာယာဝတီခရိုင်အတွင်းတွင် မရှောင်လွှဲသာ အလုပ်လျှောက်လုပ်နေရသည်နှင့် ရန်ကုန်အိမ်တွင် အနေနည်းလေသည်။ ရန်ကုန်အိမ်ရောက်လျှင်လည်း စိတ်ရှုပ်သည်ဟုဆိုကာ အပြင်သို့သာထွက်နေတတ်၏။ ကျွန်တော်တို့ မောင်နှမတတွေမှာလည်း အိမ်တွင်း၌ ကစားရန်နေရာမရှိသဖြင့် ဗိုလ်ချုပ်ဈေး အတွင်းမှာ မေမေက သွားကစားစေသည်။ ထိုစဉ်က ဗိုလ်ချုပ်ဈေးမှာ စည်စည်ကားကားမရှိသေး၊ နေရာအတော်များများ၌ ဆိုင်ခင်းရန် အုတ်ခုံတွေသာရှိသည်။ ကျွန်တော့်ကို ကလေးစီးသုံးဘီးစက်ဘီးကလေး ပေါ်တင်ပြီး ဗိုလ်ချုပ်ဈေးအတွင်း ကိုကိုက အနှံ့အပြား လျှောက်တွန်း၏။ သို့ဖြင့် ကျွန်တော့်တစ်သက်တွင် ထိုအချိန်သာလျှင် ဗိုလ်ချုပ်ဈေးအတွင်း နေရာအနှံ့ ရောက်ခဲ့ဖူးရပါသည်။

## စွဲလမ်းခဲ့ဖူးသည့် ဘဝရောင်ခြည်

ထိုအချိန်က အင်္ဂလိပ်လူမျိုး ဆရာဝန်တစ်ယောက်ရှိသည်။ ဆေးကုအလွန်တော်သည်ဟု နာမည်ကြီးသဖြင့် ထိုဆရာဝန်ကြီးထံ ကျွန်တော့်ကိုပို့၏။ ဆရာဝန်ကြီးသည် ကျွန်တော့်ကို ကြည့်ရှု

http://www.linhtet.com



စစ်ဆေးပြီးနောက် ခေါင်းခါပြလေသည်။

ကျွန်တော့်ခြေထောက်များနှင့် လက်ဝဲဘက်လက်မှာ ကြွက်သားများမရှိ သိမ်နေသဖြင့်အရိုးအဆစ် အနေအထားများပါ ပုံ ပျက်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကုသပေးသော်လည်း ခြေလက်များပြန်ကောင်း လာနိုင်မည်မထင်ကြောင်း၊ သို့သော် ကျွန်တော့်ဘဝကား လမ်းဆုံးသို့မရောက်သေးပါကြောင်း၊ မကြာမီ ရက်ပိုင်းအတွင်း၌ မိမိအင်္ဂလန်သို့ ပြန်တော့မည်ဖြစ်ရာ ကျွန်တော့်ကို သူနှင့်ထည့်လိုက်နိုင်က ထည့်လိုက်စေလို ကြောင်း၊ အင်္ဂလန်တွင် ကျွန်တော့်အား ဆေးကုသပေးက ကျန်းမာရေးအခြေအနေ တိုးတက်လာနိုင်စရာရှိကြောင်း၊ ကျန်းမာရေးအခြေအနေ မတိုးတက်လာပါကလည်း ပူပင်ကြောင့်ကြရန်မရှိကြောင်း၊ ကျွန်တော့်ကို လိုအပ်သည့်ပညာရပ်များ သင်ကြားပေးပြီးနောက် သင့်လျော်သည့်အလုပ်အကိုင်ကို ရှာဖွေပေးမည်ဖြစ်ကြောင်း စသည်ဖြင့် ထိုဆရာဝန်ကြီးကပြောပြပါသည်။

"မဖြစ်ပါဘူး၊ သူတစ်ယောက်ထည်းထည့်ပေးလိုက်လို့ ဖြစ်မလား၊ ပြီးတော့ လမ်းပြန်လျှောက်နိုင်မယ်ဆိုရင်လဲ တော်သေးရဲ့။ ခုတော့ ကိုယ့်သားကို ပင်လယ်ရပ်ခြား ဆွေဝေးမျိုးဝေးမှာတစ်သက်လုံးထားရမယ့် အဖြစ်။ သည်တော့ ကိုယ့်သားကို သေသေရှင်ရှင် ကိုယ့်မျက်စိအောက်မှာပဲ ထားတာကောင်းပါတယ်" ဟုမေမေကဆို၏။

ကျွန်တော်သည် ထိုဆရာဝန်ကြီး၏ ပြောစကားများကို ရင်ထဲ၌ စွဲစွဲလမ်းလမ်း ရှိနေခဲ့ပါသည်။ အကြောင်းသင့်တိုင်း ပြန်ပြန်သတိရမိတတ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း ထိုကဲ့သို့ပင် ခြေလက် မစွမ်း မသန်သူများအတွက် အသက်မွေးဝမ်းကျောင်းပညာပေးရာဌာနကြီးများ ခိုင်ခိုင်မာမာရှိနေခဲ့လျှင်ကောင်းမှာပဲဟူ၍ ထိုစဉ်ကတည်းကပင် ရင်ထဲနှလုံးထဲမှ ပြင်းပြင်းပြပြ တောင်းတနေမိသည်။

http://www.linhtet.com



**ဆေးကုလို့ရရင်ကုပေးမယ်..ကုလို့မရရင် လိုတဲ့ပညာပေးမယ် ..ပညာရယင် ဝမ်းရေး ပြဿနာ အခက်အခဲမရှိစေရဘူး...တဲ့။**

## ရေနွေးဖျောခံရခြင်း

"တယ်လည်းကြီးကျယ်လိုက်တဲ့ကျောင်း၊ သည်လို နိုင်ငံခြား သား အုပ်ချုပ်တဲ့ ကျောင်းမှာထားမှ ပညာတတ် မယ်ဆိုရင် ငါ့သား သမီးတွေကို ကျောင်းမထားတော့ဘူးဟေ့"

တစ်နေ့တွင် ကိုကို့အား ကျောင်းသွားအပ်ရာမှ အဆင် မပြေဖြစ်လာသဖြင့် ဖေဖေစိတ်ဆိုးပြီး အိမ်ပြန်လာ၏။ သို့ဖြင့် မမနှင့်ကိုကိုတို့သည် ရန်ကုန်မြို့ ကျုံးကြီးလမ်းရှိ "မြင့်မေတ္တာ" မြန်မာကျောင်းသို့ ရောက်သွားရတော့သည်။ အင်္ဂလိပ်ဘာသာ အတွက်ကိုမူ ကျွန်တော်တို့ မောင်နှမသုံးယောက်ကို မေမေ့ ဘကြီး (ကျွန်တော်တို့၏အဖိုး) တစ်ယောက်က နံနက်တိုင်းအိမ်၌ စာလာသင်ပေး၏။

တစ်နေ့သောနံနက်တွင် ကျွန်တော်သည် အိပ်ရာမှထပြီး နောက် မျက်နှာသစ်ရန် မီးဖိုခန်းတံခါးပေါက် သို့ ဖင်ရွှေ့ဖင်ရွှေ့ နှင့် လာခဲ့သည်။ မီးဖိုခန်းထဲဝယ် မီးဖိုချောင်မိန်းကလေးသည် ဖေဖေ သောက်ရန်အတွက် ရေနွေးအိုးတည်နေလေသည်။

"အနော် မျက်နှာသစ်မယ်"

ကျွန်တော်ကမိန်းကလေးကို လှမ်းပြောလိုက်သည်။

ခါတိုင်းလည်း ယခုလိုပင် အိပ်ရာမှ ကျွန်တော် ထလာ သော အခါ ထိုမိန်းကလေးက ကျွန်တော် မျက်နှာသစ်ရန် ရေခွက် နှင့် သွားတိုက်ရန် ဆားအနည်းငယ် ယူပေးရမြဲဖြစ်၏။

"နေအုံး ဒီမှာ ရေနွေးအိုးဆူနေတယ်"

ဟုမိန်းကလေးက ကျွန်တော့်ကိုပြန်ပြောပြီးနောက် အငွေ့ထွက် နေသောရေနွေးအိုးကို မီးဖိုပေါ်မှယူ၍ အကြမ်းခရား အတွင်းသို့လောင်းထည့်နေသည်။ ကျွန်တော်သည် သူလုပ်ကိုင်နေ

http://www.linhtet.com



သည်ကို ကြည့်ရင်းအခန်း အပေါက်ဝနားမှာပင် ထိုင်စောင့်နေလေသည်။

မိန်းကလေးသည် အကြမ်းအိုးကို ဗန်းတစ်ခုထဲထည့်လျက် အိမ်ရှေ့ခန်းတွင် ဖေဖေ့အတွက်အဆင် သင့်ထားရှိရန် သယ်ယူလာသည်။ ကျွန်တော်ရှိသော အပေါက်ဝသို့ရောက်သောအခါ သူစီးထားသောခုံဖိနပ်မှာ ရုတ်တရက် ချောထွက်သွားပြီး မဟန်နိုင်ဘဲ သူကိုင်လာသော လင်ဗန်းထဲမှ အကြမ်းအိုးက ကျွန်တော့်ကိုယ်ပေါ်သို့ ဂွမ်းထိုးမှောက်ခုံ ကျပါလေတော့သည်။

"အမယ်လေး...သေပါပြီဗျ၊ လုပ်ကြပါအုံး၊ လုပ်ကြပါအုံး..."

ကျွန်တော်သည် ကြောက်လန့်တကြား ငယ်သံပါအောင် အော်နေမိပါသည်။

ကျွတ်ကျွတ်ဆူပြီးကာစ ရေနွေး၏အပူဒဏ်မှာ စူးကနဲ ပူလောင်ပြင်းထန်လှပြီး ဖော်မပြနိုင်လောက်အောင်ပင် လူတစ်ကိုယ်လုံး ဆိုးဆိုးဝါးဝါးကြီးခံစားလိုက်ရပါသည်။ ကျွန်တော့်မျက်လုံးများသည်လည်း ခဏကြာမျှ ဘာမျှမမြင်ရတော့ပဲ မှောင်ကြီးကျသွားပါ၏။ ကြမ်းပြင်ပေါ်၌ အိုင်ထွန်းနေသော ရေနွေးပူများအကြားထဲဝယ် ဖင်ချထိုင်နေရသော ကျွန်တော်သည် မည်သို့မျှ မတတ်သာပဲလျက် ဖျတ်ဖျတ်လူး၍သာအော်နေရပါတော့သည်။

"လုပ်ကြပါအုံး... လုပ်ကြပါအုံး... သေပါပြီဗျ၊ သေပါပြီ"

ကျွန်တော့်ရှေ့သို့ ဖြုံးကနဲဖေဖေရောက်လာ၏။ ဖေဖေ့ကို ဝိုးတဝါး မြင်ရ၏။သို့သော်ဖေဖေသည် အငွေ့တစ်ထောင်းထောင်းထနေသော ရေနွေးပူများကြောင့် ကြမ်းပြင်ကိုမနင်းနိုင်ဘဲ ဖြစ်နေ၏။

" လုပ်ပါဖေဖေရဲ့၊ သေရတော့မယ်..."

ဟု ဝိုးတဝါးမြင်နေရသည့် ဖေဖေ့ကို လှမ်းအော်ပြောမိသည်။

ဖေဖေသည် ရုတ်တရက် ကျွန်တော့်ထံသို့ လှမ်းခုန်ကူး

http://www.linhtet.com



လိုက်ပြီး ဇတ်ကနဲ ကျွန်တော့်ဂျိုင်းကို မယူလိုက်ကာ ကျွန်တော့်ကို အိမ်ရှေ့ခန်းသို့ သယ်ပြေးလာခဲ့လေသည်။ အိမ်ရှေ့ခန်းသို့ ရောက်သောအခါ ဖေဖေသည် ကျွန်တော့် အင်္ကျီကိုဆွဲချွတ်သည်။ရုတ်တရက် ချွတ်၍မရသဖြင့် အင်္ကျီကို ဆွဲဆုတ်ပစ်လိုက်လေသည်။

မေမေသည် လှေကားမှ ပြေးဆင်းသွားပြီးနောက် မကြာမီ အုန်းသီးနှင့်ကွမ်းရွက်များ ဝယ်လာသည်။ မေမေသည် ကျွန်တော့်အား အုန်းရေတိုက်၏။ ပြုတ်ဆုံယူ၍ ကွမ်းရွက်နှင့်သကြားကို ရောထောင်းပြန်သည်။

ထို့နောက် ထွက်လာသော အရည်များကို ကျွန်တော့် တစ်ကိုယ်လုံး အနှံ့ဆွတ်ပေး၏။ သို့သော်မလုံလောက်၍ ထောင်းထားသည့်အဖတ်များပါ တစ်ကိုယ်လုံး ကပ်ထားပေးရတော့သည်။

အံ့ဩစရာတော့ကောင်း၏။ ကိုယ်ပေါ်သို့ရေနွေးပူများ ကျသည့်အချိန်နှင့် ရေနွေးပူများကြားထဲ ထိုင်နေရစဉ်အချိန်တို့တွင်သာ ပူပူလောင်လောင် ပြင်းပြင်းထန်ထန် ခံစားရသည်။ အိမ်ရှေ့ခန်းသို့ ရောက်သည့် အချိန်၌ မူကား ဝေဒနာကို ပြင်းပြင်းထန်ထန်ကြီး မခံစားနေရတော့။ ချမ်းနေသကဲ့သို့ ခိုက်ခိုက်တုန်လျက် အသားတွေသာ တဇတ်ဇတ်လှုပ်နေ၏။

မေမေသည် ကျွန်တော့်ကို အိပ်ရာခင်းပေး၏။

"ခဏ အိပ်နေနော် "

မေမေသည် ကျွန်တော့်ကိုသိပ်ထားခဲ့ပြီးနောက် မီးဖိုချောင်ထဲဝင်သွားလေသည်။

နောက်တစ်နေ့အိပ်ရာမှထသောအခါ ကျွန်တော်၏ လက်ျာဖက် ကိုယ်တစ်ခြမ်းနှင့် ခြေထောက်များ၌ ငါးပူစီဘောင်းကဲ့သို့ အဖုကြီးများ နေရာအနှံ့ပေါက်နေ၏။ လက်ျာဖက်ပေါင်မှာမူ အရေပြားပေါ်၌ လက်တစ်ဝါးခန့်ကွက်၍ ညိုနေသည်။ လက်ျာဘက်ချိုင်းနှင့် လက်မောင်းရှိ အရေပြားများကား ဖေဖေ မ ချီခဲ့သောဒဏ်ကြောင့် အရေပြားတွန့်ခေါက်၍ ညိုနေသည်။

http://www.linhtet.com



"ဆရာဝန် ခေါ်ပြမှဖြစ်မယ်"

ဖေဖေသည် ဆရာဝန်တစ်ယောက်ကို ခေါ်လာခဲ့လေသည်။

ဆရာဝန်သည် ငါးပူစီဘောင်းကဲ့သို့ အဖုကြီးများကို ကပ်ကြေးဖြင့် ညှပ်ပစ်၏။ လက်ျာဖက်လက်မောင်းနှင့် ချိုင်း၊ ပေါင်၊ လက်ဝဲဘက် ခြေခုံတို့ရှိညိုနေသောအရေပြားများကို ဇာကနာလေးဖြင့် ဆွဲခွာသောအခါ အသည်းယားစရာ အသားနီရဲရဲများ ပေါ်လာ၏။ ထိုနေရာများမှ အရေပြားများမှာ ရေနွေးပူနှင့် တိုက်ရိုက်ထိတွေ့သွားသဖြင့် ရေနွေးပူဖျောလိုက်သလိုဖြစ်ပြီး အရေပြားများ ကျက်သွားပုံရှိပါသည်။

ထိုသို့ဆရာဝန်ပြုလုပ်နေချိန်၌ ကျွန်တော်ရှန်းကန်အော်ဟစ်နေသဖြင့် အိမ်သားများက ချုပ်နှောင်ပေးရသည်။ ဆရာဝန်ကိုလည်း ကျွန်တော်သည် အမျိုးမျိုးဆဲဆိုကြိမ်းမောင်းနေမိလေသည်။

အားလုံးကိစ္စပြီးသောအခါ ဆရာဝန်သည် အနာများကို ဆေးလိမ်းပေးပြီးနောက် ဆေးတစ်လုံးထိုးလေသည်။ ဆရာဝန်သည် ထိုသို့ နေ့စဉ် ဆေးလိမ်း၊ ဆေးထိုး ပြုလုပ်ပေးလေသည်။မေမေသည် ကျွန်တော့်ကိုပြုစုရသဖြင့် အတော်ပင်ပန်း ရှာပါသည်။

ကျွန်တော်သည် ဝေဒနာကြောင့် နေမထိ ထိုင်မသာရှိတိုင်း " ထိုင်မယ်...၊ ထိုင်ချင်တယ် " ဟုဆိုလျှင် မေမေက ကျွန်တော့်ကို ထူပေးရ၏။

ထို့နောက် ငါးမိနစ်၊ ဆယ်မိနစ်ခန့်မျှ အချိန်မကြာသေး "အိပ်မယ် "ဟု ကျွန်တော်ကပြောပြန် သောအခါ ကျွန်တော့်ကို လှဲသိပ်ပေးရပြန်သည်။

တစ်ဖန် ယခုစောင်ခြုံမည်ဆိုပြီး စောင်ခြုံပေးပြီးပြန်လျှင်လည်း ချက်ချင်းလိုပင် "အိုက်တယ်၊စောင်ဖယ်ချင်တယ်"ဟု ဆိုပြန်သောအခါ မေမေ့မှာ စောင်ခွာပေးရပြန်သည်။

သို့ဖြင့် နေ့ရောညပါ မေမေ့မှာ ကျွန်တော့်အတွက် ဒုက္ခများလှပါတော့သည်။

http://www.linhtet.com



## ဝင့်နာကံနာတဲ့

ရေနွေးပူလောင်သောကျွန်တော့်ကို ဆွေမျိုးအချို့လာ၍ ပြုစုကြသည်။ ဖေဖေ့ အစ်မဝမ်းကွဲတစ်ယောက်နှင့် အစ်မကြီး အုန်းကြည်က ကျွန်တော့်အနာများ ပျောက်ကင်းသည့်တိုင်အောင် အိမ်မှာလာနေပေးသည်။

ပဲခူးမှဒေါ်လေးဒေါ်စောတင်(ဖေဖေ့ညီမ) လည်းရောက် လာပြီးနောက် ကျွန်တော့်ကို အားပေး စကားပြော၏။

"မောင်စိန်ထွေး၊ မကြာခင်ကောင်းသွားမှာပါ၊ ဒေါ်လေး လေ နေ့တိုင်း ရွှေမော်ဓောဘုရားမှာ မောင်စိန်ထွေးအတွက် ပန်း ကပ်ပြီး ဆုတောင်းခဲ့ပါတယ် "

သိတတ်မှတ်တတ်သည့်အရွယ်မှစ၍ ကျွန်တော့်တစ်သက် တာတွင် ထိုရေနွေးပူလောင်ခဲ့ခြင်းသည် မှတ်မှတ်သားသားဖြစ်ရ ဆုံးနှင့်အပြင်းထန်ဆုံး ဝေဒနာခံစားရဆုံးဖြစ်ပါသည်။ ထိုသည့် နောက်၌ ကား နာစေး ချောင်းဆိုးပင် အလွန်ဖြစ်ခဲပါသည်။

နှစ်လခန့်ကြာမှ ကျွန်တော်သည် ထိုင်နိုင်စားနိုင်ပြန်ဖြစ် လာပါသည်။ ရေနွေးပူလောင်သော ဒဏ်ရာအနာကျက်သွားသော အခါ လက်ျာဘက်ကိုယ်တစ်ခြမ်းမှာ လက်မောင်းမှပေါင်အထိ အရုပ် ဆိုးလှသော အမာရွတ်ထူထူကြီးတစ်ခု ဖြစ်ကျန်နေရစ်ခဲ့ပါ၏။

"တော်ပါသေးရဲ့ဟယ်၊ မျက်နှာလေးပါမလောင်လို့။ မျက်နှာတွေပါရေနွေးလောင်ရင်ဖြင့် ငါ့သားတော့ သိပ်အရုပ်ဆိုး သွားတော့မှာပဲ "ဟု မေမေကပြောတတ်၏။

ထိုအမာရွတ်ကြီးကိုကြည့်၍ "တနင်္သာရီ ကမ်းမြောင် ဒေသမြေပုံနဲ့ တူလိုက်တာနော်" ဟု မမနှင့် ကိုကိုက ပထဝီကျက် ရင်း ရယ်မောပြောတတ်၏။

ထိုအမာရွတ်သည် ကျွန်တော့်လက်ျာဘက်ခြေထောက်နှင့် လက်မောင်း၏အကြောများကိုအတော် လေးကြုံ့ဆွဲသွားစေခဲ့၏။ သို့ဖြစ်၍ လက်ျာလက်ကိုမြှောက်လိုက်တိုင်း ထိုစဉ်က အလွန်ပင်

http://www.linhtet.com



အကြောအခြင်ထဲမှ နာကျင်လှ၏။

ထိုအချိန်မှစ၍ ဖေဖေသည် ကျွန်တော့် ကျန်းမာရေး အတွက် အတော်စိတ်ပျက် အားလျော့သွားသည်။ မျှော်လင့်ချက်လည်း မထားတော့ချေ။ ခြေလက်သန်စွမ်းစေရန် ဆေးကုသခြင်းတွင်လည်း စိတ်ပါဝင်စားမှု လုံးဝမရှိတော့။ လက်မြှောက်လိုက်လေပြီ။

"သူ့အဖြစ်ကတော့ ကံနာဝဋ်နာပါပဲဗျာ။ သူ့ကံကြမ္မာကိုက သည်လိုတွေဖြစ်ဖို့ပါလာခဲ့တာကိုး။ဘဝ ဝဋ်ကြွေးတွေပဲပေါ့။ ကျွန်တော်တို့လည်း အမျိုးမျိုးကြိုးစားခဲ့ပေမယ့် ဝဋ်ကြွေးကိုတော့ ဘယ်သူတတ် နိုင်မှာလဲ"ဟု ကျွန်တော့်ကျန်းမာရေးနှင့် ပတ်သက်၍ တစ်စုံတစ်ဦးက စိတ်ဝင်တစားရှိလာတိုင်း ဖေဖေကဤသို့ ပြန်ပြောပြတတ်လေသည်။

ထိုသို့ ဖေဖေကပြောလေတိုင်း ကျွန်တော့်မှာ ဝမ်းနည်းပမ်းနည်း ကြိတ်၍မျက်ရည်ကျမိရပါ၏။

**ငါ့အဖြစ်က ဝဋ်နာကံနာတဲ့...ဝဋ်ကြွေးဆိုတော့ ဘယ်လိုပဲ ကြိုးစားကုကု ဘယ်တတ်နိုင်ပါ့မလဲ...တဲ့။**

မေမေတို့သည် ကျွန်တော်ရေနွေးပူလောင်ပြီး ကတည်းက ထိုအိမ်ခန်းတွင် နေထိုင်လိုစိတ် မရှိတော့။ သာယာဝတီခရိုင်၏ သောင်းကျန်းမှုအခြေအနေမှာလည်း ကျဆင်းသွားပြီဖြစ်၍ မကြာမီ ကျွန်တော်တို့မိသားစု သုံးဆယ်မြို့သို့ ပြန်လည်ပြောင်းရွှေ့လာခဲ့ကြပါသည်။

## မေမေ့မေတ္တာ

သုံးဆယ်မြို့သို့ပြန်ရောက်ပြီးနောက် မေမေသည် ကျွန်တော့်ကို လမ်းလျှောက်နိုင်စေရန်အမျိုးမျိုး ကြိုးစားကုသသေး၏။

တစ်ခါက သူများအပြောကောင်းလွန်းသဖြင့် ဂုံမင်းမြောင်ရွာရှိ ဆရာတစ်ယောက်ထံ ရောက်ခဲ့ရလေသည်။ ပြောသူက

http://www.linhtet.com



ကျွန်တော်ကဲ့သို့ ခြေမသန်သော သူ့တူမကလေးတစ်ယောက်ကို ထိုဆရာနှင့်ကုသမိသဖြင့် ယခုလမ်းလျှောက်နိုင်ပြီဖြစ်ကြောင်း စသည်ဖြင့် အားရစဖွယ်ပြောပြ၏။

မေမေက ဤကိစ္စအတွက် ဖေဖေနှင့် တိုင်ပင်ကြည့်သောအခါ "ခွေးပြောခွေးယုံ၊ လူပြောလူယုံပါ၊ သည်လောက်စနစ်တကျကုလာတာတောင်မရပဲ သည်ပျောက်စေဆရာမျိုးနဲ့ ရမလား"ဟု ဖေဖေကပြောသဖြင့် မေမေသည် ကျွန်တော့်ကိုပွေ့ချီပြီး ဖေဖေမသိစေအောင် တိတ်တိတ် ထိုဆရာထံသို့သွားပြပါသေးသည်။ သို့သော် မည်သို့မျှ အကျိုးမထူးပါ။

မေမေသည် ထိုသို့ပင် "ဘာဆရာ၊ ညာဆရာ"ဆိုသည်များကို ယုံယုံကြည်ကြည် မဟုတ်လှသော်လည်း ကျွန်တော်လမ်းလျှောက်နိုင်လို လျှောက်နိုင်ငြား စမ်း၍ပြသကြည့်တတ်ပါ၏။

"အရှုံးရှိတာမှတ်လို့၊ ကံကောင်းရင် ခြေတွေ၊ လက်တွေပြန်ကောင်းချင် ကောင်းသွားမှာ။ ကောင်း မလာလည်း ဘာဖြစ်လဲ၊ အရင်းပေါ့ "ဟု မေမေကထိုသို့ပြောတိုင်း ဖေဖေကမူ မိမိမယုံကြည်

လျှင် မယုံကြည်သလိုပင် "ခွေးပြောခွေးယုံ၊ လူပြောလူယုံပါ။ ကိုယ့်ခေါင်းနဲ့ကိုယ် စဉ်းစားကြည့်ပေါ့" ဟုပြောဆိုကာ ငြင်းပယ်တတ်ပါသည်။

အချို့မိတ်ဆွေများသည် ကျွန်တော့်ခြေလက်များသန်စွမ်းရေးအတွက် သောက်ဆေး၊ လိမ်းဆေး များပေးတတ်ကြ၏။

အချို့သောက်ဆေးများမှာ ပါးစပ်ထဲ အဝင်ဆိုးလှသဖြင့် ကျွန်တော်သည် မသောက်ဘဲမေမေ မသိအောင်သွန်၍ ပစ်ခဲ့ဖူးပါသည်။

* * * * * * *

http://www.linhtet.com

လေး

# ကျောင်းပြန်နေခြင်း

## လူ့မနော အပြောရခက်ခြင်း

သုံးဆယ်မြို့သို့ ကျွန်တော်တို့ပြန်ရောက်သောအခါ ဆရာမကြီးဒေါ်သန်း၏ အစိုးရမူလတန်း ကျောင်းမှာပင် ကျောင်းပြန်နေရ၏။ ဤတစ်ကြိမ်တွင်မူ ဤကျောင်းတွင် ကျွန်တော် တစ်ယောက်တည်းသာ ပြန်နေရတော့သည်။ မမနှင့်ကိုကိုမှာ ရန်ကုန်ကျောင်းတွင် ခဏနေခဲ့ရပြီး စာသင်နှစ်ကုန်မှ သုံးဆယ်မြို့သို့ပြန်ရောက်ရ၏။ သူတို့ သုံးဆယ်မြို့သို့ ပြန်ရောက်သောအခါ သူတို့သည် အလယ်တန်းရောက်နေကြပြီဖြစ်၍ ဆရာမကြီးဒေါ်သန်း၏ မူလတန်းကျောင်းမှာ နေမရတော့ချေ။

ဆရာမကြီးက ကျွန်တော့်ကို ဒုတိယတန်း၌ ထား၏။ ရှေ့ဆုံးခုံတန်းအစွန်း၊ ဆရာမ၏ စားပွဲနှင့် အနီးဆုံးနေရာမှာ ကျွန်တော့်ကို နေရာပေးသည်။ရှေ့ဆုံးခုံတန်းနှစ်တန်းမှာ မိန်းကလေးများချည်း ဖြစ်သဖြင့် ကျွန်တော်သည် မိန်းကလေးများကြားထဲသို့ရောက်နေရသည်။ ကျွန်တော်သည် အလွန်ပင် စိတ်အားငယ်နေမိသည်။

ကျောင်းသို့ ကျွန်တော် စရောက်သည့်နေ့မှာပင် ကျောင်းတက်ချိန်၌ ဆရာမကြီးသည်တစ်ကျောင်းလုံးရှိကျောင်းသားအားလုံးကို မတ်တတ်ရပ် တန်းစီစေပြီး "မောင်စိန်ထွေးကို ဘယ်သူမှ မစရဘူး။ မပြောင်ရဘူး။ မနောက်ရဘူး။ သူခိုင်းတာကိုလုပ်ပေးရမယ်။ မင်းတို့သူ့ကို လုပ်ကိုင်ပေးရင် ကုသိုလ်ရပါတယ်၊ တယ်။ သူဟာ သနားစရာကောင်းတဲ့ မစွမ်းမသန် ဒုက္ခိတလေးပါ။ သူ့ကို ကူညီရမယ်။ စာနာသနားရမယ်။ နားလည်ကြရဲ့လား။ သူ့ကို နောက်ရင် ပြောင်ရင်၊ ခိုင်းတာလုပ်မပေးရင် သေပြီသာမှတ်" ဟု ကြိမ်လုံးကြီးမြှောက်ပြကာ ပြောကြားထားလေသည်။

http://www.linhtet.com



ဆရာမကြီး၏စကားသည် ကျွန်တော့်အတွက် စေတနာအပြည့်ဖြစ်သော်လည်း ဆရာမကြီး၏ စကားကြောင့် ကျွန်တော့်မှာ မျက်ရည်များ စီးဆင်းလာရပါသည်။

**"ငါဟာ သနားစရာပါလား…ငါဟာ မစွမ်းမသန် ဒုက္ခိတပါလား"**

ကျွန်တော့်ရင်သည် လှိုက်ဆူသွားရသည်။ ကျွန်တော်သည် မိမိဘဝချို့တဲ့မှုကို မေ့မေ့ပျောက်ပျောက် နေတတ်၏။ သို့သော် တစ်စုံတစ်ယောက်က "သနားစရာနော်။ ဒုက္ခိတပါလား" အစရှိသဖြင့် ဆိုလာလျှင် မိမိ၏ဘဝ မပြည့်စုံ နိမ့်ကျခြင်းကို သတိရသွားပြီး ရင်ထဲ ထိထိခိုက်ခိုက် ဖြစ်လာတတ်ပါသည်။

ယခုလည်း ဆရာမကြီးစကားကြောင့် ကျွန်တော်သည် ကြိတ်ငိုနေမိ၏။

ဆရာမများသည် ကျွန်တော့်ထံလာ၍ အမျိုးမျိုးမေးကြသည်။

" ဘာဖြစ်လို့လဲဟင် "

ကျွန်တော်က ခေါင်းခါ၏။

" ဘယ်သူ ဘာပြောလို့လဲ "

ကျွန်တော်က ခေါင်းခါ၏။

" အိမ်ပြန်ချင်လို့လား "

ကျွန်တော်က ခေါင်းကိုခါယမ်းမြဲ။

" မုန့်စားချင်လို့လား "

ကျွန်တော်က ခေါင်းကို ခါယမ်းမြဲ။

ဆရာမများမှာ မေးစရာအကြောင်းရပ် ကုန်သွားလောက်အောင်ပင် မေးသော်လည်း ကျွန်တော်ကားငိုနေမြဲ။ ထိုအခါ "မငိုနဲ့နော်၊ လိုချင်တာ ဆရာမကိုပြောဟုတ်လား။အမယ်လေး သနပ်ခါးတွေတောင်ပျက်ကုန်ပြီ။ မလှဘဲနေတော့မယ်။ တိတ်တော့နော်၊ တိတ်နော် "ဟု တစ်မျိုးပြောင်းချော့ရပြန်၏။

ကျွန်တော်တို့မှာ ယောက်ျားလေးပင်ဖြစ်သော်လည်း

http://www.linhtet.com



ခပ်ငယ်ငယ်က သနပ်ခါးအဖွေးသားလိမ်းရသည်။ မိမိမျက်နှာ မိမိသနပ်ခါးကောင်းစွာ လိမ်းတတ်၏။

ဤသနပ်ခါးလိမ်းခြင်းကိစ္စနှင့်ပက်သက်၍ ကျောင်းမှာပင် တစ်ကြိမ်ငိုရဖူးသေးသည်။

"သနပ်ခါးလည်းလိမ်းတယ်၊ မိန်းကလေးခုံတန်းမှာ ထိုင်တယ်ဆိုတော့...မောင်စိန်ထွေးဟာ မိန်းမရှာလေးနဲ့တူပါတယ်" ဟူသောစကားကို တစ်ဆင့်စကားဖြင့် ကျွန်တော်ကြားရသောအခါ " အငိုမင်းသား" ခမျာမှာ အလုပ်ဖြစ်နေရပြန်ပါ၏။

သို့သော် ထိုစကားကြားမိပြီးရသည့်နေ့မှစ၍ ကျွန်တော်သည် သနပ်ခါးမလိမ်းတော့ပေ။

## အတော်ဆုံးကျောင်းသား

ကျွန်တော်သည် ဒုတိယတန်း၌ အတော်ဆုံးကျောင်းသားဖြစ်နေသည်။ ဆရာမ၏ အမြဲတမ်း ချီးမွမ်းမှုကို ခံရလေသည်။

ကျွန်တော်တို့သည် ဂဏန်းတွက်ပြီးသောအခါ မိမိကျောက်သင်ပုန်းကို မိမိနေရာမှာပင် မှောက်ထားရသည်။ အားလုံးဂဏန်းတွက်ပြီးသောအချိန်၌ ဆရာမက ကျွန်တော့် ကျောက်သင်ပုန်းကို လှန်ကြည့်ပြီးနောက် ကျွန်တော့်အဖြေနှင့်တူ မတူ အတန်းသားများကို မေးသည်။

ကျွန်တော့်အဖြေနှင့် အတန်းသားအားလုံး၏ အဖြေတူနေလျှင် အားလုံးကို ဆရာမက အမှတ်ခြစ်ပေးလိုက်၏။ ကျွန်တော့်အဖြေနှင့် မတူသူများရှိပါက ဆရာမသည် ကျောက်သင်ပုန်းကြီးပေါ်၌ ထိုဂဏန်းသင်္ချာကို တွက်ချက်ပြသည်။ ထိုအခါ ကျွန်တော့်အဖြေသာ အမှန်ဖြစ်နေတတ်၏။ တစ်ခါတစ်ရံ ကျွန်တော်တစ်ယောက်တည်းသာ အဖြေတစ်မျိုးဖြစ်နေပြီး အခြားသူများ အားလုံးက အဖြေတစ်မျိုး ရှိနေတတ်ပါ၏။ ထိုအခါမျိုး၌ လည်း ကျွန်တော့်အဖြေသာလျှင် မှန်နေတတ်ပြန်ပါသည်။

http://www.linhtet.com



## တိုးတက်လာသောအရည်အချင်းများ

ယခုအခါ ကျွန်တော်သည် အိမ်ပေါ်ထပ်သို့ လှေကားမှမိမိဘာသာမိမိတက်နိုင်ကြောင်း၊ တစ်စုံတစ်ယောက်အား ပြောလိုက်လျှင် အံ့သြသွားတတ်ပြီး “ဘယ်လိုတက်သလဲ ”ဟု မေးတတ်ကြ၏။

ကျွန်တော် လှေကားတက်တတ်လာခဲ့ပုံကလေးမှာ ယခုတိုင် ရင်ထဲဝယ် အမှတ်ထင်ထင် ရှိနေပါသေးသည်။ ကျွန်တော် လှေကားတက်တတ်သွားပုံမှာဖေဖေ့ညီမ၏သား ကိုကိုမောင်မြသိန်း၏ ကျေးဇူးမကင်းပါ။ကျွန်တော်တို့တစ်အိမ်သားလုံးသည် အိပ်ပေါ်ထပ်မှာပင် အိပ်ကြသည်။ ကိုကိုနှင့်ကျွန်တော်က ကုတင်တစ်လုံးဖြင့် တူတူအိပ်ကြသည်။

ကျွန်တော်တို့မောင်နှမသုံးယောက်တွင် ကျွန်တော်သည် အထွားကြိုင်းဆုံးဖြစ်သည်။ မောင်နှမ သုံးယောက်ယှဉ်လိုက်လျှင် ကျွန်တော်က အထွားဆုံးဖြစ်၍အကြီးဆုံးကလေးလားဟု အများက မေးတတ်သည်။မမနှင့် ကိုကိုသည် သေးသေးညှက်ညှက်ကလေးတွေဖြစ်၏။ ထို့ကြောင့် မမနှင့် ကိုကိုသည် ကျွန်တော့်ကို ပွေ့ချီရန် ကောင်းကောင်းမနိုင်ကြချေ။

ညအိပ်တော့မည်ဆိုလျှင်ကိုကိုမောင်မြသိန်းသည်ကျွန်တော့်ကို အိမ်ပေါ်ထပ်သို့ချီပို့ပေးရသည် ဤသည်မှာ ညစဉ်ကိစ္စဖြစ်၏။ မိုးချုပ်၍ အိပ်ချိန်ကျလျှင် “ကိုကိုရေ...အနော် အိပ်တော့မယ်” ဟု ကိုကိုမောင်မြသိန်းကို ပြောလိုက်ပါက သူ့ထုံးစံအတိုင်း တော်တော်နှင့် မထလာ။ နှစ်ကြိမ် သုံးကြိမ်လည်း ထပ်မပြောဝံ့၊ သူစိတ်တိုသွားမှာစိုးရ၏။ သို့ဖြစ်၍ သူလိုက်မပို့မချင်း ပို့ပေးနိုး ပို့ပေးနိုးနှင့် တစောင့်စောင့် ဖြစ်နေရတတ်သည်။သို့ဖြင့် ညစဉ်အိပ်ခါနီးတိုင်း ထိုသို့ပင် စိတ်အနှောင့် အယှက် ဖြစ်ရလေသည်။

သူစိတ်ရလျှင် ကောင်းကောင်းမွန်မွန်ပင် ကျွန်တော့်ကို အိမ်ပေါ်ထပ်သို့ ပွေ့ချီပေးတတ်သော်လည်း သူစိတ်မရလျှင်မူ အပေါ်ထပ်လှေကားထိပ်ဝနား ရောက်သည်နှင့် ကြမ်းပြင်ပေါ်သို့

http://www.linhtet.com



ဝုန်းကနဲ ပစ်တင်တတ်သည်။

ကျွန်တော့်မှာ ချိုင်းမှ မယူလာခံခဲ့ရသဖြင့် နာကျင်နေရသည့်ကြားထဲ လှေကားမှ ပစ်တင်ခံလိုက်ရ၍ လူတစ်ကိုယ်လုံး မသက်မသာ ခံစားလိုက်ရလေတော့သည်။

တစ်ခါတစ်ရံတော့လည်း ကျွန်တော့်မှာ ကြိတ်ငိုနေမိ၏။

ကျွန်တော့်ကို ပစ်တင်လိုက်ရာတွင် တစ်ခါတစ်ရံ သိပ်ပြင်းထန်သွားပြီး ဝုန်းကနဲအသံ သိပ်ကျယ်သွားလျှင် အောက်ထပ်မှ မေမေကကြားသွားသဖြင့် " ဟဲ့ အပေါ်ထပ်မှာ ဘာဖြစ်သလဲသွားကြည့်စမ်း" ဟု တစ်ယောက်ကို အပေါ်ထပ်သို့ တက်ကြည့်စေ၏။

သူတို့ လှေကားမှ ပြေးတက်လာသံကြားလျှင် ကျွန်တော့်မှာ မျက်ရည်များကို ကပျာကသီသုတ်ပစ် လိုက်ရလေသည်။

" ဘာဖြစ်သလဲ၊ မောင်စိန်ထွေး "

" ဘာမှ မဖြစ်ပါဘူး" ဟု ကျွန်တော်က ပြန်ပြောမိ၏။

ကျွန်တော့်အပေါ် မည်သူက မည်သို့ပင်ပြုစေကာမူ ကျွန်တော်သည် လူကြီးများကို ပြန်မပြောမိသည်မှာ ကျွန်တော့်ညာဉ်ပင်လား၊ သို့မဟုတ် ပြန်ပြောမိလျှင် နောက်တစ်ကြိမ်၌ ရန်ငြိုးဖြင့် ထိုထက်ပင် ဆိုးဆိုးဝါးဝါး ပြုလေမည်လားဟု စိုးရိမ်မှုကြောင့်ပေလား ကျွန်တော့်ဘာသာ မသိပါလေ။

ထိုသို့အကြိမ်ကြိမ်ခံစားလာရသောအခါ ကျွန်တော့်မှာ အိပ်ချိန်နီးလာသည်နှင့် အလိုလိုစိတ်လေးလံ၊ ဆင်းရဲလာမိပါသည်။ ကိုကိုမောင်မြသိန်းအား အိမ်ပေါ်ထပ်သို့လိုက်ပို့ရန် ပြောရမည်ကိုပင် များစွာဝန်လေး ပင်ပန်းနေမိ၏။ တစ်ညှ၌ ကားကျွန်တော်သည် အပေါ်ထပ်တက်သည့် လှေကားထစ်များကို နာကျည်းမုန်းတီးစွာစူးစိုက် ကြည့်နေမိရင်း တွေးတောနေမိ၏။

ငါတစ်သက်လုံး ဒီလိုပဲဖြစ်နေရတော့မှာလား။ တခြားနည်းလမ်းမရှိတော့ဘူးလား။ အိမ်ပေါ်ကို ငါဘယ်လိုတက်မလဲ။ ဒီလှေကားထစ်တွေကို ဘယ်လိုလုပ်ရင် ငါတက်လို့ရမလဲ။ မဖြစ်

http://www.linhtet.com



ဘူးဆိုတာ မရှိဘူး။ ဖြစ်နိုင်တဲ့နည်းလမ်းမျိုးတော့ ရှိရမယ်။

အတန်ကြာသောအခါ " အမြင့်" တစ်ခုပေါ်လာ၏။

"အိမ်ပေါ်ထပ်ဟာ အမြင့်ကြီးဆိုပေမယ့် တကယ်တော့ သည်လှေကားတစ်ထစ်စီ အမြင့်လောက်ပဲရှိတာပါ။ သည်လှေကား တစ်ထစ်စီ တစ်ထစ်စီရဲ့ အမြင့်ကိုသာ တက်နိုင်ခဲ့ရင် အိမ်ပေါ်ရောက်မှာပဲ။ သည်လှေကားတစ်ထစ်ဆိုတာလည်း ဘယ်လောက်မှ မြင့်တာမှ မဟုတ်တာ။ တစ်ထွာလောက်ရှိတဲ့ ဖင်ထိုင်ခုံ အမြင့်တောင် ညာလက်နဲ့ထောက်တက်နိုင်ရင် သည်လှေကားထစ် အမြင့်လောက်လဲ ငါတက်နိုင်ရမှာပေါ့"

ကျွန်တော်သည် လက်တွေ့စမ်းသပ်ကြည့်ချင်စိတ် အလွန်အမင်းပြင်းထန်လာသဖြင့် လှေကားအောက်ဆုံး အထစ်ကို ကြိုးစားတက်ကြည့်သည်။ ခဏမှာပင် လှေကားတစ်ထစ်ကို တက်နိုင်သွားလေသည်။ အားတက်သွားပြီးနောက် ဒုတိယ လှေကားတစ်ထစ်ကို ထပ်မံကြိုးစားပြန်သည်။ နောက်တစ်ထစ် တက်နိုင်သွားပြန်၏။

သို့ဖြင့် အားရဝမ်းသာ လှေကားကို တစ်ထစ်ပြီး တစ်ထစ် ကြိုးစား ကုတ်ကတ်တက်လာခဲ့ရာ နာရီဝက်ခန့်အကြာ၌ အိမ်ပေါ်ထပ်သို့ အောင်မြင်ချောမောစွာ ရောက်ရှိသွားရလေတော့၏။

အိမ်ပေါ်ထပ်သို့ရောက်သောအခါ အတော်အသင့် မောဟိုက်ပင်ပန်းနေသော်လည်း ဝမ်းသာတက်ကြွစိတ်တို့ကြောင့် လူမှာ ရွှင်လန်းလျက်နေသည်။

"မေမေတို့ရေ .....လာကြည့်ပါအုံး။ သားလေး လှေကားတက်နိုင်ပြီ"

ကျွန်တော်သည် ဝမ်းသာအားရ အောက်ထပ်သို့ ကုန်းအော်ပြောလိုက်၏။ စိတ်လှုပ်ရှားနေလွန်းသောကြောင့် ကျွန်တော့် စကားသံမှာပီပီသသမရှိဘဲ ဗလုံးဗထွေးဖြစ်သွားပုံရပါသည်။ အောက်ထပ်ရှိအိမ်သားများသည် ကျွန်တော်၏ အော်ဟစ်လိုက်သံ

http://www.linhtet.com



ကြောင့် အလန့်တကြားဖြစ်သွားပြီး လှေကားမှပြေးတက်လာကြ၏။

" ဘာဖြစ်တာလဲ "

" ဘာမှမဖြစ်ဘူး၊ အနော်လှေကားတက်နိုင်ပြီလေ "

" အမယ်၊ မဟုတ်က ဟုတ်က "

" ဟုတ်တယ်၊ တကယ်၊ အခုကိုယ့်ဘာသာတက်လာတာပဲ"

ကျွန်တော်က လှေကားတက်ပုံတက်နည်းများကို ပြောပြလိုက်သည်။

ထိုအခါ "အေး- ကိုယ့်ဘာသာတက်နိုင်တာကတော့ အကောင်းဆုံးပေါ့" ဟု ပြော၍ သူတို့သည် အောက်ထပ်သို့ပြန်ဆင်းသွားကြ၏။

ထိုနေ့မှစ၍ အိပ်ချိန်ကျတိုင်း အိမ်ပေါ်ထပ်သို့ လိုက်ပို့ပေးပါရန် ကိုကိုမောင်မြသိန်းအား ပြောရသည့် ဝဋ်ကြွေးကြီးမှ ကောင်းစွာ လွတ်မြောက်သွားတော့သည်။

လှေကားကိုတက်နိုင်လျှင် လှေကားမှပြန်ဆင်းရန်အတွက်ကား အခက်အခဲမရှိတော့။ လှေကား တစ်ထစ်ချင်းကို ဖင်ထိုင်လျှောချပေးသွားခြင်းဖြင့် အောက်ထပ်သို့ရောက်သွားရလေသည်။

လှေကားအတက်အဆင်းနှင့်ပတ်သက်၍ မည်သို့မျှ စိတ်အနှောင့်အယှက် မရှိတော့သော်လည်း အိပ်ခါနီး ကုတင်ပေါ် တက်ရန်ကိစ္စ၌ စိတ်အနှောင့်အယှက်ကလေးတစ်ခု ကျန်နေသေးလေသည်။

ကျွန်တော်အိပ်လိုသည့်အခါ ကိုကိုသည် ကုတင်ပေါ်သို့ ညစဉ်ချီတင်ပေးရသည်။ တစ်ခါတစ်ရံ ကျွန်တော် အိပ်ချင်လှပြီဖြစ်သော်လည်း အိမ်ပေါ်ထပ်သို့ ကိုကို တက်မလာသေးသဖြင့် စိတ်ညစ်ရတတ်သည်။

တစ်ညသော် ကိုယ့်ဘာသာ တွေးနေမိသည်။

"အိမ်အပေါ်ထပ် အမြင့်ကြီးကိုတောင် ငါတက်လာနိုင်ခဲ့ပြီးမှ သည်လောက်မြင့်တဲ့ ကုတင်ကျမှ ငါဘာကြောင့် မတက်

http://www.linhtet.com



နိုင်သလဲ။ ငါတက်နိုင်ရမယ်"

ကျွန်တော်သည် အပေါ်ထပ်၌ ဟိုဟိုသည်သည် မျက်လုံး ကစားကြည့်၏။

တစ်နေရာ၌ တစ်ပေခန့်အမြင့်ရှိ လေးထောင့်ခုံလေး တစ်ခုံကို မြင်မိသောအခါ ဖင်ရွှေ့သွား၍ ထိုခုံကလေးကို ကြမ်းပြင်ပေါ်တွင် ဒရွတ်တိုက် ဆွဲယူလာသည်။

ကုတင်ဘေး၌ ထိုခုံကလေးကိုကပ်ထားပြီးနောက် ခုံကလေး အပေါ်သို့ကျွန်တော်ဝမ်းလျားမှောက်တက်၏။ ထိုမှ တစ်ဆင့် ကုတင်ပေါ်သို့ အိပ်ချလိုက်၏။ ဤနည်းဖြင့် ကုတင်ပေါ်သို့ ကျွန်တော်ရောက်ခဲ့သည်။

ထိုညသည် အထူးစိတ်ကျေနပ် ချမ်းမြေ့စွာအိပ်ရသည့် ညတစ်ည ဖြစ်ပါတော့၏။

ကျွန်တော်၏ အိမ်ပေါ်ထပ်အမြင့်ကို ကြိုးပမ်းတက်ရောက်ခြင်း သဘောတရားသည် နောင်အခါ လောကဝယ် ဘဝ အောင်မြင်တိုးတက်ရေး လမ်းညွှန်သဘောတရားကြီးတစ်ခုအဖြစ် ကျွန်တော့်ခေါင်းထဲ၌ စွဲမြဲနေမိပါတော့သည်။

## လူ့မနော အံ့ဩမကုန်

ကျွန်တော်၏ ကိုယ်ရေးကိုယ်တာ နေ့စဉ်ကိစ္စဟူသမျှကို တစ်စ တစ်စ တစ်ဖြည်းဖြည်း မိမိဘာသာမိမိ လုပ်ကိုင်ဆောင်ရွက်လာနိုင်သောအခါ ကျွန်တော်သည် မည်သူ့ကိုမျှ အောက်ကျခံကာအကူအညီ မတောင်းတော့ပေ။ မိမိဘာသာ စိတ်ကူးဖြင့် တုတ်တစ်ချောင်းထိပ်၌ ချိတ်ကောက်ကလေး တပ်ဆင်ထားလေသည်။ ဤ ချိတ်ကောက်တုတ်ကလေးဖြင့် မီးခလုတ်များကို ဖွင့်နိုင် ပိတ်နိုင်သည်။ အမြင့်မှ လိုချင်ရာကို လှမ်းဆွဲယူနိုင်သည်။ နေရာတကာ၌ များစွာအသုံးဝင်လှသည့် တုတ်ကလေး တစ်ချောင်းပါတည်း။

သို့သော် အိမ်အပြင်ရောက်လျှင်ကား သူတစ်ပါးကို

http://www.linhtet.com



ကျွန်တော်သည် လုံးလုံးလျားလျား အားကိုး အားထား ပြုရပါတော့၏။ သည်အတွက် ကျွန်တော် အားမလိုအားမရ ဖြစ်မိသည်။

ကျွန်တော့်မိဘများကလည်း တတ်နိုင်သမျှ ကျွန်တော့်ကို အပြင်လောကသို့ လွှတ်တတ်သည်။ လက်လှမ်းမီရာများကို မြင်ဖူး၊ တွေ့ဖူး၊ ရောက်ဖူး၊ ကြုံဖူးအောင်ဖြစ်ပါသည်။ ရန်ကုန်မြို့သို့လည်း တစ်နှစ်လျှင် တစ်ကြိမ်နှစ်ကြိမ်ခန့် အိမ်မှဂျစ်ကားဖြင့် လာလည်ကြရတတ်ပါသည်။ ရန်ကုန်မြို့သို့ရောက်သော် ဘုရားများ၊ ပန်းခြံများ၊ တိရစ္ဆာန်ရုံနှင့် အခြား ထူးထူးခြားခြားဖြစ်သော နေရာများသို့ တစ်အိမ်သားလုံး လည်ပတ်ကြည့်ရှုစေသည်။ အစားအမျိုးမျိုးကျွေး၏။ ရုပ်ရှင်များကိုလည်း ကြည့်စေ၏။ တစ်ခါကဆိုလျှင် " နန်းတက်ပွဲဆိုတာ မြင်ဖူးသိဖူးထားထိုက်တယ် " ဟုဆို၍ အယ်လစ်ဇဘက်ဘုရင်မ နန်းတက်ပွဲသတင်းကားကို သုံးဆယ်မြို့မှ ရန်ကုန်မြို့သို့ သီးသန့်လာကြည့်စေ၏။

ကိုးနှစ်သား ဆယ်နှစ်သားခန့်ရှိသောအခါ ကျွန်တော့်ကိုချီလာလျှင် မြင်ရသူတွေက စူးစမ်းကြည့် ကြသည်။ အချို့က "ဘာဖြစ်လို့လဲ" စသည်ဖြင့် စပ်စုတတ်သေးသည်။ သူတို့၏ မျက်လုံးဒဏ်ကို ကျွန်တော် သည်မခံနိုင်ပဲ ကြောက်ရွံ့နေမိသည်။ သူတို့၏အကြည့်ကြောင့် ကျွန်တော့်မှာလည်း ညှိုးငယ်ဝမ်းနည်းသွား ရတတ်မြဲ ဖြစ်ပါသည်။

ထိုကြားထဲ ဖေဖေ၏ အချို့တပည့်လက်သားတို့သည် ကျွန်တော့်ကို မချီလိုကြချေ။ သူတို့စိတ်၌ အောင့်သက်သက် ရှိကြပုံရပါသည်။ ကျွန်တော့်မိဘကွယ်ရာ၌ ကျွန်တော့်ကို သူချီခဲ့ ငါချီခဲ့နှင့်တွက်ကပ်နေ တတ်သည်။ တစ်ခါတစ်ရံလည်း သူတို့အချင်းချင်း " ဟေ့ ဒီချီးထုပ်ကို ဘယ်သူသယ်မှာလဲ"စသည်ဖြင့် ကျွန်တော့်ကို လက်ညှိုးထိုးပြလျက် ပြောတတ်၏။

ကျွန်တော့်အား "ချီးထုပ်" နှင့် ခိုင်းနှိုင်းပြောခံရသောအခါ မိမိဘဝကိုမိမိ အလွန်ပင် ယူကြုံးမရဖြစ်မိပါသည်။

http://www.linhtet.com



ထို့ကြောင့် ကျွန်တော့်မိဘတို့က တနေရာရာသို့ ကျွန်တော့်ကို စေလွှတ်သောအခါ တစ်ခါတစ်ရံ "မသွားချင်ဘူး" ဟု ကျွန်တော်က ဇွတ်ငြင်းဆန်တတ်လေသည်။

" ဘာဖြစ်လို့လဲ " ဟု ကျွန်တော့်မိဖတို့က မေးတတ်၏။

သို့သော် ကျွန်တော်မဖြေပဲ ငိုင်၍သာ နေရသည်။

" သွားမှပေါ့ကွ။ နောက်ဆို မင်းဘယ်မှရောက်နိုင်မှာ မဟုတ်ဘူး"ဟု ဖေဖေကဆိုသောအခါ အနာဂတ်ရေးအတွက် သတိရလာပြီး ရင်ထဲလှိုက်ဖိုလာတတ်ပါ၏။

ကျွန်တော့်မိဘတို့၏ ရှေ့ကျတော့လည်း သူတို့သည် ကျွန်တော့်ကို ချီးပိုးသယ်ယူလိုဟန်ပြုကြသည်။

တစ်ခါက သုံးဆယ်မြို့သို့ စွယ်တော်တစ်ဆူကြွလာ၏။ တစ်ဖက်ကမ်းရှိ ရုပ်ရှင်ရုံ၌ ကိန်းဝပ်တော်မူပြီး မြို့သူမြို့သားများ သွားရောက်ဖူးမျှော်ကြ၏။

"မောင်စိန်ထွေးကိုလည်း စွယ်တော်ဖူးဖို့ လိုက်ပို့ပေးလိုက်ပါ " ဟု တစ်ညနေ၌ မေမေက ဦးဘိုးအောင်ကိုပြော၏။

" အေး.. ဟုတ်သားပဲကွ၊ ငါ့တူကြီးကိုလည်း ၊ စွယ်တော်ဖူးဖို့ လိုက်ပို့ပေးရဦးမယ်၊ လာကွ သွားကြစို့ "

သူ့အကြောင်းကို ဓာတ်သိဖြစ်နေသော ကျွန်တော်ကား သူ့စကားအပေါ် ဝယ် စိတ်အားတသန် မဖြစ်မိပါလေ။

မျှော်လင့်ထားသည့်အတိုင်းပင် လမ်းမကြီးပေါ် သို့ရောက်သည်နှင့်တပြိုင်နက် ဦးဘိုးအောင်သည် သူ့ထုံးစံအတိုင်း မြည်တွန် တောက်တီးပါတော့သည်။

"မင်းကိုက ရှည်ပါတယ်။ ကိုယ့်ဘာသာကိုလည်း မသွားနိုင်ဘူး၊ သွားချင်လိုက်တာလည်း နန့်နန့်တက်လို့၊ ချီနေလို့သာ မဟုတ် ရင်ခက်မယ်။ မင်းချီသွားရတာ သူကကြည့် ငါကကြည့်နဲ့ မင်း မရှက်ဘူးလား "

ကျွန်တော်ကား ဘာမျှပြန်မပြောမိ၊ စိတ်မသက်မသာ

http://www.linhtet.com



နှင့်သာ သူချီသွားရာနောက်သို့ လိုက်ပါနေရလေသည်။ စိတ်ထဲဝယ် များစွာ စိတ်အနှောင့်အယှက် ဖြစ်နေရလေသည်။

စွယ်တော်ကို တန်းစီ၍ အလှည့်ကျဖူးကြရလေသည်။ ကျွန်တော်တို့အလှည့်ရောက်သောအခါ "ကဲ… သေသေချာချာ ကြည့်သွား၊ အိမ်ရောက်မှ ဘာတွေညာတွေ မပြောနဲ့ ကြားလား"ဟု ဦးဘိုးအောင်က ဆောင့်ဆောင့်အောင့်အောင့်နှင့်ပြောသည်။

သူကကြည့်ဆိုလျှင် ကျွန်တော်ကကြည့်လိုက်၏။

" တော်ပြီလား "ဟုသူကဆိုလျှင် ကျွန်တော်က ခေါင်းညိတ်၏။ သို့နှင့်စွယ်တော်ဖူးပြီးခဲ့ရလေသည်။

အိမ်အပြန်လမ်း၌ မူ ဦးဘိုးအောင်က "သည်အနားကအိမ်ခဏဝင်ဦးမယ်ကွာ၊ မင်းကိုချီလာရတာ မောတယ်"ဟု ဆို၏။

" ဟုတ်ကဲ့ "ဟု ကျွန်တော်က ခေါင်းညိတ်ပြလိုက်၏။

တဲပုတ်အိမ်လေးတစ်ခုထဲသို့ ဝင်ခဲ့လေသည်။

" သည်မှာ ဖိုးထွန်းတင်သားလေ၊ ချီနေတဲ့ကောင်ပေါ့ " ဟု အိမ်ရှင်မိန်းမကြီးအား လှမ်းပြောရင်း ဦးဘိုးအောင်သည် ကျွန်တော့်ကို ဝါးခင်းကြမ်းပြင်ပေါ်သို့ ချပေး၏။

ကျွန်တော်သည် ဝါးခင်းကြမ်းပြင်ပေါ်သို့ ထိုင်ရသည်မှာ ဖင်ညပ်လွန်းသဖြင့် အနေရအထိုင်ရ အတော်ခက်၏။ ဝါးခင်းကြမ်းပြင်ပေါ်၌ မထိုင်တတ်အောင် ဖြစ်နေရသည်။

ဦးဘိုးအောင်ကမူ စကားပြောကောင်းနေ၏။

တဲလေး၏ အတွင်းခန်းထဲမှလူများ တစ်ယောက်ပြီး တစ်ယောက် ကျွန်တော့်ကို လူထူးလူဆန်းသဖွယ် ထွက်ထွက် ကြည့်ကြ၏။ အိမ်သားတစ်ယောက်ထွက်လာတိုင်း ဝါးခင်းကြမ်းပြင်သည်လှိုင်းထသွားသဖြင့် ကျွန်တော့်မှာ ဖင်ညပ်၍ အတော်အခံရ ဆိုးနေသည်။ ဖင်ညပ်သွားတိုင်း ယောင်မအော်မိရန်သာ သတိထားနေရသည်။ ထိုင်နေရခြင်းအတွက် အတော်စိတ်ရှုပ်နေမိ၏။ ဦးဘိုးအောင်က စကားပြော၍ ဝသလောက်ရှိမှ ထပြန်လာသည်။

http://www.linhtet.com



" လမ်းမှာ ငါဝင်စကားပြောနေလို့ ကြာနေတာလို့ ပြန်မပြောနဲ့နော်၊ သိလား " ဟု အိမ်ပြန်မရောက်မီ ကျွန်တော့်ကို ဦးဘိုးအောင်က သတိပေး၏။

ကျွန်တော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ရပါသည်။

တစ်သက်တွင် ထိုတစ်ကြိမ်သာ ဝါးကြမ်းခင်းအိမ်သို့ မှတ်မှတ်ရရ ရောက်ခဲ့ရဖူးပါ၏။

## အဆိုးမြင်ဝါဒ

ဒုတိယတန်း၌ ကျောင်းပညာများ သင်ယူနေရစဉ် ကျွန်တော့်၌ သူငယ်ချင်း အပေါင်းအသင်းမရှိ။ ရန်ကုန်မြို့သို့ မပြောင်းခင် ပထမတန်းတွင် အတူနေခဲ့ဖူးသူများအနက် ခင်ခဲ့ဖူးသော မောင်ဝင်းတစ်ယောက် သာရှိသည်။

အတန်းသားများသည် ကျွန်တော့်ကို အပေါင်းအသင်း လုပ်လိုဟန်လည်း မရှိချေ။ စာတော်ခြင်းနှင့် ဆရာမများက အထူး ဂရုစိုက် အရေးပေးခံရခြင်းကို မနာလိုစိတ်ဖြင့် ကျွန်တော့်ကို အမုန်းထားကြပုံရပါသည်။ မောင်ဝင်းပင်လျှင် ကျွန်တော့်ကို သိပ် စကားမပြောချေ။ ကျောင်းသားအများစုသည်ဆရာမများရှေ့တွင် ကျွန်တော့်ပေါ် ကောင်းဟန်ပြကြသလောက် ဆရာမများ ကွယ်ရာတွင်မူ သဘောထားတစ်မျိုး ဖြစ်နေတတ်သည်ကို တွေ့ရတတ်ပါ၏။

ထိုအချိန်လောက်မှစ၍ ကျွန်တော်သည် လူ့လောက အပေါ် "အဆိုးမြင်ဝါဒ" တစ်စ တစ်စ ဝင်လာခဲ့ဟန်တူပါသည်။ ဤသည်မှာ လူတစ်ယောက်၏ ပတ်ဝန်းကျင်သည် ထိုသူ၌ မည်မျှအရေးပါ လွှမ်းမိုးစေတတ်သည်ဟူသည့်အချက်ကို သတိထားမိစရာဖြစ်ပါ၏။

ဖေဖေသည် မိမိဆွေမျိုးသားချင်း အတော်များများနှင့်တပည့် တပန်းများကို မိမိအလုပ်ထဲ၌ သင့်တင့်သလို အလုပ်နေရာများ ပေးထားတတ်သည်။ အချို့ကို မိမိခြံဝင်းထဲမှာ အိမ်တန်းလျားနှင့် နေရာထိုင်ခင်းများ ပေးထားသည်။ လူပျိုလူလွတ်များဖြစ်ပါလျှင်

http://www.linhtet.com



မိမိအိမ်ပေါ်၌ ပင်နေထိုင်စေ၍ ကျွေးမွေးပြုစုထားတတ်ပါသည်။

သို့သော် အချို့တို့သည် ကျွန်တော့်မိဘများအပေါ် သစ္စာမရှိကြပုံ၊ ကျွန်တော့်မိဘတို့၏ မျက်ကွယ်၌ ကျွန်တော့်မိဘတို့၏ အကြောင်းကို မကောင်းပြောတတ်ကြပုံ၊ ကျွန်တော်တို့ မောင်နှမများ အပေါ်လည်း လူကြီးများရှေ့တွင် တစ်မျိုးဆက်ဆံတတ်ပြီး လူကြီးများ၏ မျက်ကွယ်၌ မူသဘောထားတမျိုးနှင့် ရှိနေတတ်ပုံများ၊ ကျွန်တော်တို့အိမ်မှ စားစရာများ၊ ပစ္စည်းများကို သူတို့သုံးစွဲနေသော်လည်း ကျွန်တော်တို့ ကလေးများကိုကား ကျွေးလိုပေးလိုစိတ်မရှိပုံ စသည် စသည်များကို နေ့စဉ်တွေ့မြင် ကြားသိ နေရသောအခါ ကျွန်တော်သည် လူတွေအပေါ် ပိုမိုစိတ်ပျက်၊ ပိုမိုအထင်သေးလာခဲ့မိပါသည်။

ထိုစဉ်က ကျွန်တော့်ကို ဘာမျှမသိတတ်သေးသည့်ကလေးငယ်တစ်ယောက်အဖြစ် သဘောထား ကြသဖြင့် (တစ်နည်းအထင်သေးကြသဖြင့်) သည်မျှလူ၏အကြောင်းကို ကျွန်တော်သည် သိမြင်ခွင့်ရရှိသွားခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ စင်စစ် ကျွန်တော်သည် ထိုစဉ်အချိန်ကတည်းက လောကအပေါ် ကြည့်တတ်၊ မြင်တတ်၊ သုံးသပ်ခံစားတတ်သည့် စိတ်ကလေး သန္ဓေတည်ခဲ့ပုံရှိပါသည်။

ကျွန်တော်သည် ထိုသို့ တွေ့မြင်ကြားသိနေသော်လည်း ထိုစဉ်က မိဘများကို လုံးဝ ပြန်မပြောတတ်ချေ။

## လောင်းကစားစိတ်

ဖေဖေသည် သားသမီးများကို လောင်းကစား၍ စိတ်ပါသွားမည်ကို အလွန်စိုးရိမ်၏။ အိမ်၌ ဖဲကစားရန်ဝေးစွ၊ အခြား တစ်နေရာရာတွင် ဖဲကစားနေသည်ကိုပင် ကျွန်တော်တို့ကို မကြည့်စေရ။ ဖဲချပ်ကလေးများလှပသဖြင့် ကျွန်တော်တို့က တစ်နေရာရာမှတောင်းယူလာခဲ့မိလျှင်လည်း ဖေဖေတွေ့လျှင် တောင်းယူဖျက်ဆီး ပစ်တတ်သည်။ (နောင် ကြီးပြင်းလာသောအခါ သူများက သင်ပြပေးသော်လည်း မည်သို့သင်သင် ဖဲလုံးဝမကစားတတ်ပဲ ဖြစ်နေသည်။

http://www.linhtet.com



ကျားထိုးခြင်း၊ စစ်တုရင်ကစားခြင်းတို့ကိုမူ စွဲစွဲ လမ်းလမ်း ကစားတတ်ပါသည်။)

ကျွန်တော်သည် ဖဲအကြောင်း နားမလည်သော်လည်း ငယ်စဉ်က စီးကရက်ကားထပ် ကစားခြင်းကိုမူ အလွန်ဝါသနာ ကြီးပါသည်။ တတိယတန်းမှစ၍ စီးကရက်ကားထပ် ကစားတတ် လာခဲ့၏။ အစတွင် စီးကရက်ဗူးကလေးများကို ဟိုမှသည်မှ စုဆောင်း၍ ကစားသည်။ နောင်အခါတစ်ပဲဖိုး (အချပ် ၃၀၊ သို့မဟုတ် အချပ် ၅၀) ဝယ်ကစားလာခဲ့သည်။ နိုင်သောနေ့များ၌ စီးကရက်ကားများကို ပြန်ရောင်းရာ တစ်မူးမှ ငါးမူးအထိ ရတတ် သည်။ တစ်ခါတစ်ရံမူ ဝယ်ကစားလိုက်၊ ရှုံးလိုက်နှင့် တစ်မတ် သုံးမူးအထိရှုံးတတ်သည်။ ကျွန်တော့်၌ လောင်းကစားစိတ် ရှိတန်သလောက် ရှိပုံရပါသည်။

## <u>လူသည် ကိုယ်ကျိုးရှာသမားလော</u>

ထိုစဉ်က ကျွန်တော်သည်စိတ်ဓာတ်ပျော့ပျောင်း၍ တစ်ဖက် လူကို ငဲ့ညှာသနားတတ်ဟန်ရှိပါသည်။ တစ်ဘက်လူကစီးကရက် ကားများ ကျွန်တော့်ထံတွင်ရှုံးခဲ့လျှင် ကျွန်တော် စစ်မေးလေ့ရှိတတ်၏။

" ဝယ်လာတာလား "

" ဝယ်လာတာ "

" ဘယ်လောက်ဖိုး ဝယ်လာသလဲ "

" တစ်ပဲဖိုး "

" တစ်ပဲဖိုး ဘယ်လောက်ရသလဲ "

" ငါးဆယ် "

" ဒါဖြင့် ရော့၊ ငါးဆယ်ပြန်ယူသွား "

ကျွန်တော်က နိုင်ထားသော စီးကရက်ကားများထဲမှ အချပ် ၅၀ ကို ပြန်ပေးလိုက်တတ်၏။

ကျွန်တော်က ထိုသို့ပြန်ပေးလေ့ရှိသော်လည်း ကျွန်တော်

http://www.linhtet.com



ရှုံးလှည့်၌ နိုင်သူက ကျွန်တော့်အား လုံးဝပြန်ပေးလေ့ မရှိချေ။ ကျွန်တော့်အပေါ်၌ အတုံ့အလှည့်သဘောမျိုး အသိအမှတ်ပြုတတ်သူ တစ်ယောက်စ နှစ်ယောက်စသာ တွေ့ခဲ့ရဖူးပါသည်။အများအားဖြင့်မူ ကျွန်တော့်ထံမှ မည်သည့်နည်းနှင့်ရရ ရသလောက် ယူပြီး သူတို့ပေးသင့်သည့် အလှည့်၌ ကား ကျွန်တော့်ကို ပြန်ပေးသူမှာ မရှိသလောက် ဖြစ်ပါသည်။

ထိုအထဲတွင် ကျွန်တော့်စေတနာကို လိမ်ညာလှည့်စား၍ အခွင့်ကောင်းယူသူများလည်း ရှိလာပြန်ပါသည်။ ထိုစီးကရက်ကားများကို အခြားသူများထံမှ နိုင်လာပါလျက် ကျွန်တော်နှင့်ကစားပြီး သူတို့ရှုံး လေသောအခါ ကျွန်တော်ပြန်ပေးစေရန် " ဝယ်လာတာ" ဟု လိမ်ပြောတတ်သူလည်း ရှိပါသေးသည်။ သူ တို့၌ စီးကရက်ကားများစွာရှိသော်လည်း ကျွန်တော့်ထံမှ စီးကရက်ကားများကို တောင်းယူသွားသူများလည်းရှိပါသည်။ အချို့ဆိုလျှင် ကျွန်တော့်ထံမှ စီးကရက်ကားများကို ချေးယူသွားပြီး ပြန်မပေးဘဲ နေတတ်၏။

နောင်အခါ ထိုစီးကရက်ကားများကို "မိမိကိုယ်ကျိုးသုံး ပစ္စည်းတစ်ခု" အဖြစ်ကျွန်တော်မြင်လာပြီး လူတွေ၏သဘောကို စိတ်ပျက်လာမိပါသည်။

**"လူတွေဟာ ပိုနေတာပဲ၊ ကိုယ့်ဆီက သူတို့လိုချင်တာရှိတော့ တစ်မျိုး၊ သူတို့လိုတာ ကိုယ့်ဆီမှာမရှိတော့ တစ်မျိုး၊ ကိုယ်က သူများကို ပေးရတာ လွယ်သလောက် ကိုယ့်မှာမရှိတဲ့အခါကျတော့ ခက်ရော၊ လူဆိုတာ ကိုယ်ကျိုးသမားပဲ"**

## <u>ကံစမ်းမဲ</u>

ကျွန်တော်သည် ထီထိုးခြင်း၊ မဲနှိုက်ခြင်း စသည်များကိုစိတ်မပါ၊ ဝါသနာမရှိ။ ထိုသို့ဖြစ်ရသည်မှာ ကျွန်တော်သည် အကျိုးအမြတ်တစ်ခုကို အလွယ်တကူ အချောင်မလိုချင်သည့် သဘောထက်မိမိက ဘာမျှမစွမ်းဆောင်နိုင်ဘဲ မရေမရာ မျှော်လင့်စောင့်စားနေရမည်

http://www.linhtet.com



ကို သည်းမခံနိုင်သည့် စိတ်ဓာတ်အခံကြောင့်သာ ဖြစ်နိုင်ပါသည်။ ကံကြမ္မာကိုယုံ၍ မျှော်လင့်နေရမည့် ဒုက္ခအား ထွေးပိုက် မခံစားလိုသော သဘောသာဖြစ်မည်ထင်ပါသည်။ ထို့ကြောင့်ကံစမ်းသဘောများကို ကျွန်တော်သည် အလေ့အထ လုပ်လိုစိတ် မရှိပါ။

သို့သော် ကျွန်တော့်တစ်သက်တာတွင် ထီထိုးခြင်း၊ မဲနှိုက်ခြင်းများကို အကြောင်းအားလျော်စွာ လုပ်ခဲ့ဖူးပါ၏။

ဦးဘိုးအောင်သည် ထီကိုအလွန်ဝါသနာပါ၏။

"လာဟေ့ ငါ့တူကြီးနဲ့ငါနဲ့ ထီစပ်ထိုးကြရအောင်၊ မင်းနဲ့ငါက ကံစပ်ချင်စပ်နေမှာ" ဟု ဦးဘိုးအောင်က ပြောတိုင်းကျွန်တော်က စုထားသောမုန့်ဖိုးထဲမှ ငွေတစ်ကျပ်စီ ထုတ်ပေးခဲ့ ရဖူးပါ၏။ ထီဖွင့်ပြီးသွားသောအခါ " ဟာ..သည်တစ်ခါတော့ ပေါက်ဂဏန်းတွေ သူများလက်ထဲပါကုန်တယ်နဲ့တူတယ်။ တို့က ထိုးတာ နည်းနည်းနောက်ကျသွားတာကိုး။ ကိစ္စမရှိဘူး၊ နောက်တစ်ခါဆို စောစောထိုးမယ်ကွာနော် " ဟု ဦးဘိုးအောင်က ဆိုတတ်ပါသည်။

ကျောင်း၌ လည်း ပိုက်ဆံပါသည်ဆိုသော မဲထုပ်များကို ဦးဘိုးအောင်ကဆွယ်သဖြင့် တစ်ခါတစ်ရံ ဝယ်ရတတ်ပါသည်။ တစ်မတ်ငါးမူး မဲပေါက်သည့်အခါ ပေါက်တတ်ပါသည်။

တစ်ကြိမ်တွင် ကျွန်တော်က မဲမနှိုက်ချင်ဘူးဟု အတင်းငြင်း ဆန်နေသည့်ကြားက ညွန့်မောင်သည် ကျွန်တော့်ထံမှ ပိုက်ဆံတစ်ပဲ လုယူသွားပြီး မဲသွားနှိုက်ပေးရာ မှတ်မှတ်ရရ တစ်ကျပ်မဲပေါက်ဖူးပါသည်။ ထိုတစ်ကျပ်ထဲမှ စီးကရက်ကားများ ဝယ်ထပ်ကစားမိရာ သုံးမူးရှုံးမှ ကစားဝိုင်းကို မနဲရပ်ပစ်ရပါသည်။

## ပြည်တော်သာညီလာခံသို့

တစ်နေ့တွင် ဆရာမကြီးက ကျောင်းသားများသည် သာယာဝတီမြို့တွင်ကျင်းပမည့် " ပြည်တော်သာညီလာခံကြီး" သို့ တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ဝတ်စုံဆင်တူဖြစ်စေရန် လုံချည်

http://www.linhtet.com



များ ဝယ်ရမည် ဖြစ်ကြောင်း ပြောကြားပြီး ညနေကျောင်းဆင်းချိန်၌ "မောင်စိန်ထွေးလည်း လိုက်ခဲ့ဟုတ်လား။ ပြီးတော့ မင်းတို့အိမ်က လော်လီကားကြီးအားရင်လည်း အဲသည်နေ့ကျတော့ ကျောင်းသားတွေကို လိုက်ပို့ပေးဖို့ မင်းဖေဖေကိုပြောလိုက်" ဟု ကျွန်တော့်ကို မှာလိုက်ပါသည်။

ထိုနေ့ရောက်သောအခါ ကျွန်တော်တို့အိမ်မှ ကုန်တင်ကားကြီးကို ပြည်တော်သာညီလာခံသို့သွားရန် ဆရာများပြင်ဆင်ကြ၏။

" လက်ပံခုံလမ်းမတော်အစိုးရမူလတန်းကျောင်း " ဟူသည့်ဆိုင်းဘုတ်ကို မော်တော်ကားရှေ့မှာ တင်ရသည်။ မော်တော်ကား ဘေးတစ်ဖက်တစ်ချက်စီ၌ " ပြည်တော်သာသို့ " ဟူသော စာလုံးကြီးများရေးပြီး သုံးဆယ်မြို့နှင့် နှစ်မိုင်ခန့်ဝေးသည့် သာယာဝတီမြို့သို့ ချီတက်လာခဲ့ကြသည်။

လာလမ်းတလျှောက်လုံး ကြွေးကြော်သံများ၊ သံချပ်များ အော်ဟစ်လာခဲ့ရသည်မှာ ငယ်ရွယ်သူ ကျွန်တော်တို့ ကျောင်းသားလေးများအဖို့ အလွန်အမင်း ပျော်စရာ ကောင်းနေတော့၏။

ပြည်တော်သာညီလာခံကြီးကျင်းပရာ မဏ္ဍပ်ကြီးထဲသို့ ရောက်သောအခါ ကျောင်းသားများဖြင့် ပြည့်နေလေသည်။ ဆရာများက ကုလားထိုင်များဖြင့် တရားဟောစင်မြင့်ကြီး၏ ဘေးတစ်ဘက်တစ်ချက်စီ၌ နေရာယူထားကြရသည်။ ကျောင်းသားများကား မြေပြင်၌ ဖျာကြမ်းကြီးများနှင့် ထိုင်ကြရသည်။

ပြည်တော်သာညီလာခံကျင်းပသော အချိန်၌ ခေါင်းပေါင်း ကြီးနှင့်လူများသည် တစ်ယောက်ပြီး တစ်ယောက် အချိန်ကြာမြင့် စွာ ဟောကြပြောကြ လုပ်ကြလေသည်။

ကျွန်တော်တို့ကား သူတို့ပြောကြဟောကြသည်များကို ဘာမျှလည်းမသိ၊ နားလည်းမလည်၊ စိတ်လည်းမဝင်စားနိုင်ကြ။ မိမိတို့ ကျောင်းသားအချင်းချင်းသာ တိုးတိုးကျိတ်ကျိတ် စကားစ ပြောလိုက်ကြ၊ ရယ်ကြမောကြ၊ ဆရာများမမြင်အောင် တိတ်တိတ်မုန့်

http://www.linhtet.com



ထွက်ဝယ်ပြီး မုန့်ဝိုင်းစားလိုက်ကြနှင့် ကျေနပ်ပျော်ရွှင်နေကြလေသည်။

ပြည်တော်သာညီလာခံတက်ရောက်ပြီး ကျွန်တော်တို့ လုပ်ရသည့်အလုပ်တာဝန်ကား ခေါင်းပေါင်းနှင့်လူကြီးတစ်ဦး ဟောပြောပြီးတိုင်း အားရပါးရ လက်ခုပ်တီးကြရခြင်းဖြစ်၏။ လက်ခေါက်လည်းမှုတ်ကြရ၏။ "သည်အဆိုကို သဘောတူကြသလား" ဟု ခေါင်းပေါင်းနှင့်လူကြီးကမေးလျှင် "တူပါတယ်"ဟုကျွန်တော်တို့က အော်ကြရလေသည်။

ထိုအတိုင်းသုံးကြိမ်မေးပြီး ကျွန်တော်တို့က သုံးကြိမ်ပြန်အော်ရသည်။ ထိုသို့ အော်ရဟစ်ရ လက်ခုပ်တီးရခြင်းကိုပင် ကျွန်တော်တို့ အလွန်ပျော်ရွှင်ကြလေသည်။

ထမင်းစားချိန်ရောက်သောအခါ ကျောင်းအလိုက် ထမင်းထုပ်များဝေပေး၏။ ထမင်းထုပ်များမှာ ရပ်ကွက်များထဲမှ လိုက်လံကောက်ယူလာခဲ့ခြင်းဖြစ်သည်။ ထမင်းစားရန် ထမင်းထုပ်ကိုဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်ထမင်းထုပ်ထဲ၌ ငပိကောင် တစ်ကောင်သာ ဟင်းအဖြစ်ပါသည်။ ဆန်သည်လည်း အလွန်ညံ့၏။ ကြမ်း၏။ ဦးဘိုးအောင်၏ ထမင်းထုပ်သည်လည်း ထိုနည်းအတူ ပင်ရှိသည်။

နောက်မှသိရသည်မှာ ကျွန်တော်၏သူငယ်ချင်းများသည် သူတို့ရရှိသော ထမင်းထုပ်များ၌ ဟင်းမကောင်း၍ ထိုထမင်းထုပ်ကို ကျွန်တော်နှင့်ဦးဘိုးအောင်အား လာပေးသွားခြင်းဖြစ်ပါသည်။ ကျွန်တော့်အပေါ် လူလည်ကျသွားခြင်း ဖြစ်ပါသည်။ သည်နေရာ၌ လည်း လူ၏သဘောသဘာဝကို ဆင်ခြင်မိသွားပါသည်။

ကျွန်တော်ရရှိသည့် ထမင်းထုပ်မှာ အလွန် ဆင်းရဲနွမ်းပါး သည့်အိမ်မှပေးလိုက်သော ထမင်းထုပ်ဖြစ်ဟန်ရှိပါသည်။ ကျွန်တော်နှင့်ဦးဘိုးအောင်မှာ ထိုထမင်းထုပ်ကို မစားနိုင်ကြချေ။

ကျွန်တော့်အဖို့ကား ထိုထမင်းထုပ်သည် မမေ့နိုင်သော ထမင်းတစ်နပ်ပါပေ။

* * * * * * *

http://www.linhtet.com

ငါး

# စာတော်သူ၏ကျဆုံးခန်း

ကျွန်တော်တတိယတန်းသို့ရောက်သောအခါ သူငယ်ချင်းအပေါင်းအသင်း အတော်အတန်ရှိလာ၏။

မိန်းကလေးများသာထိုင်သော ရှေ့ဆုံးခုံတန်း၌ မထိုင်တော့ဘဲ ယောက်ျားလေးများထိုင်သော ခုံတန်းများ၏ ရှေ့ဆုံးအတန်းအစွန်ဆုံး ဆရာနှင့်အနီးဆုံးနေရာမှာ ထိုင်လေသည်။

ကျောင်းအားလပ်ချိန်များ၌ ကျွန်တော့်ပတ်ဝန်းကျင်တွင်ကျောင်းသားများ ဝိုင်းလျက်ရှိနေတတ်သည်။ ကျွန်တော်က ဝတ္ထုဇာတ်လမ်းများ ပြောနေတတ်သောကြောင့် ဖြစ်ပါသည်။ ထိုစဉ်က ရေဒီယိုမှလာသော ဇာတ်လမ်းများကို ကျောင်း၌ ပြန်ပြောသောအခါ သူတို့အလွန်သဘောကျကြသည်။ သူတို့အိမ်၌ ကား ရေဒီယို မရှိကြချေ။ သူတို့က ကျွန်တော်ပြောပြသည့် ရေဒီယိုဇာတ်လမ်းများကို ပွဲတောင်းလွန်းသဖြင့် တစ်ခါတစ်ရံ ရေဒီယိုဇာတ်လမ်းပြောစရာကုန်နေလျှင် ကျွန်တော့်စိတ်ကူးနှင့် ထင်ရာမြင်ရာ ဖြီးဖျန်း၍ လုပ်ဇာတ်လမ်းများ ပြောပြတတ်လာသည်။ ထိုသို့ ပြောသည်ကိုပင် သူတို့က သဘောကျနေတတ်ကြသေး၏။

တတိယတန်း၌ အတန်းသားအားလုံးသည် ကျွန်တော့်ကို စာနှင့်ပတ်သက်လျှင် အထင်ကြီး အားကိုးကြ၏။ ဂဏန်းတွက်လျှင် ကျွန်တော့်ဂဏန်းကို သူငယ်ချင်းမြစိန်က ကူးရေးသည်။ ပြီးမှ ကျန်လူများက တစ်ဆင့်တစ်ဆင့် ကူးယူကြလေသည်။

သီတင်းကျွတ်လရောက်သောအခါ ဆရာက စာတော်သူများကို ခြောက်လပတ်၌ အတန်းတင် ပေးလိုကြောင်း၊ သို့သော်ဤအတန်းထဲ၌ မည်သူ စာတော်သည်ဆိုသည်ကို ကြည့်၍မရ ဖြစ်နေကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဂဏန်းတစ်ပုဒ်ပေးလိုက်လျှင်

http://www.linhtet.com



တစ်ယောက်မှားက တစ်တန်းလုံးမှား၍၊ တစ်ယောက်မှန်က တစ်တန်းလုံးမှန်နေကြောင်း၊ ထို့ကြောင့် ဤအတန်းထဲ၌ " ဆရာ" တစ်ယောက်ယောက် ရှိနေဟန်တူကြောင်းသို့ဖြစ်၍ မိမိသင်ခန်းစာကို မိမိတို့ဘာသာ ကြိုးစားကြစေလိုကြောင်း၊ မိမိသင်ခန်းစာ၏ အဖြေစသည်များကိုလည်း မည်သူ့ကိုမျှ ပြသခြင်း၊ ကူးယူခြင်း မပြုကြစေလိုကြောင်း စသည်ဖြင့် ပြောလာလေ၏။

ကျွန်တော်သည် ဆရာ့စကားကြောင့် မိမိကိုယ်မိမိ ဂုဏ်ယူပီတိဖြစ်မိသော်လည်း မိမိသည် ဤအတန်းထဲ၌ "ဆရာ" ဖြစ်ကြောင်းကိုကား လုံးဝထုတ်ဖော် မပြောမိပေ။ ခြောက်လပတ်၌လည်း အတန်းတက်လိုစိတ် လုံးဝမဖြစ်မိပေ။

သို့သော် မကြာမီရက်ပိုင်းအတွင်း၌ ကျွန်တော်တို့ အတန်းထဲသို့ ကျောင်းသားသစ် ညီအစ်ကို ရောက်လာလေသည်။ သူတို့ညီအစ်ကိုသည် အလွန်ပင် စာတော်ကြလေသည်။ အထူးသဖြင့် ဂဏန်းသင်္ချာ၌ ပိုမိုထူးချွန်၏။ တစ်ခါတစ်ရံ ကျွန်တော်မှားသွားသဖြင့် တစ်တန်းလုံးမှားပြီး သူတို့ညီအကိုသာ ထူးထူးခြားခြားမှန်နေတတ် လေသည်။ ကျွန်တော်သည် သူတို့ညီအကိုကို အလွန်ပင်မုန်းမိပါ၏။ ဆရာသည် သူတို့ညီအစ်ကိုကို ချီးကျူးပြီး ချက်ချင်းပင် စတုဝတ္ထတန်းသို့ အတန်းတင်ပေးလိုက်၏။

ထိုအခါမှ ကျွန်တော့်ရင်ထဲဝယ် မသက်မသာ ခံစားလာရသည်။ ထိုညီအစ်ကိုသည်နောက်မှရောက်လာပါလျက် ယခု ငါတို့ထက်အတန်းကြီးသွားပေပြီ။ ငါသည် သူတို့လိုပင် လူတော် တစ်ယောက်ဖြစ်ပါလျက် ယခုတော့ သူတို့အောက် နိမ့်ကျနေရလေပြီ စသည်ဖြင့် မိမိမာနကို ထိခိုက်မိသွားပြီး နေမထိ ထိုင်မသာရှိနေရသည်။

တစ်နေ့သော် ဆရာက ယခုအခါ အတန်းထဲ၌ လူတော်ရှိနေသေးကြောင်း၊ သို့သော် မည်သူ လူတော်ဖြစ်သည်ကို အကဲခပ်မရကြောင်း၊ လူတော်ကိုတွေ့လျှင် အတန်းတင်ပေးချင်ကြောင်း စသည်ဖြင့်ထပ်ပြောပြန်၏။

http://www.linhtet.com



ထိုအခါ ကျွန်တော်သည် ငါမှန်းသိအောင် ပြလိုက်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်မိတော့၏။ သို့ဖြင့် မိမိတွက်ထားသော ဂဏန်းသင်္ချာများကို ဖြစ်နိုင်သမျှ မည်သူ့ကိုမျှမပြဘဲ (မြစိန်ကိုတော့ပြမိသည်။) မလွှဲသာ၍ ပြခဲ့ရသော်အမှားများကို တွက်ပြလိုက်ပြီး ဆရာ့ကိုပြခါနီးမှ မိမိဘာသာ အမှန်သို့ အမြန်ပြန်ရေးခြင်း များ ပြုလေသောအခါ နှစ်ရက်သုံးရက်အတွင်း ကျွန်တော် " လူတော် "တစ်ယောက်ဖြစ်ကြောင်း ဆရာတွေ့သွားတော့၏။

သို့ဖြင့် ဆရာသည် မြစိန်နှင့်ကျွန်တော့်ကို စတုတ္ထတန်းသို့ တင်ပေးလိုက်ပါတော့သည်။ ထိုသို့ ကျွန်တော် အတန်းတက်ရသည်ကို အတော်စိတ်ကြီးဝင်လျက် ကိုယ့်ကိုယ်ကို အလွန်ကျေနပ်သွား၏။ ကျွန်တော်မုန်းမိသည့် ကျောင်းသားသစ် ညီအကို ကိုလည်း " ငါမှန်းသိပြီလားကွ " ဟူသည့်အဓိပ္ပါယ်မျိုးဖြင့် ခပ်ပြုံးပြုံး မကြာခဏ ကြည့်မိပါသည်။ သူတို့နှင့် အတန်းတူလာခြင်းကိုပင် စိတ်၌ အရသာတစ်မျိုး ထူးနေ၏။

သို့သော် စတုတ္ထတန်းသို့ရောက်ပြီးနောက် မကြာမီမှာပင် အကြီးအကျယ် စိတ်ညစ်ရပါတော့၏။ကျွန်တော်သည် စတုတ္ထတန်း၌ လုံးဝစာမလိုက်နိုင်ချေ။ အထူးသဖြင့် ဂဏန်းသင်္ချာ၌ မည်သို့ပင်ကြိုးစား တွက်ချက်ကြည့်သော်လည်း မတွက်တတ်၊ မချက်တတ်ဖြစ်နေသည်။

မြစိန်သည် စတုတ္ထတန်း၌ ကျွန်တော့်ကို "ဆရာ"တင်၍ မရမှန်း သိလေသောအခါ အခြားသူများထံမှ ဂဏန်းသင်္ချာများကိုခိုးရေးသည်။ မြစိန်ထံမှတစ်ဆင့် ကျွန်တော်တစ်ဖန် ကူးယူရပြန်ပါသည်။ ကျွန်တော်သည် ဤသို့ မိမိဘာသာ မတတ်သဖြင့် သူတစ်ပါးထံ မှ အောက်ကျခံကာ ခိုးကူးရေးနေရသည်ကို လုံးဝ မလိုလား မနှစ်သက်နိုင်ပါ။ အလွန်တရာ စိတ်မချမ်းမသာ ရှိနေရ၏။

ကျွန်တော် မုန်းမိသည့်ညီအစ်ကိုကား စတုတ္ထတန်း၌လည်း စာလိုက်နိုင်သည့်အပြင် အတန်းထဲ၌ စာအတော်ဆုံးများဖြစ်

http://www.linhtet.com



နေသည်။ ဆရာက သူတို့ညီအစ်ကိုကို ခြောက်လပတ်နှင့် အတန်း တက်လာသူများ ဖြစ်သော်လည်း အလွန်တော်ကြောင်း မကြာခဏ ထုတ်ဖော်ချီးကျူး၏။ ကျွန်တော့်စိတ်ထဲ၌ အတော်ပင် မခံချိမခံသာ ဖြစ်နေမိပါ၏။

ကျောင်းသားတစ်ယောက်အဖို့ ကျောင်း၌ စာ မလိုက်နိုင်သောအခါ တဖြည်းဖြည်း စိတ်ဓါတ်ကျ၍ အောက်ကျ နောက်ကျ စိတ်များ ခိုအောင်းလာတော့သည်။

**"ငါတော့ လူညံ့တစ်ယောက်ဖြစ်နေပြီ၊ စာလည်းမတော်တော့ဘူး။ စာလဲမတတ်တော့ဘူး။ ငါဘယ်လိုလုပ်ရမလဲ။ ငါတော့ အသုံးမကျတော့ဘူး။ သွားပြီ"**

ကျွန်တော်သည် ကိုယ့်ဘဝတစ်ခုလုံးကိုပါ အဖတ်ဆည်၍ မရတော့ဘဲ ပျက်စီးရတော့မည်ကဲ့သို့ရင်ထဲ၌ ပြင်းပြင်းထန်ထန် ခံစားနေရသည်။ ဖြစ်နိုင်လျှင် မူလက တတိယတန်းသို့ပင် ပြန်ဆင်းချင်စိတ်ဖြစ်ပေါ်နေမိ သည်။

အိပ်ရာမှနိုးသည်နှင့် ငါကျောင်းတက်ရပေဦးမည် ဟူသော အသိစိတ်ကြောင့် ကျောင်းတက်ရမည်ကို အလွန်ပင် ကြောက်ရွံ့ဝန်လေးနေမိသည်။ ကျောင်းစာများကိုလည်း အလွန်အမင်းကြောက်ရွံ့နေမိသည့်အပြင် တစ်စုံတစ်ယောက်က ကျောင်းစာနှင့် ပတ်သက်၍ ပြောလာမည်ကိုပင် အမြဲတမ်း စိုးရိမ်ပူပန်နေမိ၏။

တစ်နေ့နံနက် ကျောင်းသွားခါနီးတွင် မိမိအဖြစ်ကို မိမိ စဉ်းစားတွေးတောနေမိရင်း လှိုက်လှဲဝမ်းနည်းလွန်းလာသဖြင့် ငိုနေမိသည်။ ကျွန်တော်ငိုနေသည်ကို မေမေတို့မြင်သောအခါ " ဘာဖြစ်သလဲ "ဟုမေး၏။

ကျွန်တော်က ဘာမျှမဖြေသောအခါ နောက်ဆုံး " ဘာလဲ စာမရလို့လား" ဟု မေမေက မေးလာတော့၏။ မေမေ့ မေးခွန်းကြောင့် ကျွန်တော့်မှာ ပိုမိုဝမ်းနည်းသွားမိပြီး မျက်ရည်များ ပိုကျဆင်းလာရလေ၏။

ရွှေမင်းသားစာအုပ်တိုက်

http://www.linhtet.com



" ဘယ်စာမရသလဲ၊ မေမေ့ပြလေ "ဟု မေမေကဆို သော်လည်း ကျွန်တော့်မှာ ဘာမျှမပြနိုင်ဘဲ ငိုမြဲသာငိုနေရ၏။ ငို၍အားရသလောက်ရှိမှ မျက်ရည်သုတ်ပြီး ကျောင်းတက်ရ တော့လေသည်။

ထိုနှစ် စတုတ္ထတန်းတွင် အတန်းတင်စာမေးပွဲကြီး စစ်ခါ နီးကျမှ ကျွန်တော်သည် အနည်းငယ် စာလိုက်နိုင်လာပါသည်။

## အတန်းကုန်ပြီ

ထိုနှစ်သည် စတုတ္ထတန်းစာမေးပွဲကို အစိုးရစစ်သည့် နှစ် ဖြစ်သဖြင့် ကိုယ့်ကျောင်းတွင်ကိုယ်မဖြေဆိုရဘဲ တစ်ဘက်ကမ်း ရှိ အစိုးရအထက်တန်းကျောင်းကြီး၌ သွားရောက် ဖြေဆိုကြရပါ သည်။ ကျွန်တော့်တစ်သက်တွင် ဤတစ်ကြိမ်သာလျှင် အတန်းတင် စာမေးပွဲကြီးကို တကယ်တမ်း ဖြေဆိုခဲ့ဖူးခြင်း ဖြစ်ပါသည်။

ထိုနှစ်တွင် စတုတ္ထတန်းကို ကျွန်တော်အောင်မြင်ပါသည်။ သို့သော် ကျွန်တော်နေသောကျောင်းမှာ မူလတန်းကျောင်းလေး သာဖြစ်သဖြင့် အထက်တန်းကျောင်းသို့ ပြောင်းရပေမည်။ သို့ သော် အထက်တန်းကျောင်းကြီးသည် အိမ်နှင့် ဝေးလွန်းသည့် အပြင် ဆရာဆရာမများသည် ကျွန်တော့်ကယိကထကို ခံနိုင်ရည် ရှိနိုင်မည် မထင်ပါ။

သို့ဖြင့် နောက်ဆုံး၌ "ကဲ ဒီကျောင်းပဲပြန်နေပေါ့ကွာ၊ ဒါမှ ပိုစာကြေတာပေါ့"ဟူသော ဖေဖေ၏ အဆုံးအဖြတ်ကြောင့်နောက် တစ်နှစ်၌ စတုတ္ထတန်းမှာပင် ပြန်လည်ကျောင်းတက်နေရပါသည်။

စတုတ္ထတန်းကိုပင် ဒုတိယနှစ် ကျောင်းပြန်တက်ရသော အခါ စိတ်ထိခိုက် ဝမ်းနည်းရပါသည်။ မိမိနှင့် အတန်းတူခဲ့သူ များကား အထက်တန်းကျောင်းကြီး၌ မိမိထက် အတန်းမြင့်သွား ပေပြီ။ မိမိချစ်ခင်လှသော မြစိန်လည်း မရှိတော့။

သို့သော် စိတ်ဖြေစရာတစ်ခုကား မနှစ်က တတိယတန်း

http://www.linhtet.com



၌ အတူတူနေခဲ့သူများနှင့် ယခုကျွန်တော်နှင့် စတုတ္ထတန်း၌ တူတူနေရခြင်းဖြစ်သည်။ ဤသူများထဲတွင် ညွန့်မောင်နှင့် ကြည်မောင်ကို ကျွန်တော်အတော် ခင်မင်ခဲ့ရပါသည်။ သူတို့နှစ်ယောက်ကား နာမည်ဆင်သော်လည်း ညီအစ်ကို မဟုတ်ကြပါ။

ကျွန်တော်သည် တတိယတန်းတုန်းကလိုပင် မကြာမီ၌ အပေါင်းအသင်း ရောင်းရင်းတို့၏ဆရာ ပြန်ဖြစ်လာပါသည်။ ယခုအခါ ကျွန်တော့်ဘေး၌ မြစိန်မရှိတော့သော်လည်း စိုးတင်ရောက်နေပြီဖြစ်သည်။

စိုးတင်သည် ကျွန်တော့်ထက် အသက်နှစ်ဆခန့်ကြီးသည်။ လူပျိုရွယ်ကျောင်းသားကြီးဖြစ်၏။ သူသည် ကျွန်တော့်ကို နိုင်နင်းစွာ ပွေ့ချီသယ်သွားနိုင်၏။ တစ်ခါတစ်ရံ ကျွန်တော်က နောက်ဖေးနောက်ဖီသွားချင်သည်ဆိုသော် သူသည် ကျွန်တော့်ကို ချီ၍ အိမ်ပြန်ပို့ပေးတတ်ပါသည်။ သူသည် ကျွန်တော့်သည်းညည်းကို အတော်ခံရှာပါသည်။ သူ့ကို ကျွန်တော်များစွာ ချစ်ခင်လာခဲ့မိပါသည်။

စိုးတင်ကြောင့် ကျွန်တော်သည် တစ်သက်တွင် တစ်ကြိမ် နွားလှည်းစီးခဲ့ရဖူးပါ၏။ တစ်ခါတွင်စိုးတင်က ကျွန်တော့်ကို အိမ် လိုက်ပို့ရာ လမ်း၌ နွားလှည်းတစ်စီးနှင့်ကြုံသဖြင့် "မင်းကနွားလှည်းစီးဖူးမှာ မဟုတ်ဘူး၊ စီးဘူးတယ်ရှိအောင် ကြုံတုန်းစီးကြည့်စမ်း"ဟုပြောပြီး ကျွန်တော့်ကို လှည်းနောက်မြီးပေါ် တင်ပေးခဲ့၏။ စိုးတင်သာတင်မပေးခဲ့လျှင် ကျွန်တော် နွားလှည်း စီးဖူးချင်မှ စီးဖူးပေမည်။

## ကျောင်းသားဘဝ လမ်းစပြတ်ပြီ

ကျွန်တော်သည် စတုတ္ထတန်းအောင်ပြီး ဒုတိယနှစ်နေပြီးနောက် ကျောင်းမှ လုံးဝထွက်လိုက်ရသောအခါ အတော်စိတ်ဓါတ်ကျဆင်းသွား၏။ ကျွန်တော့်သူငယ်ချင်းများ ကျောင်းသွား၊ ကျောင်းပြန်ကိုမြင်မိတိုင်း ဝမ်းနည်းခြင်း၊ အားငယ်ခြင်း ဖြစ်မိသည်။

http://www.linhtet.com



သို့သော် သူတို့ကိုမကြည့်ဘဲလည်းမနေနိုင်။ သူတို့ကျောင်းသွား ကျောင်းပြန်ချိန်၌ အိမ်ရှေ့ဝရံတာမှ စောင့်မျှော်ငေးကြည့် နေမိတတ်ပါသည်။ တစ်ခါတစ်ရံ သူငယ်ချင်းများက လှမ်းကြည့်ပြီး ကျွန်တော့်ကို နှုတ်ဆက်သွားလျှင် ကျေနပ်ကြည်နူးမိ၏။

ကျွန်တော့်မှာ ကျောင်းမနေရတော့၍ သူငယ်ချင်း အပေါင်းအသင်းများလည်း မရှိတော့။ သူတို့ကို ကျွန်တော်က မည်မျှပင်ခင်တွယ်သည်ဖြစ်စေ ကျွန်တော့်အိမ်သို့ သူတို့ ရောက် မလာလေသောအခါ ပေါင်းသင်းဆက်သွယ်မှုများ ပြတ်ကုန်သည်။

ထိုအခါ ကျွန်တော်သည် သူတို့ကို စိတ်နာသလိုလို ဖြစ် လာသည်။ တတ်နိုင်သမျှ သူတို့ကို ရင်ထဲ ခေါင်းထဲက ထုတ်ပယ် ပစ် ထားတတ်လာပါသည်။

သူငယ်ချင်းများထဲတွင် ညွှန့်မောင်နှင့် ကြည်မောင်သာ ကျွန်တော့်အိမ်သို့ တစ်ခါတစ်ရံလာတတ်၍ အဆက်အသွယ်မပြတ် ဘဲရှိသည်။သူတို့နှစ်ယောက်လာတိုင်း"သူငယ်ချင်းရယ် ငါ့ဆီကိုအမြဲ လာပါနော်" ဟုကျွန်တော်က တောင်းတောင်းပန်ပန် ပြောမိသည်။

ထိုအခါ သူတို့က "ငါတို့လာချင်ပါတယ်၊ ဒါပေမယ့် မင်းတို့အိမ်က တံခါးအထပ်ထပ်ပိတ်ထားတော့ ငါတို့က လာရ ခက်တယ်၊ သိပ်မလာချင်ဘူး"ဟု ဆိုတတ်သည်။

## ဖြေဖျော်စရာ အနုပညာ

သို့ဖြင့် ကျွန်တော်သည် မိမိစိတ်ကို ဖြေသိမ့်စရာရှာတတ် လာသည်။ စိတ်ကူးရရာကလေးများကို အမြဲလိုလို ပန်းချီဆွဲနေ တတ်သည်။ မဂ္ဂဇင်းစာအုပ်များမှ ပန်းချီများကိုလည်း ကူးယူဆွဲ တတ်သည်။

မေမေတို့က " ရန်ကုန်သွားမယ်၊ မောင်စိန်ထွေး ဘာမှာ မလဲ"ဟု ခရီးသွားခါနီးမေးတိုင်း ကျွန်တော်လိုချင်တပ်မက်စွာ ထို စဉ်က မှာတတ်သည်မှာ " ပုံဆွဲစာအုပ်ရယ်၊ ဝါတာကာလာဗူး

http://www.linhtet.com



ရယ်၊ စုတ်တံရယ်ဝယ်ခဲ့ပါ မေမေ” ဟူသည်သာဖြစ်ပါသည်။ ရန်ကုန်မြို့သို့ ကျွန်တော့်မိဘများသွားတိုင်း ဤပစ္စည်းလေးများသာ မရိုးနိုင် အောင် မှာတတ်ပါသည်။ မေမေကလည်း တစ်ခါတစ်ရံ မေမေ့ စိတ်ကူးနှင့် ကောင်းနိုးရာရာ ပန်းချီပစ္စည်းလေးများ ဝယ်လာပေးတတ်ပါသည်။

ပန်းချီဆွဲသည်ဆိုသော်လည်း ဆရာနှင့်စနစ်တကျ သင်ယူထားခြင်း မဟုတ်သဖြင့် ကျွန်တော်ရေးဆွဲသမျှ ပန်းချီများသည် ပန်းချီဟု ဆိုနိုင်ကောင်းမှ ဆိုနိုင်မည်ထင်ပါသည်။

သို့သော် ကျွန်တော့်စိတ်၌ ကား နောင်တစ်နေ့တွင် ငါ ပန်းချီဆရာကြီး ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထား၏။ ပန်းချီဆွဲနေစဉ်အချိန်၌ စိတ်အလွန်ပင် ကျေနပ်အေးချမ်း နေတတ်ပါသည်။ ပန်းချီတစ်ပုံ ပြီးသွားပြန်လျှင်လည်း မိမိလက်ရာကို မိမိကြည့်၍ ချမ်းမြေ့ကြည်နူးနေမိသည်။

ထိုအချိန်လောက်၌ ကျွန်တော်သည် စာဖတ်သည့် အလေ့အကျင့်တစ်ခုလည်းရလာခဲ့သည်။ မေမေက “ငါ့သားပျင်းနေမယ်” ဟုဆိုကာ အရုပ်စာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ ဝယ်လာပေးတတ်သည်။ ဆွေမျိုးထဲမှ အချို့ကလည်း ပုံပြင်စာအုပ်ကလေးများကို ကျွန်တော်ဖတ်ဖို့ ပေးတတ်၏။

## စာပေနှင့်ဖေဖေ

စာဖတ်ရာ၌ မူ ကျွန်တော့်အတွက် ပြဿနာတစ်ခုရှိသည်။ ဖေဖေသည် ဝတ္ထုစာအုပ်ဖတ်ခြင်းကို မကြိုက်။ ကိုကိုမောင်မြသိန်း ဝတ္ထုစာအုပ်ဖတ်သည်ကိုမြင်လျှင် ဆူပူကြိမ်းမောင်းတတ်သည်။ တစ်ခါတစ်ရံ ဝတ္ထုစာအုပ်ကို လွှင့်ပစ်တတ်၏။ ထို့ကြောင့် ကျွန်တော်တို့အိမ်တွင် စာအုပ်ရှားပါးပါသည်။

တစ်နေ့တွင် ကျွန်တော် မဂ္ဂဇင်းတစ်အုပ် ဖတ်နေသည်ကို ဖေဖေမြင်သောအခါ “ သည်ဝတ္ထုစာအုပ်ဘယ်ကရသလဲ ” ဟု

http://www.linhtet.com



မေးပါသည်။

" မေမေဝယ်ပေးတာပါ "

ကျွန်တော်၏အဖြေကို ဖေဖေသည် မနှစ်မြို့ဟန်ရှိ သော်လည်း ကျွန်တော့်ကိုကား မည်သို့မျှမပြော။ ထမင်းစားသောအခါမှ ထမင်းစားခန်းထဲ၌ မေမေ့အား အပြစ်တင်ပြောဆိုနေသံကို ကျွန်တော်ကြားလိုက်ရပါသည်။

"ဘာဖြစ်လို့ ကလေးကို ဝတ္ထုစာအုပ် ဝယ်ပေးရတာလဲ"

"ဩော် သူ့မှာ စာအုပ်နဲ့ပဲ အပြင်းဖြေနေရတာ၊ သည်လိုစာဖတ်မှလည်း ဗဟုသုတ ရှိတော့မှာပေါ့"

" စာဖတ်စေချင်ရင် ငါးရာ့ငါးဆယ်တို့၊ ဗုဒ္ဓဝင်တို့ ဖတ်ခိုင်းပါလား၊ သည်အရွယ်နဲ့ ဝတ္ထုဖတ်ဖို့ မကောင်းဘူး"

"သူဝတ္ထုမဖတ်ပါဘူး၊ ဟိုတနေ့က ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဖတ်နေသံကြားပါတယ်"

" ဘာဖြစ်ဖြစ် ဝတ္ထုစာအုပ်ဖတ်တာတော့ မကြိုက်ဘူး။ နောက် ဝယ်မပေးနဲ့"

ဖေဖေက တစ်ချက်လွှတ်အမိန့် ချမှတ်လိုက်ပါသည်။

သို့သော် မေမေသည် ကျွန်တော့်အား မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို လစဉ်ဝယ်၍ ပေးမြဲပေးပါသည်။

" မင်းအဖေရှေ့မှာ မဖတ်နဲ့နော်၊ ဖတ်ပြီးရင်လည်း စာအုပ်ကို သိမ်းထား၊ ကြားလား"ဟု မေမေက ကျွန်တော့်ကို မှာထားပါသည်။ သို့ဖြင့် ကျွန်တော်သည် ဖေဖေအလုပ်သွားချိန်များ၌ သာ မဂ္ဂဇင်းစာအုပ်ကိုဖတ်ပြီး ဖေဖေအလုပ်မှပြန်လာသောမော်တော်ကားသံကြားသည်နှင့်တပြိုင်နက် မဂ္ဂဇင်းစာအုပ်ကို သိမ်းထားလိုက်ရပါ၏။

## <u>တိုးတက်လာခြင်း</u>

"မင်းအိမ်မှာ ဘာအသုံးကျသလဲ၊ အလကားပိုနေတာပဲ"

Shwe Minn Tha Book

http://www.linhtet.com



ကျွန်တော့်အိမ်သားများသည် တစ်ခါတစ်ရံ ကျွန်တော့်ကို နောက်ပြောင်ကျီစယ်လိုသည့်သဘောဖြင့် ထိုသို့ပြောတတ်ပါသည်။ သူတို့အနေဖြင့် အလေးအနက်သဘောထား ပြောသည်မဟုတ် သော်လည်း ကျွန်တော့်မှာကား မိမိအားနည်းချက်ကို ထိခိုက်၍ စိတ်၌ လေးနက်သွားရတတ်ပါသည်။

" ဆန်ကုန် မြေလေး "

ထိုစဉ်က ဤဆန်ကုန်မြေလေးဆိုသော စကားသည် အတော်ခေတ်စားနေပါသည်။ လူတစ်ယောက်ကို လောက၌ ဘာမျှ အသုံးမကျဘူးဟု ဆဲသည့်သဘောမျိုး သုံးလေသည်။

ထိုစကားလုံးကြောင့် ကျွန်တော့်စိတ်မှာ ဝမ်းနည်းခြင်း ရှိရပါသည်။

**"ဟုတ်ပါတယ်၊ငါဟာဆန်ကုန်မြေလေးပဲ၊ ငါအသက်ရှင်နေတာ ဆန်ကုန်တာနဲ့ မြေလေးရရုံပဲ ရှိမယ်၊ ငါ့ဘဝဟာ ဆန်ကုန်မြေလေးဘဝပဲ"**

ထိုအချိန်၌ အိမ်ထဲတွင် ကျွန်တော့်ဝေယျာဝစ္စများကို ကိုယ့်ဘာသာကိုယ် ဆောင်ရွက်နေနိုင်ပြီ ဖြစ်သည့်အပြင် ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ကူညီအကျိုးပြုနိုင်ရန် ကြိုးပမ်းလာမိလေသည်။

ကျွန်တော်သည် မေမေမီးဖိုချောင်ထဲ၌ အလုပ်ရှုပ်နေသောအခါ ပြုတ်သီးထောင်းပေးခြင်း၊ ဟင်းရွက်သင်ပေးခြင်း၊ ထိုင်ပြီးလုပ်နိုင်သော အသေးအမွှားကိစ္စများကို ဆောင်ရွက်ပေးခြင်းဖြင့် အကူအညီပြုလာခဲ့မိ၏။

ကျွန်တော်ပြုတ်သီးထောင်းနေစဉ် အပြင်လူတစ်ယောက် ရောက်လာပြီး တွေ့မြင်သွားပါက"ဟာ ဘာဖြစ်လို့ သူ့ကိုခိုင်းရတာလဲ၊ သနားပါတယ်" ဟုပြောတတ်သည်။ ထိုအခါ မေမေက "ခိုင်းတာ မဟုတ်ပါဘူး၊ သူ့ဘာသာဝင်လုပ်နေတာပါ၊ အလကား အား နေတော့ ပျင်းနေမယ် မဟုတ်လား"ဟု ပြန်ပြောတတ်၏။

အချို့ကလည်း ကျွန်တော် ပြုတ်သီးထောင်းနေသည်ကို

http://www.linhtet.com



မြင်လျှင်"ကောင်းတယ်၊ ကောင်းတယ် လုပ်ပေး။ ဒီလိုလုပ်ကိုင်ပေးမှ လက်လည်းသန်လာမယ်၊ ဘာမဆို ပိုပြီးကျွမ်းကျွမ်းကျင်ကျင် လုပ်လာမယ်" စသည် ဖြင့် အားပေးအားမြှောက် ပြုကြလေသည်။

ကျွန်တော့်အနေနှင့်မူ "ငါလုပ်နိုင် ကိုင်နိုင်တယ်" ဟူ သည့် စိတ်က လူကို ပိုမိုတက်ကြွ အားရှိစေသဖြင့် လုပ်ရကိုင်ရ၊ လုပ်နိုင်ကိုင်နိုင်ခြင်းကို ကျေနပ်ဝမ်းမြောက်မိ၏။ထိုအခါမျိုးတွင် ဘာမျှ မလုပ်နိုင် မကိုင်နိုင်သည့် မစွမ်းမသန်သော"ဒုက္ခိတဘဝ"ဟူသည့် ချောက်ချားစရာ အသိတရားကြီးကလည်း မှေးမှိန်လာသလိုရှိသည်။

ကျောင်းထွက်ခဲ့ပြီးနောက်ပိုင်း၌ ကျွန်တော်အလွန်ဆော့လာ၏။ ညီအစ်ကိုတတွေအိမ်ပေါ်မှာပင် ဘောလုံးကန်ကြလေသည်။ ကျွန်တော်က ဂိုးစောင့်လုပ်၏။ တစ်ခါတစ်ရံ အိမ်ရှေ့လှေကားထစ်မှာ ထိုင်၍စွန်လွှတ်သည်။ တစ်ခါတစ်ရံလည်း မြေကြီး၌ တွင်းတူးဆော့ခြင်း၊ အိမ်ဆောက်တမ်းဆော့ခြင်း စသည်ဖြင့် ကိုကိုနှင့်ကစား သည်။ ကိုကိုက သစ်ပင်တက်လျှင် ကျွန်တော်က သစ်ပင်အောက်မှ အော်ဟစ်ပြောဆိုနေခြင်းဖြင့် ပျော်ရွှင်သည်။ တစ်ခါတစ်ရံညွန့်မောင်နှင့် ကြည်မောင်တို့ လာသောအခါ အိမ်နောက်ဘက် ခြံကြီးထဲမှမန်ကျည်းသီးများခူး၍ ထောင်းစားရသည်မှာ ပျော်စရာ အလွန်ကောင်းသည်။

## ရှင်ပြုပေးခြင်း

ကိုကို၊ ကျွန်တော်နှင့် ညီတစ်ဝမ်းကွဲတို့ သုံးယောက်ပေါင်းကို ဖေဖေသည်ကြီးကျယ်စွာ ရှင်ပြုပေး၏။ ကျွန်တော်တို့ သုံးယောက်သည်အိမ်၏နောက်ဖက်ရှိ ဖားကူးကျောင်းတိုက်၌ ရှင်သာမဏေအဖြစ် ခုနစ်ရက် နေကြရ၏။ ကျွန်တော်တို့ အလွန်ပျော်ကြ၏။ဘုန်းတော်ကြီးကျောင်းတွင် ကျွန်တော်နှင့်အတူ ဦးဘိုးအောင်က လိုက်နေပေးခဲ့ရ၏။

* * * * * * *

Shwe Minn Tha Book

http://www.linhtet.com

ခြောက်

# အသန့်ကြိုက်သူ မောင်သောင်းကျန်း

၁၉၅၃ ခုနှစ်ကုန်ခန့် အချိန်လောက်က ကျွန်တော်တို့ မိသားစုသည် သုံးဆယ်မြို့မှ ပဲခူးမြို့သို့ ပြောင်းရွှေ့နေရန် အကြောင်းပေါ်လာတော့သည်။

ဖေဖေသည် ပဲခူးမြို့လယ်မှ ချောင်းကူးတံတားကြီးကို ဆောက်လုပ်ရန် ကန်ထရိုက်အလုပ် ရရှိသောကြောင့် ဖြစ်ပါသည်။

ဤနေရာတွင် ကျွန်တော့်မိဘတို့၏အကြောင်းကို ဖော်ပြသင့်သည် ထင်ပါသည်။

## <u>ကျွန်တော့် မိဘ</u>

ဖေဖေ၏အမည်မှာ ဦးထွန်းတင်ဖြစ်၍ မေမေ၏အမည်မှာ ဒေါ်သန်းကြည် ဖြစ်ပါသည်။

ဖေဖေသည် ကုန်သည်ဈေးသည်မျိုးရိုးဖြစ်၍ မေမေသည် မင်းစိုးရာဇာ အရာရှိမျိုးရိုးဖြစ်ပါသည်။ ဖေဖေ့ဘက်မှ လူကြီးများသည် ငွေဂုဏ် ဓနဂုဏ် မောက်တတ်သကဲ့သို့ပင် မေမေ့ဘက်မှ လူကြီးများသည်လည်း ရာထူးဂုဏ် အာဏာဂုဏ် မောက်တတ်ပါသည်။ သို့သော် ဖေဖေနှင့်မေမေ၌ တူညီသောအချက်ကား ထိုစိတ်ဓါတ်များ လုံးဝမရှိခြင်းပင် ဖြစ်ပါသည်။

ဖေဖေသည် သုံးဆယ်မြို့တွင်မွေး၍ သုံးဆယ်မြို့မှာပင်ကြီးပြင်းသည်။ မေမေကမူ ရန်ကုန်မြို့မှာ မွေးပြီး ပဲခူးမြို့မှာကြီးပြင်းရ၏။ ဖေဖေနှင့်မေမေတို့၏ တူညီသည့် အခြားအချက်တစ်ခုမှာ နှစ်ဦးစလုံး ကလေးအရွယ်၌ ပင် သူတို့မိခင်များ ဆုံးပါးသွားခဲ့ရခြင်းဖြစ်ပါ၏။

ဖေဖေသည် ဆယ်တန်းအောင်မြင်သောအခါ အင်းစိန်

http://www.linhtet.com



အင်ဂျင်နီယာကျောင်း၌ ပညာဆက်သင်၏။ ပဲခူးလျှင်ကြီးလှုပ်ပြီးစ အချိန်၌ ဖေဖေသည် ပဲခူးမြူနီစီပယ်ဌာနတွင် အင်ဂျင်နီယာပေါက်စလေး ဖြစ်နေလေပြီ။ ထိုအချိန်မှာပင် မေမေနှင့် အိမ်ထောင်ကျသည်။ နောက် အစိုးရလမ်းဌာန၌ လမ်းဗိုလ်လေးအဖြစ် ပြည်ခရိုင်တွင် အလုပ်ပြောင်းလုပ်၏။ အင်္ဂလိပ်အစိုးရလက်ထက် လမ်းဗိုလ်ဘဝ၌ ရသည့် လခမှာ မလောက်မငနှင့် အနေအထိုင်ကျပ်တည်း၏။ ထိုစဉ် လမ်းဝန်ထောက်ရာထူးသို့ တိုးမြှင့်ရရှိရန် အခြေအနေဖြစ်လာသည်။ အစဉ်အလာအားဖြင့်ဆိုလျှင် ထိုရာထူးကို ဖေဖေရရန် သေချာနေသည်။ သို့သော် ငွေနှစ်ထောင်လာဘ်မထိုးနိုင်သဖြင့် ဖေဖေသည် ထိုရာထူးကို မရဘဲ အပြင်မှလူသစ်တစ်ယောက်က ရသွား၏။

အင်္ဂလိပ်အစိုးရလက်အောက်၌ ၁၈ နှစ်ကျော်ကျော် အမှုထမ်းလာခဲ့ပြီးသော ဖေဖေသည် အင်္ဂလိပ်အစိုးရ၏ ဗျူရိုကရေစီယန္တရားကြီးကို အလွန်စိတ်နာကျည်းလာ၍ အပေါင်းအသင်းများက ဝိုင်းတားသည့် ကြားမှပင် အလုပ်မှ နှုတ်ထွက်လိုက်၏။

ထို့နောက် ဖေဖေ၏ စာမေးပွဲအောင်လက်မှတ်များနှင့် နာမည်ကောင်း လက်မှတ်များကိုပင် မေမေ့ အား မီးပုံရှို့ခိုင်းခဲ့၏။

ဖေဖေသည် မိမိ မှန်ကန်သည်ထင်သောအရာကို အမှန်တရားဟုစွဲမှတ်ပြီး သူတစ်ပါးကိုလည်း မိမိ မှန်ကန်ယုံကြည်သည့်အတိုင်း လက်ခံစေလိုတတ်၏။ မိမိမှန်ကန်သည်ထင်သည့်အရာနှင့် ဆန့်ကျင်မှုကို အမှားအဖြစ် မြင်တတ်လေသည်။ သူတစ်ပါးကိုလည်း မိမိအမြင်အတိုင်းဖြစ်ရန် ကြိုးပမ်းသည်။

သားသမီးများအပေါ်၌ လည်း ဖေဖေသည် မိမိ မှန်ကန်ယုံကြည်မှုအတိုင်း အုပ်ချုပ်၏။ မိမိက ကောင်းသည်ထင်သောအရာကို သားသမီးများအား အတင်းအကျပ်လောက်နီးနီး ပြုမူလုပ်ကိုင်စေတတ်၏။မိမိမကောင်းထင်သည့် အရာမှာလည်း အတင်းအဓမ္မ တားဆီးပိတ်ပင်တတ်လေသည်။

Shwe Minn Tha Book

http://www.linhtet.com



## ဖေဖေနှင့်မေမေ မတူညီချက်

မေမေနှင့်ဖေဖေသည် စိတ်နေစိတ်ထား အတော်အတန် ခြားနားသည်။ မေမေသည် မိမိ ကြိုက်နှစ်သက်သည့်အရာကို သူ တစ်ပါးအား အတင်းအဓမ္မ တိုက်တွန်းခြင်းမပြုတတ်သကဲ့သို့မိမိ မကြိုက်နှစ်သက်သော အရာကိုလည်း သူတစ်ပါးအား တားဆီးခြင်း၊ ကန့်ကွက်ခြင်း ပြုလေ့မရှိချေ။

ဖေဖေနှင့်မေမေသည် သားသမီးများအပေါ် စေတနာ ချင်း တူသော်လည်း အပြုအမူချင်းကား ခြားနားလှလေသည်။ အခြေခံ၍ ဖေဖေသည် " အမာ " ဖြစ်၍ မေမေက " အပျော့ " ဖြစ်နေလေသည်။

ကျွန်တော်တို့ မောင်နှမတတွေသည် ငယ်စဉ်ကဖေဖေ့ ကို အလွန်ကြောက်ရွံ့ခဲ့ရသူများ ဖြစ်ပါသည်။ ဖေဖေသည် ရိုက်စရာ ရှိလျှင် ကျွန်တော်တို့အားလုံးကို တစ်ညီတစ်ညာတည်း ရိုက်တတ် ပါသည်။ ကျွန်တော်သည်လည်း ငယ်စဉ်က ဖေဖေ၏ ရိုက်နှက်ခြင်း ကိုများစွာ ခံခဲ့ရဖူးပါသည်။ ကျွန်တော်သည် ဖေဖေ၏ ရိုက်နှက်မှု ကြောင့် နာကျင်ခြင်းထက် ဝမ်းနည်းခြင်းက ပိုသဖြင့် ငိုခဲ့ရသည့် အကြိမ်ပေါင်းမှာမနည်းပါ။မေမေကမူ ရိုက်နှက်ဆုံးမလေ့ မရှိပေ။ ကျွန်တော်တို့သည် ကြောက်ရွံ့မှုကြောင့် ဖေဖေ့ရှေ့တွင်ဆိုပါက စကားပင် ကောင်းကောင်း မပြောတတ်သလိုရှိသည်။ ဖေဖေက လိုက်လိုက်လျောလျောပြောမှ ကျွန်တော်တို့မှာ ပြောရဲဆိုရဲ ဖြစ်ရ ပါသည်။

မေမေသည် ကျွန်တော်တို့ကို လိုက်လျောယုယ ရင်းရင်း နှီးနှီးရှိသဖြင့် မေမေ့ထံမှ ထိုအပြုအမူလေးများ ဆုံးပါးသွားမည် ကို ကျွန်တော်တို့ အလွန်ကြောက်ကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် မေမေ၏ အပြောအငြင်ကို မခံဝံ့သဖြင့် မေမေနှင့် အတင်းအဓမ္မဆန့်ကျင်မှု မပြုလုပ်ကြပါ။ မေမေနှင့်အပေး အယူ မျှတအောင်သာ နေထိုင်ကြလေ့ရှိပါ၏။

http://www.linhtet.com



## ဖေဖေ၏ဘာသာရေးစိတ်ဓါတ်

ဖေဖေသည် အင်္ဂလိပ်အစိုးရ၏ လခစားဘဝမှ ထွက်ခဲ့ပြီးနောက် မိမိတတ်ကျွမ်းသော အင်ဂျင်နီယာပညာဖြင့် အဆောက်အအုံများ၊ လမ်းများ၊ တံတားများကို ကန်ထရိုက်ယူ၍ တည်ဆောက်၏။ စစ်ပြီးစ အချိန်ဖြစ်သဖြင့် ပြန်လည်တည်ဆောက်ရသည့် အလုပ်များမှာ အလွန်များပြား၏။ သို့သော် ထိုစဉ်က ယင်းသို့သော ကန်ထရိုက်လုပ်ငန်းများမှာ နိုင်ငံခြားသားများ၏ လက်ထဲတွင်သာရှိသည်။ နိုင်ငံခြားသားများချည်း လက်ဝါးကြီးအုပ်ထားသည့် စီးပွားရေးစနစ်အောက်တွင် မိမိလုပ်ငန်းများ အောင်မြင်အောင် ရုန်းကန်ရသည်မှာ တကယ်တော့ မလွယ်လှချေ။ သို့သော် နိုင်ငံခြားသားများနှင့် ပခုံးချင်းယှဉ်၍ “ မြန်မာအင်ဂျင်နီယာများ သမဂ္ဂလီမိတက် ” ဟူသော အမည်ဖြင့် လုပ်ငန်းများ လုပ်ကိုင်နိုင်လာခဲ့သည်။

ပဲခူးတံတားကိုလည်း ဖေဖေသည် နိုင်ငံခြားသားများနှင့်ပင် ယှဉ်လုခဲ့ရ၏။သည်ကြားထဲ ဂျပန်များ တံတားလာဆောက်မည်ဟု သတင်းပြေးနေသဖြင့် “ဒါလောက် တံတားတော့ မြန်မာအင်ဂျင်နီယာတွေလည်းဆောက်နိုင်တယ်ဆိုတာ ပြရတာပေါ့”ဟု ဖေဖေက ဆို၏။

ပဲခူး ရွှေမော်ဓောစေတီတော် တည်ဆောက်ရာမှာလည်း လုပ်ငန်းအချို့ကို ဖေဖေတို့ကုမ္ပဏီအား ပေး၏။ “ဘုရား ပိုက်ဆံတော့ မယူပါရစေနဲ့ဗျာ”ဟု ဖေဖေတို့က ငြင်းသော်လည်း “ခင်ဗျားတို့မယူရင် နိုင်ငံခြား သားတွေ ယူသွားမှာပဲ”ဟု ဆိုသဖြင့် နောက်ဆုံးလုပ်ငန်းအချို့ကို လက်ခံခဲ့ရ၏။ ထိုမှရရှိသော အမြတ်ငွေကို ရွှေမော်ဓောစေတီတော်၏ မြို့ဘက်တွင် သံစောင်းတန်းကြီးတစ်ခု ဆောက်လုပ်လှူဒါန်း ပစ်ခဲ့၏။

ဖေဖေသည် ဘာသာရေးဆိုင်ရာ အဆောက်အအုံဆောက်လုပ်ရေး၊ ပြုပြင်ရေးကိစ္စများတွင်အများအားဖြင့် စေတနာ့ဝန်ထမ်း

http://www.linhtet.com



ဆောင်ရွက်ပေးတတ်ပါသည်။ မိမိပညာကိုလှူခြင်း ဆိုပါသည်။

ဖေဖေ့တစ်သက်တွင် ကျွန်တော်သိသော ထူးခြားသည့် အလှူပေးမှုမှာ ရေလှူခြင်း ဖြစ်ပါသည်။

သုံးဆယ်မြို့တွင် ကျွန်တော်တို့နေထိုင်ရာ အနီး ပတ်ဝန်းကျင်၌ ရေအလွန်ရှား၏။ ထို့ကြောင့် ဖေဖေသည် မိမိခြံထဲ၌ အဝီစိတွင်း တစ်တွင်းတူး၍ အနီးပတ်ဝန်းကျင်ကို စက်ဖြင့်ရေလှူ၏။ အိမ်ရှေ့၊ အိမ်ဘေးတို့၌ ရေပိုက်ခေါင်းများ တပ်ဆင်ပေးပြီး နေ့စဉ် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ရေလွှတ်ပေး၏။ ရေခပ်သူများမှာ အလွန်ပင်များပြားသဖြင့် ရေခပ်ရင်း တစ်ခါတစ်ရံ ရန်ဖြစ်ကြ၏။

ထိုရေပေးချိန်များ၌ ဖေဖေသည် အိမ်ရှေ့တွင်မနေဘဲ အိမ်နောက်ဘက်၌ ရှောင်နေတတ်ပါသည်။

" သည်လူတွေကိုကြည့်ပြီး စေတနာပျက်သွားရင် ခက်မယ်၊ လူဆိုတာခက်သား " ဟုဖေဖေကဆို၏။

ထိုရေခပ်သူများသည် ရန်ဖြစ်ပြီးသောအခါ ဖေဖေ့ကိုလာ၍ တိုင်ကြတောကြ၏။ သူတို့၏ပြောစကားများကို ဖေဖေသည် လက်သင့်ခံ နားထောင်ခြင်းမရှိပဲ ဤသို့သာ ပြန်ပြောတတ်၏။

" ပေးတဲ့လူက စေတနာနဲ့ပေးနေမှပဲ၊ ယူတဲ့လူအချင်းချင်း သင့်တင့်မျှတအောင် အေးအေးချမ်းချမ်း ဝေမျှယူကြပေါ့ဗျာ "

သည်မျှဆိုလျှင် ကျွန်တော့်မိဘ၏ စီးပွားရေး၊ လူမှုရေးနှင့် စိတ်ဓါတ်အခြေအနေစသည်များ ပေါ်လွင်လောက်ပြီထင်ပါသည်။

## ပဲခူးအိမ်တွင်

ပဲခူးမြို့သို့ရောက်သောအခါ ကျွန်တော့်၌ ပြဿနာ တစ်ခုပေါ်လာသည်။ ပဲခူးမြို့တွင် ငှားရမ်းနေထိုင်ရသော အိမ် အောက်ထပ်မှာ သမံတလင်းခင်းဖြစ်၏။ သို့ဖြစ်၍ ကြမ်းခင်း အိမ်လို ကျွန်တော် ဖင်ရွှေ့သွား၍ မဖြစ်တော့ချေ။အိမ်တွင်း၌ သွားလာ နိုင်ရန် နည်းလမ်းရှာရာ ရက်အနည်း ငယ်အတွင်း၌ နည်းလမ်းတွေ့

http://www.linhtet.com



သွား၏။

ဖေဖေသည် ကျွန်တော့်ခြေထောက် သန်စေရန်ဟူသော ရည်ရွယ်ချက်နှင့် ခြေနင်းကလေးစီး ဂျစ်ကားလေးတစ်စီး ဝယ်ပေးထားခဲ့ဖူးသည်။ ယင်းဂျစ်ကားလေးကို ကျွန်တော့်ခြေဖြင့် မနင်းနိုင်သဖြင့် မည်သို့မျှ အသုံးမကျဘဲရှိခဲ့ရာ ယခုသမံတလင်းအိမ်၌ မှ အသုံးကျလာသည်။

ကျွန်တော်က ယင်းဂျစ်ကားလေးပေါ်မှာ အမြဲထိုင်နေ၏။ အိမ်တွင်း၌ ဟိုဟိုသည်သည် သွားလာရန်ကိစ္စရှိလျှင် တစ်စုံ တစ်ယောက်က ဂျစ်ကားလေးကို တွန်းပေး၏။

ထိုသို့နေရသည်ကို ရက်အတန်ငယ်ကြာလာသောအခါ ကျွန်တော်စိတ်ရှုပ်လာ၏။ ကျွန်တော့်၌ ကိစ္စရှိတိုင်း သူတစ်ပါးကို အားကိုးနေရသည်။ သူတို့တွန်းပို့ပေးပါမှ သွား၍လာ၍ ရွေ့ရှား၍ရသည်။ သည်အချက်ကို ကျွန်တော်စိတ်ညစ်သည်။

သည်ဂျစ်ကားလေးကို ရွေ့ရှားသွားစေအောင် မိမိဘာသာ မည်သို့ ပြုလုပ်နိုင်သနည်းဟု ကြံစည်စဉ်းစားသည်။ ခြေထောက်ဖြင့် မနင်းနိုင်သည်ကြောင့် ဂျစ်ကားသည် မရွေ့တော့ပြီလော။ ခြေထောက်ဖြင့် မနင်းဘဲလည်း ရွေ့နိုင်စရာနည်းလမ်း ရှိရမည်။

အမျိုးမျိုးစမ်းသပ် ပြုလုပ်ကြည့်သည်။ နောက်ဆုံး ဂျစ်ကားလေး၏ ခြေနင်းအတံ အရင်းပိုင်းကို လက်ျာလက်ဖြင့် လိုအပ်သလို လှုပ်ရှားပေးရာ ဂျစ်ကားလေးသည် မိမိလိုရာခရီးသို့ထွက်ခွာသွားပါလေတော့၏။ သို့ဖြင့် အိမ်တွင်းသွားလာရေးပြဿနာ ပြေလည်သွားရ၏။

နောက်ပိုင်း ထိုဂျစ်ကားလေး ပျက်စီးစပြုလာသောအခါ ခြေမသန်သူများ အသုံးပြုလေ့ရှိသော ဘီးတပ်ကုလားထိုင်ကို ဗိုလ်အုန်းသီးတွင် ဖေဖေကပုံစံပြုလုပ်စေပြီး အသုံးပြုလာခဲ့ရသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

http://www.linhtet.com



## ဆရာကို စမ်းမိပုံ

ပဲခူးမြို့တွင် နေထိုင်ခဲ့စဉ်အတွင်း အင်္ဂလိပ်ဘာသာကို ဆရာမကြီးတစ်ဦးနှင့် သင်ယူခဲ့ရလေသည်။ ဂဏန်းသင်္ချာကိုမူ ပထမဆရာတစ်ယောက်နှင့် သင်ယူရ၏။သင်္ချာဆရာသည် ကျွန်တော့်ကို အစိုးရစစ် ခုနစ်တန်းစာမေးပွဲ ဝင်ဖြေရန် အတင်းတိုက်တွန်း၏။ " အောင်မှာ သေချာပါတယ် " ဟုလည်းဆို၏။

မှန်ပါသည်။ အကယ်၍သာ ကျွန်တော်သည် ထိုနှစ်က ခုနစ်တန်း အစိုးရစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ပါလျှင် လုံးဝ မဖြေဆိုနိုင်သော်လည်း စာမေးပွဲအောင်မည်မှာ သေချာပါသည်။ အဘယ့်ကြောင့်ဆိုသော် စာမေးပွဲမေးခွန်း ပေါက်ကြားသည့်ကိစ္စနှင့်ပတ်သက်ပြီး ကျောင်းသားများ ဆူပူမှုဖြစ်ကာ နောက်ဆုံး ကျောင်းသားအားလုံးကို အအောင်ပေးခဲ့သော " ဟယ်ရီတန်ခုနစ်တန်းစာမေးပွဲ "နှစ် ဖြစ်သောကြောင့်တည်း။

ပထမသင်္ချာဆရာသည် သူ၏ကိုယ်ရေးကိုယ်တာကြောင့် ကျွန်တော့်အား စာဆက်သင် မပေးနိုင်လေသောအခါ ကျွန်တော့်မိဘတို့၏ တောင်းပန်မှုကြောင့် ဒုတိယသင်္ချာဆရာကိုသူ့ကိုယ်စားထားခဲ့သည်။ဒုတိယဆရာနှင့် ကျွန်တော် ဆက်လက်သင်ယူရာတွင် ကျွန်တော်၏ ဂဏန်းသင်္ချာ အဖြေများသည် အမှားမရှိဘဲ အမြဲတန်းမှန်နေတတ်သည်ကို ကျွန်တော်သတိထားမိလာ၏။"ငါတော်လို့ပဲ အမှန်တွေချည်းရနေတာလား၊ ငါမှားတာကိုပဲ ဒီဆရာ မသိလို့လား" စသည်ဖြင့် ကြာသော် ကျွန်တော် သံသယဖြစ်လာသည်။

သို့ဖြင့် တစ်နေ့၌ ကျွန်တော်သည် ဂဏန်းကို မှားအောင် တွက်ထားလိုက်သည်။ ဆရာသည် ကျွန်တော့် ဂဏန်းများကို စစ်ဆေးသောအခါ " မှန်၏မှန်၏ "ဟု နှုတ်မှရွတ်ဆိုရင်း အမှတ်များ ခြစ်ပေးလေ၏။

ကျွန်တော်ကား ဆရာ၏အကြောင်းကို သိရချေပြီ။

"ဆရာ..."

http://www.linhtet.com



"ဘာလဲ"

"သည်ဂဏန်းတွေအားလုံး မှန်တယ်လား"

"အေးမှန်တယ်လေ"

"ဒါပေမယ့် မမှန်ဘူးဆရာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်မှားတာကို ဆရာသိရဲ့လားလို့ စမ်းချင်တာနဲ့ တမင်မှားအောင် တွက်ထားတာဆရာ"

"ဟေ.. တယ်လည်းကြောက်စရာကောင်းတဲ့ လူပါလား"

ထို့နောက် ဆရာသည် ကျွန်တော့်ထံ စာလာသင်မပေးတော့ချေ။

## အသန့်ကြိုက်သူ

ကျွန်တော်သည် ငယ်စဉ်က အလွန်ပင် အသန့်အပြန့်ကြိုက်၍ ဇီဇာကြောင်လှသည်။ သန့်သန့်စားချင်သည်။ သန့်သန့်ဝတ်ချင်သည်။ သန့်သန့်အိပ်ချင်သည်။ သန့်ပြန့်မှုအပေါ် အလွန်အမင်း သာယာတတ်လေသည်။ ထို့သို့ ကျွန်တော့်စိတ်ကြိုက် သန့်သန့်ပြန့်ပြန့် မဖြစ်လျှင် ဆူဆူပူပူ လုပ်တတ်လွန်း၍ မီးဖိုချောင်မှ မိန်းကလေးများက ကျွန်တော့်ကို မုန်းတတ်သည်။ ဘာမဟုတ်သည့် ကိစ္စကလေးများ၌ မိမိအလိုမကျတိုင်း ပြူစူလေ့ရှိသည်မှာ မကောင်းမှန်း မိမိဘာသာမိမိသိပါ၏။

သို့ဖြင့် နောက်ဆုံး၌ မိမိစိတ်ကို ပြုပြင်ယူပါသည်။

အသန့်အရှင်းကြိုက်တတ်သူအဖို့ အကျွတ်တရားရသွားစေသော အကြောင်းလေးတစ်ခုကို မှတ်မိနေပါသည်။

တစ်နေ့တွင် ကျွန်တော်သည် ဖေဖေနှင့် ရွှေမော်ဓောစေတီတော်သို့ လိုက်ပါလာခဲ့လေသည်။ ဖေဖေသည် ဘုရားပေါ်သို့ အလုပ်ကိစ္စကို ကြည့်ရှုရန်ထွက်သွားသောအခါ မော်တော်ကားပေါ်တွင်ကားမောင်း သူကိုအောင်သိန်းနှင့် ကျွန်တော်သာ ကျန်

http://www.linhtet.com



ခဲ့၏။ အတော်ကြာသောအခါ ကျွန်တော် ရေငတ်လာလေသည်။

အနီးရှိဇရပ်ပေါ်၌ ရေအိုးများ မြင်နေရသည်။ သို့သော် ထိုရေအိုးမှရေကို ကျွန်တော်မသောက်ချင်။ စိတ်မသတီလှ။ သို့သော် ရေကား ငတ်လွန်းမက ငတ်လာသည်။

" ရေဆာလိုက်တာ ကိုအောင်သိန်းရယ် "

" ဟိုမှာ ရေအိုးရှိတယ်၊ သောက်မလား "

" အဲသည်ရေအိုးတွေက ညစ်ပတ်တယ် "

"ညစ်ပတ်လည်း မသောက်ချင်နေပေါ့၊သည်ရေပဲရှိတယ်"

နေကလည်း ပူသည်ထက်ပူလာသည်။ ရေကလည်း ငတ်သည်ထက် ငတ်လာသည်။ ဖေဖေကလည်း ပေါ်မလာသေး။ စိတ်ပျက်လာသည်။နောက်ဆုံး ရေငတ်လွန်းသည့်ဒဏ်ကို မအောင့်နိုင်တော့သဖြင့် " အဲသည်ရေပဲသောက်တော့မယ် ကိုအောင်သိန်းရယ်၊ ခပ် ပေးပါ " ဟု ပြောလိုက်ရပြီး ထိုရေကိုပင် အားရပါးရ သောက်လိုက်မိပါတော့သည်။

ခေါင်းထဲ၌ လည်း ဆင်ခြင်မှုတစ်ခု ဝင်သွားသည်။

**" ညစ်ပတ်တယ်၊ သန့်ရှင်းတယ်ဆိုတာဟာ စိတ်ကအဓိကပါပဲ၊ စိတ်ကသန့်တယ်ထင်ရင် သန့်ပြီးညစ်ပတ်တယ် ထင်ရင် ညစ်ပတ်တာပဲ၊ တကယ်တမ်း ငတ်လာတော့လည်း ညစ်ပတ်တယ်ဆိုတာ မရှိတော့ပါဘူး၊ အခြေနေ အခွင့်အရေးရခိုက်သာ သန့်တာတွေ မသန့်တာတွေ ရွေးနေ ခွဲနေနိုင်တာပါ။ သည်တော့ အပိုတွေဇီဇာကြောင်တာဟာ ကိုယ့်စိတ်ကိုယ် သက်သက် တမင်ညှင်းဆဲနေခြင်း တစ်မျိုးပဲ " ။**

## ဗိုလ်စတိုင်

ကျွန်တော်သည် ထမင်းစားရာ၌ လက်ဖြင့်မစားဘဲ ဇွန်း၊ ခက်ရင်းတို့ဖြင့်သာ စားတတ်သည်မှာ ယနေ့တိုင်ဖြစ်သည်။ ဇွန်း၊ ခက်ရင်းတို့ဖြင့် ထမင်းစားလေ့ရှိသည်မှာ လက်နှင့်ပါးစပ် မထိရသော ယဉ်ကျေးမှုကြောင့်ကား မဟုတ်ပါပေ။ မိမိအခြေအနေနှင့်

http://www.linhtet.com



မိမိ အဆင်ပြေစေရန်သာ သုံးစွဲခဲ့ရခြင်း ဖြစ်ပါသည်။

ငယ်စဉ်က အလွန်အသန့်အပြန့်ကြိုက်သော ကျွန်တော်သည် ထမင်းစားရာတွင်လက်ဆေးသောအခါ တစ်စုံတစ်ယောက် လက်ဆေးထားပြီးသော လက်ဆေးရေခွက်ထဲတွင် မိမိလက်ကို မဆေးချင်။ ကျွန်တော့်အတွက် လက်ဆေးရေ အမြဲတမ်း အသစ်လဲပေးရသည်။ သို့သော် ထမင်းတစ်ခါစားလျှင် လူဆယ်ယောက်ခန့် ဝိုင်းစားလေ့ရှိသော မိသားစုထမင်းဝိုင်း၌ ကျွန်တော့်အတွက် လက်ဆေးရေအမြဲတမ်း အသစ်ဖြစ်ရန်မှာ မလွယ်ကူချေ။

တစ်နေ့သ၌ ကျွန်တော် ထမင်းစားမည်ပြုသောအခါ လက်ဆေးရေကလည်း ညစ်ပတ်နေသည်။ ရေလဲခိုင်းလျှင်လည်း လဲပေးရသူက ကျွန်တော့်ကို ပြုံပြုံစူစူရှိဦးမည်။ ထို့ကြောင့် လက်မဆေးတော့ဘဲ ဟင်းခွက်ထဲမှ ဇွန်းတစ်ချောင်းဖြင့် ထမင်းကို ခပ်စားနေလိုက်သည်။ ထမင်းစားပြီးသော် လက်ဆေးရန် မလိုသဖြင့် ဇွန်းဖြင့် ထမင်းစားရခြင်းကို အလွန်သဘောကျ ကျေနပ်သွားမိ၏။

ထိုအချိန်မှစ၍ နောင်အခါ ဇွန်းခက်ရင်းဖြင့်သာ ထမင်းစားသည့် အလေ့အကျင့် ဖြစ်သွားရလေသည်။ ကျွန်တော် ထိုသို့ ဇွန်း ခက်ရင်းဖြင့် ထမင်းစားသည်ကို အားလုံးကလည်း သဘောကျကြ၏။ အဘယ့်ကြောင့်ဆိုသော် လက်ဆေးရေလဲပေးရသည့် ကိစ္စမှများစွာ သက်သာသွားသောကြောင့်တည်း။

## မောင်သောင်းကျန်း

ပဲခူးမြို့၌ နေစဉ် ကျွန်တော်သည် အလွန်ဆိုး၏။ ဒေါသကြီး၏။ သည်းခံစိတ်မထား။ အောက်ကျမခံ။ စိတ်လည်း တိုတတ်လွန်းသည်။ အိမ်၌ ကျွန်တော်သည် မောင်သောင်းကျန်း ဖြစ်နေ၏။

ကျွန်တော်သည် စိတ်ဆိုးလျှင် အလွန်လက်မြန်သည်။ ကျွန်တော့်ညီသည် ကျွန်တော့်ဒဏ်ကို အတော်ခံရရှာပါသည်။ တစ်ခါတစ်ရံ နီးရာပစ္စည်းဖြင့် ကောက်ပေါက်ရာ တစ်ဘက်လူမှာ

http://www.linhtet.com



ထိပ်ပေါက် ခေါင်းဖုပင် ဖြစ်ရတတ်ပါသည်။

ထိုစဉ်က ရန်ငြိုးလည်း ထားတတ်၏။ ကျွန်တော့်ညီသည် ကျွန်တော့်ကို မကျေမနပ်ရှိအောင်လုပ်ပြီး ထွက်ပြေးသွားသောအခါ ကျွန်တော်က သူ့နောက်မလိုက်နိုင်သဖြင့် ဒေါသကြီး၍သာ ကျန်နေရလေသည်။သို့သော် ထိုအချက်ကို တေးထားပြီး တစ်နေ့နေ့ တစ်ချိန်ချိန် သူ့ကို ကောင်းစွာလက်လှမ်းမီသောအခါ သန်စွမ်းသည့် လက်ျာလက်ဖြင့် ကျေနပ်အားရသည်အထိ ရိုက်နက်ထုထောင်းတော့သည်။ ထို့ကြောင့်အိမ်သားများသည် တစ်စုံတစ်ခု ကျွန်တော် တေးမှတ်ရန်ငြိုးထားမည်ကို စိုးရိမ်၏။

ကျွန်တော်တို့ ငှားနေသော အိမ်ရှင်အဖွားကြီးသည် တစ်ခါတစ်ရံ ကျွန်တော်တို့နှင့် လာရောက် စကားပြောဆိုနေတတ်သည်။ သူသည် တစ်ဖက်သားအပေါ် နိုင်လိုမင်းထက်စိတ်ရှိသော တစ်ဖက်သတ်ကျသည့် အဖွားကြီးတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော်တို့အိမ်သားများက သူ့အပေါ် အောင့်အီးသည်းခံစိတ်ထားနိုင်ကြသော်လည်း ကျွန်တော်ကား ကျွန်တော့်၌ ထိုအရည်အချင်း လုံးဝမရှိ။ ထို့ကြောင့် ကျွန်တော်သည် အဖွားကြီးနှင့် မကြာခဏ စကားများ ရန်ဖြစ်ရသည်။ အဖွားကြီးသည် ကျွန်တော့်ကို အနိုင်ရအောင် စကားမပြောနိုင်သောအခါ နောက်ဆုံး၌ ဤသို့ အနိုင်နှင့်ပိုင်း၍ ပြောပစ်လိုက်တတ်၏။

" နင် ဒါကြောင့် ကျိုးနေတာ၊ အေး ကောင်းတယ် "

သူ့စကားသည် မည်သို့မျှ အဆက်အစပ် မရှိသော်လည်း ကျွန်တော့်ဘဝသရုပ်သည် ဘွားကနဲပေါ်လာပြီး ကျွန်တော့် စိတ်ဓါတ်ကို ယိုင်နဲ့ထိုးဆင်းသွားစေပါ၏။

ထိုအခါ ကျွန်တော်သည် မျက်ရည်ပေါက်ကြီးငယ်ကျ၍ ငိုပါလေသည်။

" နင် ဒါကြောင့် ကျိုးနေတာ "

* * * * * * *

ရွှေမင်းသားစာအုပ်တိုက်

http://www.linhtet.com

ခုနစ်

# စိတ်၏ဖြေရာ

ပဲခူးမြို့တွင် ကျွန်တော်သည် ရုပ်ရှင်ကို အတော်အတန် ကြည့်ဖြစ်၏။ လူတစ်ယောက်ကို အပိုခေါ်ခဲ့ကာ ရုပ်ရှင်ရုံသို့ မော်တော်ကားဖြင့် သွားကြည့်ရသည်။ ကျွန်တော်သည် မှတ်မှတ် ရရ ရှေ့ဆုံးတန်းမှရုပ်ရှင် ကြည့်ဖူး၏။

တစ်နေ့တွင် ကျွန်တော် ရုပ်ရှင်သွားကြည့်မည်ပြုရာ အိမ်၌ အတူနေသော အစ်ကိုဝမ်းကွဲ ကိုတင်စိန်က သူလည်းလိုက်မည်ဆိုကာ လိုက်လာခဲ့၏။ ရုပ်ရှင်ရုံသို့ရောက်သောအခါ " မောင်စိန်ထွေး တို့က အရင်ဝင်နှင့်"ဟု ကိုတင်စိန်က ကျွန်တော်နှင့် ကျွန်တော့် အဖော် ကို ရုပ်ရှင်ရုံထဲသို့ ဈေးပေါသော ရှေ့ဆုံးတန်းမှ ဝင်ခိုင်း၏။ ရုပ်ရှင် ပြသည့်တိုင်အောင် သူရောက်မလာသောအခါ ကျွန်တော် သည် အံ့အားသင့်၍ နောက်ဘက်သို့ လှည့်ကြည့်မိရာ သူ့ကို နောက်ဘက်က ဈေးကြီးသောခုံတန်း၌ သွားမြင်မိ၏။

ထိုအခါမှ ကျွန်တော်သည် သဘောပေါက်သွားရတော့၏။ ကျွန်တော်နှင့် ကျွန်တော့်အဖေါ် အတွက် ပေးလိုက်သော ရုပ်ရှင်ဖိုး ကို သူပါကြည့်နိုင်စေရန် ကျွန်တော်တို့နှစ်ယောက်ကို ဈေးပေါသော အတန်းမှ သွင်း လိုက်ခြင်းဖြစ်ပါသည်။

ရှေ့ဆုံးတန်း ရရာနေရာက ကြည့်ရသဖြင့် ဘေးဘက် ရောက်နေသောကြောင့် ရုပ်ရှင်မှာကြည့်မကောင်းဘဲ ခေါင်းမူးစရာ ဖြစ်နေသည်။ ထို့ပြင် မိမိလူလည်ကျခံရခြင်းအတွက် ခံပြင်းလွန်း သည်နှင့် ရုပ်ရှင်ကို စိတ်ဝင်စား၍ မရတော့ပေ။

**<u>ဘဝကို ဖုံးကွယ်လို့ခြင်း</u>**

ပဲခူးမြို့၌ နေစဉ် ကျွန်တော်သည် ဇာတ်ပွဲများကို ကြည့်ဖူး

Shwe Minn Tha Book

http://www.linhtet.com



၏။ ရွှေမော်ဓောဘုရားပွဲတော်တွင် ရွှေမန်းတင်မောင် ဇာတ်ကို နှစ်ကြိမ်ခန့်ကြည့်ခဲ့ဖူး၏။ ဈေးပိုင်း တန်ဆောင်တိုင်ပွဲမှ ဇာတ်ပွဲများကိုလည်း ကြည့်ရ၏။ ဒေါ်လေး ဒေါ်စောတင်၏ အိမ်ပေါ်မှကြည့်သော် ဇာတ်ပွဲကိုမြင်ရသည်။

တစ်ညသို့ ဒေါ်လေးဒေါ်စောတင်အိမ်မှာ ပွဲလာကြည့်သောဧည့်သည်များ များလွန်းနေ၍ ကျွန်တော့်မှာ ခါတိုင်းပွဲကြည့်နေကျ ပြတင်းပေါက်နေရာ၌ နေရာမရတော့ဘဲ ဖြစ်သွား၏။ ဇာတ်စင်ကိုကောင်းစွာ မမြင်ရသောကြောင့် ကြည့်သူရှင်းနေသော အခြားပြတင်းပေါက်တစ်ခုမှ သွားကြည့်ရသည်။

" ဟော့- မင်းနဲ့ မမနဲ့ သည်ကကြည့်မယ် "

ဟု အပျိုရွယ် အမျိုးသမီးတစ်ယောက်က ပြောပြောဆိုဆို ကျွန်တော့်ပခုံးကို လှမ်းပုတ်၍ ကျွန်တော့်အနီး၌ လာထိုင်သည်။

" ထိုင်ပါ "ဟု ကျွန်တော်က အနည်းငယ် နေရာရွှေ့ပေးလိုက်၏။

ခဏကြာသောအခါ သူက ကျွန်တော့်ကို စကားပြော၏။

" နာမည် ဘယ်လိုခေါ်သလဲ "

" မောင်စိန်ထွေးလို့ ခေါ်ပါတယ် "

သူက ကျွန်တော့်ကို မည်သူ့ သားသမီးလဲ၊ ဒေါ်လေး ဒေါ်စောတင်နှင့် မည်သို့တော်စပ်သလဲ၊ မောင်နှမဘယ်နှစ်ယောက်လဲ စသည်စသည်ဖြင့် လျှောက်မေး၏။

" အသက် ဘယ်လောက်ရှိပြီလဲ "

" ဆယ့်သုံးနှစ်ပါ "

" ဘယ်နှစ်တန်း ရောက်ပြီလဲ "

သည်မေးခွန်းကြောင့် ကျွန်တော့်မှာ နှုတ်အသွားတော့၏။ အတော်မျက်နှာပျက်သွားမိပြီး ခေါင်းကို ငုံ့ထားလိုက်မိသွားသည်။

သူသည် ကျွန်တော့်ကို အကဲခတ်ကြည့်နေပြီးမှ

"ကျောင်းမနေဘူးလားဟင် "ဟုထပ်မေး၏။

http://www.linhtet.com



ကျွန်တော့်မှာ အတော်ဝမ်းနည်းသွား၏။ သည်မေးခွန်းမျိုးသည် ကျွန်တော့်စိတ်ကို ထိထိခိုက်ခိုက် ဖြစ်စေတတ်ပါသည်။ ကျွန်တော်သည် တတ်နိုင်သမျှ ဝမ်းနည်းစရာ အကြောင်းတွေကို မသိသလို မရှိသလို နေတတ်ပါသည်။

" ကျောင်းမနေဘူးဟုတ်လား"

ဟုသူက ကျွန်တော့်ပခုံးကိုလှုပ်၍ ထပ်မေး၏။ ကျွန်တော်သည် ခေါင်းကို သွက်သွက်ခါ ရမ်းပြ လိုက်မိပါ၏။

" ဘာဖြစ်လို့လဲ "

ဟုသူက ထပ်ဆင့်မေးပြန်၏။

ကျွန်တော့်ရင်ဝယ် တစ်စုံတစ်ခုက ဝင်ဆောင့်လိုက်သလို ခံစားသွားရသည်။ သည်မေးခွန်းမျိုးကို ကြားလည်းမကြားလို၊ ဖြေလည်းမဖြေလို။ ကိုယ့်ဘဝကိုကိုယ် မေ့မေ့ပျောက်ပျောက် ထားလိုပါ၏။ သို့မှ စိတ်သက်သာမှု ရှိနိုင်ပါ၏။

ကျွန်တော်သည် ဘာမျှမဖြေတော့ဘဲ သူ့ကိုသာ ကြေကွဲစွာ ငေးကြည့်နေမိ၏။

သူသည် ကျွန်တော့်အမူအရာကြောင့် အံ့အားသင့်သွားဟန်ရှိပြီး ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး စူးစမ်းကြည့်သည်။ အပြန်ပြန်အလှန်လှန် အကဲခတ်သည်။ ထို့နောက်သူသည် မည်သို့သဘောပေါက်သွားလေသည် မသိ။ ကျွန်တော့်ကို ရွံ့ရှာကြောက်ရွံ့ သလို ကျွန်တော့်အနီးမှ အနည်းငယ်နောက်ဆုတ်ထိုင်သည်။ မကြာ မီ ကျွန်တော့်အနီးမှ ပျောက်ကွယ်သွားပါလေတော့၏။ သူသည် ကျွန်တော့်ကို ကူးစက်တတ်သော ရောဂါတစ်စုံတစ်ခု ဖြစ်ပွားနေသူဟူ၍များ ထင်မှတ်မှား သွားလေသည်လား မပြောတတ်ပါချေ။

ကျွန်တော်သည် ထိုသို့ပင် တစ်ခါတစ်ရံ ကြုံရတတ်ပါသည်။ ကျွန်တော်သည် ထိုင်နေပါက ကျွန်တော့် အကြောင်း မသိသူများက ကျွန်တော့်ကို ခြေလက် မသန်စွမ်းသူဟု မထင်မိကြချေ။ ကျွန်တော်ကလည်း မိမိဘဝကို သူတစ်ပါးမသိရှိစေရန် လိမ်ညာ

http://www.linhtet.com



ဟန်ဆောင်နေခြင်းများလည်း ရှိပါသည်။

တစ်ခါတစ်ရံ အိမ်၌ စားပွဲနှင့်ကုလားထိုင်နှင့် ဟန်ကျပန်ကျထိုင်ပြီး ညော့်သည်နှင့် စကားပြောနေတတ်ရာ ညော့်သည်က "ရေတစ်ခွက်လောက် ခပ်ပေးပါ" ဆိုလာလျှင် ကျွန်တော့်မှာချောက်ကျတော့သည်။ မိမိဘဝကိုလည်း ထုတ်မပြောချင်။ သူတောင်းသောရေကိုလည်း ခပ်မပေးနိုင်။ ထိုအခါ အိမ်သား တစ်ယောက်ယောက်ကို လှမ်းခေါ်၍ရေခပ်ခိုင်းရသည်။ မိမိဖာသာ ရေမခပ်ဘဲတစ်ကြော်ကြော် အော်နေတတ်သော ကျွန်တော့်ကိုညော့်သည်က တစ်မျိုးမြင်သွားတော့၏။

ထိုအချိန်က ကျွန်တော်သည် မိမိ၏ ဒုက္ခိတဘဝနှင့် ပတ်သက်၍ မိမိကိုယ်မိမိလည်း လိမ်ညာလှည့် စားထားလိုဟန်ရှိပါသည်။ သူတစ်ပါးကိုလည်း မိမိဘဝအမှန်ကို မသိစေအောင် ဟန်ဆောင်ဖုံးကွယ်လိုစိတ်ရှိပါသည်။ မိမိဘဝမှန်သည် လူ့အဆင့်အောက် နိမ့်ကျနေလေသလားဟု ထင်မြင်စွဲလမ်းမှု ရှိပါသည်။

## <u>စွန့်လွှတ်ခြင်းဖြင့် ဖြေသိမ့်မှု</u>

ကျွန်တော်သည် မုန့်ဟင်းခါးကို အလွန်ကြိုက်သည်။နံနက်အိပ်ရာမှထတိုင်း မုန့်ဟင်းခါးစားရမှ စိတ်ကျေနပ်သည်။ မေမေကလည်း နံနက်တိုင်း ဝယ်ထားတတ်၏။ တစ်ခါတစ်ရံ မုန့်ဟင်းခါးမရှိလျှင် ကျွန်တော်သည် မကျေမချမ်းဖြစ်ကာ ဆူပူနေတော့၏။

နောက်ပိုင်းတွင် မုန့်ဟင်းခါးကို မစားရတစ်ရက် စားရတစ်ရက် ရှိလာသောအခါ မစားရသည့်နေ့၌ တစ်ခုခု အလိုမပြည့်ဖြစ်ကာ စိတ်ညစ်ညူးနေတတ်၏။

**"ငါ့ဘာသာ သွားလာနိုင်ရင်ကောင်းမှာ၊ ငါကလည်း မသွားနိုင်မလာနိုင်၊ သူတို့ကလည်း လုပ်ကိုင်မပေးနိုင်တဲ့အခါ ငါသည်လိုပဲ စိတ်ညစ်နေရတော့မှာပဲ။ ငါသည်လို တစ်သက်လုံး စိတ်ဆင်းရဲရတော့မှာလား"**

ကျွန်တော်သည် ကိုယ့်ဘာသာကိုယ်စဉ်းစားမိ၏။

http://www.linhtet.com



ဘာမဟုတ်သည့်မုန့်ဟင်းခါးကိစ္စလေးမှစ၍ မိမိဘဝကိုမိမိ မကြာခဏ သတိရဝမ်းနည်းလာရလေသောအခါ ကျွန်တော့်မှာ ထွက်ပေါက်ရှာရလေတော့၏။

ထို့နောက် ကျွန်တော်သည် မုန့်ဟင်းခါးကို သံယောဇဉ် ဖြတ်ရန်ဆုံးဖြတ်မိ၏။ သို့ဖြင့် “မေမေရေ၊ သားလေးဖို့ ဘယ်တော့မှ မုန့်ဟင်းခါး ဝယ်မထားနဲ့တော့နော်”ဟု မေမေ့ကို မှာထားလိုက်တော့သည်။

ဤနည်းဖြင့် မုန့်ဟင်းခါးစားရသည့်နေ့၌ စိတ်ကျေနပ်ပြီး မစားရသည့်နေ့၌ မကျေမနပ်ဖြစ်ရသည့် စိတ်ပိုင်းပြဿနာမှာ တဖြည်းဖြည်း ကွယ်ပျောက်သွားတော့၏။

ဤသို့ပင် ကျွန်တော်သည် ကျွန်တော့်ဘဝ၌ စိတ်အနှောင့်အယှက်ပေးစေသည့် အကြောင်းအရာမှန်သမျှကို အပြီးတိုင် စွန့်လွှတ်ခြင်း ပြုလေ့ရှိလာ၏။

ဤသဘောတရားကို ကျွန်တော်လက်ခံရမိသည်မှာ ကြီးကြီးဒေါ်ဖွားရင် (ဖေဖေ့အစ်မဝမ်းကွဲ)ထံမှ ရိုက်ခတ်လာခြင်းဖြစ်သည်။ သူသည် ကျွန်တော်တို့ဆီ အလည် လာရောက်နေစဉ် ချိစ်ဗူး ( ဒိန်ခဲဗူး ) ကို ဖေါက်ကျွေးသောအခါ သူက “တစ်ခါမှ မစားဖူးလို့ မစားချင်ဘူး”ဟု ငြင်း၏။

“ မစားဖူးရင် စားကြည့်မှပေါ့ ကြီးကြီးရဲ့”

“ မစားဖူးရင် မစားတာပဲကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒါကိုစားကြည့်ပြီး မတော်လို့စွဲသွားရင် နောက်စားချင်တဲ့စိတ် ဖြစ်နေတဲ့အခါ ကြီးကြီးပဲ စိတ်ဒုက္ခရောက်မှာ”ဟု ကြီးကြီးဒေါ်ဖွားရင်ကပြောပြ၏။

ဤစကားကလေးသည် အစွမ်းအစပြည့်ဝမှု မရှိသော ကျွန်တော့်ဘဝ၌ တွေ့ကြုံခံစားရမှုလေးများနှင့် ဟပ်မိနေသဖြင့် ရင်ထဲဝယ် စွဲမှတ်သွားမိပုံရပါ၏။

http://www.linhtet.com



## အကောင်းဆုံးမိတ်ဆွေ

ကျွန်တော်၏စာဖတ်ခြင်းအရှိန်သည် တိုးတက်လာ၏။ စာဖတ်ရာ၌ လည်း ရည်ရွယ်ချက်ရှိလာ၏။

**"ငါဟာ သူများတွေလို အပြင်လောကနဲ့အဆက်အသွယ်လည်း သိပ်မရှိဘူး။ဒီတော့ သာမန်လူတစ်ယောက်ရဲ့ အသိဉာဏ်အောက် အဆင့်နိမ့်ကျမနေအောင် စာဖတ်မှဖြစ်မယ် "**

သို့ဖြင့် ကျွန်တော်သည် မိမိ၏အသိဉာဏ် ဖွံ့ဖြိုးရေး အတွက် စာဖတ်သည့်အလေ့ ပိုမိုစွဲလာသည်။ တစ်ဖန် စာဖတ်ခြင်း သည် မိမိဘဝကို ဖြေဖျော်ခြင်းလည်း ဖြစ်လာ၏။ စာဖတ်နေချိန် ၌ အားလုံးသော လက်ငင်းတရားများကို ခေတ္တခဏမျှ မေ့ပျောက် ထားနိုင်စွမ်းလည်း ရှိလာသည်။ တစ်ခါတစ်ရံ မိမိစိတ်၌ အလိုမကျ အဆင်မပြေမှုများ တွေ့ကြုံလာရလျှင် ယင်းတို့ကို မေ့ပျောက်လွင့် စင်သွားစေရန် စာအုပ်တစ်အုပ်ကို ယူဖတ်နေတတ်လာသည်။ ထိုအခါသောက ဒုက္ခဟူသမျှသည် စာပေ၏လွှမ်းခြုံမှုတရား အောက်ဝယ် နစ်မြုပ်သွားရသည်သာ ဖြစ်လာသည်။

သို့သော် ဖေဖေသည် ကျွန်တော်၏ စာဖတ်ခြင်းကို စော စောပိုင်းတွင် သဘောကျ အားပေးခြင်း မရှိသေးချေ။ ထို့ကြောင့် ကျွန်တော်သည် အိမ်၌ ဖေဖေမရှိခိုက်သာ စာဖတ်နိုင်၏။

## ဖေဖေ၏ အပြောင်းအလဲ

ပဲခူးမြို့တွင်နေစဉ် နောက်ပိုင်း၌ ဖေဖေသည် မည်သို့ သဘောထားရှိလာသည် မသိ။ တစ်ခါတစ်ရံ စိတ်ကူး ရလာလျှင် " ကလေးဂျာနယ် " စာအုပ်ကို ကျွန်တော့်အား ဝယ်ပေးတတ် လာပါသည်။ သို့သော် အသားလွတ် ဝယ်ပေးခြင်းကား မဟုတ်။

" ဖေဖေ့ကို အညောင်းပြေအောင် နှိပ်ပေးရင် ညနေကျ ကလေးဂျာနယ် ဝယ်ပေးမယ် " ဟု ဖေဖေက ပြောပြီးကျွန်တော့်ကို နှိပ်ခိုင်းတတ်ပါသည်။

http://www.linhtet.com



ကျွန်တော်က နှိပ်ပေးနေရစဉ် အချိန်မှာလည်း ယခုလို ဖေဖေ့အား နှိပ်ပေးခြင်းဖြင့် ကျွန်တော်၏ လက်ချောင်းကလေးများ ပိုမိုသန်မာလာနိုင်ကြောင်း၊ မိဘကို နှိပ်နယ်ပြုစုခြင်းသည် ကုသိုလ် အလွန်ရကြောင်း စသည်ဖြင့် ကျွန်တော်စိတ်ကျေနပ်စေရန် ဖေဖေ က ပြောတတ်၏။

ဖေဖေသည် မမနှင့်ကိုကိုအား နှိပ်မခိုင်းဘဲ ကျွန်တော့်ကိုမှ နှိပ်ခိုင်းခြင်းမှာ ကျွန်တော် အနှိပ်ကောင်းသောကြောင့်ဟုဆို၏။

ကျွန်တော်သည် ထိုသို့ ဖေဖေ့ကို နှိပ်ပေးရင်း ဖေဖေနှင့် အပေးအယူမျှနေခိုက်၌ မိမိလိုရာ လုပ်ချင်ရာလေးများကို အခွင့် အခါကြည့်၍ တောင်းဆိုတက်၏။

တစ်ခါတစ်ရံ မဂ္ဂဇင်းများထဲက ကျွန်တော် ဖတ်မှတ်ထား သော အကြောင်းအရာလေးများကို ပြောပြနေတက်သည်။ ဖေဖေ ကလည်း "အင်း....အဲ" လုပ်၍ လက်ခံနားထောင်တတ် လာ သည်။ ကျွန်တော်သည် ဖေဖေမကြိုက်မှန်းသိ၍ ဝတ္ထုဇာတ်လမ်း များကိုကား လုံးဝမပြောပြချေ။

သို့ဖြင့် နောက်ပိုင်းတွင် ဖေဖေသည် ကျွန်တော် မဂ္ဂဇင်း ဖတ်နေသည်ကို တွေ့သော်လည်း ဘာမျှမပြောဘဲ မသိဘာသာနေ ၏။ ဖေဖေက တားဆီးကန့်ကွက်မှု မပြုတော့သော်လည်း မူလက ဖေဖေ မနှစ်သက်မှန်းသိ၍ တတ်နိုင်သမျှ ဖေဖေ့ရှေ့တွင် မဂ္ဂဇင်း ဝတ္ထု စသည့် စာအုပ်များကို ဖတ်ရှုခြင်း မပြုလုပ်ပါ။

## ပန်းချီနှင့် ကျွန်တော်

ကျွန်တော်သည် သင်ကြားညွှန်ပြပေးမည့် ဆရာမရှိဘဲ မိမိစိတ်ကူးအတိုင်း ပန်းချီဆွဲနေရာ မိမိဆွဲလိုသော ရုပ်ပုံများကို အတော်အတန် ကျွမ်းကျင်စွာ ရေးတတ်လာ၏။ ကျွန်တော်ရေး ဆွဲသော အရုပ်ကားများကို မြင်မိသူတို့က ချီးကျူးကြသည်။

မမ၏ သူငယ်ချင်းများက သူတို့သီချင်းစာအုပ်၌ သီချင်း

http://www.linhtet.com



ခေါင်းစဉ်စာလုံးများ၊ သရုပ်ဖော်ပုံများ ရေးဆွဲ ခိုင်းလာကြ၍ ကျွန်တော့်မှာ ဝမ်းသာအားရ ရေးပေးရလေသည်။ အချို့ ဆရာမ ပေါက်စတို့ကလည်း ကလေး များကို စာသင်ကြားရာတွင် အသုံးပြု ရသည့် ရုပ်ပုံကားချပ်များ ရေးဆွဲခိုင်းသဖြင့် ကျွန်တော်သည် ဂုဏ် ယူ ကျေနပ်စွာ အားကြိုးမာန်တက် ရေးဆွဲပေးလေသည်။ သူတို့က ချီးကျူးကြလျှင်လည်း များစွာဝမ်းမြောက် ပီတိဖြစ်ရသည်။ မိမိ ကိုယ် မိမိလည်း ပန်းချီဆရာတစ်ယောက်အဖြစ် စိတ်ကြီးဝင် နေမိ၏။ တစ်နေ့တွင် မိမိသည် ပန်းချီဆရာတစ်ဦး ဖြစ်လာလိမ့် မည်ဟုလည်း မိမိဘာသာမိမိ မျှော်လင့်ယုံကြည်ထားလေသည်။

ကျွန်တော်သည် ထိုသို့ပန်းချီဖက်၌ လေးနက်စိတ်ထက် သန်နေသော်လည်း ကျွန်တော့်မိသားစုများက အားပေး အား မြှောက်ပြုခြင်း၊ အလေးအနက်ထားခြင်း မရှိကြချေ။ အားပေး သင့်သည်ဟုလည်း မြင်ပုံမရပေ။

ကျွန်တော်သည် ပန်းချီဆရာလုပ်တော့မည်ဟု စိတ်ကူး ယဉ်လာမိသောအခါ ပန်းချီပညာနှင့် ပတ်သက်၍လက်လှမ်းမီသမျှ လေ့လာကြည့်နေမိပါသည်။ လေ့လာသည်ဟု ကြီးကြီးကျယ်ကျယ် သုံးနှုန်းလိုက်ရသော်လည်း တကယ်တမ်းမှာမူ ကျွန်တော်သည် မည်သည့်နေရာကိုမျှ သွားရောက်လေ့လာနိုင်သည်ကား မဟုတ်။ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် အစရှိသည်တို့၌ ရေးဆွဲထားသော ပန်းချီရုပ်ပုံများကို ကြည့်ရှုလေ့လာခြင်း၊ နည်းနာယူခြင်း၊ ထိုမှ တစ်ခါတစ်ရံ ပါလာတတ်သော ပန်းချီပညာနှင့် ပတ်သက်သည့် ဆောင်းပါး အတိုအထွာလေးများမှ ပန်းချီစည်းကမ်း၊ ပန်းချီ သဘော၊ ပန်းချီအကြောင်း စသည်လေးများကို သေချာစွာ ဖတ်ရှု မှတ်သားခြင်းအဆင့် အခြေအနေမျှသာ ရှိပါသည်။

ပညာရပ်တစ်ခုကို တကယ်တမ်း အာရုံတစိုက် လေ့လာ စူးစမ်းလာမိသောအခါ ယင်းပညာရပ်၏ ခက်ခဲနက်နဲမှုများကို တစ်စတစ်စ ပို၍ပို၍ သိမြင်လာသည်။ ဗဟုသုတ ပိုရှိလာခါမှ

http://www.linhtet.com



စိတ်ဓာတ်တက်လာရမည့်အစား စိတ်ဓာတ်ကျချင်လာ၏။ မိမိလက်ရာများသည် ပန်းချီပညာ၊ ပန်းချီရှုထောင့်၊ ပန်းချီသဘော၊ ပန်းချီ စည်းကမ်းများ နှင့်ကြည့်ပါသော် မည်သည့်တန်ဖိုးမျှ မရှိဘဲ ဖြစ်နေလေသလားဟု တွေးတောလာမိသည်။ မိမိ၏ ပန်းချီများနှင့် ပတ်သက်၍ အားငယ်စိတ်၊ ဝမ်းနည်းစိတ်၊ ပျော့ညံ့စိတ်များ ဝင်လာနေ၏။

ထိုအချိန်၌ ထားဝယ်မှ နှစ်ဝမ်းကွဲ ညီမတစ်ယောက် အလည်ရောက်လာသည်။ သူသည်လည်း ပန်းချီကို ဝါသနာပါသည်ဟု သိရသဖြင့် ကျွန်တော်ရေးဆွဲထားသော အရုပ်ကားများကို သူ့အားပြသမိလေသည်။ သူသည် ကျွန်တော်ရေးဆွဲထားသမျှ အားလုံးကို ဘယ်ဟာက ဘာဖြစ်နေသည်၊ ဘယ်ဟာက မှားနေသည်။ ဘယ်ဟာက စည်းကမ်းနှင့်မညီ၊ အရောင်သွင်းထားသည်များက ဘယ်လိုဖြစ်နေသည်၊ ဘယ်ဟာက ဘာတွေလိုနေသည်၊ ဘယ်ဟာကို ဘယ်လိုမလုပ်ရ၊ မဖြစ်ရ စသည် စသည်ဖြင့် ကျွန်တော့်လက်ရာမှန်သရွေ့ တစ်ခုမျှ ရစရာမရှိလောက်အောင် အပြင်းအထန်ဝေဖန်နှိမ့်ချလေ၏။

သူ့ဝေဖန်မှုများသည် ကျွန်တော့်အားနည်းချက်ကို တိုက်ရိုက်ထိခိုက်သွား၏။ သူဝေဖန်ပြသမျှ အချက်အလက်အားလုံးသည် ဟုတ်ပေလိမ့်မည်ဟု ကျွန်တော့်စိတ်၌ ဖြစ်၏။ သူ့ ဝေဖန်မှုအားလုံးသည် အမှန်ချည်းဖြစ်သည်ဟူ၍လည်း လက်ခံထင်မှတ်မိသည်။

“ သည်လောက်တောင် ပန်းချီအကြောင်း ဘယ်လိုလုပ်သိသလဲ ” ဟု ကျွန်တော်က သူ့ကိုမေးကြည့်သည်။

“ တို့ကျောင်းမှာ ပန်းချီသင်ရတော့ တတ်တာပေါ့ ” ဟု သူက ခပ်ကြွားကြွားပြော၏။

ထိုနေ့မှစ၍ ကျွန်တော်သည် ပန်းချီမဆွဲမိတော့၊ ဆွဲရန်လည်း စိတ်ထက်သန်မှု မရှိတော့ပါလေ။ ကျွန်တော်၏ ပင်ကိုယ်စိတ်ဓာတ် ပျော့ညံ့ချက်မျှသာ ဖြစ်ပါသည်။

http://www.linhtet.com



ပန်းချီဆွဲသည့် ကျွန်တော့်ဆေးဗူး၊ စုတ်တံ စသည်လေးများကို တစ်ခါတစ်ရံ မတော်တဆ တွေ့မိ ကိုင်မိသောအခါ ကျွန်တော်သည် စိတ်ထိခိုက်သလိုလို ဝမ်းနည်းသလိုလို လွမ်းဆွတ်သလိုလို ခံစားလာမိတတ်သည်။ ထို့ကြောင့် ကျွန်တော် အလွန်မက်ခဲ့ဖူးသော ထိုပစ္စည်းလေးများကို မတွေ့မမြင်မိစေရန် သူများကို အားလုံးပေး ပစ်လိုက်မိပါသည်။

စိတ်ပင်ပန်းမှုကို ခံနိုင်ရည် မရှိသော ကျွန်တော်သည် ပန်းချီကိုသံယောဇဉ်ဖြတ်ခဲ့ပြီးနောက် အချိန်ရှိတိုင်း စာကိုသာ စွဲစွဲမြဲမြဲဖတ်လာသည်။ စာများများဖတ်မိလာပြန်သောအခါ စာရေးချင်စိတ်ကလေးများက ပြောက်ကျားပြောက်ကျား ပေါ်လာတတ်၏။ သို့သော် စာရေးရန်ကိုမူ စိတ်ပင်မကူးရဲပါချေ။ မိမိနှင့် မအပ်မရာ မကြံစည်စကောင်းသည့်အရာဟု မှတ်ယူထားမိသည်။ မိမိကိုယ်မိမိ မယုံကြည်၊ အထင်မကြီး၊ စာရေးဆရာများကဲ့သို့ စာရေးရန်မှာ မိမိစွမ်းဆောင်နိုင်သည့်ကိစ္စ မဟုတ်ဟု ယူဆထားသည်။ သို့ဖြင့် မရေးရဲ၊ မရေးဝံ့၊ မရေးဖြစ်ဘဲ ရှိနေပါသည်။

## စာ စရေးခြင်း

မိုးတွေ အပြင်းအထန်ရွာနေသည့် ညတစ်ည၌ ကျွန်တော်သည် စားပွဲမှာထိုင်၍ မိုးအေးအေးနှင့် တွေးတောငေးငိုင်နေမိသည်။ ထို့နောက် လက်ထဲရှိ ခဲတံလေးဖြင့် စာရွက်လွတ်များပေါ် ဝယ် လက်ဆော့ရေးခြစ်နေမိ၏။ ထိုမှ ကိုကိုပြောပြခဲ့ဖူးသည့် ရယ်စရာအကြောင်းအရာတစ်ခုကို ဝတ္ထုတစ်ပုဒ်လို အမှတ်မထင် လျှောက် ရေးမိသွားသည်။ ထိုကျွန်တော်ရေးထားသည်များကို ကိုကို့အားပြပြီး ဖတ်ခိုင်းမိ၏။

ကိုကိုသည်ဖတ်၍ ရယ်မောနေလေသည်။ ပြီးနောက် " မင်းဝတ္ထုက မဆိုးဘူးကွ၊ ရီရတယ် " ဟု ဆိုလိုက်သောအခါစိမ့်ကနဲ ပီတိဖြစ်သွားမိသည်။ ငါလည်း ဝတ္ထုရေးရင် ဖြစ်မလားပဲဟု

http://www.linhtet.com



စိတ်၌ အားတက်သွား သယောင်ယောင် ရှိမိလေသည်။

ကျွန်တော်သည် "ကလေးဂျာနယ်" မှ ပုံပြင်ဝတ္ထုကလေးများကိုဖတ်ရင်း မိမိရေးလျှင်သည်လောက်တော့ ဖြစ်နိုင်လိမ့်မည်ဟုတွေးထင်လာမိ၏။ ကျွန်တော်သည် စမ်း၍စာရေးရန် စိတ်ဖြစ်ပေါ်လာသည်။

မကြာမီရက်ပိုင်းအတွင်း၌ ပုံပြင်ဝတ္ထုကလေးသုံးခုရေးပြီးသွားလေသည်။ ပုံပြင်တစ်ခုကို စကားပြေဟန်ဖြင့်ရေးသည်။ အခြားတစ်ခုကို စာစီစာကုံးရေးနည်းမျိုးရေးသည်။ ကျန်တစ်ခုကို ဝတ္ထုပုံစံမျိုးရေးသည်။ ထိုစာမူသုံးခုကို ကလေးဂျာနယ်သို့ စာတိုက်မှ ပေးပို့လိုက်၏။ လဆန်းပိုင်း ကလေးဂျာနယ်ထွက်တိုင်း မိမိရေးသည့် စာမူ လေးများကို ရှာကြည့်မိသည်။ ရှာကြည့်တိုင်း မတွေ့လေသောအခါ ကြာတော့ စိတ်ပျက်အားငယ်လာ၏။

**"ငါဟာ စာရေးဖို့အရည်အချင်း မရှိဘူးနဲ့တူပါတယ်၊ကလေးဂျာနယ်အတွက် သုံးပုဒ်ရေးတာတောင် တစ်ပုဒ်မှမပါဘူး။ ဒါတောင် တကယ့်ဝတ္ထုကြီးတွေ မဟုတ်သေးဘူး။ တကယ့်ဝတ္ထုကြီးတွေ ရေးဖို့ဆိုရင် ငါတော့ အရည်အချင်း အများကြီးလိုဦးမှာပဲ၊ ကြိုးစားလေ့လာဖို့ အများကြီးလိုသေးတယ် ထင်ပါရဲ့"**

ထိုသို့ ကျွန်တော် တွေးတောပြီး နောက်ထပ် စာရေးဖို့ မကြိုးပမ်းတော့ဘဲ စာအုပ်တွေကိုသာ အလျှဉ်းသင့်တိုင်း သဲကြီး မဲကြီး ဖတ်နေ၏။

ထိုအချိန်လောက်၌ ကျွန်တော်သည် မိမိဘဝ၏ နောင်ရေးကို စဉ်းစားမိပြီး ဘဝရပ်တည်ရေးအတွက် ပူပင်သောကများ ဝင်စပြုနေပြီ ဖြစ်ပါသည်။

**"ကြီးရင် ငါဘာလုပ်ကိုင်စားမလဲ၊ ငါဘယ်လို နေရထိုင်ရပါ့မလဲ"**

ထိုသို့တွေးပြီး မကြာခဏ စိတ်အားငယ်နေတတ်ပါသည်။ တစ်ခါတစ်ရံ လောကကြီးကို ကြောက်ရွံ့လျက် စိတ်ပင်ပန်း ဆင်းရဲနေတတ်ပါသည်။အမိအဘများ မရှိတော့သည့် တစ်နေ့သော

http://www.linhtet.com



အချိန်အခါတွင် မိမိရင်ဆိုင် တွေ့ကြုံရမည့် စားဝတ်နေရေး ပြဿနာ အခက်အခဲများကို ကြိုတင်တွေးတော စိတ်ကူးကာ တစ်ခါတစ်ရံ အလွန်ပင် စိတ်ညှိုးနွမ်း နေမိရပါသည်။

ကျွန်တော်သည် မည်သူ့ကိုမျှလည်း အားကိုးကျေးဇူးတင် မနေချင်။ မည်သူ့ကိုမျှလည်း ယုံယုံကြည်ကြည် အားကိုးစိတ် မထား။ မိမိကိုယ်မိမိ အားကိုးချင်သည်။ မိမိဘဝကို မိမိဘာသာ ရပ်တည်ထားလိုစိတ် ရှိသည်။

လူတွေဆိုသည်ကလည်း ယုံကြည်အားကိုးချင်စရာမရှိ။ မိမိ၏ မိဘ အသက်ထင်ရှားရှိစဉ် အချိန်၌ ပင် မိမိ၏မိဖ အနည်းငယ် ကွယ်သွားသည်နှင့် မိမိအပေါ် အချိုးပြောင်း၍ တစ်မျိုးပြုမူ ဆက်ဆံသည်။ အကယ်၍ မိဘများ မရှိတော့ဘူးဆိုလျှင် ကျွန်တော် ခက်တော့မည်။ ထိုအခါ အခြေအနေတို့သည် တစ်မျိုးတစ်ဖုံတွေ ဖြစ်လာကုန်မည်ဟု ကျွန်တော်တွေးသည်။

သို့ဖြင့် ကျွန်တော်သည် လူ့လောက၌ အသက်ရှင်နေရသည် ကိုပျော်ရွှင်တက်ကြွမလာဘဲ စိတ်အား တဖြည်းဖြည်းငယ် လာလေသည်။

## လောကကြီးနှင့် အဆက်ပြတ်ရခြင်း

၁၉၅၈ ခုနှစ်တွင် ပဲခူးမြို့၌ ဖေဖေ့အလုပ်ကိစ္စများ လုံးဝပြီး စီးပြီဖြစ်၍ ကျွန်တော်တို့မိသားစုသည် အလုပ်ရှိရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာကြပြန်၏။ရွှေဘုံသာလမ်းတွင် နေထိုင်ကြလေသည်။

ကျွန်တော်သည် ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းအိမ်ခန်း၌ စတင်နေထိုင်သည့်နေ့ကစ၍ လူ့လောကကြီးနှင့် ကင်းကွာအဆက် ပြတ်သလောက် ဖြစ်သွားပါတော့သည်။

ကျွန်တော်တို့နေထိုင်ရာ အိမ်ခန်းမှာ အပေါ်ထပ် (ဒုတိယထပ်) ဖြစ်သည့်အပြင် ကျွန်တော့်မှာလည်း အသက် ၁၆ နှစ် အရွယ်ခန့် ရှိနေပြီဖြစ်ရာ ကျွန်တော့်ကို ပွေ့ချီသယ်ပိုးရန် မဖြစ်နိုင်တော့သည့် အသက်အရွယ်ဖြစ်သဖြင့် အပြင်လောကသို့ လုံးဝမရောက်ရှိ

http://www.linhtet.com



တော့ချေ။

ကျွန်တော်ကလည်း ထိုသို့ သွားလာလည်ပတ်ရန် စိတ်ဆန္ဒမရှိ။ အပြင်လောကသည် ကျွန်တော့်အဖို့ စိတ်ဝင်စားစရာ မဟုတ်ဟု သဘောပိုက်ထားမိပါ၏။ ပညာရေးအပိုင်း၌ မူ အင်္ဂလိပ်ဘာသာနှင့် ဂဏန်းသင်္ချာကို ဆရာမကြီးတစ်ဦးနှင့် သင်ကြားရယူလျက်ရှိပါသည်။ ကျွန်တော်သည် ထိုအချိန်၌ အကြောင်းကြုံကြိုက်ပါက မိမိဘဝနှင့် ပတ်သက်၍ အားငယ်စကားများ ပြောမိဆိုမိတတ်သည် ထင်ပါသည်။

တစ်နေ့တွင် အစ်မတစ်ဝမ်းကွဲ အမာရီက ကျွန်တော့်ကို အားပေးစကားများ ကြုံဖန်၍ပြောသည်။ ထိုသို့ပြောရင်း ကျွန်တော့်ကို လောကမှာ တစ်စုံတစ်ခုဖြစ်မြောက်အောင် အာရုံတစိုက် ကြိုးပမ်းသင့်ကြောင်း၊ တစ်စုံတစ်ခု ကြိုးပမ်းနေမိသောအခါ စိတ်ရွှင်လန်း၍ တက်တက်ကြွကြွရှိပြီး စိတ်ဓာတ်မကျတတ်ကြောင်း၊ ထိုမှ အောင်မြင်မှု တစ်ခုခုရလာခဲ့လျှင် ထူးထူးခြားခြားကြီး အားတက်သွားပြီး လောကကြီး၌ နေရထိုင်ရသည်ကို ပျော်ရွှင် ချမ်းမြေ့သည့် စိတ်ဓာတ် ဖြစ်လာတတ်ကြောင်း အစရှိသည်ဖြင့် ခေတ်ပညာတတ် အမျိုးသမီးတစ်ဦးပီပီ အကြောင်းအကျိုးပြည့်စုံစွာ "တရားဟော" ၏။ ထိုနောက် ကျွန်တော့်ကို မေး၏။

" မောင်စိန်ထွေး ဘာကို ဝါသနာပါသလဲ "

" ကျွန်တော် ပန်းချီဝါသနာပါတယ် "

" ဒါဖြင့် ပန်းချီဆွဲပါလား "

" ဆွဲခဲ့ဖူးပါတယ်၊ ဒါပေမယ့် ခုတော့ ပန်းချီကို စွန့်လွှတ်ပစ်လိုက်ပြီ၊ ခုဆိုတစ်ခုခုဝါသနာပါမိမှာတောင် ကြောက်နေမိသလိုပဲ"

" ဘာဖြစ်လို့လဲ "

" ကျွန်တော်ဟာ ပန်းချီဆရာတစ်ယောက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်လို့ပဲ၊ မဖြစ်နိုင်တာကို စိတ်ကသိနေတော့ အမြဲတမ်း စိတ်ဆင်းရဲလာတယ်။ သည်စိတ်ပင်ပန်း ဆင်းရဲဒဏ်ကို မခံနိုင်တော့

http://www.linhtet.com



ပန်းချီဆရာတစ်ယောက် ဖြစ်ချင်တဲ့စိတ်ကိုပါ အပြီးအပိုင် ကြိုးစားဖျောက်ဖျက်ပစ်လိုက်မိတယ်။ လိုချင်စိတ် ရချင်စိတ် မရှိတော့တဲ့အခါ စိတ်ဟာ ငြိမ်းချမ်းငြိမ်သက်သွားမိသလိုပဲ "

"အိုး မဟုတ်တာပဲ၊ မောင်စိန်ထွေးလည်း ပန်းချီဆရာတစ်ယောက် ဖြစ်နိုင်ပါတယ်။ လက်နှစ်ဖက်စလုံးနဲ့ ခြေတစ်ဖက်မရှိတဲ့လူတစ်ယောက်ဟာ သူ့မှာရှိတဲ့ ခြေလေးတစ်ဖက်ထည်းနဲ့ စုတ်တံကို ခြေမမှာညှပ်ပြီး ပန်းချီဆွဲတာ ကမ္ဘာကျော်လာခဲ့တဲ့ ပန်းချီဆရာတစ်ယောက် ဥရောပမှာရှိတယ်။သည်ပန်းချီဆရာဟာ ခြေထောက်တစ်ချောင်းထည်းနဲ့တောင် ပန်းချီဆရာဖြစ်သေးရင် မောင်စိန်ထွေးမှာ လက်တောင်ရှိသေးတာပဲ၊ ဘာလို့ ပန်းချီဆရာ မဖြစ်နိုင်ရမှာလဲ၊ ကြိုးစားရင် ဖြစ်ရမှာပေါ့" သူကအားပေးလိုက်သဖြင့်ကျွန်တော့်မှာ အားတက်လာရမည့်အစား မိမိ၏ညံ့ဖျင်းခြင်းအတွက် ဝမ်းနည်းခြင်းပင်ဖြစ်သွားရပါသည်။

"ပြီးတော့ မောင်စိန်ထွေးဟာ သည်လောက်တောင် စာဖတ်ထားတာ စာရေးရင်ကော မဖြစ်ဘူးလား။ ပန်းချီဆရာ မဖြစ်ရင် စာရေးဆရာပေါ့"

"ဒါလည်း မဖြစ်ပါဘူး။ ပဲခူးမှာနေတုန်းက စာမူသုံးပုဒ်ကို ကလေးဂျာနယ်ကို စမ်းပို့ဖူးတယ်။ တစ်ပုဒ်မှ မပါဘူး။ ကျွန်တော့်အရည်အချင်းက စာရေးဖို့ အများကြီးလိုနေသေးတယ် ထင်ပါရဲ့"

"ဟာ ... သုံးပုဒ်လောက် မစွံတာများ စိတ်ပျက်ရသလား။ နောက်ထပ် အများကြီးရေးပေါ့။ သူများတွေလည်း သည်လိုပဲ အများကြီးရေးပြီးမှ အောင်မြင်လာတာ"

"သူများတွေကတော့ ဟုတ်ပါတယ်။ သူတို့က လူ့အဆင့်အတန်းမှီတဲ့ လူတွေကိုး။ သူတို့က နေရာတကာ ပေါက်ရောက်ပြီးနှံ့စပ်နိုင်တဲ့လူတွေ။ကျွန်တော့်မှာတော့ အခြေခံပညာဆိုတာကလည်း ကျောင်းတောင် ဟုတ်တိပတ်တိ နေရတာမဟုတ်ဘူး။နေရာတကာလည်းမရောက်နိုင်၊ဘာအတွေ့အကြုံမျှလည်းမရှိ၊ ဒီတော့ဗဟုသုတ

http://www.linhtet.com



လည်း မပြည့်ဝ။ လူ့အကြောင်း လူ့ဘဝဆိုတာလဲကိုယ့်ပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးက လူလေးနည်းနည်းပါးပါးလောက်ကိုပဲ တွေ့ဖူးတာ။ ဒီတော့ စာရေးဖို့ အဘက်ဘက်က အားနည်းနေတာပေါ့"

"မောင်စိန်ထွေးက သူများတွေနဲ့ နှိုင်းယှဉ်ကြည့်လို့တော့ ဘယ်ရမလဲ"

"မှန်ပါတယ်။ ကျွန်တော်ဟာ နေရာတကာမှာ သူများတွေနဲ့ နှိုင်းယှဉ်ကြည့်နေလို့တော့ ဘယ်ဖြစ်မလဲ။ ဒါပေမယ့် ကျွန်တော်ဟာ လူ့လောကကို တိုးဝင်ရာကျတော့ သူများတွေနဲ့ ယှဉ်ပြီး တိုးဝင်ရမှာပါ။ ကျွန်တော်ဟာ လူတစ်ယောက်ဖြစ်ပေမယ့် လူတစ်ယောက်လောက်တောင် အဆင့်အတန်း မရှိတော့ နေရာတစ်ခုမှာ သာမန် လူတစ်ယောက်နဲ့ ယှဉ်လိုက်ရင်ပဲ ကျွန်တော့်မှာ ရှုံးပြီးသားပေါ့။ သည်တော့ သာမန်လူတွေနဲ့ အပြည့်ရှိနေတဲ့ သည်လောကကြီးထဲမှာ ကျွန်တော့်အတွက် နေရာရှိပါအုံးမလား။ ဘယ်သူကကော ကျွန်တော့်အတွက် နေရာ သီးသန့်ပေးမှာလဲ"

ကျွန်တော်သည် စကားပြောရင်း လှိုက်လှဲဝမ်းနည်းလာမိသဖြင့် စကားဆက်မပြောနိုင်တော့ဘဲ စကားဝိုင်းကို ရပ်ပစ်ခဲ့ရ ပါသည်။

## ပထမဆုံး မိုးပွင့်ဖြူ

တစ်နေ့တွင် စာတိုက်မှ မှတ်ပုံတင်စာထုပ် ကလေးတစ်ထုပ်ရောက်ရှိလာသည်။ ပဲခူးစာတိုက်မှ ဝန်ထမ်းများက ကျွန်တော်တို့၏ ရန်ကုန်လိပ်စာကိုသိသဖြင့် ယင်းအထုပ်ကလေးသည် ပဲခူးစာတိုက်မှတစ်ဆင့် ရောက်ရှိလာရခြင်း ဖြစ်ပါသည်။

ကြည့်လိုက်သည်နှင့် ဤစာထုပ်ကလေးသည် ကလေးဂျာနယ်တိုက်မှ ပေးပို့လိုက်ခြင်းဖြစ်သည်ကိုတော့ သိနေပါသည်။ ပဲခူးမြို့မှာနေစဉ်ကလည်း "ကလေးဂျာနယ်" ၏ ဆေးရောင်ခြယ်ပြိုင်ပွဲ ကလေးများ၌ ဆုရဖူးပြီး စာအုပ်လက်ဆောင် ရခဲ့ဖူးနေသည်နှင့် ယခုလည်း စာအုပ်လက်ဆောင်ဖြစ်မှန်း အထုပ်မြင်ရုံဖြင့် သိ၏။

http://www.linhtet.com



သို့သော်ကျွန်တော်သည် "ကလေးဂျာနယ်"မှာမည်သည့်ပြိုင်ပွဲမှဝင် မထားမိသည့်အပြင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး မှ"ကလေး ဂျာနယ်" ကိုပင် လုံးဝမဖတ်မိတော့။ သို့ဖြစ်၍ ဤမှတ်ပုံတင်စာထုပ် ကလေးကိုကိုင်ပြီး စဉ်းစားမရအောင် ဖြစ်နေလေသည်။

စာထုပ်ကလေးကို ဖွင့်လိုက်မိမှ ကျွန်တော် ပဲခူးမြို့တွင် နေထိုင်စဉ်က ရေးခဲ့ဖူးသော စာမူသုံးပုဒ်အနက် တစ်ပုဒ်ဖြစ်သော "မိုးပွင့်ဖြူ" အမည်ရှိ စာမူကလေးကို ထိုလထုတ် "ကလေးဂျာနယ်" ၌ တွေ့ရသည်။

ကျွန်တော်သည် အလွန်အမင်း ဝမ်းမြောက် ပျော်ရွှင် သွားမိ၏။ ရင်ထဲဝယ် တဒိတ်ဒိတ် တလှပ်လှပ် ခံစားနေရသည်။

"မိုးပွင့်ဖြူ" စာမူမှာ ဝတ္ထုပုံစံဖြင့် ရေးထားသော စာမူ ဖြစ်ပါသည်။ သရုပ်ဖော် ပန်းချီလေးများဖြင့် ဝေဝေဆာဆာညှပ်၍ ပုံနှိပ်ထားသော မိမိစာမူလေးကို မကြာခဏကြည့်လျက် ကြည်နူးရ သည်မှာ တစ်သက်တွင် မမေ့နိုင်တော့မည့် အရသာထူးကြီးဖြစ် ပါသည်။ မိမိလက်ချောင်းလေးများဖြင့် ရေးထားသော စာလုံးလေး များကို ယခုလို ပုံနှိပ်စာလုံးလေးများအဖြစ် တွေ့နေရခြင်းကပင် ကျေနပ်ချမ်းမြေ့စရာ ကောင်းလှပါသည်။ မိမိစာမူလေး ကို မိမိဘာသာ အထပ်ထပ်ဖတ်နေမိ၏။

"ငါ စာရေးရင်လည်း ဖြစ်နိုင်သားပဲ"

ဟု စိတ်ဓာတ်တက်သွားလေသည်။ နောက်ထပ်လည်း ရေးဦးမည်ဟု စိတ်ဆုံးဖြတ်ထားလိုက်၏။

## <u>မီးတိုးကောင်နှင့် ဝက်ကလေး</u>

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ပုံပြင်ကလေး တစ် ပုဒ်ကိုမြန်မာဘာသာဖြင့်ပြန်ရေး၏။"မရောင့်ရဲသော ဝက်က လေး"ဟု အမည်တပ်လိုက်သည်။ ထို့နောက် ရှုမဝမဂ္ဂဇင်းတိုက်သို့ စာတိုက်မှပို့လိုက်သည်။ ပင်ကိုယ်စိတ်ကူးဖြင့် စီစဉ်ရေးသော

http://www.linhtet.com



"မီးတိုးကောင်" ပုံပြင်စာမူကလေးကိုလည်း သွေးသောက်မဂ္ဂဇင်း တိုက်သို့ စာတိုက်မှ ပို့လိုက်လေသည်။

ထိုစာမူကလေးများသည် ပုံနှိပ်စာဖြစ်ရမည်ဟု ယုံကြည် ချက် ရည်စူးချက်ကြီးနှင့် အဦးဆုံးကြိုးပမ်းခြင်း ဖြစ်သဖြင့် ရေး မည်ကြံတိုင်း လက်တုန်နေ၏။

**"ငါရေးတာကိုလူတွေဖတ်ကြတော့မယ်။သူတို့ ဘာပြောကြ မလဲ။ ဘယ်လိုထင်မြင်ကြလေမလဲ"**

ကျွန်တော်သည် ဤသို့ကြီးကြီးကျယ်ကျယ်တွေ တွေး တော၍ စိုးရွံ့သည့်စိတ်က ပြင်းထန်နေလေသည်။

ပဲခူးမြို့၌ နေစဉ် ရေးခဲ့ဖူးသော စာမူသုံးပုဒ်တုန်းကမူ မိမိ စာသည် ပုံနှိပ်စာဖြစ်လာလိမ့်မည်ဟု ခိုင်ခိုင်မာမာမျှော်လင့် ယုံကြည်ထားချက်မရှိဘဲ၊ စမ်းသပ်သည့်သဘော အဆင့်သာရှိသဖြင့် သည်မျှစိတ်လှုပ်ရှားမှု မဖြစ်ခဲ့ရပါ။ စမ်းသပ်သည့် သဘောမျိုး ဖြစ်သောကြောင့် ထိုစာမူလေးများရေးစဉ်က လေးလေးနက်နက် မခံစားမိချေ။ ထိုစဉ်ကမူ မိမိလုပ်သော ကိစ္စသည် အောင်မြင်မှု ရှိလိမ့်မည်ဆိုသည့် မျှော်လင့်ချက်ထက် အောင်မြင်မှု ရှိလိမ့်မည် မဟုတ် ဟူသော ထင်မြင်မှုက ပိုမိုအားကြီးခဲ့ဟန်တူပါသည်။

ယခုစာမူလေးနှစ်ခုရေးရာ၌ ကား ကျွန်တော့်မှာ စိတ်လှုပ် ရှားလွန်းသည်နှင့် တစ်ပုဒ်လျှင် တစ်လခန့်မျှ အချိန်ကြာအောင် ရေးယူရပါ၏။ ထို့ပြင် ကျွန်တော် ထိုသို့ကြိုးပမ်းနေသည်ကို ကျွန်တော့်အိမ်သားများ သိပါက လှောင်ပြောင်မည်စိုးသဖြင့် သူတို့ မမြင်လေအောင် ဝှက်၍ရေးသားခဲ့ရပါသည်။

စာမူလေးနှစ်ခုကို စာတိုက်မှပို့လိုက်ပြီးနောက် တစ်လ ကျော်ခန့်ကြာသောအခါ ကျွန်တော့်စာမူနှစ်ခု စလုံးသည် စာတိုက် မှ ကျွန်တော့်ထံ ပြန်ရောက်လာပါသည်။ စာအိတ်များကို ဖွင့် ဖောက်လိုက်လေသောအခါ မဂ္ဂဇင်းတိုက် နှစ်တိုက်မှ ကျွန်တော့် စာမူများကို ပယ်လိုက်ခြင်းဖြစ်ကြောင်း သိရပါသည်။

http://www.linhtet.com



ကျွန်တော်၏ ကြီးမားသော မျှော်လင့်ယုံကြည်မှုကြီးများ ပြိုကွဲပျက်စီးသွားသဖြင့် ယင်းစာအိတ်ရှည် ရှည်နှစ်ခုကိုကိုင်လျက် အချိန်အတန်ကြာအောင် ငိုင်နေမိပါသည်။

ထိုစဉ် မေမေက ထိုစာအိတ်ကြီးများကို ကြည့်၍ "ဘာတွေလဲ" ဟု မေး၏။

"သားလေးရေးတဲ့ စာမူနှစ်ခုလေ၊ နှစ်တိုက်စလုံးက ပယ်လိုက်ကြတယ်" ဟု ကျွန်တော်က ကြေကွဲဝမ်းနည်းသံဖြင့် ပြောမိ၏။

"အို ... ပယ်လည်း နောက်ထပ်အသစ်ရေးပေါ့။ နောက်တော့ ဖြစ်လာရမှာပေါ့" ဟု မေမေက အားပေး၏။

ကျွန်တော်က ခေါင်းကိုသာ ခါရမ်းနေမိပါသည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ စာရေးဆရာ မဖြစ်နိုင်ဘူး"

ကျွန်တော့်၌ အားနည်းချက်များစွာ ရှိပါသည်။ ထိုအထဲမှ အားနည်းချက်တစ်ခုမှာ တစ်စုံတစ်ခု လုပ်ကိုင်မည်ရှိတိုင်း "ငါလုပ်ရင် ဖြစ်မှဖြစ်ပါ့မလား၊ ဖြစ်မှာ မဟုတ်ပါဘူး" စသည်ဖြင့် မိမိကိုယ်မိမိ အထင်သေး စိတ်ကအမြဲတမ်း လွှမ်းမိုးချုပ်ကိုင်ထားတတ်ပါသည်။ ထို့ကြောင့် မိမိကိုယ်မိမိ အတင်းအားပေး စိတ်ဓာတ်မြှင့် လုပ်ဆောင်မှသာ ကိစ္စတစ်ခုကို ပြုမူဆောင်ရွက်လုပ်ဖြစ်သွားတတ်ပါသည်။ ဆောင်ရွက်မိပြန်ပါကလည်း ဖြစ်မှဖြစ်ပါ့မလားဟူ၍ စိုးရိမ်ကြောင့်ကြသည့်စိတ်က ကြီးစိုးနေတတ်ပြန်ပါသည်။ ဤစိတ်မှာ ငယ်စဉ်ကစ၍ အကြောင်းအမျိုးမျိုး၌ အဆုံးတရား၊ အရှုံးတရား၊ စွန့်လွှတ်ရခြင်းတရား စသည်တို့နှင့် တွေ့ထိကြုံလာရပေါင်းများခဲ့ရဖူးသဖြင့် ပေါ်လာရသော အောက်ကျနောက်ကျပျော့ညံ့သည့်စိတ်ဓာတ်ပင် ဖြစ်လေမည် ထင်ပါသည်။ ဤစိတ်ဓာတ်သည် မိမိဘဝကို ကောင်းကျိုးမပေးစွမ်းမှန်းသိလျက် ဤစိတ်ဓာတ်ကို တော်ရုံတန်ရုံနှင့် မောင်းနှင်ပစ်၍ မရဘဲ ရှိတတ်ပါ၏။

ထို့နောက် ကျွန်တော်သည် မိမိစိတ်ကိုမိမိ အားပေး၍ ရှုမဝတိုက်မှ ပယ်လိုက်သော စာမူကို သွေးသောက်တိုက်သို့ပို့ပြီး

http://www.linhtet.com



သွေးသောက်တိုက်မှပယ်လိုက်သော စာမူကို ရှုမဝတိုက်သို့ တစ်ဖန် ပြန်ပို့လိုက်မိပါသည်။

တစ်လကျော်ခန့်ကြာသောအခါ ကျွန်တော့်စာမူကို ရှုမဝတိုက်မှ အသုံးပြုရန် ရွေးချယ်ထားကြောင်း ပြန်ကြားစာရ၏။ ကျွန်တော်သည် များစွာဝမ်းသာသွားရပါသည်။

နောက်စာမူများကိုဗိုလ်ချုပ်ဈေးရှိရှုမဝတိုက်သို့ ကျွန်တော့် ညီနှစ်ယောက်က သွားပို့ပေး၏။ ရွှေဘုံသာလမ်းနှင့် ဗိုလ်ချုပ်ဈေးမှာ နီးလွန်း၍ စာတိုက်မှပို့ခြင်းထက်ပင် လူကိုယ်တိုင် သွားပေးရသည်က ပိုမိုနီးသေးကြောင်း ကျွန်တော့်ညီတို့က ပြောပြပြီး သွားပေးခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်ဈေးရှိ ရှုမဝတိုက်က လူများသည် စာမူလာပို့သည့် သွက်လက်ချက်ချာသော "ချာတိတ်" ကလေးနှစ်ယောက်ကို သဘောကျနေမိကြဟန်ရှိ၏။

"မင်းတို့ ရေးလာတာလား" ဟု ကျွန်တော့်ညီများကို မေးသည်ဆို၏။

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့အစ်ကို ရေးတာပါ"

"မင်းတို့အစ်ကိုရေးတာ စွံရဲ့လား"

"ဟုတ်ကဲ့၊ ပြီးခဲ့တဲ့လက တစ်ပုဒ်တောင် ပါပြီးနေပါပြီ"

"အမယ် တယ်ဟုတ်ပါလား၊ မင်းတို့အကိုက အသက်ဘယ် လောက်ရှိလဲ"

"ဆယ့်ခြောက်နှစ်ပါခင်ဗျာ" ဟု ကျွန်တော့်ညီတို့က ဖြေသောအခါ "ဟာ တယ်ဟုတ်ပါလား၊ တယ်ဟုတ်ပါလား"ဟု ကျွန်တော့်ညီတို့၏ တင်ပါးကို အားရဝမ်းသာ တအားလှမ်းပုတ်ရင်း ပြောလိုက်ကြသည် ဆို၏။

ကျွန်တော့်ညီတို့က ထိုအကြောင်းကို ကျွန်တော့်အား ပြန် ပြောပြလေသောအခါ ကျွန်တော့်မှာ ချမ်းမြေ့ကြည်နူးသွားမိပါ၏။

* * * * * * *

Shwe Minn Tha Book

http://www.linhtet.com

ရှစ်

# စိတ်လွတ်ပေါက်ပေးလိုက်ခြင်း

ရန်ကုန်မြို့ ရွှေဘုံသာလမ်း၌ နေစဉ် ကျွန်တော်သည် အကျဉ်းကျနေသူ တစ်ယောက်ကဲ့သို့ နေ့စဉ်နှင့်အမျှ မည်သို့မျှ ထူးခြားပြောင်းလဲမှု မရှိလေသောအခါ ကျွန်တော့် စိတ်သည် တစ်မျိုးတစ်ဖုံ ပုံစံတစ်မျိုး ဖြစ်နေဟန်တူပါသည်။

တစ်ခါတစ်ရံ ရင်ထဲဝယ် ကျဉ်းကျဉ်းကျပ်ကျပ် ခံစားနေမိသောအခါ တအားအော်ဟစ်၍ ပေါက်ကရ သီချင်း အပိုင်းအစမျိုးစုံကို ဆိုနေမိပါသည်။ ကျွန်တော်သည် သီချင်းတစ်ပုဒ် တစ်လေကိုမျှ အစမှအဆုံးတိုင် မရသော်လည်း မိမိပါးစပ်ထဲ၌ အလျဉ်းသင့်သလိုကား အချိန်အတော်အတန် ကြာအောင်ပင် မနားတမ်း သီချင်းများ အော်ဆိုနေနိုင်ပါသည်။ ဤသို့အော်ဟစ်နေမိခြင်းကို ထိုစဉ်က ကျွန်တော့်ဘာသာ ကျွန်တော် နားလည်နိုင်ခြင်း မရှိခဲ့သော်လည်း ယင်းသို့ကျွန်တော် အော်ဟစ်နေခြင်းမှာ စိတ်ကိုလွတ်ပေါက်ပေးခြင်းမျှသာ ဖြစ်နိုင်ပါသည်။

ကျွန်တော်သည် တစ်ခါတစ်ရံ ထိုသို့ အဘယ်မျှအော်ဟစ်နေမိသည် မသိ။ တစ်နေ့တွင် အိမ်နီးချင်းတစ်ဦးက ကျွန်တော့်ညီကို မေးသည်ဆို၏။

"မင်းတို့အိမ်မှာ အရူးရှိလား … အရူး …"

"ဘာအရူးလဲ"

"အရူးလေ အရူး၊ ဟို အော် အော်နေတဲ့ အရူး"

ထိုနေ့မှစ၍ ကျွန်တော်သည် ရောက်တတ်ရာရာများ အော်ဟစ်နေတတ်သည့် အလေ့ကို ဖျောက်ဖျက် ပစ်လိုက်ရပါတော့၏။

http://www.linhtet.com



## ဒါ ငါ့ကမ္ဘာ

ကျွန်တော်သည် ပဲခူးမြို့မှ ညီမတစ်ဝမ်းကွဲ မြမြဝင်းထံ စာတစ်စောင် လှမ်းရေးခဲ့ဖူးခြင်းကို မှတ်မိနေပါသည်။

ငါ့ဆီကို အမြဲစာရေးစမ်းပါလား။ စာလာတဲ့အခါ ငါသိပ်ဝမ်းသာမိတယ်။ စဉ်းစားကြည့်စမ်း။ ငါ့အဖို့ ပေ ၂၀၊ ပေ ၄၀ အကျယ်အဝန်းရှိတဲ့နေရာဟာ ငါ့ကမ္ဘာ၊ ငါ့လောကရဲ့ အကျယ်အဝန်းဆုံး နယ်နိမိတ် အတိုင်းအတာပဲ။ ငါ့ရဲ့ဘေးမှာ နံရံတွေရှိတယ်။ ငါတွေ့ကြုံနေရတဲ့ လူတွေကတော့ ငါအမြဲမြင်နေရတဲ့ လူလေး ငါး ရှစ်ယောက်ပဲ။ သည်လေးငါးရှစ်ယောက်ပဲ ငါ့ကမ္ဘာ ငါ့လောကရဲ့ လူသားတွေပေ့ါ။ ငါစကားပြောချင်ရင် သူတို့ကိုပဲ ပြောရတယ်။ ငါ လူ့စကား နားထောင်ချင်ရင်လည်း သူတို့ ပြောတာကိုပဲနားထောင်ရတယ်။ ငါ့အပြုအမူ ငါ့အတွေ့ အကြုံတွေဟာ ဘာမျှမပြောင်းလဲ ဆန်းသစ်မှု မရှိဘူး။ ငါ့မြင်ကွင်းတွေဟာလည်း သည်အတိုင်း သည်အတိုင်းပဲ အမြဲရှိတယ်။ နေ့စဉ်နဲ့အမျှ ငါဟာ စက်လည်နေသလိုပဲ မှန်မှန်ရှိနေတယ်။ ငါ့အဖို့တော့ လောကကြီးဆိုတာဟာ စိတ်ပျက်စရာကြီးပါ။ ဘာမျှ မက်စရာ မရှိဘူး။ အနာဂတ်မှာလဲ မြော်လင့်ချင်စရာ ငါ့အတွက် ဘာမှမရှိဘူး ...

ဤသို့ ကျွန်တော်စာရေးခဲ့မိရာ ညီမ မြမြဝင်း၏အဖေ (ဦးလေး ဦးကျော်)သည် ယင်းစာကို ဖတ်ကြည့်မိပြီး အိပ်ရာထဲသို့ ဝင်၍ငိုနေသည်ဟု နောက်တော့ ကြားသိရပါသည်။

ထိုအခါ ကျွန်တော့်မှာ အံ့အားသင့်သွားရပါသည်။ ကျွန်တော်သည် ကျွန်တော့်အခြေအနေ၊ ကျွန်တော့ သဘော၊ ကျွန်တော့်အမြင်ကိုသာ ရင်ထဲ၌ ပေါ်လာမိသည့်အတိုင်း ရေးခဲ့မိခြင်းဖြစ်၏။ မိမိဘဝကို မိမိ သနားစရာကောင်းသည်၊ ဝမ်းနည်းစရာ ကောင်းသည်ဟု စိတ်၌ မထင်မြင်မိခဲ့ချေ။ တစ်စုံတစ်ယောက်က ကျွန်တော့်အကြောင်း စာဖတ်ပြီးငိုသည်ဆိုမှ မိမိ ဘဝသည် ငိုစရာများ ကောင်းနေလေသလားဟု တွေးထင်လာမိ၏။

## အဖြူကိုမသိ၍ အမဲကိုမသိခြင်း

တစ်ခါကလည်း အိမ်သားများအားလုံး အပြင်သို့ သွားနေခိုက် လှေကားမှ လူခေါ်ခေါင်းလောင်း မြည်လာ၏။ ကျွန်တော်က လှေကားထိပ်မှသွားကြည့်သောအခါ ဦးလေးတစ်ယောက်၏ ဇနီးလောင်း မမငြိမ်း ကို တွေ့ရသည်။

"ဘယ်သူမှတော့ မရှိဘူး၊ အိမ်ပေါ် တက်အုံးမလား" ဟု ကျွန်တော်က လှမ်းမေးသည်။

"အေး တက်အုံးမယ်၊ သော့ချလိုက်" ဟု မမငြိမ်းက အောက်တံခါးပေါက်ဝမှ ပြန်အော်ပြော၏။

ကျွန်တော်တို့သည် လှေကားလက်တန်းဘေးတွင် စက်သီးတပ်ကြိုးတစ်ချောင်း စီမံထားလေသည်။ ရင်းနှီးသူ ဧည့်သည်တစ်ဦးဦးလာလျှင် ထိုစက်သီးကြိုးကလေးဖြင့် သော့ချပေးလိုက်တတ်သည်။ ဧည့်သည်က ထိုသော့ကိုယူ၍ မိမိ ဘာသာသော့ဖွင့်၊ မိမိဘာသာ သော့ပြန်ပိတ်ပြီး အပေါ်ထပ်သို့ တက်လာနိုင်သည်။ အပြန်တွင်လည်း ဧည့်သည်က သော့ပြန်ပိတ်ပေးခဲ့ပြီး စက်သီးကြိုးတွင် သော့ပြန်ချိတ်ပေးလိုက်ရ၏။ ထို့နောက် စက်သီးကြိုးကိုဆွဲ၍ သော့ပြန်ယူ သိမ်းထားရလေသည်။ အပေါ်နှင့်အောက် ဆင်းရတက်ရ သက်သာစေရန် စီမံထားခြင်း ဖြစ်ပါသည်။

ကျွန်တော်က မမငြိမ်းကို သော့ချပေးလိုက်ပြီး မိမိ နေရာမှာ မိမိ ပြန်နေကာ စာဖတ်မြဲ ဖတ်နေပါသည်။

ခဏကြာသောအခါ မမငြိမ်းသည် အပေါ်ထပ်သို့တက်လာပြီး ကျွန်တော့်အနီးမှာ ထိုင်သည်။ ထို့နောက် မမငြိမ်းက စကား စ ဆိုသည်။

"တစ်အိမ်လုံး တိတ်ဆိတ်နေတာပဲ၊ မောင်စိန်ထွေး မပျင်းဘူးလား"

"ဟင် တိတ်ဆိတ်နေရင် ပျင်းရတယ်လား"

မမငြိမ်းစကားကြောင့် ကျွန်တော် တအံ့တသြ ဖြစ်သွား

http://www.linhtet.com



ပါသည်။

"အေးလေ တိတ်နေတော့ ပျင်းစရာကောင်းတာပေါ့"

သူပြောမှ ကျွန်တော့်မှာ ပျင်းခြင်း၊ ပျော်ခြင်းအကြောင်းကို လေးလေးနက်နက် တွေးတောမိသွားသည်။

"ကျွန်တော့်မှာ ပျော်တာမရှိသလို ပျင်းတာလည်း မရှိပါဘူး။ တိတ်မနေတော့လည်း မပျော်သလို တိတ်နေတော့လည်း မပျင်းတော့ဘူး။ ဆူညံနေတဲ့အခါ ပျော်နေရင် တိတ်ဆိတ် နေတဲ့အခါ ပျင်းချင်ပျင်းနေမှာပဲ ထင်တယ်။ ခုတော့ ကျွန်တော့်မှာ အားလုံးဟာ ဘာမျှခြားနားမှု မရှိသလိုပဲလေ"

"တစ်ယောက်တည်း သည်လိုအမြဲစာဖတ်နေရတာ မငြီးငွေ့ ဘူးလားဟင်"

ဟု သူကတစ်ဖန် မေးပြန်၏။

"ကျွန်တော် အမြဲပဲ သည်လိုနေနေကျနေတော့ ငြီးငွေ့သလား မငြီးငွေ့ဘူးလားဆိုတာ ကျွန်တော် မသိတော့ဘူး။ သည်လိုပဲ ကျွန်တော်နေတာပဲ။"

## မျက်စိမွဲစပြုပြီ

ပဲခူးတွင်နေစဉ်က ဖေဖေသည် တစ်ခါတစ်ရံ ကလေး ဂျာနယ် တစ်အုပ်စ နှစ်အုပ်စသာ ဝယ်ပေးခဲ့သော်လည်း နောက်ပိုင်း တွင်မူ စိတ်လိုလက်ရပင် တစ်လလျှင် မဂ္ဂဇင်းနှစ်စောင်ကျ ဝယ်ပေး လာသည်။ ထို့ကြောင့် မဂ္ဂဇင်းသာမက ဝတ္ထုများကိုပါ အိမ်တွင် ကျွန်တော် တရားဝင်ဖတ်ခွင့်ရလာသည်။ ညီနှစ်ယောက်ကလည်း သူတို့ကျောင်း စာကြည့်တိုက်မှ နေ့စဉ်ငှားရမ်းပေးလေ့ ရှိရာ ထိုအချိန်မှစ၍ ကျွန်တော့်မျက်စိ မွဲစပြုလာသည်။

အစတွင် ကျွန်တော်သည် မျက်စိမွဲစပြုလာပြီကို မိမိဘာသာ မသိ။ အိမ်ရှေ့မျက်နှာချင်းဆိုင်တွင်ရှိ သော ဆေးတိုက်၏ ဆိုင်းဘုတ်ကြီးမှ စာလုံးကြီးများမှာ တစ်နေ့တစ်ခြား အရစ် အရစ်

http://www.linhtet.com



နှင့် အထပ်ထပ်တွေ ဖြစ်လာနေသည်။ မျက်မှောင် ကြုတ်ကြည့်လိုက် လျှင်မူ ထိုစာလုံးကြီးများမှ အရစ်များ အထပ်များမှာ ပျောက်ကွယ် သွားပြီး ထိုစာလုံးကြီးများကို ပီပီသသမြင်ရတတ်သည်။ ကျွန်တော် ၏မျက်စိသည် အဝေးမှုန်လာခြင်းဖြစ်၍ အနီး၌ မူ မည်သို့မျှ မသိ သာ။ ကျွန်တော့်အဖို့မှာလည်း မျက်စိအဝေးမှုန်နေသဖြင့် မည်သို့မျှ ပြဿနာမဖြစ်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်မျက်စိသည် အဝေးသို့ကြည့်ရန် အကြောင်းကိစ္စမရှိသောကြောင့်ဖြစ်သည်။ ကျွန်တော်နေထိုင်သည်မှာလည်း အိမ်ခန်း အတွင်း၌ သာဖြစ်ရာ အိမ်ခန်းအတွင်း၌ အဝေးဆိုသော အရာဝတ္ထုတစ်ခုမျှမရှိ။

ထိုသို့ ကျွန်တော့်မျက်စိ အဝေးမှုန်စပြုပြီကို ကျွန်တော် ကိုယ်တိုင်လည်း မသိ။ ကျွန်တော့်အိမ်သားများလည်းမသိ။ ကျွန်တော်ကလည်း ဘာမျှပြောပြခဲ့ခြင်း မရှိခဲ့ချေ။

## ကျွန်တော် သေနေပြီ

၁၉၆၀ ပြည့်နှစ်တွင် ဖေဖေတို့ကုမ္ပဏီ၏ လုပ်ငန်းများမှာ ကျဆင်းလာသဖြင့် စရိတ်သက်သာစေရန် ကုမ္ပဏီ၏မူလ အလုပ် တိုက်ခန်းများကို ရောင်းပစ်ပြီး ကျွန်တော်တို့နေထိုင်ရာ အခန်း၌ အလုပ်တိုက်ပြန်ဖွင့် ပေးထားရသည်။

သို့ဖြင့် စမ်းချောင်းရပ် ဖျာပုံလမ်းတွင် အိမ်တစ်လုံး ဆောက်ပြီးနောက် ကျွန်တော်တို့မိသားစု စမ်းချောင်းသို့ ပြောင်းရွှေ့ လာခဲ့ကြရလေသည်။

ဖျာပုံလမ်းအိမ်တွင် မော်တော်ကားထားရာ နေရာသည် အိမ်အတွင်းပိုင်းဖြစ်၏။ ကျွန်တော့်အဖို့ မော်တော်ကားပေါ် တက် ရန် ဆင်းရန် လွယ်ကူသွားသည်။ ထို့ကြောင့် မော်တော်ကားဖြင့် ပြင်ပသို့ ကျွန်တော်သွားလိုပါက သွားနိုင်ပါ၏။ သို့သော် ကျွန်တော့် မှာ အပြင်လောကနှင့် အဆက်အဆံမရှိတော့သော အလေ့အကျင့် က စွဲနေပြီဖြစ်သဖြင့် အပြင်အပသို့လည်း သွားလို လာလို ကြည့်လို

http://www.linhtet.com



မြင်လို စိတ်လည်း မရှိတော့။ စိတ်ဝင်စားမှုနည်းနေ၏။ အပြင်အပကို ကျွန်တော်သည် သံယောဇဉ်ပြတ်သလောက် ဖြစ်နေလေပြီ။ သို့ဖြင့် ကျွန်တော် သည် အပြင်လောကဟူ၍ မည်သည့်နေရာမျှ မရောက်ဘဲ အိမ်တွင်းမှာသာ နေမြဲနေမိပါသည်။ မိမိဘဝ မိမိအကြောင်းကိုလည်း လူသိမှာ ရှက်သလိုလို ကြောက်သလိုလို ဖြစ်နေပါသည်။သူတစ်ပါးက ကျွန်တော့်ကို တွေ့မြင်သွားလေမည်စိုး၍ အိမ်ရှေ့ဧည့်ခန်းသို့ပင် မထွက်မိပါချေ။ ထို့ကြောင့် ကျွန်တော်တို့ အိမ်ကို အတွင်း အပြင် ဝင်ထွက်သွားလာနေကျ လူတစ်ယောက် မဟုတ်ပါက ကျွန်တော့်ကို လုံးဝမတွေ့မိ။ မသိမိတတ်ကြချေ။

တစ်ခါတစ်ရံ အပြင်၌ အသိမိတ်ဆွေ အပေါင်းအသင်းများက ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများအား "မောင်နှမ ဘယ်နှစ်ယောက်ရှိလဲ" စသည်ဖြင့်မေးလျှင် "ခုနစ်ယောက်"ဟု ဖြေကြပါက ကျွန်တော်တို့ မောင်နှမစာရင်းကို တွက်ကြည့်ပြီး "တစ်ယောက်ကော" ဟု ထပ်မေးတတ်ကြ၏။ "တစ်ယောက်က" အစရှိသဖြင့် ကျွန်တော့်အကြောင်းကို ပြောပြရလေသောအခါ သူတို့သည် ကျွန်တော့်ကို တွေ့ဆုံလိုကြသည်ဆိုကာ အိမ်သို့လိုက်ပါလာတတ်၏။ ကျွန်တော်သည် မည်သူ့ကိုမျှ ထွက်မတွေ့လိုသဖြင့် ဖြစ်နိုင်သမျှ ရှောင်နေ ပုန်းနေတတ်၏။ ထိုသို့သော ဧည့်သည်မျိုး လာသည်ဆိုသည်နှင့် ကျွန်တော်သည် အိမ်ပေါ်ထပ်သို့ တက်လာခဲ့ပြီး အခန်းတွင်း ဝင်အိပ်နေတော့၏။ ထိုဧည့်သည် ပြန်သွားလျှင် ကျွန်တော်သည် အိမ်တွင်း၌ ဆူပူသူပုန်ထနေမိတတ်ပါ၏။

"ဘာဖြစ်လို့ ကျွန်တော့်အကြောင်းကို သွားပြောရတာလဲ၊ ရှက်စရာကောင်းလိုက်တာ"

"ပြောတာ ဘယ်ဟုတ်မလဲ၊ သူတို့က မေးတာကိုး"

"မေးလဲ မောင်နှမ ခြောက်ယောက်ပဲရှိတယ်လို့ ပြောလိုက်ပေါ့"

"ဟဲ့ ခုနစ်ယောက်ရှိတာ ခြောက်ယောက်ရှိတယ် ပြောလို့

http://www.linhtet.com



ဖြစ်မလား"

"ခုနစ်ယောက်ရှိတယ် ပြောပြီးလည်း တစ်ယောက်ကော လို့ သူတို့က ထပ်မေးရင် တစ်ယောက်က မရှိတော့ဘူးလို့ ပြော လိုက်ရောပေါ့"

"မရှိတော့ဘူးပြောရော ဘယ်ရောက်သွားလဲ ထပ်မေး မှာပေါ့"

"သေသွားပြီလို့ ပြောပစ်လိုက်ပေါ့။ ဟုတ်တယ်လေ ဘာ ထူး သေးလဲ။ ကျွန်တော် သေနေပြီပဲ"

ကျွန်တော်သည် မိမိဘာသာပြောပြီး ဝမ်းနည်းသွားတတ် ပြန်ပါသည်။

## သနားစရာလား

ကျွန်တော်သည် အပြင်လူများကို မသိဘဲနေဖြစ်လျှင် မသိ ပဲ နေချင်သည်။ မတွေ့၍ဖြစ်လျှင် အတွေ့ မခံဘဲနေတတ်သည်။ သို့ဖြင့် ကျွန်တော့်လောကသည် ကျဉ်းမြောင်းမြဲ ကျဉ်းမြောင်းနေ ပါ၏။

ထိုအချိန်က မမသည် တက္ကသိုလ်သို့ရောက်နေပြီ ဖြစ်ရာ ကျွန်တော်က မည်သို့ပင် တားဆီးပိတ်ပင် ထားသော်လည်း တစ်ခါ တစ်ရံ စကားစပ်မိပြီး ကျွန်တော့်အကြောင်းကို သူ့ သူငယ်ချင်းများ အား ပြောပြမိတတ်သည်ဆို၏။ ထိုအခါ မမ၏ သူငယ်ချင်းများက " သူ့ကို ကိုယ်တို့ လိုက်တွေ့ချင်လိုက်တာ"ဟုဆိုလျှင် "အံမယ်လေး လိုက်တွေ့လို့ မရဘူး။ သူက ပုန်းနေမှာ၊ ပြီးတော့ ကိုယ့်ကို ဘာဖြစ် လို့ သူ့အကြောင်း လျှောက်ပြောရလဲဆိုပြီး ရန်လုပ်နေအုံးမယ်၊ မဖြစ်ဘူး" ဟု မမက ပြောရတတ်သည်ဆို၏။

"ဒါဖြင့် ဓာတ်ပုံလေးဖြစ်ဖြစ် ကြည့်ချင်တယ်" ဟု သူတို့က ဆိုကြလေသောအခါ မမသည် ကျွန်တော်၏ တစ်ခုတည်းသော တစ်ခါက ဖေဖေဖေအိမ်၌ ရိုက်ပေးထားဖူးသည့် ဓာတ်ပုံကလေး

http://www.linhtet.com



ကို ကျွန်တော်မသိအောင် တိတ်တိတ်ယူသွားပြီးပြရာ"ဟယ် သူ့မျက်နှာ လေးက သနားစရာလေး" ဟု သူတို့က ပြောတတ်သည်ဆို၏။

ကျွန်တော်သည် ကျွန်တော့်ကို "သနားစရာလေး" ဟု ပြောလာလျှင် ဝမ်းလည်းနည်းတတ်သည်။ စိတ်လည်းဆိုးတတ်သည်။ ကျွန်တော် မကြိုက်ပေ။

အချို့သူများသည် ကျွန်တော်နှင့် ပတ်သက်၍ စိတ်ဝင်တစ်စားမေးမြန်းလာသောအခါ ကျွန်တော့် အိမ်သားများက စိတ်ရှည် လက်ရှည် ပြောပြတတ်ပါသည်။ အချို့ကဆိုလျှင် ကျွန်တော် နေထိုင်စားသောက်ပုံများကိုပါ အသေးစိတ် မေးတတ်၏။ မေမေတို့က ကျွန်တော်နှင့် စပ်ဆိုင်သမျှကို အားလုံး ပြောပြပြီးနောက် "ခုတော့ အိမ်ထဲမှာဆိုယင် သူ့အမှုကိစ္စကို ထူးပြီး ဘာမှလုပ်ကိုင်ဆောင်ရွက်ပေးစရာ မလိုဘူး။ အားလုံး သူ့ဘာသာသူ လုပ်ကိုင်နိုင်တယ်။ ဒါတင် ဘယ်ကမလဲ။ သူများကိုတောင် သူက ပြန်ပြီး အကူညီပေးနိုင်သေးတယ်။ ကြမ်းတိုက်၊ တံမြက်လှည်း၊ မီးပူတိုက်၊ ကလေးတွေကိုစာသင်ပေး။ သူ့အဖေ စာရင်းအင်းတွေရေးနဲ့ သူ အကူအညီပေးနေတယ်။ သူကထိုင်ပြီး လုပ်လို့ရတဲ့ အလုပ်ဆိုရင် အားလုံးလုပ်တာပဲ။ ပြီးတော့ သူ ဝတ္ထုလေးတွေ ဘာလေးတွေရေးတာ စွံနေပြီလေ" ဟု ဂုဏ်တင်၍ ပြောဆိုတတ်၏။

ထိုအခါ အချို့ညည့်သည်တို့က "သူက တော်တာပေါ့။ ဘယ်သူ့သားဆိုရင် သူ့လိုပဲ။ ဟိုက လက်နှစ်ဖက်စလုံးကောင်းတယ်။ ဒါပေမယ့် သူ့ဗာဟီရ သူမလုပ်နိုင်ဘူး။ လူမမာကြီး အတိုင်းပဲ။ အိမ်သားတွေ အားလုံးက ဝိုင်းလုပ်ကိုင်ပေးနေကြရတာပဲ။ သူ့အိမ်သားတွေအဖို့လည်း မသက်သာဘူး" စသည်ဖြင့် ပြန် ပြောတတ်ကြ၏။

## <u>မခံချင်စိတ်</u>

ထိုအချိန်က ကျွန်တော်သည် အပ်ချုပ်စက်ကိုပင်ချုပ်နိုင်

http://www.linhtet.com



နေပြီဖြစ်လေသည်။အပ်ချုပ်စက်ချုပ်တတ်လာပုံမှာလည်း ကျွန်တော် စိတ်ဆိုးပြီး မခံချင်စိတ်ဖြစ်ခဲ့ရာမှ တတ်သွားခြင်း ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော့်အင်္ကျီကော်လံကို မမ အားစက်ဖြင့် ချုပ်ခိုင်း၏။ မမက "ခဏနေပါအုံး" ဟု ဆိုပြီး မချုပ်ဖြစ်ဘဲရှိသည်။ ထိုအခါ ကျွန်တော့်စိတ်ထဲ၌ မကျေမနပ်ရှိလာပြီး "သူ့ကိုလည်း ငါက တစ်သက်လုံး ခိုင်းလို့ ရချင်မှရမှာ။ သူကလည်း ငါ့ကို တစ်သက်လုံး လုပ်ပေးနိုင်ချင်မှ လုပ်ပေးနိုင်မှာ။ သည်တော့ ကိုယ့်ဘာသာ လုပ်မှဖြစ်မယ်။ ကဲ ကိုယ့်ဘာသာကော မလုပ်နိုင်ဘူးလား" ဟု မိမိကိုယ်မိမိ ဆန်းစစ်သည်။ လက်ချုပ် ချုပ်ခြင်းကိုမူ ငယ်ငယ်လေးကတည်းက ကျွန်တော် တတ်၏။ စက်ချုပ်ကိုမူ ခြေထောက်က စက်ကို မနင်းနိုင်၍ ကျွန်တော်ချုပ် မရ။ သို့သော် အပ်ချုပ်စက်ကို ခြေဖြင့်မနင်းဘဲ ဖြစ်နိုင်သည့် နည်းလမ်း စဉ်းစားကြည့်သည်။

အကြံရသွားသဖြင့် အပ်ချုပ်စက်ခုံတွင် ကျွန်တော်သည် ပြောင်းထိုင်လိုက်၏။ စက်ခေါင်းနှင့် ခြေနင်းခုံ ဘီးတို့ကို ဆက်သွယ်ထားသော သားရေကြိုးကို ဖြုတ်ပစ်လိုက်လေသည်။ ပြီးနောက် လက်ျာလက်က စက်ခေါင်းရှိဘီးကို လှည့်ပေးရင်း ကောင်းစွာမသန် သော လက်ဝဲလက်က အဝတ်စကို ထိန်းကိုင်၍ ချုပ်သွားသည်။ ခြေဖြင့်နင်းချုပ်သလောက် မမြန်သော်လည်း ကျွန်တော့်အင်္ကျီ ကိုမူ ကျွန်တော့်ဘာသာ ချုပ်၍ပြီးသွား၏။ ပြီးခါနီးမှ မမ ရောက် လာပြီး "ငါ ချုပ်ပေးမှာပေါ့ဟယ်၊ နင်ကလည်း နဲနဲလေးမှ သည်းမခံ နိုင်ဘူး" ဟု ဆို၏။

"ခု မောင်လေးဘာသာ စက်ချုပ်တတ်သွားပြီလေ၊ ဘာဖြစ် သလဲ" ဟု ကျွန်တော်က အားတက်သရော ပြောလိုက်မိသည်။

မမက "အေးလေ ဒါလည်း ကောင်းတာပေါ့" ဟု ပြော လေသည်။

http://www.linhtet.com



## ဟာသဆရာ

ဖျာပုံလမ်းအိမ်ရောက်ပြီးမှ ကျွန်တော့် ဝတ္ထုတိုလေးများသည်မဂ္ဂဇင်းစာစောင်တို့၌ ပိုစွံလာသည်။

တစ်နေ့တွင် သွေးသောက်မဂ္ဂဇင်းတိုက်မှ စာတစ်စောင်စာတိုက်မှတစ်ဆင့် ရောက်လာသည်။ စာတွင် ကျွန်တော် ယခင်က ပို့ထားသော "မရောင့်ရဲသော ဝက်ကလေး" စာမူ (ရှုမဝမဂ္ဂဇင်းမှ ပယ်ခဲ့သည့်စာမူ) ကို မကြာမီ သွေးသောက်မဂ္ဂဇင်းတွင် အသုံးပြုတော့မည်ဖြစ်ကြောင်း၊ မကြာမီက ပေးပို့ထားသော ဟာသဝတ္ထုတိုကလေးတစ်ခုကိုလည်း "ရယ်စရာ သောင်းခြောက်ထောင်" စာစောင်မှ သုံးရန်ရွေးချယ်ထားကြောင်း စသည်ဖြင့် ပါရှိသည်။ ထိုအချိန်တွင် ကျွန်တော်၏ဟာသဝတ္ထု အတိုအစလေးများမှာ "အဟိ" စာစောင်၌ ကြိုကြားကြိုကြား ပါနေ၏။

ဟာသဉာဉ်လေး ရှိပုံရသော ကျွန်တော်သည် လောကကြီးကို ထေ့ချင်၊ ငေါ့ချင်၊ ကလော်ချင်၊ သရော်ချင်၊ ရွဲ့ချင်စိတ်ကလေးများ အတော်ရှိပုံရပါသည်။ ထိုအချိန်က ဘဝသရုပ်ဖော် ရေးဖွဲ့မှု စာပေအဆင့် အတန်းမြင့်ကြောင်း ကြွေးကြော်ချက်က အတော်ဂယက်ထနေ၏။ ဤအချက်ကို ကျွန်တော်သည် "ကလိ" လိုက်ချင်သည်နှင့် "အဟိ" စာစောင်တွင် မှတ်မှတ်ရရ ဝတ္ထုတစ်ပုဒ် ရေးခဲ့မိဖူးသည်။

ကျွန်တော့်ဘဝ၊ ကျွန်တော့်ဟာသဉာဉ်လေးနှင့် ဟိုစဉ်က ကျွန်တော့်စိတ်ကူး၊ ကျွန်တော့်လက်ရာ စသည်လေးများကို ဆက်စပ်ကြည့်နိုင်စေရန် ၁၉၆၁ ခုနှစ်ထုတ် အဟိစာစောင် အတွဲ ၂၊ အမှတ် ၂၄ နှင့် အမှတ် ၂၅ တို့မှ ဝတ္ထုအတိုအစလေး နှစ်ပုဒ်ကို ကူးယူပြသအပ်ပါသည်။ ဤစာတိုပေစလေးတို့သည် မည်သို့မျှ ကြီးကျယ်လေးနက် စာပေအရာမဝင်သော်လည်း ကျွန်တော့်ဘဝ၏ အရောင်လေးများ ရိုက်ခတ်မှုရှိနေမည် ထင်ပါသည်။ (ထိုအထဲမှ ခင်ဂွမ်းဂွိအမည်မှာ တပ်မတော်သားတစ်ဦး၏ ဟာသကလောင်

http://www.linhtet.com



အမည် ဖြစ်ပါသည်။

## အောင်မယ်လေး ဘဝသရုပ်ဖော်ဝတ္ထုကြီး

**ရေးသူ - မောင်စိန်ထွေး**

ကျွန်တော်ဆိုသော ငနဲရောမသည် အတော်လေး ဖန်ဂေါင်း ကျယ်၏။ (ဖြေရှင်းချက် - မောင်စိန်ထွေး မဟုတ်ရကြောင်းပါ။) သူသည် စာရေးမည်ဆိုလျှင် ဘဝတို့ ဘဝက်တို့နှင့်မှ ကြီးကြီး ကျယ်ကျယ် ဖင်မနိုင် ခေါင်းမနိုင် ရေးချင်၏။ ဒုက္ခပင်လယ်ဝေပြီး မရှုနိုင် မရှိုက်နိုင်ဖြစ်နေသည်ဆိုသော ဘဝမျိုးကိုမှ သရုပ်ဖော်သည့် စာမျိုးရေးမှ အဆင့်အတန်း မြင့်သည်ဟု ဆရာ့ ဆရာကြီး၏ သံယောင်လိုက်ခါ မိမိဘာသာမိမိ ယူဆထားလေ၏။

ထို့ကြောင့်တစ်ကြိမ်တစ်ကြိမ် စာရေးမည်ဆိုလျှင်အတော် စဉ်းစားရသည်။ သူ့စာထဲဝယ် ဘဝ ဘဝက်ဟူသော စာလုံးများမပါ ဝင်နိုင်လျှင် သူ့စာအဆင့်အတန်းမမြင့်မည် စိုးလေသောကြောင့် မရေးရဲပေ။

ယခုလည်း သူသည် စာရေးရန် အပြင်းအထန် စဉ်းစား နေလေ၏။ မင်းစိုးရာဇာ သူဌေးသူကြွယ်ကြီးများဘဝ၊ စစ်သားဘဝ၊ ဆင်းရဲသား လယ်သမား စသည် စသည်ဖြင့်။

မင်းစိုးရာဇာ သူဌေးသူကြွယ်ကြီးများဘဝ - သူတို့ဘဝ သည် ခက်ခဲနက်နဲ ရှုပ်ထွေးပွေလီ မျက်စိလည်စရာကောင်း၍ ခက်လေသောကြောင့် မရေးတတ်။

စစ်သားဘဝ - သေနတ်ကို ဖင်မှန်း ခေါင်းမှန်း မသိသော ကျွန်တော်သည် သူတို့ဘဝကို အဘယ်မှာ ရေးနိုင်ပါအံ့နည်း။

ဆင်းရဲသား လယ်သမားဘဝ - သူတို့အိမ်သွားလျှင် ထိုင်လိုက်သည်နှင့် ကြမ်းခင်းထားသော ဝါးကြမ်းက ဖင်ညှပ်၍ "အမယ်လေးဗျ" အော်ရသည်ကို အမှတ်ရမိသည်မှအပ ရှို့လည်း

http://www.linhtet.com



မကိုင်ဖူး။ ဆင်းရဲသား လယ်သမားဘဝ သရုပ်ဖော်ဝတ္ထုမျိုး ရေးနိုင်ရန် အလွန်ခဲယဉ်းနေ၏။

"ဒီမယ် ကိုယ့်ဆရာ၊ ညနေကျ ကားရိုက်စရာရှိလို့ ဒရိုင်ဘာလုပ်ပါအုံး"

"ဩော် ... ဩော် ... အင် ... အင် ကောင်းပြီ .... ကောင်းပြီ"

ကျွန်တော့်ဇနီးသည် ရုပ်ရှင်မင်းသမီး ခင်ဂွမ်းဂွိ (စာရေးဆရာမကြီး ခင်ဂွမ်းဂွိနှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်း။ အမည်တူသာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။) ၏ မိန့်မှာသံကြောင့် ကျွန်တော့်မှာ စာရေးရင်း ယောင်ကန်းကန်းနှင့် အာမဘန္တေခံလိုက်ရသည်။

သူ့ကြောင့် သူ့အကြောင်းကို သတိရလာသည်။ သူနှင့်ပတ်သက်သော အကြောင်းတို့ကို ဆက်တွေး နေမိသည်။

အခြားသူများတော့ မဆိုနိုင်။ ကျွန်တော့်အနေနှင့်မူ ရုပ်ရှင်မင်းသမီးလင် ဖြစ်ရသောဘဝသည် မစားသာချေ။ သူသွားလေရာလိုက်၍ ဒရိုင်ဘာလုပ်ရသည်။ လူရှေ့ သူရှေ့၌ ကိုယ့်ကိုယ်က ဒရိုင်ဘာအရာက နေရသည်လည်းရှိ၏။ မင်းသမီးအစ်ကို လိုလို၊ ဦးလေးလိုလို၊ ဘကြီးလိုလို နေရသည်လည်းရှိ၏။ ဤသည်တို့သည် မထောင်းသာလှ။ သူနှင့်မရမီကပင် ကျွန်တော်သည် ထိုပြဿနာတို့ကို တွေးခေါ်ပြီး လက်ခံနိုင်၍ မင်းသမီးလင်ဘဝသို့ ရောက်လာခဲ့ရ ခြင်းဖြစ်သည်။

မင်းသမီးလင်ဘဝ မရောက်မီက ကျွန်တော်ကြိုတင်၍ မဝင်သော အတွေးအခေါ်တစ်ခုရှိ၏။ ထိုအတွေးအခေါ်သည် ကြိုတင်၍သာ ဝင်ခဲ့လျှင် သူနှင့် ကျွန်တော်သည် ဖူးစာဆုံကောင်းမှ ဆုံပေလိမ့်မည်။ ယခု ထိုအတွေးအခေါ်ဝင်ပြီးသောနေ့မှစ၍ ကျွန်တော်သည် မအီမလည်ကြီး ခံစားနေရလေသည်။

မအီမလည်ကြီး စဖြစ်ရန် အကြောင်းဖန်လာသောနေ့။

http://www.linhtet.com



ထိုနေ့ကဆိုလျှင် ကျွန်တော်သည် အပြင်မှ အိမ်ပြန်လာသည်။ အိမ်က တံခါးဆွဲဖွင့်၍ ဝင်လိုက်လျှင်ပင် သူသည်ကုလားထိုင်တစ်လုံးပေါ်ဝယ် တရှုံ့ရှုံ့ထိုင်ငိုနေသည်ကို တွေ့ရသည်။ ကျွန်တော်သည် အထိတ် တလန့်နှင့် ....

" ဟဲ့ ... ဟဲ့ ... ဘယ့်နှယ် ဘယ်လိုဖြစ်တာလဲ"

သူသည် မပြောချေ။ တရှုပ်ရှုပ် တရှက်ရှက်၊ တရှုံးရှုံး တရှဲရှဲသာ ထိုင်ငိုနေလေ၏။

"သဲအူတုန်လိုက်ပါဘိသနဲ့ မိမိငဲ့ ... ဂွိဂွိငဲ့၊ ဘယ်လိုက ဘယ်လိုအကြောင်း...သိကောင်းစရာများဖြစ်ရင် ....သနားသောအားဖြင့်...ရွှေနားတော်သွင်းရအောင်ပ ခွန်းဟတော်မူလှဲ့ပ့ါ ဂွိဂွိငဲ့"

ကျွန်တော်က စကားသနပ်ခါးလိမ်း၍ ဆိုလိုက်ရာ ...

"ဟင်း ... ဟင်း ... သူ ... သူ၊ မေ ..မေ ... မေမေလေ ... ဆုံး ..ဆုံးသွားပြီတဲ့၊ အီး ... အီး အီး ...'"

သူသည် မပွင့်တပွင့်ဆိုရာမှ အားယူကာ တစ်အားပြောချလိုက်ပြီး တအီးအီးနှင့် ဆက်ငိုရှိုက်နေပြန်လေ ၏။

"ဟေ ဘယ်လို ဘယ်လို လုပ်သိလဲ၊ ဟုတ် ..ဟုတ်ပ မလား။ ဟိုတစ်နေ့က လာတုန်းကတောင် အကောင်းချည်း ....'"

"သံကြိုးရတယ်'"

သူသည် သူ့လက်ကိုင်အိတ်ထဲမှ သံကြိုးစာကို နှိုက်ထုတ်နေလေသည်။ အမှန်မှာ အခြားသူတွေဆိုလျှင် (အထူးသဖြင့် ဆရာသော်တာတို့လို) ယောက္ခမဆုံး၍ ဝမ်းသာရပေမည်။ ကျွန်တော့်အနေနှင့်မူ ဝမ်းမသာအားနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် တစ်နေ့ကပင် ယောက္ခမကြီးသည် ရန်ကုန်ရောက်တုန်း ကျွန်တော့်ထံ ဆိုက္ကားခ ပေးစရာမရှိ၍ဟူသော အကြောင်းပြချက်နှင့် ပိုက်ဆံပြားသုံးဆယ်ချေးသွားသေး၏။ ယခုမူ ပြန်ရလမ်း မမြင်တော့ချေ။ ထို့ကြောင့် ကျွန်တော်လည်း ဝမ်းနည်းပန်းနည်း သူနှင့်ပြိုင်၍မျက်

http://www.linhtet.com



ရည်ဖြိုင်ဖြိုင် ကျရလေတော့၏။

သူက သံကြိုးစာကို ထုတ်ပေး၍ မျက်ရည်ကြားမှ မနည်း အားယူကာ အနိုင်နိုင်ဖတ်ကြည့်ရ၏။

"သောက်ပလုပ်တုပ် ...တုပ် ""

သံကြိုးစာကို ဖွင့်ဖတ်မိသောအခါ နှုတ်မှယောင်ယမ်း၍ အော်မိသည်။

"ဘယ်မှာလဲကွ သံကြိုးစာ""

"အဲဒါလေ""

သူက မျက်ရည်အဝိုင်းသားနှင့် ဖြေ၏။

"ဟေ သံကြိုးစာကလည်း စိန်နိုင်လွန်ခုနစ်ဝတ်စာ သင့်ငွေ တစ်ရာ့ငါးဆယ့်နှစ်ကျပ် ဆိုပါလား၊ ဘောင်ချာကြီးကို"

သူသည် မျက်ရည်တွေနှင့် တခစ်ခစ်ရယ်လေ၏။

" ဟ-မင်းတော့ အမေသေတာနဲ့ ဦးနှောက်ပျက်သွားပြီ။ သတိထားမှပေါ့၊ လူသခ်ါရ ပစ္စည်းသခ်ါရ၊ လူတွေဟာ သေမျိုးချည်း ပဲ။ ဘုရားရဟန်းတောင် မလွန်ဆန်နိုင်ပေဘူး၊ တရားနဲ့ဖြေမှပေါ့"

ကျွန်တော်သည် သူ့ကိုတရားချရင်း ခြေမကိုင်မိ လက် မ ကိုင်မိ ဘာမှမကိုင်မိဘဲ ဖြစ်နေ၏။ သူ့ကို စိတ်ကျန်းမာရေးဆေးရုံ ပို့ရကောင်းမလား။ ဆရာဝန်ခေါ် ရကောင်းမလား။

သူသည် အားရပါးရ ရယ်ပြီးနောက် .....

"ဒီမှာ ကိုယ့်ဆရာ ကျုပ်မရူးဘူး၊ ရှင်ရူးနေပြီတော်ရဲ့"

"ဟေ - ငါ ရူးနေပြီ"

သူသည် တခစ်ခစ်ရယ်ပြန်လေပြီ။ နောက်မှ .....

"ဒီမှာ ကိုယ့်ဆရာရဲ့၊ ရှင့်ဇနီး ရုပ်ရှင်မင်းသမီးဆိုတာ မေ့နေပြီလား။ အိုင်တင်ကျင့်နေတာလေ။ အိုင်တင် မှင်သေသလား မသေသလားဆိုတာ ...၊ ကိုယ့်ယောကျ်ားတောင် အိုင်တင်မှန်း မရိပ်မိဘူး၊ တော် လိုက်ပါတဲ့ ငါရယ်"

"ဟီး-တော်ပါသေးရဲ့၊ ပိုက်ဆံ ပြားသုံးဆယ်" ဟု အခုမှ

http://www.linhtet.com



သက်ပြင်းချနိုင်သည်။

ထိုမှစ၍ ကျွန်တော်သည် အတွေးအခေါ် တစ်ခုဝင်လာပြီး အီလည်လည် စဖြစ်တော့သည်။ သူသည် မင်းသမီးဖြစ်သည်။ အိုင်တင်သမားဖြစ်သည်။ အိုင်တင်သမားဟူသည် တကယ် မဟုတ်သည်ကို အဟုတ်လို အမှန်ဖြစ်သည်ကို မဖြစ်သလို၊ ဟန်ဆောင်စားနေရသော ဘဝပိုင်ရှင်ဖြစ်၏။ ဥပမာ- ရုပ်ရှင်ထဲဝယ် ကိုယ့်ယောကျ်ား မဟုတ်သူကို ကိုယ့်ချစ်လင်အဖြစ် လည်း ကောင်း၊ မိမိနှင့် ပြိုင်ဘက်ဖြစ်၍ အမုန်းကြီးမုန်းနေရသူကို ရုပ်ရှင် ထဲဝယ် မေတ္တာစစ်မေတ္တာမှန်နှင့် ချစ်နေရသူ ရည်းစားကြီး အဖြစ်လည်းကောင်း ပြုမူလုပ်ကိုင်နေရသည်။ သူတို့ သဘာဝကျကျ သရုပ်ဆောင်လျှင် ပွဲကြည့်သူသည် အဟုတ်တကယ်ဟု မှတ်ထင် နေရသည်။

ထို့လောက်ဟန်ဆောင် ပညာတတ်ကျွမ်းနားလည်သူသည် နေရာတိုင်း၌  သူ၏ရည်ရွယ်ချက် ပြည့်ဝစေရန် ဟန်မဆောင်ဘဲနေပါမည်လော။ ဟန်ဆောင်လျှင်ကော ရိပ်မိနိုင်ပါမည်လော။

ထိုနေ့မှစ၍ သူ့ကို မယုံတော့ပေ။ သူတစ်စုံတစ်ခုပြောလေတိုင်း၊ ပြုလေတိုင်း အဟုတ်ပြောတာလား၊ တကယ်လားဟူသော သံသယစိတ်နှင့် သူ့မျက်နှာကို အတော်ကြီးအရိပ်အကဲ ဖမ်းပြီးမှ စကားပြန်ပြောရဲတော့ ၏။

"ကိုယ့်ဆရာကို ချစ်လိုက်တာကွယ်" ဟုဆိုလျှင် အဟုတ်ပဲပြောတာလား၊ ဟန်ဆောင်ပြောတာလား၊ သူ့ကို အတော်အကဲခတ်ရသည်။ ထိုအခါ အကဲခတ်ညံ့လေသော ကျွန်တော်သည် အီလည်လည်ကြီး ဖြစ်နေရလေ၏။ ယခုမူ ချစ်ပါသည်ဆိုသော စကားမျိုးအခါခါ ပြောပေမယ့် ကျွန်တော် မယုံစားဝံ့။ သူပြောလေတိုင်း ဝက်သားတုံးကြီး ကိုက်ရသလို အီ၏၊ လည်၏၊ အီလည်၏။

ဟန်ဆောင်၏၊ ဟန်မဆောင်ဟူသော အဖြေထွက် လာနိုင်သည့် ဟန်ဆောင်မှုကို တိုင်းထွာသော"ဟန်ဆောင်တိုင်း" ကိရိယာမျိုး ပေါ်မလာလေမချင်း ကျွန်တော်၏ အီလည်လည်ရောဂါကြီး

http://www.linhtet.com



ပျောက်ကင်းလေရန် လမ်းမမြင်ပါတကား။ ငါ့ဘဝသည် ဆုံးလေပြီ။

ထိုသည့်နေ့ကာလမှစ၍ ကျွန်တော်၏နဖူး၊ ဂျိုစောင်း၊ ခေါင်း စသည့်အချက်အချာနေရာ ဌာနတို့၌ ဂုဏ်ထူးဆောင် အမှတ်တံဆိပ်တို့သည် တစ်ခုပြီးတစ်ခု တိုးလာလေတော့၏။

တိုးပုံကလေးကိုလည်း ကြည့်ပါဦး။

တစ်ည ကျွန်တော် မှေးစက်အိပ်ပျော်နေစဉ် သူသည် ကျွန်တော့်ခါးကိုတို့၍ လှန့်နှိုးလိုက်လေသည်။ ကျွန်တော်က "ဟဲ့ သောက်ခွေး" ဟု ငေါက်ကနဲ ထ ထိုင်လိုက်လေသည်။

သူသည် တရှုပ်ရှုပ် ငိုနေ၏။

"အမေ သေပြန်ပလား၊ ဘယ်မလဲ ဘောင်ချာ"

သူက မဲ့မဲ့ရွဲ့ရွဲ့ အားယူပြုံးလျက် ....

"မသေပါဘူး၊ ဗိုက်နာလို့"

"တကယ်လား၊ ဒပ်ဖရင်လား"

"လုပ်ပြီ-နောက်ဖို့ပဲတတ်တယ်၊ ဒီမှာဖြင့် သေတော့မယ်" ဟုဆိုကာ ဗိုက်နှိပ်၍ ညည်းနေလေသည်။ သူ့ကြည့်ရသည်မှာ တကယ်ဗိုက်နာသည်နှင့် တူဟန်ရှိသည်။ သို့သော် သူ့ပါးစပ်သည် တကယ်နာပါက မဲ့ရ ရွဲ့ရမည့် စံချိန်အောက် အနည်းငယ် "အမဲ့" လျော့နေသည်။ ကျွန်တော်က သူ့ကိုအတော်ကြာကြာ အသေအချာ အကဲခတ်နေရသည်။

"အီး .... အီး ... အမယ်လေး၊ ဗိုက်နာပျောက်ဆေး ဒီဝစ်ယူပေးစမ်းပါ"

သူသည် မနက်က ချဉ်ပေါင်ဟင်းစားသည်။ ထိုချဉ်ပေါင် ဟင်းက ဒုက္ခပေးသည် ထင်ရဲ့။ သူတကယ် ဗိုက်နာသည်သာ ဖြစ်ရမည်ဟု ယုံကြည်စပြုလာသည်။ သို့သော် သေချာသည်ထက် သေချာရန် ထပ်မေးလိုက်၏။

"တကယ် ဗိုက်နာတာလား"

"ဟောတော့ ဗိုက်နာပါတယ်ဆို တကယ်နာတာလား။

http://www.linhtet.com



အပျက်အပျက်နာတာလားနဲ့ လူကို ကလေးမှတ်လို့၊ ဗိုက်နာတမ်း ကစားနေတယ်များ အောက်မေ့နေသလား။ ဗိုက်နာတာ အပျက် ပျက် နာလို့ရလား"

"ဒါဖြင့် တကယ်ပေါ့" ဟု ခိုင်လုံသည်ထက် ခိုင်လုံစေရန် ထပ်မံမေးလိုက်ပြန်၏။

"တကယ်ဆိုနေမှပဲ၊ ကဲ-ကဲ-"

သူသည် စိတ်တိုသွားဟန်ဖြင့် ခေါင်းအုံးအောက်မှ လက် နှိပ် ဓာတ်မီးကိုဆွဲယူပြီး ကျွန်တော့်ဂျိုစောင်း အား "ခွပ် ခွပ်"နှင့် ထုထည့်လေတော့သည်။

ထိုအခါမှ ကျွန်တော်လည်း "အောင်မယ်လေးဗျ" ထအော် ကာ ပြည်ထောင်စုကြယ်ကလေးများ မြင်လာပြီး ဂျိုစောင်းကို လက်ပူတိုက်ရင်း ဗိုက်နာပျောက်ဆေးဖူး ထရှာပေးရလေသတည်း။

ကျွန်တော်၏ မင်းသမီးလင်ဘဝသည် မစားသာသော အီလည်လည် ဘဝပါတကား။

ဟောဗျ၊ ရောမအဆင့်အတန်းမြင့်ထသော ဘဝသရုပ် ဖော်ဝတ္ထုကြီး ပြီးသွားပါပေါ့လား။

ဩော် ၊ ဘဝ ဘဝ။

**မောင်စိန်ထွေး**

ဆက်လက်ပြီး ဟိုစဉ်က ကျွန်တော်၏ ဟိချင်၊ ကလိချင် စိတ်ဖြင့် ရေးသားခဲ့သော အဟိစာစောင် အတွဲ ၂၊ အမှတ် ၂၅ တွင် ပါရှိသည့် "လျှို့ဝှက်သဲဖို ရေးချင်လွန်းသူ" ဝတ္ထုတိုကလေးကို ဆက်လက် ဖော်ပြလိုက်ပါသည်။

## <u>လျှို့ဝှက်သဲဖို ရေးချင်လွန်းသူ</u>

ရေးသူ - မောင်စိန်ထွေး

ကျွန်တော်ဆိုသော ငနဲရောမသည် ကျွန်တော်တို့နယ်က နိုင်ငံရေးခေါင်းဆောင်လို တစ်လ တစ်ရာသီ ပေါ်လစီတစ်မျိုး

http://www.linhtet.com



တစ်မျိုးပြောင်းချင်၏။ ယခင်ကဟာသဝတ္ထုလေးမှ ရေးချင်သည်။ နောက် အဆွေးဝတ္ထု၊ ထိုနောက် ဘဝသရုပ်ဖော် စသည်ဖြင့် ယခုမူ ကား လျှို့ဝှက်သဲဖိုစွန့်စားခန်း ဝတ္ထုမျိုးတွေမှ ရေးချင်လာပြန်သည်။

ဆရာ သော်တာဆွေသည် ပထမကလောင်ကျင့်စဉ်က ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှား တို့ကို အားကျပြီး သူတို့လို လျှို့ဝှက်သဲဖိုစွန့်စားခန်းဝတ္ထုတွေမှ ရေးချင်သည်ဟု ဆိုလေသည်။

ဆရာ့တပည့်ပီပီ ကျွန်တော်သည်လည်း ထိုသို့ပင်ဆန္ဒရှိပါ၏။ သို့သော် တစ်ခါက လျှို့ဝှက်သဲဖို ဝတ္ထုမျိုးကို ဆရာတက်တိုးက အပျော်ဖတ်စာ အပေါစားစာ စာရင်းသွင်းပြဖူးသည်။ ဆရာတက်တိုး၏ စာပေ သရုပ်ခွဲပြမှုကြောင့် ကျွန်တော့်မှာ ယခုတိုင် လျှို့ဝှက်သဲဖိုဝတ္ထုရေးရန် လက်မရဲအောင်ဖြစ်နေရ၏။ ကျွန်တော့်စာ အပေါစားစာရင်းဝင်သွားမှာ လန့်နေလေသည်။

ရှားလော့ဟုမ်း (မြန်မာအမည် ဦးစံရှား) ဝတ္ထုများကဲ့သို့ သရုပ်မှန်လျှင်မူ အပေါစားစာပေမှ ကင်း လွတ်နိုင်၏။ ထိုသို့ဆိုပါက လျှို့ဝှက်သဲဖိုဝတ္ထုရေးလိုလျှင် အပေါစားစာပေအဆင့်မှ ကျော်လွန်အောင် သရုပ်မှန်စွာ ရေးရပေမည်။ သရုပ်မှန်မှန် ရေးနိုင်ရန်မှာ အတွေ့အကြုံလိုလေသည်ဟု ကျွန်တော်တွေးလေသည်။

ထို့ကြောင့် ထို့ကြောင့် ကျွန်တော်သည် လျှို့ဝှက်သဲဖို စွန့်စားခန်းဝတ္ထုမျိုး ရေးနိုင်ရန် အတွေ့အကြုံ ရှာနေလေ၏။

သို့နှင့်တစ်ခုသော ညနေခင်းနေဝင်ရီတရော အချိန်ဝယ် ..

" လာကြပါအုံး ၊ သူခိုး ... သူခိုး"

လမ်းမမှ အော်သံကြောင့် ကျွန်တော်သည် ခါးတောင်းကျိုက်၍ ပြေးထွက်သွားလေသည်။ ကျွန်တော်တို့အိမ်နှင့် လေးငါးအိမ်ကျော်ခန့်ရှိ အိမ်တစ်အိမ်ရှေ့မှာ အမျိုးသမီးကြီးတစ်ယောက် ကုန်းအော်နေသည်ကို တွေ့ရ၏။ စွန့်စားခန်းအတွေ့အကြုံရှာနေသူ

http://www.linhtet.com



ကျွန်တော့်အတွက် အခွင့်ကောင်းဖြစ်၏။ ကံကောင်းလျှင် စွန့်စားခန်းဝတ္ထုတစ်ပုဒ်တောင် ရနိုင်ကောင်း၏ဟု မျှော်လင့်လိုက်သည်။

ထိုအိမ်ရှေ့သို့ ကျွန်တော်ရောက်သွားသောအခါ မှောင်ရိပ်ကျနေသည့် အိမ်နှစ်လုံးကြားထဲ တစ်စုံ တစ်ခုဆွဲကိုင်၍ ပြေးဝင်သွားသော တစ်စုံတစ်ယောက်အား ကျွန်တော်၏ လျင်သော မျက်စိက မြင်လိုက်သည်။

" ဟိုမှာမှုတ်လား ... ခွေးသူခိုး၊ ဘယ်ပြေးမလဲ" ဟု ကျွန်တော်က ကြိမ်းဝါးရင်း ဟီးရိုးစတိုင် အိမ်ကြားထဲသို့ လိုက်သွားမည်ပြုရာ "ဘယ်ကလာ သူခိုးရမှာလဲ၊ နောက်ဖေးသိမ်း တဲ့ ကုလား ပုံးဆွဲဝင်သွားတာကို" ဟု ထိုအမျိုးသမီးကြီးအော်သံကြောင့် အခြားရောက်လာသူတစ်ယောက်က ဆိုလိုက်၍ သတ္တိကို ချွန်းအုပ်ထား လိုက်ရသည်။

နောက်မှဆင်ခြင်ဉာဏ်ကြီးသူ အိုင်တင်တစ်မျိုးပြောင်း လိုက်ကာ ထိုအမျိုးသမီးကြီးကို မေးခွန်းပြု လိုက်လေသည်။

"ဘယ်မှာလဲဗျ၊ ခင်ဗျား သူခိုး"

"သူခိုးဘယ်မှာဆိုတာ အသေအချာသိမှဖြင့် ရှင့်ပြောနေရဦးမှာလား၊ ရဲ အကြောင်းကြားလိုက်မှာပေါ့။ အဲဒီမှာ သူခိုးနေပါတယ်လို့"

ကျွန်တော်က အရှက်ပြေဟဲလိုက်ပြီး "မှုတ်ဖူးလေ၊ အဖြစ်အပျက်ကိုပြောဖို့ သဘောပါ။ အဖြစ်အပျက်ကိုသိရမှ ကျွန်တော့်လိုကောင်းတဲ့ ခေါင်းနဲ့စဉ်းစားပြီး လုပ်သင့်တာ လုပ်ရမှာ"

အမျိုးသမီးကြီးက သူသည် မနက်စောစော သူ့ ခင်ပွန်း ခရီးရှည်ထွက်သွားသည့် အချိန်ကစပြီး ဟိုဘက် လမ်းကအိမ်မှာ ပိုကာသွားဒေါင်းနေကြောင်း၊ မကြာခင်လေးကမှ အိမ်ပြန်လာရာ အိမ်ရောက်မှ လက်ကိုင်အိတ် မေ့ကျန်ခဲ့၍ ပိုကာဝိုင်းပြန်သွားရကြောင်း၊ ထိုမှနောက်တစ်ခေါက် အိမ်ပြန်ရောက်သောအခါ အိမ်တွင်းဝင်မည် ပြုတော့ တံခါးကို တစ်စုံတစ်ယောက်က ချိုးဖျက်ဝင်

http://www.linhtet.com



ထားသည်ကို တွေ့ရကြောင်း၊ ထိုအခါ ထိတ်လန့်တကြား သူခိုး သူခိုးအော်မိကြောင်းဖြင့် အတိုချုံးကာ ပြောပြရှာ၏။

"ခင်ဗျား ပထမအခေါက်လာတုန်းက တံခါးသော့ပျက်နေပြီလား"

"ဟင့်အင်း၊ မပျက်သေးဘူး။ ခုမှ ပျက်နေတာ တွေ့တာပဲ။ ဒါကြောင့် ဒီအတောအတွင်းလေးမှာ သူခိုးဟာ ဘယ်မှ မပြေးနိုင်သေးဘူး။ ဒီအထဲမှာပဲ ရှိဦးမယ် ထင်ရတာပဲ"

ကျွန်တော်က လူစွမ်းကောင်းလုပ်ပြီး အနီးမှလူကို "ကဲ၊ ဒါဖြင့်လည်း ဝင်ကြည့်ကြစို့" ဟု သေဖော်ညှိ လိုက်၏။

ထိုလူက "အံမယ်၊ ခင်ဗျားဟာ ခင်ဗျား ဝင်ပါလား။ မတော် သူခိုးက ဓါးနဲ့ဆီးထိုးလို့ ကိစ္စများသွားမယ်။ ခင်ဗျား သတ္တိကောင်းရင်ဝင်လေ" ဟု ငေါက်လိုက်၍ ကျွန်တော်တောင် တွန့်သွားမိသည်။

ထို့နောက်မှ "ကဲပါလေ ငါပဲ ဝင်ပါတော့မယ်။ သူခိုးပဲ ကြောက်စရာလား။ ငါ တိုင်းရင်းမေဂျာနယ် အပတ်စဉ်ဝယ်ပြီး တိုင်းရင်းမေ ဗန်တိုတွေ လေ့ကျင့်ထားတာ ဘာလုပ်ဖို့လဲ။ ဒီနေရာမျိုးမှာ အသုံးချဖို့ မဟုတ် လား။ တိုင်းရင်းမေ အစ်မကြီး ညွှန်ကြားထားတဲ့အတိုင်း သူခိုးကို လက်မကုန်းကိုက်လိုက်ရင် တစ်ခါတည်းသူခိုးက ထိုင်ရှိခိုးရမှာ။ ပြီးတော့ သူခိုးကို ဖမ်းမိပြန်ရင်လဲ သတင်းစာထဲ ငါ့ဓာတ်ပုံကြီးပါလာမှာ။ ဒီတော့မှ လူတွေက ငါ့ဓာတ်ပုံကြီး ကြည့်ပြီး "အင်း၊ မာဆယ်ကြီးတွေ တောင့်သလောက် သတ္တိလည်း ပြောင်ပါပေတယ်"လို့ ချီးကျူးကြမှာ။သတင်းစာတွေကလည်း ဒီလို ပြည်သူ့သူရဲကောင်းများတိုင်းပြည်မှာ အမြောက်အမြားလိုကြောင်း၊ ဘာကြောင်း ညာကြောင်းနဲ့ မြှောက် ပင့်စာတွေ ရေးကြမှာ။ နောက်ပြီးတော့ ငါ့ အတွက် စွန့်စားခန်း ဗဟုသုတ ရတာပေါ့စသည်ဖြင့် မိမိကိုယ်ကို မိမိ အားပေးကာ ကြောက်စိတ်ကို ဖျောက်ရ၏။

"ကဲ - ကျုပ်ဝင်မယ်။ ခင်ဗျားတို့ ဝင်မလိုက်ကြနဲ့။ သူခိုးက

http://www.linhtet.com



ဘယ်နှစ်ယောက်မှန်းလဲ သိကြတာ မဟုတ်ဘူး။ သူခိုးတွေနဲ့ လုံးထွေး သတ်ပုတ်ရရင် ခင်ဗျားတို့ပါနေရင် ခြေရှုပ်တယ်"

ကျွန်တော် သူရဲကောင်းဆန်ဆန် ပြောဆိုကာ တံခါးကို အသာတွန်းဖွင့်၍ အိမ်တွင်းသို့ဝင်လိုက်၏။ ထိုအခါ အမျိုးသမီးကြီးက လေသံတိုးတိုးနှင့် လှမ်းမှာလိုက်သေးသည်။

"ရှင် သူခိုးကို ဝင်ရှာရုံရှာနော်။ သူခိုးမတွေ့ရင် မီးဖိုထဲက ဟင်းအိုးတွေဖွင့်ကြည့်ပြီး နှိုက်စားမလာခဲ့နဲ့အုံး"

တစ်အိမ်လုံး တိတ်ဆိတ်နေလေသည်။ ကျွန်တော်သည် တစ်ခန်းပြီးတစ်ခန်း ချွတ်နင်း၍ ဟိုကြည့် ဒီကြည့်နှင့် ဝင်လာခဲ့သည်။ ဝင်သာ ဝင်ခဲ့ရသည်။ လန့်တော့ ခပ်လန့်လန့်ဖြစ်၏။ ရင်တွေတုန်နေလေသည်။ အချိန်ကလည်း နေဝင်ရီသရောမို့ အိမ်တွင်းမှာ ဘာမျှသဲကွဲစွာ မမြင်ရ။ တစ်ခန်းပြီး တစ်ခန်း သာလွန်လာခဲ့သည်။ သူခိုးနှင့်တူသော သတ္တဝါတစ်ကောင် တစ်မြီးမျှ မတွေ့။ အတော်စိတ်သက်သာလာသည်။ အိပ်ခန်းရောက်လာ၏။

"ဟော"

ကျွန်တော့်ရင်ထဲဝယ် ဒိန်းကနဲ မိုင်းဗုံးထိသလို ခံစားလိုက်ရသည်။ မကြောက်ပါဘူးဆိုကာမှ ဒူးတွေ တဆတ်ဆတ်တုန်လာပြီး ဒူးချင်းရိုက်နေကြ၏။

သူခိုးသည် ခိုးရ၍အတော်မောသွားဟန်တူသည်။ ကုတင်ပေါ်ဝယ် အေးအေးဆေးဆေးအိပ်ပျော်နေ၏။ သူ့ဘေးမှာ အဝတ်တွေပွနေ၏။ ကုတင်အနီးမှ သေတ္တာတစ်လုံးသည်လည်း ပွင့်၍ အဝတ်အစားများ နှိုက်ယူထားဟန် အဝတ်တွေ အန်ထွက်ကျနေလေသည်။

သူခိုးတော့တွေ့ပြီ အဘယ်သို့ဖမ်းရပါ့။ ကုန်းအော်လိုက်ရကောင်းမလား။ လည်ပင်းဖျစ် သတ်လိုက်ရ ကောင်းမလား။ ကြိုးနှင့် တုပ်ပြီးမှ အပြင်လူတွေ သွားခေါ်ရကောင်းမလား။

ကုန်းအော်လိုက်လျှင် အပြင်လူတွေ အချိန်မီ မရောက်

http://www.linhtet.com



လာပါက သူခိုးနိုးသွားပြီး ငါ့ကိုခါးနဲ့ ထထိုးရင် ဘယ့်နှယ်လုပ်ပါ့မလဲ။ လည်ပင်းဖျစ်သတ်ပြန်ရင်သေသွားလည်းအခက်။ မသေပြန်လည်း ငါ့ပြန်သတ်ဒုက္ခ။ ကြိုးနဲ့တုပ် ဖမ်းထားတာ ကောင်းပါတယ်။ ဒါမှ ငါတစ်ယောက်တည်း သူခိုးဖမ်းရာကျမှာ ...။

ထိုအတွေးလုံးများဖြင့် ကြိုးရရန် ဟိုဟိုဒီဒီကြည့်နေစဉ် ကြွက်တစ်ကောင်က ကျွန်တော့်ခြေထောက်ကိုလာတိုးသဖြင့် မဟာဗန္ဓုလသွေးပါသည့် ကျွန်တော့်မှာ လန့်သွားပြီး "အမယ်လေးဗျ" ဟု ထခုန်မိရာ စားပွဲပေါ်မှ ပန်းအိုးကိုလက်နှင့်သွားတိုးမိ၍ "ဂွမ်း" ကနဲ ကျကွဲသွားလေ၏။

ထိုအခါ သူခိုးသည် နိုးသွားပြီး ခေါင်းထောင်ကြည့်၏။

ထွက်ပြေးရ ကောင်းမလားဟု စဉ်းစားလိုက်သည်။ ပြီးမှ ထွက်ပြေးလျှင် ကြောက်မှန်းသိပြီး ပိုဆိုးမည် စိုး၍ ကြောက်စိတ်ကို ထိန်းပြီး သူခိုးကို လှည့်ကြည့်လိုက်၏။

"ဟဲ ... ဟဲ ... သူခိုး၊ မင်းဘယ်ပြေးမလို့လဲ။ ဘာလာလုပ်တာလဲ"

သူခိုးက ခပ်တည်တည်ပင် ပြန်ဟောက်၏။

သည်လောက်တော့ ကျွန်တော်လည်း လည်ပါသေးတယ်။

ဆရာကြီး မဟာဆွေဝတ္ထုတွေ၌ ဤအပေါက်မျိုး လူဆိုးကလိုမ့်တတ်သည် မဟုတ်ပါလား"

"အံမယ်၊ သူခိုးကပဲ မာရေကျောရေ၊ ကျုပ်များ ခင်ဗျားသမက် အောက်မေ့နေလား"

သူခိုးကလည်း မခေပေ။ မင်သေသေနှင့် ထပ်ဟိန်းပြန်သည်။

"သူကပဲ တစ်ပြန်၊ ဟေ့ ဒီမှာ ငါသာ မင်းယောက္ခမဆိုရင် ခုလောက်ရှိ မင်းကို ထတီးပြီးနေပြီ"

"ကဲပါလေ၊အသားနာမှာစိုးရင် ဂတ်ကိုပဲအေးအေးကြွပါ"

"တောက်၊ ဒီခွေးမသား စိတ်မှကောင်းရဲ့လား မသိဘူး။

http://www.linhtet.com



ဘာတွေပြောမှန်းလည်း မသိဘူး။ ကဲကွာ ကွပြီကွ၊ ကွပြီ"

သူသည် အော်ဟစ်၍ လူးလဲထကာ ဒေါကြီးမောကြီးနှင့် ကျွန်တော့်ထံ ပြေးလာ၏။ ကျွန်တော့်မှာ မကြောက်လှသော်လည်း အသက်ဘေးမို့ ဂျက်လေယာဉ်နှုန်းဖြင့် ပြေးထွက်ခဲ့၏။ သူက ကုလားထိုင်ကြီးဆွဲကိုင် ပြီး ဝုန်းဒိုင်းနှင့် လိုက်လာသည်။

"မလုပ်ပါနဲ့ မောင်၊ မလုပ်ပါနဲ့"

အမျိုးသမီးကြီးက ထိုသူကို ဆီးတားလိုက်လေ၏။ နောက်မှ ....

"မောင် နှစ်ရက်သုံးရက်ကြာမယ်ဆို၊ နေ့ချင်း ဘာလို့ပြန်လာတာလဲ"

"ဘာလဲ ငါကြာကြာနေမှ သဘောကျသပေါ့လေ။ ဒါနဲ့ တစ်နေ့လုံး ဘယ်လင်ငယ်နောက်လိုက်နေလဲ။ သုံးခေါက်ရှိပြီ အိမ်ပြန်လာတာမတွေ့ဘူး။ နောက်ဆုံးအခေါက်ကျတော့ သည်းမခံနိုင်တာနဲ့ သော့ဖျက်ဝင်ရော"

"ဘယ်က လင်ငယ်နောက်လိုက်ရမှာလဲ ဟိုနားကအိမ်မှာ ကမ္မဋ္ဌာန်းတရား သွားနားထောင်နေတာ"

"ဒါဖြင့် ဒီလင်ငယ်က မိုးပေါ်က ကျလာတာလား" ဟု ကျွန်တော့်ကို ထိုသူက လက်ညှိုးထိုးလိုက်၏။

"ဘယ်က လင်ငယ်ရမှာလဲ၊ စကားပြောတာ ကြည့်ပြော၊ လင်ငယ်မဟုတ်ဘူး ... ရှင့်အဖေ၊ ရှင့်အဖေ"

ကျွန်တော်က "အို ... အို ...ဘယ်က ကျွန်တော် သူ့အဖေရမှာလဲ၊ လင်ငယ်လဲ မဟုတ်ပါဘူး။ ကျွန်တော် လူပျို အစစ် ရှိပါသေးတယ်"

"ဒါလား ငါ့အဖေ နင့်လင်ငယ် ... နင့်လင်ငယ်" ဟု ထိုသူက အော်ကာ အမျိုးသမီးကြီးကို ကုလားထိုင်နှင့်ပေါက်ရန် ရွယ်လိုက်လေ၏။

"ရှင့်အဖေ"

http://www.linhtet.com



"နင့်လင်ငယ်"

ကျွန်တော်ဆိုသောကောင်သည် အတော်ချစ်စရာကောင်းလေသည်ထင်ပါ၏။ လင်မယား နှစ်ယောက်သား "နင့်လင်ငယ် .... ရှင့်အဖေ"နှင့် ကျွန်တော့်အား လုနေကြလေသည်။ ကျွန်တော့်မှာသာ မည်သူ့စွပ်စွဲချက် လက်ခံရမှန်းမသိ ဖြစ်နေရလေသည်။ သည်အတ္တဘော၏ အဖေကား မဖြစ်လို။

အိမ်တွင်း ငြိမ်းချမ်းရေးကား ပိုမိုဆိုးဝါးလာသည်။ တစ်ယောက်ကို တစ်ယောက်ပစ်တော့၊ ခတ်တော့၊ ထုတော့၊ ရိုက်တော့ မည့်ဟန်မျိုး ရောက်လာသည်။ ထိုအတွင်း မည်သူသည် ခြေမြန်လက်မြန် လက်ဦးသွားလေသည် မသိ။

"ဝုန်း"

"အမယ်လေးဗျ"

ဤအမယ်လေးဗျဟု မချိတရိလေး ထအော်လိုက်ရရှာသူကား လျှို့ဝှက်သဲဖိုစွန့်စားခန်းဝတ္ထုများရေးလိုလှ၍ အတွေ့အကြုံ ရှာသူ ကျွန်တော်ဖြစ်လေသတည်း။

မောင်စိန်ထွေး

## <u>အစွမ်းထက်ထက် ကလောင်လက်နက်</u>

ဖျာပုံလမ်းအိမ်သို့ ကျွန်တော်တို့ ပြောင်းလာခဲ့ပြီးနောက် မကြာမီမှာပင် "ဆေးထိုးပြီး လူသေခြင်း" ဟူသည့် ခေါင်းစဉ်ဖြင့် ကြေးမုံသတင်းစာ၌ ကျွန်တော်တို့အိမ်လိပ်စာနှင့် သတင်းတစ်ပုဒ် ပါလာခဲ့သည်။ သည်သတင်း မပါမီ ပထမနေ့ကလည်း ရဲတပ်ဖွဲ့မှ ဤကိစ္စကို လာရောက်စုံစမ်းပြီးဖြစ်သည်။ ကျွန်တော်တို့အိမ်မှာ အမှန်တကယ်ဖြစ်သည့်ကိစ္စ မဟုတ်သော်လည်း သတင်းစာထဲ၌ ပါလာသောအခါ အိမ်နီးနားချင်းတို့သည် အသုဘမေးရန်လာကြလေ၏။ အသိမိတ်ဆွေအချို့တို့မှာ သေဆုံးသူ၏အမည်သည် ဖေဖေ့အမည်မဟုတ်မှန်း သိသော်လည်း လိပ်စာတူနေသဖြင့် လာ

http://www.linhtet.com



ရောက်မေးမြန်းကြ၏။ နယ်မှဆွေမျိုးများကလည်း လှမ်းမေးလာကြ၏။ အစိုးရဌာနဆိုင်ရာများကလည်း လိုအပ်သလို အရေးယူနိုင်ရန် လာရောက်စုံစမ်းကြလေသည်။

သို့ဖြင့် ကျွန်တော်တို့မှာ သည်ကိစ္စကို ဒိုင်ခံဖြေရှင်းနေရတော့သည်။ ဖေဖေ့အဖို့ နေရင်းထိုင်ရင်း အချောင်သက်သက် ပြဿနာတက်လာရသဖြင့် အတော်စိတ်ညစ် စိတ်ရှုပ်ပြီး "မဖြစ်ပါဘူးကွာ၊ သတင်းစာထဲ ကြော်ငြာပြန်ထည့်မှပါပဲ" ဟု စိတ်တိုစွာ ဆို၏။

"ခဏနေပါအုံး၊ သည်ကိစ္စ သားလေးကြည့်လုပ်ပါ့မယ်"

ဟု ကျွန်တော်က ခပ်တည်တည်ဆိုပြီး ဟာသသဘောအခြေခံသည့် "သြော် ဖြစ်ရပုံများ" ဟူသော ခေါင်းစဉ်ဖြင့် ကြေးမုံသတင်းစာ၌ ဆောင်းပါးတိုလေးတစ်ပုဒ် ပြန်ရေးလိုက်လေသည်။

ဖေဖေသည် ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်အပေါ် အတော်သဘောကျသွားပုံ ရှိပါသည်။ ထိုအခါ ကျွန်တော့် အိမ်သားများသည် ကျွန်တော်စာရေးခြင်းနှင့် ပတ်သက်၍ အထိုက်အလျောက်လေးစားမှု ဖြစ်လာလေ သည်။

"ကျွန်တော်ဟာ ပြောစရာစကားတစ်ခုကို အိမ်ပေါက်စေ့ပါးစပ်နဲ့လျှောက်ပြောနိုင်စွမ်း မရှိပေမယ့် သည်ညာဘက်လက်နဲ့ ဦးနှောက်ပေါင်းပြီးတော့ သည်ပြောစရာစကားလေးများကို အများသိသွားအောင် လုပ်နိုင်စွမ်းတော့ ကျွန်တော့်မှာ ရှိပါသေးတယ်" ဟုပြောပြီး မိမိအိမ်သားများအပေါ် ကျွန်တော်က မှတ်မှတ်ရရ အသားယူလိုက်မိပါသေးသည်။

## <u>တစ်ယောက်တည်းသော စာဖတ်ပရိသတ်</u>

ကျွန်တော့်အိမ်တွင် ကျွန်တော်ရေးသော စာတိုပေစလေးများကို စိတ်ဝင်တစား ဖတ်မည့်သူမရှိ။ တစ်ခါတစ်ရံ မဂ္ဂဇင်းစာစောင်များသို့မပို့မီ တစ်စုံတစ်ယောက်၏ ထင်မြင်ဝေဖန်ချက်ကိုရယူလို

http://www.linhtet.com



သဖြင့်မိမိအိမ်သားများကို ဖတ်ရှုကြည့်ပါရန် တောင်းပန်ရသည်။

"ခဏနေအုံး မအားသေးဘူး"

"ဖတ်ရမှာ ပျင်းစရာကြီး မဖတ်ချင်ပါဘူး"

အိမ်သားများသည် အကြောင်းအမျိုးမျိုးပြ၍ ငြင်းတတ်ကြ၏။ ကျွန်တော့်နှမ တစ်ဝမ်းကွဲ အဝင်းရောက်လာမှ ကျွန်တော့်စာတိုပေစများကို စိတ်ပါလက်ပါဖတ်မည့်သူ ရှိလာသည်။ အဝင်းသည် စာပေကို လေးစားဝါသနာပါ၏။ သူနှင့် ကျွန်တော်သည် အိမ်၌ လိုက်ဖက်ညီညွတ်သည်။ သူက တစ်ခါတစ်ရံ ဟိုမှသည်မှစာအုပ်များ ငှားလာတတ်ပြီး ကျွန်တော်တို့နှစ်ယောက် ထိုစာအုပ်များကို ဖတ်ကြ၏။

ကျွန်တော်စာရေးနေလျှင် သူသည်စောင့်နေတတ်သည်။ ကျွန်တော်ရေးပြီးသည်နှင့် သူကယူဖတ်တော့၏။ တစ်ခါတစ်ရံ ကျွန်တော်စာရေးနေသည်ကို ကျွန်တော့်နောက်ကျောမှ ရပ်၍စောင့်ဖတ်တတ်သည်။ ကျွန်တော်သည် စာရေးနေစဉ် တစ်စုံတစ်ယောက် လာကြည့်နေခြင်းကို မကြိုက်သော်လည်း သူ၏စိတ်ပါဝင်စားမှုကို မတားမြစ်လိုသဖြင့် သူ့ကိုမူ လက်ခံထားရသည်။ သို့သော် သူသည်စာတစ်ပုဒ်ကို ဘာမျှထင်မြင်ချက် ဝေဖန်ချက်မပေးတတ်ချေ။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော့်စာမူကို သူဖတ်နေသောအခါ သူ့မျက်နှာကို သေသေချာချာကြည့်၍ အကဲခတ်နေရ၏။ ကျွန်တော့်စာမူ၌ ကျွန်တော်ရယ်စေလိုသည့်နေရာ၌ သူရယ်လျှင် ပြုံးစေလိုသည့်နေရာ၌ သူပြုံးလျှင် ကျွန်တော်ကျေနပ်ပြီ။ ကျွန်တော့်စာမူသည် ကျွန်တော်ရည်ရွယ်သည့်အတိုင်း ပြည့်စုံသည်ဟု သဘောထားလိုက်သည်။

သူ့မျက်နှာကလည်း ရယ်စရာရှိလျှင် ရယ်တတ်သည်။ မဲ့စရာရှိလျှင် မဲ့တတ်သည်။ သူ့စိတ်၌ ခံစားရ သည့်အတိုင်း သူ့မျက်နှာမှာ ထင်ဟပ်နေတတ်လေ၏။

* * * * * * *

Shwe Minn Tha Book

http://www.linhtet.com

**ကိုး**

# လောကကို ကြည့်တတ်လာခြင်း

တစ်ညနေတွင် ကျွန်တော်တို့လမ်းထဲ၌ ကိုယ်ပိုင်ကျောင်းဖွင့်ထားသော ဆရာမတစ်ယောက် ဧည့်ခန်းထဲတွင် မေမေတို့နှင့် စကားပြောနေ၏။သူ့ကိုအများက တီချာစုစုဟုခေါ်ကြသည်။အသက်အရွယ် ၃၀ ခန့်ရှိ အင်္ဂလိပ်မယ်သီလရင်ကျောင်းမှ အထက်တန်းပြ ဆရာမတစ်ယောက်လည်းဖြစ်သည်။ သူ့ကိုယ်ပိုင်ကျောင်းကလေး၌ ကျွန်တော့်ညီအငယ်နှင့် ညီမအကြီးတို့သည် အင်္ဂလိပ်ဘာသာနှင့် ဂဏန်းသင်္ချာကို တက်ရောက်သင်ယူ နေကြလေသည်။

မေမေက ကျွန်တော့်ညီငယ်နှင့် ညီမကို သူ့ကျောင်းတွင် သွားအပ်ခဲ့စဉ်က "အိမ်ကို လာမသင်ပေးနိုင်ဘူးလား" ဟု ကျွန်တော့်ကို စာဆက်သင်စေလိုသဖြင့် မေးခဲ့ဖူး၏။ ရွှေဘုံသာလမ်း၌ စာသင်ပေးခဲ့ဖူးသော ဆရာမကြီးသည် ဖျာပုံလမ်းသို့မူအသွားအလာ ခက်ခဲမှုကြောင့် လာရောက်ခြင်း မရှိတော့ချေ။

"ကျွန်မ အိမ်ကိုလိုက်မသင်နိုင်ပါဘူး၊ အချိန်လည်း မရပါဘူး၊ သင်ချင်ရင် ကျွန်မကျောင်းကိုပဲလာပါ"ဟု တီချာစုစုက မေမေ့ကို ပြောလိုက်သည်ဆို၏။ မေမေကလည်း ဆရာမက အချိန်မရဘူးဟု ပြောသဖြင့် ကျွန်တော့် ကို စာသင်ရန်ကိစ္စကို မပြောမိတော့။

ထိုညနေ၌ ကား တီချာစုစုသည် စကားပြောနေရင်းမှ မမကို လှမ်းမေး၏။

"မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ"

ကျွန်တော်သည် ဧည့်ခန်းထဲသို့ လှမ်းမြင် မနေရသော်လည်း သူတို့ပြောနေသည့် စကားများကိုမူ ကောင်းစွာကြားနေရပါသည်။ ကျွန်တော်က ထမင်းစားပြီး၍ ထမင်းစားခန်းထဲတွင် ရေဒီယိုနားထောင်နေချိန်ဖြစ်၏။

"မောင်နှမ ခုနစ်ယောက်ပါ"

http://www.linhtet.com



ဟု မမ၏ဖြေသံ ထွက်လာသည်။

"ကြီးစဉ်ငယ်လိုက် ပြပါအုံး"

ဟု တီချာစုစုက ဆိုသဖြင့် မမက ကျွန်တော်မှလွဲ၍ မောင်နှမ အားလုံးကို ခေါ်ပြလေသည်။

တီချာစုစုသည် ရေတွက်ကြည့်ပြီး "ဟင် ခြောက်ယောက် တည်းပါလား၊ တစ်ယောက်ကော ..တစ်ယောက် .." ဟုမေး၏။

မေမေက "တစ်ယောက်ကလေ ... ဟို ... တစ်ယောက်က ..." ဟု စကားထစ်ထစ်ငေါ့ငေါ့နှင့်ပင် ရပ်သွားလေသည်။ ကျွန်တော့်အကြောင်းကို မည်သူ့ကိုမျှ မပြောရဆိုခြင်းကို မေမေက အမှတ်ရမိနေပုံရှိ၏။

"တစ်ယောက်က ... တစ်ယောက်က ဘာဖြစ်လဲ ဟင်"

ဟု တီချာစုစုသည် စိတ်ဝင်စားသွားပုံရလေသည်။

"တစ်ယောက်က ..."

မေမေသည် စကားကိုခဏမျှ ရပ်ထားပြီးမှ ဆက်ပြော၏။

"သူ့အတွက်ကိုလေ ဆရာမကိုတောင် စာသင်ပေးဖို့ ပြောမလို့၊ ဟို ... သူက ..."

"သူက ဘာဖြစ်တာလဲဟင်၊ သူက ဘာဖြစ်လို့လဲ"

ဟု တီချာစုစုကလည်း အလွန်စိတ်ဝင်စားသွားဟန် ထပ်မေး၏။

"ကဲ ... လာပါ ဆရာမရယ်၊ သူ့ကို လိုက်တွေ့ကြည့်ပါ" ဟု မေမေသည် ပြောပြောဆိုဆိုနှင့် တီချာစုစုကို ထမင်းစားခန်းထဲ ခေါ်လာသည်။ ကျွန်တော်သည် ဖြုန်းကနဲ မရှောင်သာသည်နှင့် ကုလားထိုင်၌ ထိုင်မြဲထိုင်နေရသည်။ မေမေ့ကိုလည်း မကျေမနပ်ဖြစ်မိ၍ မှုန်ကုပ်ကုပ်ဖြင့် ကြည့်နေမိ၏။

တီချာစုစုသည် ကျွန်တော့်အနီးရှိ ကုလားထိုင်တွင် အသာအယာဝင်ထိုင်လာ၏။

မေမေနှင့်မမသည် ကျွန်တော့်အကြောင်းကို ဇာတ်လှန်၍

Shwe Minn Tha Book

http://www.linhtet.com



ပြောပြ၏။ နောက်ဆုံးတွင် ကျွန်တော်သည် လမ်းမလျှောက်နိုင်သည်ကလွဲ၍ အိမ်တွင်း၌ မူ ယခုအခါ သာမန်လူကောင်း တစ်ယောက်လိုပင်ရှိကြောင်း စသည်ဖြင့် နိဂုံးချုပ်၏။

"သူကတော့ ဘာမှမလိုပါဘူး၊ ပညာရေးပဲ လိုပါတယ်"

မေမေက ထိုသို့ဆိုလေသောအခါ တီချာစုစုသည် ခဏမျှစဉ်းစားနေပြီး အဖြေပေးလေသည်။

"သည်လိုလုပ်လေ၊ ကျွန်မ အချိန်ရတဲ့အခါလာပြီး သူ့ကိုကျွန်မအင်္ဂလိပ်စာ သင်ပေးပါ့မယ်။ သူ့ကိုတွေ့ရတော့ ကျွန်မ သိပ်သံယောဇဉ်ဖြစ်တယ်"

ထိုမှစ၍ တီချာစုစုသည် ရံဖန်ရံခါလာရောက်၍ အင်္ဂလိပ်စာ သင်ပြပေး၏။ အင်္ဂလိပ်စာလေ့ကျင့်ခန်းများကိုမူ နေ့စဉ်လုပ်စေပြီး ကျွန်တော့်ညီ သူ့ကျောင်းသွားတက်တိုင်း လေ့ကျင့်ခန်းစာအုပ်ကို ပေးလိုက်ရသည်။ သူက လေ့ကျင့်ခန်းများကို အမှတ်ခြစ်ပေးပြီး မှားကြားရန်ရှိသည်တို့ကိုလည်း ကျွန်တော့်ညီငယ်အား မှာကြား လိုက်တတ်၏။

မေမေက သူ့ကို ကျွန်တော့်အတွက် ကျောင်းလခ ပေးသောအခါ "သူ့အပေါ်က ကျွန်မဘာအကျိုး အမြတ်မှ မယူပါရစေနဲ့" ဟု ခါးခါးသီးသီး ငြင်းဆိုလေသည်။

ကျွန်တော်သည် လူတစ်ယောက်၏ စေတနာဆိုသည်ကို ထိုအချိန်က ယုံကြည်ခဲ့သော်လည်း တီချာစုစု၏ စေတနာကိုမူ တဖြည်းဖြည်း ယုံကြည်မှုရှိလာသည်။ သူသည် ကျွန်တော် ထိုအချိန်အထိ တွေ့ဖူးသမျှ လူတွေထဲဝယ် အလှည့်အပတ်မရှိ စေတနာအဖြူစင်ဆုံး လူတစ်ယောက် ဖြစ်ခဲ့ပါ၏။

သူသည် ကျွန်တော့်ကို ကိုးတန်းစာမေးပွဲ ဝင်ရောက်ဖြေဆို ရန်နှင့် အစစသူကူညီတာဝန်ယူမည့် အကြောင်း အကြောင်းဆိုတိုင်း တိုက်တွန်းတတ်သည်။ ထိုမှတစ်ဆင့် စာမေးပွဲအဆင့်ဆင့်ကို ဝင်ရောက်ဖြေဆိုပြီး ဘွဲ့တစ်ခုရသည့်တိုင် ကြိုးစားရန် အကြံ

http://www.linhtet.com



ပေး၏။ သို့သော် ကျွန်တော်သည် "ငါလုပ်ရင် ဖြစ်မှာမဟုတ်ဘူး" ဟူသော စိတ်ဓာတ်နှင့် သတ္တိနည်းနေတတ်ပြီး သူက ထိုသို့ အားပေး တိုက်တွန်းတိုင်း ခေါင်းကိုသာ ခါယမ်းပစ်ခဲ့မိပါသည်။

"ကျွန်တော် စာမေးပွဲဖြေမယ်ဆိုရင် အများကြီး လုပ်ရဦး မယ်။ ဖြေနိုင်တဲ့အဆင့် ရောက်အောင်လုပ်ဖို့ ကျွန်တော့်မှာမလွယ် ပါဘူး။ ပြဿနာတွေ အများကြီးပါ။ အဆင်မပြေတာ တွေ့ ရင် ကျွန်တော်က စိတ်ညစ်တတ်တယ်။ မတော်လို့ စိတ်ညစ်သွားရင်လည်း သူများတွေလို ဟိုဟိုသည်သည် အာရုံမပြောင်းနိုင်တော့တော်တော် နဲ့ စိတ်ညစ်မပြေတတ်ဘူး။ ပြီးတော့ စာမေးပွဲလည်း ကျွန်တော် မအောင်နိုင်ပါဘူး။ အောင်ပြန်ရင်လည်း သည်အောင် လက်မှတ်တွေ ဟာ ကျွန်တော့်အတွက် ဘာအသုံးကျမှာလဲ။ သည်လက်မှတ်တွေနဲ့ ကျွန်တော် အလုပ်လုပ်စားလို့ ဖြစ်မလား။ ဘယ်သူကရောကျွန်တော့် ကို လက်သင့်ခံပြီး အလုပ်ပေးမှာလဲ"

"သည်လိုလဲ ဘယ်ဟုတ်မလဲ။ ခုနေ မင်းဟာ ဘီအေ လောက်အရည်အချင်းရှိတယ်ပဲ ဆိုပါတော့၊ မင်းမှာ ဘီအေအောင် လက်မှတ်မရှိတော့ မင်းကို ဘယ်သူက ဘီအေလောက် အရည် အချင်းရှိတယ်လို့ လက်ခံ သတ်မှတ်မလဲ။ ပြီးတော့ ... တစ်နေ့မှာ မင်းဘယ်လိုအကြောင်း သင့်လာမယ်ဆိုတာ ဘယ်သူပြောနိုင်မလဲ။ သည်တော့ ဒါတွေဟာ ရှိထားရင် ကောင်းတာပေါ့"

"ကျွန်တော်တော့ ဂုဏ်သိက္ခာတစ်ခုအတွက် ခက်ခက်ခဲခဲ အပန်းတကြီး မကြိုးစားချင်ဘူး။ စိတ်ပင်ပန်းလည်း မခံပါရစေနဲ့"

ကျွန်တော်က မိုက်မိုက်ကန်းကန်းပင် ငြင်းဆိုခဲ့မိပါသည်။

တစ်နေ့တွင်မူ ကျွန်တော့်ဘာသာကျွန်တော် လေးလေး နက်နက် စဉ်းစားနေမိ၏။

သူပြောတာတွေလည်းဟုတ်တာပဲ။ ပြီးတော့ သူဟာ မအားမလပ်တဲ့ကြားက အချိန်ရတတ်သရွေ့လေး ကြိုးကြိုးစားစား စာလာသင်နေရတာ၊ သူ့စေတနာ အတိုင်းအဆကိုတော့ အလေး

http://www.linhtet.com



အနက် ထားသင့်ပါတယ်။ အကယ်၍သာ ငါဟာ သူ့အကူအညီနဲ့ စာမေးပွဲ အဆင့်ဆင့်အောင်ခဲ့ရင် သူ့စေတနာ အတိုင်းအဆဟာ လည်း အမှတ်အသား ဖြစ်လာမယ်။ သူအကူအညီပေးခဲ့လို့ ငါသည် လို ဖြစ်လာရတယ်လို့ သူလည်း ဂုဏ်ယူဝမ်းသာ ကျေနပ်နိုင်မှာပဲ။ သည်တော့ သူပြောတဲ့အတိုင်း ငါစာမေးပွဲ ဖြေတော့မယ်။

ကျွန်တော်သည် စာမေးပွဲဖြေရန် ဆုံးဖြတ်ပြီးနောက် ကိုး တန်းကျောင်းစာအုပ်များကို ရှာဖွေစုဆောင်း၏။ သည်တစ်ခါ သူ လာလျှင်လည်း ကျွန်တော်စာမေးပွဲ ဖြေတော့မည်ဖြစ်ကြောင်း ပြော ပြလိုက်မည်ဟု စိတ်ကူး ထားလိုက်လေသည်။

သို့သော် ကျွန်တော်သည် မည်သည့်စာမေးပွဲကိုမျှ မဖြေဆို ဖြစ်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်စာမေးပွဲဖြေတော့ မည်ဟု ဆုံးဖြတ်ပြီးသည့်နေ့မှစ၍ တီချာစုစုနှင့် ကောင်းစွာ မတွေ့ ရမိတော့ပါ။ တစ်လခန့်သူပျောက်နေသဖြင့် ကျွန်တော့် ညီငယ်ကို မေးစမ်းခိုင်းသောအခါ တီချာစုစုသည် ပြည်မြို့သို့ အလည်သွား နေသည်ဟု သိရ၏။ ထိုနောက် သူလည်း "ပညာရေးဝိဇ္ဇာ"ဘွဲ့ရ ရန် ကြိုးစားနေသဖြင့် စာသင်ပေးရန် အချိန်မရတော့ကြောင်း ပြောပြီး ကျွန်တော့်ထံ စာသင်ပေးရန် မလာတော့ချေ။

တစ်ခါတစ်ရံ လမ်း၌ ကျွန်တော့်အိမ်သားများနှင့် တွေ့ဆုံမိ လျှင်မူ "မောင်စိန်ထွေး နေကောင်းလား" ဟု သူကမေးတတ်သည် ကလွဲ၍ ကျွန်တော့်အပေါ် ဂရုတစိုက် မရှိတော့ပေ။ ကျွန်တော့် အိမ်သားများက "ဆရာမ အိမ်လာလည်ပါအုံး" ဟုပြောလျှင် "ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ လာလည်ပါအုံးမယ်။ ဒါပေမယ့် ကျွန်မက မအားဘူး" ဟု ပြန်ပြောတတ်ပြီး သူသည် ကျွန်တော်တို့အိမ်သို့ မရောက်လာခဲ့တော့ပါ။

ကျွန်တော်သည် သူ့အပေါ် နားလည်ကြည့်၍မရ၊ မည် သည့် သဘောထားမှန်းလည်း နားမလည်။စိတ်၌ သာ တအံ့တသြ ရှိမိပါသည်။ ကျွန်တော်သည်သူ့ကိုလည်း အတော်အတန် ခင်တွယ်

http://www.linhtet.com



မှုရှိပုံ ရပါသည်။ မကြာခဏ သတိရမိတတ်ပါ၏။ သို့သော်ကြာ
တော့လည်း သူ့ကိုမေ့မေ့ ပျောက်ပျောက်လုပ်ပစ်ခဲ့မိပါသည်။

## အတွေးအမြင်ကို ပဲ့ကိုင်ပေးသူ

ကျွန်တော့် မိဘများသည် စမ်းချောင်း အောင်သပြေလမ်းတွင် မြေကွက်တစ်ကွက်ဝယ်၏။ထိုနေရာ၌ အိမ်သစ်ဆောက်သည်။ အိမ်သစ်ဆောက်နေစဉ်အတွင်းမှာပင် ဖျာပုံလမ်းမှအိမ်ဟောင်းကို ရောင်းလိုက်လေသည်။ အိမ်ဟောင်းရောင်းပြီးသော်လည်း အိမ်သစ်မှာ မပြီးသေး၍ အိမ်ရှင်ထံမှပင် အပေါ်ထပ်ကို ပြန်ငှားနေရ၏။ အောက်ထပ်ပိုင်းကို အိမ်ဝယ်ယူသူ၏မိတ်ဆွေက လာရောက်နေထိုင်၏။ အောက်ထပ်သို့ ပြောင်းရွှေ့လာသူသည် အိမ်ထောင်ပရိဘောဂများ များများစားစား မပါလှသော်လည်း စာအုပ်အများအပြား ပါလာလေသည်။ ထိုလူ၏ ပြောဟန်ဆိုဟန် အယူအဆလုပ်နည်းလုပ်ဟန် စသည်တို့မှာလည်း စိတ်ဝင်စားစရာကောင်းသဖြင့် အထင်ကြီးချင်စရာဖြစ်လာသည်။ အသက်အရွယ်မှာ လေးဆယ်ပတ်ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းမိသည်။

တစ်နေ့တွင် ကားရုံအခန်းကလေးထဲ၌ ကျွန်တော် တစ်ယောက်တည်းရှိနေစဉ် ထိုလူကြီးသည် ကျွန်တော်ရှိရာဘက်သို့ ကူးလာသည်။ ကိစ္စတစ်ခုကြောင့် မိဘတို့နှင့်တွေ့လို၍ လာသည်ထင်ပြီး အပေါ်ထပ်မှ မေမေ့ကို ကျွန်တော် လှမ်းခေါ်မည်ပြုသည်။

"နေပါစေ၊ မခေါ်ပါနဲ့၊ ကျွန်တော်လာတာ မောင်နဲ့ စကားပြောချင်လို့ပါ" ဟု သူက စပြောလေသည်။ ကျွန်တော်သည် ဖြုန်းကနဲ အံ့အားသင့်သွားပြီး ပျာပျာသလဲပြန်ပြောရသည်။

"ဩော် ဟုတ်လား။ ဒါဖြင့်ထိုင်ပါ ထိုင်ပါ။ ဘာကိစ္စရှိလို့ပါလဲ"

"ကိစ္စရှိလို့တော့ မဟုတ်ပါဘူး။ မောင့်ကို စိတ်ဝင်စားနေလို့ပဲ။ မောင်ပြောတာဆိုတာတွေလည်း ကြားနေရပါတယ်။ဒါကြောင့်

http://www.linhtet.com



အချိန်ရတဲ့အခါ စကားစမြည် ပြောဆိုဆွေးနွေးကြရအောင်လို့ပါ”

သူက ကျွန်တော့်ကို လေးလေးစားစားကြီးပင်ပြောဆိုနေသည်။

ထိုနေ့မှစ၍ သူနှင့်ကျွန်တော်သည် မိတ်ဆွေရင်းချာ ဖြစ်သွားကြလေ၏။ နောင်အခါ သူသည် ကျွန်တော်၏အချစ်ခင်အလေးစားဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ရပါလေသည်။ သူ့ကို ကျွန်တော်သည် ဆရာသမားတစ်ယောက်အနေဖြင့် အမှတ်အသားပြုထားမိပါသည်။

သူ့အမည်ရင်းသည် ဦးအောင်ထွန်းဖြစ်၏။ သူသည် စာရေးဆရာတစ်ယောက်လည်း ဖြစ်သည်။ သူ့တွင် ကလောင်အမည် “မောင်သော်” အပြင် အခြားကလောင်အမည်များလည်း ရှိသေးသည်ဆို၏။ သူသည် ကျွန်တော့်ကို အတော်ချစ်ခင်ပုံရှိပါသည်။ အချိန်အားရသည်နှင့် ကျွန်တော်ရှိရာသို့ ရောက်လာတတ်သည်။ တစ်ခါတစ်ရံ သူနှင့်ကျွန်တော်သည် ညဉ့်နက်သန်းခေါင်ထိပင် စကားပြောဆိုနေတတ်ပါသည်။ ကျွန်တော်တို့သည် တွေ့ဆုံမိတိုင်း ရောက်တတ်ရာရာများကို ပြောဆို ဆွေးနွေးနေကြခြင်းဖြင့် ပျော်မွေ့နေကြပါသည်။ ပြောဆိုဆွေးနွေးသည်ဆိုသော်လည်း တကယ်မှာမူ သူကသာပင်တိုင်ပြောဆို ရှင်းလင်းသင်ပြသွားသည့် သဘောရှိပါသည်။သူနှင့်ယှဉ်လိုက်သော်ကျွန်တော့် ဗဟုသုတများမှာ အတော်ပင်နိမ့်ကျသေးသိမ်နေရ၏။ သူပြောပြသည့်အကြောင်းအချက်များကို တစ်ခါတစ်ရံ ကျွန်တော့်ခေါင်းက လိုက်မမီနိုင်အောင်ပင် ရှိတတ်ပါသည်။ သို့သော် သူက ကျွန်တော့်ကိုအခွင့်ကြုံတိုင်းချီးကျူးအားပေးတတ်ပါသည်။ “ကျွန်တော်ကိုစိန်ထွေးအရွယ်လောက်တုန်းကဆိုရင်ကိုစိန်ထွေးလောက် ဘယ်အမြင်ရှိအုံးမလဲ”စသည်ဖြင့် ကျွန်တော့်အမြင်များနှင့်ပတ်သက်၍ သူကပြောတတ်၏။

ထိုစဉ်က ကျွန်တော်သည် နိုင်ငံရေးစာပေများကို အတော်အတန်စိတ်ဝင်တစား ဖတ်ရှုနေမိပြီဖြစ်ရာ နိုင်ငံရေးသဘောတရားများ၊ အတွေးအခေါ်၊ လောကအမြင်များ စသည်တို့ကို သူ့ထံမှ ဆွေးနွေးရှင်းလင်း ရယူရပါသည်။

http://www.linhtet.com



ကျွန်တော့်ပတ်ဝန်းကျင် ကွက်ကွက်ကလေးကိုကြည့်ပြီး ကျွန်တော့်တွင်စွဲကပ်ခဲ့ဖူးသော "အဆိုးမြင်ဝါဒ" သည်လည်း သူနှင့် ဆွေးနွေးရာမှ လွင့်စင်ကွယ်ပသွားရ၏။ ကျွန်တော်သည် "လူ"ကို မုန်းချင်သည့်စိတ်မှ "မှု" ကို မုန်းချင်တတ်သည့် စိတ်ဓာတ်သို့ ကူးပြောင်းသွားပါသည်။ လူ့လောကတွင် ကျွန်တော်တို့သည် "လူ" ကို တိုက်ရမည်ထက် "မှု" ကို တိုက်ရမည့်သဘောကို လေးလေး နက်နက် မြင်လာ၏။

## အမြင်မှန်လာပြီ

ကျွန်တော်တို့အိမ်ရှေ့ ကတ္တရာစေးလမ်းမပေါ်တွင် အော်ကျယ်ဟစ်ကျယ်ဆုပေးရင်း ဖင်ရွှေ့သွားတတ် သော သူတောင်းစားကြီးကို ရံဖန်ရံခါ မြင်မိတိုင်း ကျွန်တော့်ရင်ဝယ် မသက်မသာခံစားလာ ရမိပါသည်။ သည်မြင်ကွင်းသည် ကျွန်တော့်ဘဝကို အမြဲတမ်း ခြောက်လှန့်နေတတ်ပါသည်။ ထိုသူတောင်းစားကြီး၏ ဘဝနှင့် ကျွန်တော့်ဘဝကို နှိုင်းယှဉ်၍ ရံဖန်ရံခါ တွေးမိတတ်ပါသည်။

**သည်သူတောင်းစားကြီးကမှ လက်နှစ်ဖက်သန်သေးတယ်။ ငါကတော့ လက်တစ်ဖက်တည်းပဲ သန်တာ။ အကယ်၍သာ ငါ့ ပတ်ဝန်းကျင်ဟာ သူ့ပတ်ဝန်းကျင်နဲ့ တူခဲ့ရင် ငါလည်း သူ့လိုပဲဒီလို ပိုက်ဆံ လျှောက်တောင်းဖို့ လမ်းမပေါ် ဖင်ဒရွတ်တိုက် လျှောက်သွားနေရမှာပါလား။ သူ့ပတ်ဝန်းကျင်ဟာ ဘာဖြစ်လို့ ငါ့ပတ်ဝန်းကျင်လို မဖြစ်သလဲ။ ငါတို့ရဲ့ ပတ်ဝန်းကျင်ဆိုတာကလည်း အမြဲတမ်း တသမတ်တည်းချည်း သည်လိုနေချင်မှနေမှာ။ အဲသည်လိုဆိုလည်းဒုက္ခပဲ။ လူတိုင်းလူတိုင်းရဲ့ လိုအပ်ချက်တွေကို ပြည့်ဝ ဖြည့်စွမ်းပေးနိုင်မယ့် စနစ်မျိုး ခေတ်မျိုး ရောက်ဖို့လိုပြီ။ ရောက်အောင်လည်းလုပ်ရမယ်။သည်လိုလုပ်ဖို့လူတိုင်းမှာ တာဝန်ရှိတယ်။ ငါလည်း ကိုယ်တတ်စွမ်းတဲ့ နေရာက ဖြစ်နိုင်သလောက် ကြိုးပမ်းမှုဖြစ်မယ်။ ငါ့အင်အား လေးဟာ အမှုန်အမွှား အသေးအကွေး လေး ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါတတ်နိုင်သလောက်**

http://www.linhtet.com



**ငါလုပ်မယ် ...။**

၁၉၆၂ ခုနှစ်တွင် ယခုနေထိုင်ရာ စမ်းချောင်း အောင်သပြေလမ်း အိမ်အမှတ် ၂၁ သို့ ကျွန်တော်တို့ မိသားစုပြောင်းရွှေ့လာခဲ့ပါသည်။

ထိုအချိန်၌ ကျွန်တော်သည် လူသစ်စိတ်သစ် ဖြစ်လာဟန်တူပါသည်။ လောကကိုလည်း ရဲရဲရင့်ရင့် ရင်ဆိုင်ချင်လာသည့် သတ္တိများ အထိုက်အလျောက် တိုးတက်ရရှိလာပုံရှိ၏။ မိမိဘဝနှင့် ပတ်သက်၍လည်း မိမိကိုယ်ကိုမိမိ လိမ်ညာလိုစိတ်၊ ပတ်ဝန်းကျင်ကို လိမ်ညာလိုစိတ်၊ ဖုံးကွယ်ထားလိုစိတ်များလည်း အတော်လျော့ကျသွားလေသည်။ ကျွန်တော့်၌ ပျော့ကွက်များ၊ ညံ့ချက်များ၊ အားနည်းချက်များ များစွာရှိသေးသော်လည်း မိမိမှန်သည် ထင်သည့်ဘက်၌ ရပ်တည်ဝံ့သည့်စိတ်၊ နည်းမှန်လမ်းမှန် မဟုတ်သည်များကို တိုက်ရဲခိုက်ရဲ ဆန့်ကျင်ရဲသည့်စိတ်များ တိုးတက်ရရှိလာပါသည်။

သူစိမ်းတစ်ရံစာလူကို ရှောင်ပုန်းလိုသည့် သဘောထားကို စွန့်ပယ်ပြီး အပြင်အပလူများကို လက်ခံတွေ့ ဆုံတတ်လာသဖြင့်လည်း အပေါင်းအသင်းမိတ်ဆွေသင်္ဂဟများ တိုးတက်ရရှိလာပါသည်။ မိမိအဖြစ်သည် ရှက်စရာမဟုတ်။ မိမိဘဝသည် လူတောမတိုးရဲသော ဘဝမဟုတ်။ မိမိ၏ဘဝသို့ ရောက်လာရသည်မှာ မိမိတွင် ဘာတာဝန်မျှမရှိ။ အကြောင်းအားလုံးဆုံဆည်းလာ၍သာ မိမိအဖို့ ဤဘဝရောက်လာရခြင်းဖြစ်သည်။ ထို ကြောင့် မိမိသည် မည်သူ့ကိုမျှ ရှက်နေရန် ကြောက်နေရန်မလို။ လူ့လောကတွင် ရဲရဲရင့်ရင့်ပင် နေထိုင်ရပေမည်ဟု စိတ်ကခံယူထားလိုက်လေသည်။

ထို့အပြင် လက်ျာလက်တစ်ဖက်တည်းဖြင့် လက်နှိပ်စက်ကို မိမိဘာသာ စမ်းသပ်ရိုက်ရာမှ လက်နှိပ်စက် ရိုက်တတ်လာသည်။ သို့ဖြင့် လက်ရေးဆိုးလှသော ကျွန်တော်သည် စာမူများကို မိမိဘာသာ လက်နှိပ်စက်ဖြင့် ရိုက်နိုင်လာ၏။ ထိုကြောင့် ကျွန်တော့်စာမူ အားလုံးသည် လက်နှိပ်စက်ရိုက်ချည်း ဖြစ်ကုန်၏။

http://www.linhtet.com



မိမိဘဝကို မိမိအသိဉာဏ် ဗဟုသုတများဖြင့် ထိန်းသိမ်းရင်း မိမိကိုယ်မိမိ လူ့လောက၌ လူတစ်ယောက်အဖြစ် ရပ်တည်နေနိုင်အောင် ကြိုးပမ်းလာခဲ့၏။

**လူသည် လူ့လောကကို တစ်စုံတစ်ခုအကျိုးပြုနိုင်မှလူ့အဆင့်အတန်းမှီသည်။ လူသည် လူ့လောကကို များများ အကျိုးပြုနိုင်လေလေ လူ့တန်ဖိုး တက်လေလေဖြစ်သည်။ လူ့လောကကိုအများဆုံးအကျိုးပြုနိုင်သူသာ တန်ဖိုးအရှိဆုံးလူ ဖြစ်သည်။**

ကျွန်တော်သည် လူ့တန်ဖိုးနှင့်ပတ်သက်၍ ဤသို့ပင် ခံယူချက်တစ်ခု ထားခဲ့လေသည်။

ကျွန်တော်ကား လူ့အဆင့်အတန်းမှီချင်၏။ မိမိအသက်ရှင်နေရခိုက် တန်ဖိုးရှိသောလူ ဖြစ်ချင်၏။ ဤသို့သော မိမိခံယူချက်နှင့် မိမိအခွင့်အခါရှိတိုင်း ကြိုးပမ်းလုပ်ဆောင် ကြည့်ပါ၏။

သို့ဖြင့် ကျွန်တော်သည် လူများစုကို အကျိုးပြုနိုင်သမျှပြုရန် အမြဲလုံးပမ်းအားထုတ်မှု ရှိနေပါသည်။ အခွင့်အခါကိုပဲ အမြဲစောင့်ကြည့်ပါ၏။

ထိုအချိန်၌ မူ ကျွန်တော့်စိတ်ကူးစိတ်သန်းနှင့် အတွေးအခေါ်များမှာ ပြောင်းလဲနေသည်နှင့်အမျှ ကျွန်တော်ရေးသောစာများသည်လည်း အကြောင်းအရာနှင့် ရေးဟန်များပါ ပြောင်းလဲသွားသည်ထင်ပါ၏။ သိသာသည်မှာ ဟာသဝတ္ထုလေးများ ရံဖန်ရံခါရေးနေရာမှ နောက်ထပ်မရေးမိတော့ခြင်းဖြစ်ပါသည်။ လူ့လောက၌ ရွှင်ရွှင်ပြုံးပြုံးနေထိုင်လိုသော ကျွန်တော်သည် ဟာသဝတ္ထုလေးများရေးရန် ကြိုးပမ်းကြည့်သေးသော်လည်း လက်တွေ့တွင်ဖြစ်မြောက်အောင် ရေးမရသဖြင့် ဟာသဝတ္ထုရေးခြင်းကိုလက်မြောက်ထားလိုက်ရပါတော့၏။

## သောကကင်းဝေး နေနိုင်ရေး

ကျွန်တော်သည် လူတစ်ယောက်အဖြစ် လူ့လောက၌

http://www.linhtet.com



ရပ်တည်မည်ဟု ကြိုးပမ်းရင်း တစ်ခါတစ်ရံတို့၌ စိတ်ပျက်စရာများ၊ အားငယ်စရာများ၊ ဝမ်းနည်းစရာများနှင့် ကြုံကြိုက်ကာ စိတ်ဓာတ်များ ယိမ်းယိုင်သွားတတ်ပါသေး၏။ ထိုအခါ သတိတရားရလျှင်ရချင်း စိတ်ပျက်စရာ အားငယ်စရာများကို ချက်ချင်းရင်ထဲမှ မောင်းနှင်ပစ်ပြီး စိတ်ရွှင်လန်းအားတက်စရာများကို ဦးနှောက်က ကြံဖန်စုစည်းတွေးတော ယူရပါသည်။

ကျွန်တော်သည် မိမိစိတ်ထဲ၌ တစ်စုံတစ်ခု စိတ်အနှောင့်အယှက်သောက ကလေးများ ခိုဝင်လာသောအခါ ဒေးကာနေဂျီရေး ပြီး ဆရာတက်တိုး မြန်မာပြန်ထားသော "သောကကင်းဝေးနေနိုင်ရေး" စာအုပ်ကို စိတ်ပြေလက်ပျောက် လျှောက်ဖတ်တတ်ပါ၏။ များသောအားဖြင့် ယင်းစာအုပ်သည် ကျွန်တော့် သောကများကို ကြွေလွင့်ပျောက်ကွယ်သွားစေတတ်ပါသည်။

တစ်ခါတစ်ရံလည်း စိတ်၌ ရှုပ်ရှုပ်ထွေးထွေး နောက်နောက်ကျိကျိဖြစ်လာလျှင် အချိန်ကုန်ခံ၍ စိတ်မညစ်နေချေ။ အဆင်ပြေပါက အပြင်သို့ မော်တော်ကားဖြင့် ထွက်လာခဲ့ပါသည်။ အပြင်လောကကို ကြည့်ပြီး "လောကကြီးဟာ အကျယ်ကြီး၊ လူတွေ အများကြီး"ဟု မိမိအသိဉာဏ်၌ သွင်းကြည့်၏။

ထိုအခါ အကြောင်းအရာလေးတစ်ခု၊ လူတစ်ဦး တစ်ယောက်စသည်တို့နှင့် ပတ်သက်၍ ဖြစ်ပေါ်ခဲ့ ရသောခံစားမှုလေးများသည် မှေးမှိန်ကွယ်ပျောက်၍ သွားတတ်ပါ၏။ အိမ်တွင်း၌ သာအချိန်များစွာ နေထိုင်မှု အလေ့အကျင့်များသော ကျွန်တော့်အဖို့ အပြင်လောကသို့ရောက်လျှင် များသောအားဖြင့် စိတ်ဓာတ်သည် ချက်ချင်းတစ်မျိုးတစ်ဖုံ ပြောင်းလဲဖြစ်ပေါ်လာတတ်ပါသည်။

## တရားပြမိခြင်း

ဒေါ်လေးတစ်ယောက်သည် လေရောဂါကြောင့် ခြေတစ်ဖက်နှင့် လက်တစ်ဖက် အနည်းငယ်သေသွားသည်။ သူသည်

http://www.linhtet.com



မိမိကိုယ်မိမိ ဘဝဆုံးပြီဟု သဘောထားပြီး စိတ်မတည်မငြိမ် ဖြစ်ကာ စိတ်ညစ်လွန်းသဖြင့် သေစေနိုင်သော ဝတ္ထုပစ္စည်းများကို တိတ်တဆိတ်စား၏။

သို့သော် သူ၏သားသမီးများက တွေ့မြင်သွားသဖြင့် ဒေါ်လေးမှာ သေခွင့်မရတော့ချေ။ သည်အကြောင်းကို ကျွန်တော် သိရသောအခါ ဒေါ်လေးကို ကျွန်တော့်ထံခေါ်လာရန်မှာလိုက်ရ၏။ သို့ဖြင့် တစ်နေ့ တွင် ထိုဒေါ်လေးသည် ကျွန်တော့်အိမ်သို့ ရောက်လာပါသည်။

"ဒေါ်လေး ခြေထောက်တွေလက်တွေက ဘယ့်နှယ်နေသလဲ"

ဟု ကျွန်တော်က မေးကြည့်ပါသည်။

"လက်တစ်ဖက်ကတော့ လုံးဝ သုံးမရတော့ပါဘူး။ လမ်းတော့ လျှောက်နိုင်သေးတယ်။ ဒါပေမဲ့ ခြေထောက် တစ်ဖက်ကတော့ထော့နင်းထော့နင်းဖြစ်နေတော့ ဘယ်ကောင်းတော့မလဲ။ ကိုယ်က ဒုက္ခိတ ဖြစ်နေတော့ ရှက်လို့ဘယ်မှလည်း မသွားချင်ဘူး"

"ဟာ ဒေါ်လေးက တော်သေးတာပေါ့။ ကျွန်တော်ဆိုရင် လက်တစ်ဖက်က ဒေါ်လေးလောက်တောင် မကောင်းဘူး။ ပြီးတော့ ဒေါ်လေးက လမ်းလည်းကိုယ့်ဘာသာကိုယ် လျှောက်နိုင်သေးတယ်။ ကျွန်တော်က ခြေနှစ်ဖက်စလုံး လုံးလုံးမကောင်းလို့ ဒေါ်လေးလိုတောင် လမ်းမလျှောက်နိုင်ဘူး။ ကျွန်တော်တော့ ဒေါ်လေးကို သိပ်အားကျတာပဲ။ ဒေါ်လေးလောက် လမ်းလျှောက်နိုင်ရင် တော်ပါပြီ။ ပြီးတော့ ဒေါ်လေးက အနှစ် ၄၀ ကျော်အထိ လူ့လောကမှာ ဒေါ်လေးစိတ်တိုင်းကျနေခဲ့ရတာ။ ကျွန်တော်ဆိုရင် မသိတတ်ခင်ကလေးထဲက အရှုံးနဲ့ စရတာပါ။ ဒေါ်လေးက အစစအရာရာမှာ ကျွန်တော့်ထက်သာပါတယ်။ ကံကောင်းပါတယ်။ ဘာစိတ်ညစ်စရာ ဝမ်းနည်းစရာရှိသလဲ ဒေါ်လေးရယ်"

"အေး မင်းပြောတာတော့လည်း ဟုတ်ပါတယ်"

"ဒါဖြင့် ဒေါ်လေး သေချင်သေးလား"

Shwe Minn Tha Book

http://www.linhtet.com



ဒေါ်လေးက မပွင့်တပွင့် ပြုံးနေ၏။

"ဒေါ်လေးရေ၊ လောကကြီးဟာ နေတတ်မှ နေလို့ရတာပါ။ ကိုယ့်ထက် အခြေအနေ ကောင်းတာတွေချည်း လျှောက်တွေးကြည့်နေရင် လောကကြီးဟာ နေချင်စရာတောင် မကောင်းတော့ဘူး။ ကိုယ့်အောက်က အခြေအနေဆိုးသူတွေနဲ့ နှိုင်းယှဉ်ကြည့်မှ စိတ်သက်သာလာမယ်။ သည်တော့မှ လောကကြီးဟာ နေပျော် လာတယ်။ ဒါဟာ လောကကို အောင်နိုင်ဖို့လမ်းစပဲ"

## မျက်မှန်တပ်ရပြီ

၁၉၆၃ ခုနှစ်လောက်တွင် ကျွန်တော်၏ မျက်စိသည် အလင်းနည်းလာလျှင် ဘာမျှသဲသဲကွဲကွဲ မမြင်နိုင်တော့သည့် အခြေအနေသို့ ရောက်လာသည်။ တစ်ခါတစ်ရံ အိမ်ပေါက်ဝ၌ လာရပ်သူကိုပင် မည်သူမှန်းမသိ ဖြစ်နေတတ်သည်။ အိမ်တွင်းမှာပင် ညီ အစ်ကို မောင်နှမချင်း လူမှားနေတတ်သည်။ ကျွန်တော့်ကို မျက်နှာ အမူအရာပြလျှင် ကျွန်တော်လုံးဝမသိ။

တစ်ခါ၌ မူ ဧည့်သည်နှင့် စကားပြောနေရာ ကျွန်တော်၏ စကားကြောင့် ဧည့်သည်မျက်နှာပျက်သွားသည်ကို ကျွန်တော်မမြင်၍ဆက်ပြောမိသောကြောင့် မိတ်ပျက်ရသည့် အဖြစ်မျိုးလည်း ရှိလာပါသည်။ တစ်ခါတစ်ရံ လမ်းမမှ ကျွန်တော့်ကို တစ်စုံတစ်ယောက်သည် လက်ပြနှုတ်ဆက်သွားသောအခါ ကျွန်တော် မမြင်သဖြင့် ပြန်လှန်နှုတ်မဆက်မိသောကြောင့် ထိုသူက ကျွန်တော့်ပေါ် အထင်လွဲသွားခြင်းများလည်း ဖြစ်ပါသည်။

သို့ဖြင့် ကျွန်တော့်မျက်လုံးမွဲနေခြင်းသည် ကျွန်တော့်အတွက် အပိုင်းတိုင်း၌ နစ်နာလာပါသည်။

"ဩော် လောကကြီးဟာ တစ်စုံတစ်ခုချို့တဲ့တာနဲ့ ကျန်အားလုံးအပိုင်းတွေပါ တစ်နည်းနည်းနဲ့ ချို့တဲ့ ထိခိုက်လာရပါလား" ဟု ကျွန်တော် ထိုသို့ဆင်ခြင်မိလာ၏။ ထိုကြောင့် ကျွန်တော်သည်

http://www.linhtet.com



မျက်မှန်တပ်ရန် စိတ်ကူးသည်။ ကျွန်တော့်အဖို့ မျက်မှန်တပ်ရန် ကိစ္စမှာ သိပ်မလွယ်။ မျက်စိစစ်ဆေးရန် သွားရလာရမည်မှာ အခက်အခဲများစွာ ရှိပါသည်။

နောက်ဆုံးပဲခူးမှ မျက်မှန်ရောင်းသော မိတ်ဆွေတစ်ယောက်ထံမှာပင် မျက်မှန်ဝယ်၍ တပ်လိုက်ရပါသည်။ အိမ်မှ မော်တော်ကား ပဲခူးသို့သွားသောအခါ ကျွန်တော်လိုက်သွား၏။

ကျွန်တော့်မျက်မှန်သည် ထိုအချိန်၌ အနုတ် ၄၅၀ ဒီဂရီ ရှိပါသည်။

"ဘာဖြစ်လို့စောစောကမျက်မှန်မတပ်သလဲ၊ စောစောသာ တပ်ရင် ဒီလောက် ဒီဂရီကြီးမှာ မဟုတ်ဘူး။ မျက်မှန် စတပ်တဲ့လူ ဟာ ဘယ်သူမှ ဒီလောက်ဒီဂရီ မရှိဘူး"ဟု မျက်မှန်ရောင်းသူကဆိုသည်။

ကျွန်တော် ပဲခူးမှအပြန် မော်တော်ကားပေါ်မှ ဟိုဟိုသည်သည် ကြည့်လာမိရင်း မျက်မှန်၏တန်ခိုးကြောင့် မိမိ မျက်စိနဂို ပကတိအတိုင်း ပြန်မြင်လာနိုင်ခြင်းအတွက် ဝမ်းသာကျေနပ်လွန်းလှသဖြင့် မျက်မှန်ကို စတင်တီထွင်သူ သိပ္ပံပညာရှင်အား ရည်မှတ်၍ လှိုက်လှိုက်လှဲလှဲ ဦးညွတ်ကန်တော့ လိုက်မိပါ၏။

## မချိန်ဝံ့ စာရေးဆရာဘဝ

ကျွန်တော်သည် စာစရေးစဉ်ကတည်းက "စာရေးဆရာ" လုပ်မည်ဟူသော ရည်ရွယ်ချက်မရှိပေ။ နောင် အထိုက်အလျောက် အဆင်ပြေပြီး မိမိရေးသောစာများ ပုံနှိပ်စာဖြစ်ခဲ့သော အချိန်၌ လည်း မိမိသည် စာရေးဆရာလုပ်လျှင် ဖြစ်ကောင်းဖြစ်မည် စာရေးဆရာလုပ်တော့မည်ဟု စိတ်မကူးခဲ့။

စာရေးဆရာဟူသည်မှာ ပညာဗဟုသုတ ကြွယ်ဝရမည်။ ဘဝကျမ်းကြေရမည်၊ အတွေ့အကြုံစုံရမည်။ လူတွေနှင့် အမြဲထိတွေ့နေနိုင်ရမည် စသည့် စသည့်အချက်အလက်များ ပြည့်ဝထားရမည်ဟု ယူဆထားသည်။ စာရေးဆရာတစ်ယောက်တွင် ရှိသင့်

http://www.linhtet.com



သည့်အချက်အလက်များ အရည်အချင်းများ အားလုံးနှင့် ကျွန်တော့်ဘဝမှာ ဆန့်ကျင်နေသဖြင့် မိမိသည် စာရေးဆရာ မဖြစ်နိုင်ဟု စွဲမှတ်ထားပါသည်။

မိမိသည် အခိုက်အခါအားဖြင့် ဝါသနာအလျောက်သာ ခေတ္တခဏ စာရေးနေခြင်းဖြစ်သည်။ စာပေနယ်၌ တစ်သက်လုံး အခြေချနိုင်စွမ်း မရှိ၍ အခြေချရန်လည်း မရည်ရွယ်ခဲ့မိပါ။ (အမှန်မှာမရည်ရွယ်ရဲခြင်း ဖြစ်နိုင်ပါသည်။)

သို့သော် အင်္ဂလိပ်အမျိုးသမီး စာရေးဆရာမကြီး "ဂျိန်းဩစတင်" ၏အကြောင်းကို ဖတ်မိသောအခါ ကျွန်တော် စိတ်အားတက်လာမိပါသည်။

စာပေ ဝေဖန်ရေးဆရာများသည် ဂျိန်းဩစတင်ကို ရှိတ်စပီးယားနှင့်ပင်နှိုင်း၍ပြောကြရသည်ဆို၏။ ဂျိန်းဩစတင်၏ ဘဝကိုလည်းကြည့်ပါဦး။ သူသည် ၁၈ ရာစုခေတ်နောက်ပိုင်း လောက်၌ လူ့ လောကသို့ ရောက်လာခဲ့ရပြီး အပျိုကြီးဘဝနှင့်ပင် အသက် ၄၂ နှစ်တွင် ကွယ်လွန်ပါသည်။ သူတို့ခေတ်က အင်္ဂလိပ် အမျိုးသမီးများမှာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့၌ လုံးဝ ဝင်ရောက်စွက်ဖက်ခွင့်မရှိသဖြင့် ဂျိန်းဩစတင်သည်လည်း အမျိုးသမီးတစ်ယောက်အနေနှင့် ဘာမျှပေါက်ပေါက်ရောက်ရောက် မလုပ်ဆောင်နိုင်ခဲ့ပါ။ သူနေထိုင်ရာ တောမြို့ကလေးမှလွဲ၍ မည်သည့်အရပ်ဒေသသို့မျှ မရောက်ခဲ့ဖူး။ သူနှင့်အတူ လက်ဘက်ရည်ဝိုင်းထိုင်သောက်ဖူးသူများမှလွဲ၍ အခြားလူများကို မြင်လည်း မမြင်ဖူး၊သိလည်း မသိဖူးချေ။ သို့သော် သူရေးဖွဲ့ခဲ့သော ဝတ္ထုခြောက်ပုဒ်ကားဥရောပစာပေ ဂန္ထဝင်၌ မကွယ်မပျောက် တည်တံ့ကျန်ရှိနေရစ်ခဲ့ပါသည်။

တစ်နေ့တွင် ကျွန်တော်သည် မိမိဘဝကို အပြန်ပြန် အလှန်လှန်သုံးသပ်ပြီး မိမိကိုယ်ကိုမိမိ အားပေးကာ စာပေလောက၌ပင် မိမိဘဝကို တည်ဆောက်တော့အံ့ဟု ဆုံးဖြတ်ခဲ့မိပါတော့၏။

* * * * * * *

http://www.linhtet.com

**တစ်ဆယ်**

# ဤမြေကမ္ဘာ မေတ္တာသည်ပင် လွှမ်းစေချင်

စာပေလောက၌ အခြေစိုက်တော့မည်ဆိုလျှင် လုံးချင်းစာအုပ်လောကသို့ ဝင်ရောက်နိုင်မှ အခြေခိုင်တတ်ကြောင်းကိုမူ နားလည်နေပါသည်။ ထို့ကြောင့် စာရေးဆရာမ မလေးလုံ၏ အကြိမ်ကြိမ် အားပေးတိုက်တွန်းမှုဖြင့် လုံးချင်းဝတ္ထုရှည်တစ်ပုဒ်ကို စ ရေးဖြစ်ခဲ့ပါတော့၏။ ဝတ္ထုရှည် စ ရေးဖြစ်ခါမှ ကျွန်တော့်မှာ ခရီးသွားဖို့ အစီအစဉ်တစ်ခု ဖြစ်လာရပါသည်။

"နောက်ဆိုရင် ဖေဖေတို့ကလည်း လိုက်ပို့ချင်မှ ပို့ဖြစ်မှာ" ပြီးတော့ ဟိုမှာ တည်းဖို့ခိုဖို့ ကိုယ့်ဆွေမျိုး ရင်းချာရှိတုန်း မင်းကို မန္တလေးဘက် အလည်လိုက်ပို့ချင်တယ်" ဟု ဖေဖေကဆိုပြီး မန္တလေးသွားရန် အစီအစဉ်လုပ်လေ၏။ သို့ဖြင့် ၁၉၆၆ ခုနှစ်တွင် ကျွန်တော်သည် တောင်ငူ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် စသည်တို့သို့ အိမ်မှမော်တော်ကားဖြင့် ရောက်ခဲ့ရပါတော့သည်။

ကျွန်တော်သည် ခရီးသွားရသည်ကို စိတ်၌ မပျော်။ မိမိအဖို့ ခရီးသွားလာရာဝယ် အဆင်မှပြေပါမည်လားဟု စိတ်ဝယ် အမြဲကြောင့်ကြောင့်ကြကြ ဖြစ်နေမိရုံသာမက ဝတ္ထုရှည်ကြီး ရေးမည်ဟု အားခဲထားပြီးမှ တစ်ပိုင်းတန်းလန်း ထားခဲ့ရသဖြင့် စိတ်မဖြောင့်နိုင်ဘဲဖြစ်နေပါသည်။

မန္တလေးမှ ပြန်လာပြီးသောအခါ ရေးလက်စ ဝတ္ထုရှည်ကြီးကို ကြိုးစားပမ်းစား အားတက်သရော ဆက်ရေးပါသည်။ ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်နေ့၌ ကျွန်တော်၏ ပထမဦးဆုံး လုံးချင်းဝတ္ထုရှည်စာမူကြီးမှာ ပြီးစီးသွား၏။ ဝတ္ထု၏အမည်ကို "ဤမြေကမ္ဘာ မေတ္တာသည်ပင် လွှမ်းစေချင်" ဟု ပေးထားသည်။

ဇာတ်လမ်းမှာ ငွေကြေးဥစ္စာက အရာရာကို ချုပ်ကိုင်နိုင်

http://www.linhtet.com



စွမ်းရှိသည့် စနစ်တစ်ခုအောက်မှ လူများကိုကြည့်လျက် လူတစ်ယောက်သည် စနစ်နှင့်လူကို ကွဲပြားအောင် မရှုတတ် မမြင်တတ်သဖြင့် စနစ်၏အဆိုးကို မမြင်နိုင်ဘဲ လူ၏အဆိုးတွေကိုသာ မြင်နေပြီး လူအားလုံးကို သိမ်းကျုံးမုန်းသည့် "အမုန်းတရား" စိတ်ရိုင်းဝင်လာကာ နည်းလမ်းမမှန်မကန်ဖြင့် လောကကို ဆန့်ကျင် တိုက်ခိုက်နေရာမှ မေတ္တာတရားနှင့် တွေ့ထိမိပြီး နောက်ဆုံးလမ်းဖြောင့်လမ်းကောင်းပေါ် သို့ ခြေလှမ်းမိသွားပုံတို့ကို ရေးဖွဲ့ထားသော ဝတ္ထုရှည်ဖြစ်ပါသည်။

## လုံးချင်းလောက သိသမျှ

ထိုအချိန်က လုံးချင်းဝတ္ထုများ အလွန်ခေတ်စားနေ၏။ နာမည်ရ စာရေးဆရာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဝတ္ထုစာအုပ်ထွက်လာလျှင် အထိုက်အလျောက် ရောင်းစွံတတ်၏။ အကြောင်းသင့်သွားသော ဝတ္ထုဖြစ်ပါမူ အလွန်ပင်ရောင်းသွက်သွားတတ်လေသည်။ သို့ဖြင့် ထုတ်ဝေသူများသည် ပွဲတော်ကြီးတစ်မျှ လုံးချင်း ဝတ္ထုစာအုပ်များကို ဘုံးဘောလအော ထုတ်ဝေဖြန့်ချိနေကြပါလေ၏။ လုံးချင်းဝတ္ထုထုတ်မည်ဆိုလျှင် ထိုအချိန် ထိုအခါသည် ကျွန်တော့်အတွက် အခွင့်အခါကောင်းဖြစ်နေသဖြင့် ဝမ်းမြောက်ရ၏။ အားတက်မှုလည်း ရှိလာသည်။

ကျွန်တော်သည် မိတ်ဆွေတစ်ယောက်မှတစ်ဆင့် ထုတ်ဝေသူတို့ထံ ကျွန်တော့်ဝတ္ထုအတွက် စကားကမ်းလှမ်း ကြည့်သည်။

သူတို့ထံမှ ပြန်ရိုက်ခတ်လာသော အဖြေကား "နာမည်မရသေးသော်လည်း ရိုက်နှိပ်ထုတ်ဝေမည်။ စာမူခကို ၁၂ ရာခိုင်နှုန်းပေးမည်။ သို့သော် သူတို့အလုပ်သဘောအရ လုပ်ဆောင်ချက်များကို စာရေးဆရာက ဝင်ရောက်မစွက်ဖက်ရ။ သူတို့လုပ်ဆောင်ချက်များကို စာရေးဆရာက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မသိဟန်ဆောင်နေရမည်" ဟူ၍ ဖြစ်ပါ၏။

http://www.linhtet.com



ရှင်းအောင်ဆိုရသော် သူတို့သည် ကျွန်တော့်ဝတ္ထုကို ရိုက်ပါက စာမူခမျှတစ်စွာပေးမည်ဖြစ်သော်လည်း စက္ကူအချို့ ရောင်းစားခြင်းကိုမူ မသိဟန် ငြိမ်နေရမည်ဟူသတည်း။

"မဟုတ်တာ လုပ်မယ်မှန်း သိလျက်နဲ့တော့ ငါ့ကိုယ်ကျိုးလေးတစ်ခုတည်းထည့်တွက်ပြီး သူတို့သဘော မလိုက်လျောနိုင်ဘူး။ ငါ့ဝတ္ထုကို မရိုက်ရင်နေပစေ"

ကျွန်တော်သည် မဟာသံမဏိစိတ်ဓာတ်ဖြင့် ရဲရဲတောက် ပြန်ပြောခဲ့ပါ၏။ ထို့နောက် စာရေးဆရာ မလေးလုံထံသို့ လှမ်း၍ စာရေးအကြောင်းကြား အကူအညီတောင်းလိုက်ပါသည်။

"ကျွန်တော့်လုံးချင်းဝတ္ထု ရေးပြီးပြီ။ ဖတ်ကြည့်ပါ။ အခု ထွက်နေတဲ့ လုံးချင်းဝတ္ထုတွေလောက် အဆင့်အတန်းမှီတယ်၊ လုံးချင်းစာအုပ်လည်း ဖြစ်ထိုက်တယ်ဆိုရင် ဆွေတင်နုက ထုတ်မလား။ ဆွေတင်နုက မထုတ်ချင်ဘူးဆိုရင်လည်း ကိစ္စမရှိဘူး။ တခြားမှာ လုံးပမ်းကြည့်ပါ့မယ်။"

မလေးလုံမှာ ကျွန်တော်၏ အချစ်ခင်ဆုံး၊ အယုံကြည်ဆုံး၊ အားအကိုးဆုံး၊ စေတနာအထားဆုံး သူတစ်ယောက်ဖြစ်ပါသည်။ ထိုအချိန်က သူသည် "ဆွေတင်နု" ဟူသောအမည်ဖြင့် ကိုယ်ပိုင် စာပေထုတ်ဝေဖြန့်ချိရေးလုပ်ငန်းကို ကြိုးပမ်းထူထောင်နေစ ဖြစ်ပါသည်။ မူလဝတ္ထုရေးစဉ်ကပင် ကျွန်တော့်ဝတ္ထုကို "ဆွေတင်နု" မှ ထုတ်ဝေရန် ရည်စူးချက် ကျွန်တော့်မှာ ရှိပါသည်။ "ဆွေတင်နု" နှင့် အဆင်မပြေမှသာ တခြားမှထုတ်ဝေရန်ဖြစ်၏။ သို့သော် သူကမည်သို့သဘောထားသည်ကို မသိနိုင်သေး၍ တခြား၌ ပထမ စုံ စမ်းခဲ့ဖူးခြင်း ဖြစ်သည်။တနင်္ဂနွေ တစ်ပတ်ခန့်ရှိသောအခါ မလေးလုံထံမှ အကြောင်းပြန်လာသည်။

"ဝတ္ထုက သင့်ပါတယ်၊ အခုထွက်နေတဲ့ ဝတ္ထုတွေလောက်လည်း အဆင့်အတန်းမှီပါတယ်။ လုံးချင်းစာအုပ်လည်း ဖြစ်ထိုက်ပါတယ်။ ဒါပေမယ့် ကိုယ်တိုင်ထုတ်ပါလား"

http://www.linhtet.com



## ကိုယ်ပိုင်ထုတ်ရေး

ကျွန်တော်အတော် အစဉ်းရခက်သွား၏။ မည်သည့်သဘောနှင့် ကိုယ်ပိုင်ထုတ်ခိုင်းသည်ကိုလည်း နားမလည်။ အထူးသဖြင့်"ကိုယ်ပိုင်ထုတ်" ဆိုသည်ကိုပင် သဘောမပေါက်။ ထိုစဉ်က ကျွန်တော်သည် စာအုပ် ထုတ်ဝေရေးလုပ်ငန်းအကြောင်းကို လုံးဝ ဗဟုသုတ မရှိပါ။

"ကျွန်တော် ကိုယ်ပိုင်ထုတ်လို့ မဖြစ်ဘူးထင်တယ်။ သိတဲ့အတိုင်းပဲ။ ကျွန်တော်ကလည်း ဘာမျှသွားလာ လုပ်ကိုင်နိုင်တာ မဟုတ် ဘူး။ ပြီးတော့ ဘာမှလည်း နားမလည်ဘူး။ လုပ်လည်း မလုပ်တတ်ဘူး။ လုပ်လည်းမလုပ်ရဲဘူး" ဟု ကျွန်တော်က မလေးလုံကို ပြောခဲ့ပါသည်။

"ကိစ္စမရှိပါဘူး။ အားလုံးတာဝန်ယူပါတယ်။ ကိုယ်ပိုင်စာအုပ် ထုတ်တယ်ဆိုတယ် ပုံနှိပ်တိုက်ကို စာအုပ်ဖြစ်ဖို့ တာဝန်လွှဲလိုက်၊ စာအုပ်ဖြစ်တယ်ဆိုတော့ ဖြန့်ချီတာကို ကိုယ့်ဘာသာလုပ် ချင်ရင်လုပ်၊ မလုပ်ချင်ရင် ဖြန့်ချီရေးတိုက်တွေကို လွှဲလိုက်ရင် ပြီးနိုင်တယ်" ဟု မလေးလုံက ရှင်းပြ၏။

ကျွန်တော်သည် အလွန်ပင် စိတ်မကောင်းဖြစ်သွားသည်။ အနုပညာသမားတစ်ယောက်သည် မိမိ အနုပညာပစ္စည်းကို ငွေကြေး ပေးပြီးမှ ပြည်သူ့လက်တွင်းသို့ ရောက်စေရသည်။ ငွေကြေး မတတ်နိုင်သူ၏ ပစ္စည်းသည် ပြည်သူ့ထံ မရောက်တော့။ သို့ဖြင့် နောက်ဆုံးအနုပညာလောကဝယ် ငွေကြေးသည်သာ လွှမ်းမိုးနေပေတော့မည်။ ကျွန်တော်သည် ထိုသို့လျှောက်တွေးမိနေပြီး ရင်ထဲဝယ် မသက်မသာဖြစ်လာ၏။

လုံးချင်းစာအုပ်လောက၌ သိကျွမ်းရင်းနှီးမှုမရှိသော ကျွန်တော့်အဖို့ ကျွန်တော့်သဘော ကျွန်တော့်အလိုနှင့် ညီညွတ်မျှတသော ထုတ်ဝေသူရှာရမည်မှာ မလွယ်ပါ။ သို့သော် မလေးလုံ၏ အကူအညီနှင့်ပင် "ကျွန်တော့်အကြိုက်"ထုတ်ဝေသူ ရှာဖွေမေးမြန်း

http://www.linhtet.com



စုံစမ်းကြည့်ပါသည်။ စိတ်ဓာတ်လည်း အလွန်အမင်း ကျဆင်းလာတော့၏။ သို့ဖြင့် နောက်ဆုံးတွင် မိမိအလိုဆန္ဒ မပြည့်ဝမှုကြောင့် စိတ်ဆင်းရဲမှုဒဏ်ကို ခံနိုင်အား မရှိတော့ဘဲ မိမိစိတ်ကို တစ်ထစ်လျှော့ပေးလိုက်သည်။

"ကျွန်တော့်ဘာသာပင် ငွေကြေးစိုက်ထုတ်၍ မိမိ၏ဝတ္ထုကို ထုတ်ပါတော့မည်။ လိုအပ်သည်များကို ကူညီပါဦး"

မိမိဘာသာ စာအုပ်ထုတ်ရတော့မည်ဖြစ်၍ စာအုပ်ထုတ်ရာတွင် ကုန်ကျမည့် ငွေကြေးစာရင်းကို မလေးလုံထံမှ တောင်းယူကြည့်၏။ ငွေကျပ်နှစ်ထောင်ကျော်ခန့် အကုန်ခံနိုင်မှ မိမိစာအုပ် ထွက်လာနိုင်မည်ကို စာရင်းတွက်ချက်မိ၏။

## ငွေအတွက် ခက်ပုံက

ငွေနှစ်ထောင်ကျော် .... သည်နှစ်ထောင်ကျော်ကို မည်သည့်နေရာက ရနိုင်ပါမည်နည်း။

ကျွန်တော့်မိဘအနေနှင့်မူ သည်မျှငွေသည် ခက်ခဲလှသည့် ပြဿနာ မဟုတ်။ သို့သော် ကျွန်တော်သည် ကျွန်တော့်မိဘထံမှငွေ တောင်းရမည်ကို ဝန်လေးနေမိ၏။ သည်ငွေရရန်ကိစ္စ၌ ကျွန်တော်သည် ဖေဖေ့ကိုပြောမှ ဖြစ်ပေမည်။ ဖေဖေ့အကြောင်းကိုလည်း ကျွန်တော်သိ၏။ ဖေဖေသည် ငွေကြေးကိစ္စများ၌ တစ်ခါတစ်ရံ စည်းကမ်း ဘောင်တွေ ရှိနေတတ်ပါသည်။ ထို့ပြင် ထိုအချိန်၌ စီးပွားရေးစနစ် အခြေခံများ ပြောင်းလဲနေပြီဖြစ်ရာ ဖေဖေ တို့၏ ကုမ္ပဏီမှာ လုံးဝပျက်သည့်အဆင့် မဟုတ်သေးသော်လည်း လုပ်ငန်း ကား မရှိတော့ဘဲ ကုမ္ပဏီအမည်သာ ရှိနေသော အခြေအနေမျိုး ဖြစ်ပါသည်။ ဤသို့သော အခြေအနေမျိုးတွင် ဖေဖေသည် ငွေကြေး ကိုပိုမိုစည်း ထားပေဦးမည်။တစ်ဖန် ဖေဖေသည် စာပေကိုလေးစား အထင်ကြီးခြင်းမရှိ။ဝါသနာလည်း မပါပေ။ သို့သော် ဖေဖေ့စိတ်ကို အတပ်မပြောနိုင်။ ကျွန်တော့်ကို ငွေနှစ်ထောင် အလွယ်တကူထုတ်

http://www.linhtet.com



ပေးချင်လည်း ပေးပေမည်။ ထို့ကြောင့် မိမိကိုယ်ကိုမိမိ အားပေးလျက်တစ်နေ့သောနေ့လည်ခင်းတွင် ဖေဖေ့ကိုပြောရပါတော့သည်။

"ဖေဖေ ... သားလေးကို ငွေနှစ်ထောင်လောက် ခဏပေးပါ။ တစ်လကြာတဲ့အခါ ပြန်ပေးပါ့မယ်"

"ဘာလုပ်ဖို့လဲ"

"သားလေး စာအုပ်ထုတ်မယ်လို့ပါ"

"ခုအချိန်ဟာ စီးပွားရေးလုပ်လို့ကောင်းတဲ့ အချိန်မဟုတ်ဘူး"

"စီးပွားရေး မဟုတ်ပါဘူး ဖေဖေ။ စာပေလောကမှာ သားလေးတိုးဝင်နိုင်ဖို့ ကြိုးစားကြည့်မလို့ပါ"

"ဘာစီးပွားရေး မဟုတ်ရမှာလဲ။ ပိုက်ဆံနဲ့လုပ်ရင် စီးပွားရေးပေါ့။ သည်အချိန်မှာ မင်းထက်လည်တဲ့ လူတွေတောင် စီးပွားရေးမလုပ်နိုင်ဘဲ ထိုင်နေရတာ၊ မင်းလိုကောင်မျိုးက ထလုပ်လို့ဖြစ်မလား။ ကိုယ့်ကိုလည်း ပြန်ကြည့်အုံး၊ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေပြီး သူများလုပ်တာမြင်တိုင်း ထလုပ်လို့ဖြစ်တာ မဟုတ်ဘူး။ လောကမှာ ကိုယ်ထင်တာ ကိုယ်ထလုပ်ပြီး ကိုယ်မျှော်လင့်သလိုတွေ ဖြစ်ချင်မှဖြစ်တာ၊ ပြီးတော့ ..."

ကျွန်တော်သည် ဖေဖေဆက်ပြောနေသည်များကို နားမထောင်တော့ဘဲ အိမ်ရှေ့ဝရံတာတွင် တစ်ယောက်တည်းထွက်ထိုင်နေမိပါတော့သည်။လောကကြီးသည် ချာချာလည်နေ၏ မျှော်လင့်ချက် ရည်စူးချက်အားလုံး ပြိုကွဲပျက်စီးသွားသလို ရင်ထဲခံစားသွားရသည်။ အားကိုးရာမဲ့ အားငယ်ဝမ်းနည်းသည့်စိတ်က ပြင်းထန် လွှမ်းမိုးလာသဖြင့် မျက်စိကို အားယူ၍ မှိတ်ထားလိုက်ရသည်။အချိန်အတန်ကြာသောအခါ မေမေက ကျွန်တော့်ပခုံးကို ပုတ်လျက်ပြော၏။

"သိပ်စိတ်ညစ်မသွားနဲ့ ကိစ္စမရှိဘူး။ မင်းလိုချင်တဲ့ ငွေကို မေမေကြံဖန်ရှာပေးမယ်။ မင်းလုပ်ချင်တဲ့အလုပ်ကို ဆက်လုပ်စရာရှိတာသာလုပ်"

http://www.linhtet.com



ကျွန်တော်သည် မျက်ရည်များဖြင့် ခေါင်းခါ၍သာ ပြလိုက်မိပါသည်။ ကျွန်တော်သည် ပင်ကိုယ်အားဖြင့် ငွေကြေးကို မမက်မောသော်လည်း ထိုအချိန်အခါကမူ အလွန်ပင်ငွေကြေးကိုလို ချင်တောင့်တမိပါ သည်။ ငွေကြေးကို လိုချင်လွန်းသဖြင့် ကြိုးစား၍ စာများရေးရာ အပယ်ခံရသည့် စာမူသာများပါတော့သည်။ ငွေ အဆင်မပြေသည့်အကျိုးအကြောင်းကို မလွှဲရှောင်သာ၍ မလေးလုံ အား ကျွန်တော်က စိတ် မကောင်းစွာ ပြောပြရပါသည်။ ထိုအခါ မလေးလုံက အားပေးနှစ်သိမ့်လေသည်။ "မပူနဲ့ စိတ်ချ၊ တစ်နေ့မှာ ဒီဝတ္ထုကို စိတ်ကြိုက်ပုံစံနဲ့ ထုတ်ဖြစ်အောင် ထုတ်မယ်"

ထိုနောက် ကျွန်တော့်ဝတ္ထုရှည်စာမူကို အမျိုးသားစာပေ ဆု ပြိုင်ပွဲသို့ တင်သွင်းကြည့်ပါလားဟု မလေးလုံက တိုက်တွန်း ပြန်သည်။ သို့သော် ထိုအကြံကို ကျွန်တော်ငြင်းပယ်ခဲ့မိပါသည်။

ထိုနောက်၌ ကျွန်တော့်ဝတ္ထုရှည်စာမူကို ထုတ်ဝေနိုင်ရန် ထပ်၍ အမျိုးမျိုးကြိုးစားကြည့်သည်။ မလေးလုံ၏ အသိမိတ်ဆွေ ထုတ်ဝေသူအချို့တို့ထံသို့လည်း ယင်းစာမူကြီးကရောက်၍ ရောက် ၍သွားတတ်လေသည်။ တစ်ခါတစ်ရံ မိမိစာမူသည်ပင် အဘယ်သို့ သံသရာလည်နေသည်ကို မသိတော့။ သို့သော် မည်သို့မျှ အဆင် မပြေ။ အချိန်တွေသာ ကုန်လွန်လာခဲ့၏။ ထိုအချိန်၌ လုံးချင်း စာအုပ်လောက၌ လည်း ပွက်ပွက် ရိုက်နေလေပြီ။

ထိုအချိန်အတောအတွင်း ကျွန်တော်သည် ၁၉၆၈ ခုနှစ် မေလ ၆ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ လုံးချင်း ဝတ္ထုများ ကျဆုံးနေရခြင်းအမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးခဲ့မိ ပါ၏။ ဆက်လက်ပြီး စာပေလောက၏ထွက်ရပ်လမ်းကြီး အကြောင်း ရေးပါဦးဟု စာပေမိတ်ဆွေများက ဆိုကြသဖြင့် ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၌ "စာပေသမဝါယမ" ဟူသော အမည်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့ပြန်သည်။

http://www.linhtet.com



## ဘီးတပ် ကုလားထိုင်သစ်

လူ့ဘဝတွင် မိမိသည်အိမ်တွင်း၌ အသက်ရှင်နေရုံဖြင့် မပြီး။ လူတစ်ယောက်ကဲ့သို့ ရပ်တည်မည် ဆိုလျှင် မလွဲမရှောင်သာ အိမ်အပြင်အပသို့ ထွက်ရပေလိမ့်မည်။ အထူးသဖြင့် လူ့ဘဝ၏ တိုက်ပွဲကလေးများကို တတ်စွမ်းသလောက် ဝင်ရောက်ဆင်နွှဲမည် ဆိုလျှင်အိမ်အပြင်လောကသို့ သွားလာလုပ်ကိုင်ရန် ပိုမိုလိုအပ်၏။ အပြင်အပသို့ သွားလာရာတွင်အများတကာလို မိမိ၏ကိုယ်ပိုင် ခြေထောက်ကို အားမကိုးနိုင်သော ကျွန်တော်သည် ခြေထောက် အစားအသုံးပြုနိုင်ရန် တစ်စုံတစ်ခုလိုအပ်လာပေသည်။

ထို့ကြောင့် အပြင်လောကသို့ သွားလာလိုသောအခါ မော်တော်ကားပေါ်တွင် အလွယ်တကူ ခေါက်ယူသွားနိုင်သည့် ဘီးတပ် ကုလားထိုင်တစ်ခု လိုချင်နေမိ၏။ အိမ်တွင် လက်ရှိအသုံးပြုနေသည့် ဘီးတပ်ကုလားထိုင်မှာ ခေါက်၍မရသော ကြီးမားသည့် ပစ္စည်းဖြစ်နေပါသည်။ သို့ဖြင့် ရွှေဘုံသာလမ်းမှ ခြေမသန်သော ကုလားအဘိုးကြီးတစ်ဦး ကွယ်လွန်သွားသောအခါ သူအသုံးပြုခဲ့ သည့် ဘီးတပ်ကုလားထိုင်ကလေးကို ရောင်းမည်ဆို၍ သွားမေး ခိုင်းလိုက်သည်။ ပထမအကြိမ်သွားမေးသောအခါ ငွေ ၇၀၀ ကျပ် ဖြင့် ရောင်းမည်ဟုဆိုသည်။ ဒုတိယအကြိမ် သွားပြန်ရာ ငွေ ၉၀၀ ကျပ်ရမှ ရောင်းမည်ဟု ဆိုပြန်သည်။ တတိယအကြိမ် သွားမေးပြန် သော အခါ ငွေ ၁၂၀၀ ကျပ်ရမှ ရောင်းနိုင်မည်ဟု ပြောပြန်၏။ ထို့ကြောင့် ဆိုသည့်ဈေးအတိုင်း ဝယ်မည်ပြုသောအခါ မရောင်း တော့ဟုဆို၍ မဝယ်ဖြစ်တော့ပေ။

မကြာမီ နိုင်ငံခြားသွားမည့် သမိုင်းမသန်မစွမ်းလူနာများ ဆေးရုံမှ သူနာပြုဆရာမတစ်ဦး လူကြုံရှိ၍ မလေးလုံက ကျွန်တော့် အတွက် ဘီးတပ်ကုလားထိုင်တစ်လုံး ဝယ်လာခဲ့ပါရန် မှာပေးသည်။ သို့သော် ဆေးရုံအုပ်ကြီး၏ ထောက်ခံစာလို၍ မလေးလုံသွား တောင်းရာ ကျွန်တော့်ကိုခေါ်ခဲ့ပါဆို၍ သမိုင်းမသန်မစွမ်းသူ

http://www.linhtet.com



လူနာများဆေးရုံသို့ သွားရသည်။

ဆေးရုံသို့ရောက်သောအခါ ဆရာဝန်ကြီး ဦးလှဖေက ကျွန်တော့်ကို ဘီးတပ်ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်ခိုင်းသည်။ ပြီးနောက် တခြားတစ်ခုတွင် ထိုင်ခိုင်းပြန်၏။

ကျွန်တော်က ထိုဘီးတပ်ကုလားထိုင်ကလေးကို လက်ဖြင့် လှိမ့်ကြည့်ရာ အိမ်မှဘီးတပ်ကုလားထိုင် နှင့် အမျိုးအစား၊ အချိုးအစား မတူသဖြင့် ကျွမ်းကျွမ်းကျင်ကျင် လှိမ့်၍မရဘဲရှိနေသည်။

"လှိမ့်မရဘူး ဆရာ"

"ဘာဖြစ်လို့ မရရမှာလဲ၊ မရဘူးဆိုပြီး မလုပ်ဘဲနေရင် အမြဲတမ်းမရဘဲ ဖြစ်နေမှာပေါ့"

ဦးလှဖေသည် ပြောပြောဆိုဆို ကျွန်တော့်လက်ကိုဆွဲကိုင်ပြီး "သည်လိုလုပ်- သည်လိုလုပ်" စသည်ဖြင့် သင်ပြပေးလေသည်။

"နောက်- လှိမ့်ရင်း ကျွမ်းကျင်သွားလိမ့်မယ်" ဟုလည်း သူကဆို၏။

ဦးလှဖေသည် တခြားလူနာများကို လှည့်လည်ကြည့်ရှုပြီး အဝေးမှနေ၍ "လာအုံး" ဟု ကျွန်တော့်ကို လှမ်းခေါ်သည်။

ကျွန်တော်က ဘီးတပ်ကုလားထိုင်ကိုလှိမ့်သွားရာ အလွန်နှေးနေ၍ "ပေး-မေမေ တွန်းပေးမယ်" ဟု မေမေက နောက်ကနေ တွန်းပေး၏။

"ဟေး-ဘာဖြစ်လို့တွန်းပေးရတာလဲ။ သူ့ဘာသာ လာပစေ" ဟု ဦးလှဖေက အဝေးမှလှမ်းအော်လိုက်သည်။

မှန်ပါ၏။ မသန်မစွမ်းသူများကို ဒုက္ခိတဟု သတ်မှတ်ပြီး တကယ်တမ်း မလိုအပ်ဘဲနှင့် ပတ်ဝန်းကျင်က အကူအညီပေးနေခြင်းသည် ထိုမသန်မစွမ်းသူတစ်ဦးအဖို့ ပို၍ပင် မလုပ်နိုင်မကိုင်နိုင်ဖြစ်သွားစေတတ်သည်။ သူ့အစွမ်းအစများလည်း ထွက်ပေါ်လာခွင့်ရနိုင်တော့မည်မဟုတ်။ သည်သဘောတရားကိုတော့ သိထားပြီးဖြစ်၍ ကျွန်တော်သည်ဦးလှဖေ၏စေတနာကို နားလည်သဘောပေါက်ပါသည်။

http://www.linhtet.com



"သည်ဟာကို ယူသွားတော့။ ဒါပေမယ့် ရိုရိုသေသေသုံးပါ။ သည်ပစ္စည်းမျိုးတွေက သိပ်အဖိုးတန်တယ်။ တစ်လတစ်ကြိမ် သည်ဆေးရုံကိုလာပြီး သည်ဘီးတပ်ကုလားထိုင်ကို ဆေးကြောဆီထိုး ပြုပြင်မွမ်းမံပါ" ဟု ဦးလှဖေက ပြောကြားလိုက်လေသည်။

## ၁၀ မရှုံးသူများ

ကျွန်တော်သည် ရောက်တုန်းရောက်ခိုက် မသန်မစွမ်းသူ လူနာများဆေးရုံအတွင်းဝယ် လှည့်လည်ကြည့်ရှုမိပါသည်။ခြေလက် မသန်မစွမ်းသော ဝေဒနာသည်မျိုးစုံကို တွေ့ရ၏။ ထူးခြားချက်မှာ ဆေးရုံဝန်ထမ်းအချို့သည် ကိုယ်လက်အင်္ဂါ မပြည့်စုံ မသန်စွမ်းသူများဖြစ်ခြင်းပင် ဖြစ်ပါသည်။ သို့သော် သူတို့သည်လည်း သာမန်လူတစ်ယောက်လိုပင် မိမိသက်ဆိုင်ရာ အလုပ်များကို ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြသည်။

ကျွန်တော်ကဲ့သို့ သူငယ်နာအကြောသေရောဂါ ဖြစ်ခဲ့ရသော ကလေးများမှာ ခြေထောက်အားပြု ကိရိယာဖြင့် တစ်မျိုး၊ ချိုင်းထောက်ဖြင့်တစ်ဖုံ၊ လက်ကိုင်သစ်သားတန်းနှစ်ခုဖြင့် တစ်နည်း လေ့ကျင့်လမ်းလျှောက်နေကြ၏။

"မင်းငယ်ငယ်ကသာ ဒီလိုဆေးရုံမျိုးရှိခဲ့ရင် ခုလောက်ဆို မင်း လူကောင်းလို လမ်းလျှောက်နေနိုင်ပြီ" ဟု မေမေက ကျွန်တော့်ကိုပြော၏။

ဤဆေးရုံသည် လူနာကို ဆေးကုသ၍ရနိုင်က ဆေးကုသပေး၏။ ခြေတုလက်တုတပ်ပေးရန် လိုအပ်ပါက တပ်ပေး၏။ ထိုမှတစ်ဖန် လိုအပ်ပါက စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ရှာဖွေပေး၏။ အပြင်အပတွင် သွားရောက်လုပ်ကိုင်နိုင်စွမ်း မရှိသူများအား လူမှုဝန်ထမ်းဌာနမှ လက်သမား၊ ဆံပင်ညှပ်၊ ကြိမ်လုပ်ငန်း၊ စက်ချုပ် စသည်ဖြင့် လက်မှုပညာများကို သင်ကြားပေး၏။

ကျွန်တော့်စိတ်ထဲဝယ် ဆေးရုံသို့အကြံတစ်ခုတော့ပေးလို

http://www.linhtet.com



စိတ်ဖြစ်ပေါ်လာ၏။ ယင်းအကြံမှာ လူမှုဝန်ထမ်းဌာနနှင့် ပိုမိုသက်ဆိုင်နေမည်လား မသိပေ။ ဆေးရုံတွင် ဆေးကုသရေး၊ ကျန်းမာရေး စသည့်အပိုင်းများက လိုလေသေးမရှိ။ ဆေးကုသ၍လည်းမရ၊ ခြေတုလက်တု တပ်ဆင်၍လည်းမရတော့သော ကိုယ်လက်အင်္ဂါ မသန်စွမ်းသည့်သူများအတွက် ယခုထက်ပိုမို စနစ်ကျနသည့် အစီအစဉ်တစ်ခု ရှိထားသင့်သည်ထင်ပါသည်။ စာသင်ကြားပေးခြင်း၊ လက်မှုပညာသင်ပေးခြင်း စသည်တို့လောက်နှင့် ပြည့်စုံပြီမထင်ပါ။ ကိုယ်အင်္ဂါ မသန်စွမ်းသော လူနာအားလုံးကို ကျောင်းပညာပြီးပြည့်စုံသည်အထိ သင်ကြားပေးနိုင်ရမည်။ အရည်အချင်းပြည့်စုံ သူများကို တက္ကသိုလ်ပညာတတ်မြောက်သည်အထိ သင်ယူနိုင်အောင် အစီအစဉ်ရှိထားပေးရပေမည်။

လူနာများကို သင့်လျော်ရာ လက်မှုပညာများ သင်ကြားပေးပြီးနောက် လူနာများချည်း စုပေါင်းကုန်ထုတ်လုပ်နိုင်သည့် အဆင့်ရောက်အောင် အခြေအနေများပြုလုပ် ဖန်တီးပေးထားရပေမည်။ လူနာတစ်ဦးအဖို့ အပြင်လောကသို့ထွက်၍ မိမိတတ်မြောက်သည့် လက်မှုပညာဖြင့် အလုပ်လုပ်ရမည် ဆိုသည်ကား လက်တွေ့လောက၌ ပြောသလောက် မလွယ်ကူလှချေ။

## ရွှေသွေးကိုယ်စားလှယ်

ကျွန်တော်သည် ရွှေသွေးဂျာနယ် အရောင်းကိုယ်စားလှယ် လုပ်ခဲ့ဖူး၏။ တစ်နေ့တွင် စာတိုက်မှ စာအိတ်ရှည်ကြီးတစ်ခု ရောက်လာသည်။ စာအိတ်ကို ဖွင့်လိုက်သောအခါ ရွှေသွေးဂျာနယ် အရောင်းကိုယ်စားလှယ်လုပ်လိုပါက စာပေဗိမာန်သို့ ပုံစံများဖြည့်စွက်ပြီး ပြန်ပို့ရန်ဟူ၍ သိရလေသည်။

ကျွန်တော့်ထံ အဘယ်ကြောင့် ဤပုံစံစာရွက်များ ရောက်လာရသနည်းဟု တွေးကြည့်သည်။ စာရေးခြင်းသက်သက်သာ အလုပ်ရှိသူများကို အခြားဝင်ငွေရသည့် အလုပ်တစ်ခုခု ရှိစေလို

http://www.linhtet.com



သောစေတနာဖြင့် စာပေလုပ်သားအဖွဲ့ဝင်များအားစမ်းသပ်ဆက်သွယ်ခြင်းဖြစ်သည်ဟု နားလည်ကြည့်လိုက်သည်။

မှန်ပါသည်။ စာပေလုပ်ငန်း ဆောင်တာများကို စာပေလုပ်သားများချည်း မျှတညီညွတ်စွာ ဆောင်ရွက်သွားနိုင်လျှင် ကျွန်တော်တို့ရည်မှန်းသော အခြေအနေများသို့ မြန်နိုင်သမျှ မြန်စွာရောက်ရှိသွားနိုင်လိမ့်မည်ဟု မြော်လင့်မိသည်။ စာပေဖြန့်ချိရေးတွင် ဤအစီအစဉ်သည် စမ်းသပ်သည့် အစီအစဉ်တစ်ခု ဖြစ်နိုင်သဖြင့် အောင်မြင်စေချင်သည်။ ထို့ကြောင့် ဤရွှေသွေးဂျာနယ်ဖြန့်ချိရေးအစီအစဉ်သစ်ကို အားပေးကြိုဆိုလိုစိတ်ရှိလာသည်။ သို့သော် ခက်သည်မှာ ကျွန်တော့်ဘဝ အခြေအနေအရ ဤရွှေသွေးဂျာနယ်များကို လှည့်လည် ဖြန့်ချိရောင်းချရန် မလွယ်ကူလှချေ။ ကျွန်တော် မလုပ်နိုင်သော အလုပ်ကိုမှ လုပ်ချင်စိတ်ဖြစ်လာသော ကျွန်တော့်မှာ စိတ်ညစ်လာမိ၏။

"ကိုကိုရယ် စမ်းလုပ်ကြည့်တာပေါ့။ မဖြစ်တဲ့နေ့တော့ မလုပ်တော့ဘဲနေရုံရှိတာပဲ"ဟု ကျွန်တော့်ညီ နှစ်ယောက်ကဆိုပြီး ပုံစံစာရွက်များကို ဖြည့်စွက်ထောက်ခံစာများပါရယူ၍ စာပေဗိမာန် သို့ ပြန်ပို့ ပေးလိုက်လေ၏။ သို့ဖြင့် ကျွန်တော်သည် ရွှေသွေးဂျာနယ် အရောင်းကိုယ်စားလှယ် ဖြစ်လာတော့သည်။

တစ်ပတ်လျှင် ရွှေသွေးဂျာနယ် စောင်ရေ ၄၀၀ ယူရသည်။ ၂၅ ရာခိုင်နှုန်း ကော်မရှင်ပေးသဖြင့် စောင်ရေ ၄၀၀ စလုံးကို ကုန်နိုင်လျှင် တစ်ပတ်အတွက် ငွေ ၂၅ ကျပ် ဝင်ငွေရနိုင်ပြီး တစ်လဆိုပါက ဝင်ငွေ ၁၀၀ ကျပ်ဖြစ်မည်။ တစ်လတွင် လေးရက်ခန့်သာ အလုပ်လုပ်ရုံဖြင့် ဝင်ငွေ ၁၀၀ ကျပ်ရနိုင်၍ မဆိုးလှပေ။ သို့သော် စောင်ရေ ၄၀၀ စလုံး အော်ရောင်းရန်မှာမလွယ်။ အထူးသဖြင့် ကျွန်တော့်အတွက် မဖြစ်။ သို့ဖြင့် ကျွန်တော့်ညီတို့က ၂၀ ရာခိုင်နှုန်း ကော်မရှင်ပေး၍ ဖောက်သည်လိုက်စပ်၏။ စောင်ရေ ၄၀၀ စလုံးကို အပတ်စဉ် တစ်ဆင့်ဖောက်သည် ပေးလိုက်ရသည်။

http://www.linhtet.com



ရွှေသွေးဂျာနယ်ဖိုးကို အပတ်စဉ် ငွေကြိုသွင်းရရာ ညီနှစ်ယောက်အနက် လက်သင့်ရာလူက ငွေသွင်းပေးသည်။ သောကြာနေ့ နေ့ခင်းဂျာနယ် ထုတ်ပေးသောအခါ အချိန်အားရသည့် ညီက မော်တော်ကားဖြင့် သွားထုတ်ယူသဖြင့် ကျွန်တော်က ဗဟုသုတအလို့ငှာ အမြဲလိုလိုလိုက်သွားတတ်သည်။

ပြည်လမ်းရှိ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ရွှေသွေးဂျာနယ်များကို ထုတ်ယူပြီးနောက် စမ်းချောင်းထဲမှ စာအုပ်ဆိုင် နှစ်ဆိုင်၊ မြေနီကုန်းမှတစ်ဆိုင်၊ ဗိုလ်ချုပ်ဈေးမှ နှစ်ဆိုင်တို့သို့ လှည့်လည်ပို့ပေးရလေသည်။ အိမ်ပြန် လာသောအခါ ရွှေသွေးပို့သည့်အတွက် ငွေငါးကျပ် အပိုရလာသည်။ ထိုငါးကျပ်ကို မော်တော်ကား၌ ဓာတ်ဆီ နှစ်ဂါလံ ထည့်လိုက်သောအခါ ကိစ္စရှင်းသွား၏။ သို့သော် အဆင်ပြေနေ၍ ကျွန်တော့်စိတ်မှာ ကျေနပ်ပျော်ရွှင်နေမိ၏။ တစ်ခါတစ်ရံ၌ မူ ကျွန်တော်သည် ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်မိ၏။ “ငါတို့ ရွှေသွေးရောင်းတဲ့အထဲက ငါးကျပ်ဖြတ်ယူတာ တရားမှ တရားရဲ့လား မသိဘူး၊ ခေါင်းပုံဖြတ်သလိုများ ဖြစ်နေသလားပဲ”

“ကိုကိုကတော့ ကြောင်ပြန်ပြီ၊ သည်ငွေငါးကျပ်ဟာ ကျွန်တော်တို့လိုက်ပို့ပေးရတဲ့အတွက် လုပ်ခပေါ့ ကိုကိုရဲ့။ တချို့ဆိုရင် ထုတ်ပေးတဲ့နေရာမှာပဲ အားလုံး လက်လွှဲရောင်းပစ်တာပဲ။အဲဒါမျိုးမှ ခေါင်းပုံဖြတ်တယ်ဆိုရင်ဆိုနိုင်ဦးမှာ” ကျွန်တော်၏ သံသယကို ကျွန်တော့်ညီက စောဒကတက်လေသည်။ သို့ဖြင့် ထိုသို့ခုနစ်လ ကျော်ခန့် ရွှေသွေးကိုယ်စားလှယ်လုပ်ပြီးသောအခါကျွန်တော့် ညီနှစ်ယောက်သည် သူတို့၏ကျောင်းကိစ္စ၊ အလုပ်ကိစ္စတို့ဖြင့်အချိန်မအားမလပ်ရှိလာသဖြင့် ရွှေသွေးဂျာနယ် ဖြန့်ချိရေးလုပ်ငန်းကို ရပ်ရတော့၏။

## <u>အတ္တမာနကို ထိခိုက်သွားခြင်း</u>

၁၉၆၉ ခုနှစ်ထဲတွင် ကျွန်တော်၏ “ဤမြေကမ္ဘာ မေတ္တာသည်ပင် လွှမ်းစေချင်” ဝတ္ထုရှည်စာမူကို “ဆွေတင်နု”မှ ထုတ်ဝေ

http://www.linhtet.com



နိုင်ရန် မလေးလုံ၏ လုံးချင်းဝတ္ထုစာအုပ်၌ ကြော်ငြာထည့်၏။ နယ်အမှာ ခေါ်ကြည့်သည်။ နယ်အမှာ ၃၀၀ ကျော်မျှသာရ၏။ ထိုအခါ ကျွန်တော့်လုံးချင်းဝတ္ထုမှာ မထွက်ဖြစ်ပြန်တော့ချေ။

"နယ်အမှာ ၃၀၀ လောက်ဆိုတော့ ဘယ်လိုလုပ်ထုတ်မလဲ။ ရန်ကုန်ကို အားကိုးလို့တော့ မရဘူး။ တစ်ခါတစ်လေ ရန်ကုန်က နယ်လောက်တောင် အဝယ်မလိုက်တတ်ဘူး။ ဒါပေမယ့် ကိစ္စမရှိဘူး၊ နောက်အဆင်သင့် တော့ လုပ်တာပေါ့" ဟု မလေးလုံက ဆို၏။

ကျွန်တော်လည်း မည်သို့မျှမတတ်နိုင်၊ စိတ်မကောင်းဖြစ်ရရုံသာရှိသည်။ ကျွန်တော့်ဝတ္ထု မထွက်ဖြစ်သောအခါ မိတ်ဆွေအချို့က မေးကြ၏။ ကျွန်တော့်ကို ခင်မင်သည့်မိတ်ဆွေအချို့က ကျွန်တော့်ဝတ္ထု ထွက်နိုး ထွက်နိုးနှင့် လစဉ်စာအုပ်ဆိုင်များသို့ သွား၍သွား၍ ကြည့်တတ်သည်ဟု ပြောပြပါသည်။

ထိုသို့ ကျွန်တော့်အပေါ် စေတနာထားမှု အားပေးမှုများရှိသလိုတစ်ဖက်မှလည်း ခပ်နှိမ်နှိမ် ခပ်နှိပ်နှိပ် ပြောသူများရှိပါ၏။ ကျွန်တော့်ဝတ္ထုမှာ ကြော်ငြာပြီးမထွက်နိုင်ခြင်းကို အကြောင်းပြု၍ လှောင်သလိုလို သရော်သလိုလို အပြောများကိုလည်း တွေ့ရတတ်၏။

ကျွန်တော်သည် ဤဝတ္ထုရှည်နှင့် ပတ်သက်၍ တွေးမိတိုင်း ဝမ်းနည်းခြင်း ရှက်ခြင်းနှင့် အတ္တမာန များကြောင့် စိတ်ထဲ၌ အခံရခက်လှသဖြင့် တစ်ခါတစ်ရံတွင် တက်ကြွရွှင်လန်းသည့် စိတ်များပင် ကွယ်ပျောက်နေတတ်ပါသည်။ ထိုစာမူကြီးကို မီးပုံရှို့ပစ်ချင်သည့်စိတ်များပင် တစ်ခါတစ်ရံပေါ်လာမိပါ၏။

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော်သည်အတော်ရှက်သွားမိခဲ့သော်လည်း လောကကြီးကိုမူ မဲ့ပြုံးပြုံး လျက် ကြည့်နိုင်ပါသေးသည်။ ကျွန်တော့်အတ္တမာနစသည်များ၏ ပေါက်ကွဲမှုကြောင့် ၁၇.၇.၇၀ နေ့ထုတ်သတင်းစာ၌ စာရေးဆရာနှင့် အောင်မြင်မှုစူသောဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့မိပါသည်။

* * * * * * *

http://www.linhtet.com

**တစ်ဆယ့်တစ်**

# လောကအလှ

မိမိနိုင်ငံထူထောင်ရေးနှင့် ပတ်သက်ပြီး ပြောချင်၊ ဆိုချင်၊ ဆွေးနွေးချင်စရာများသည် ကျွန်တော့် ရင်တွင်ပြည့်နေ၏။ ထိုအကြောင်းအရာများကို မိမိမည်သို့တင်ပြရမည်နည်းဟု အလျှဦးသင့်တိုင်း တွေးတောနေမိ၏။ ထိုအကြောင်းအရာများကို ဝတ္ထုပုံစံဖြင့် ရေး၍ မဖြစ်နိုင်သော်လည်း ဆောင်းပါးပုံစံနှင့်မူ ရေး၍ရနိုင်သည်။ သို့သော် ဆောင်းပါးအနေဖြင့် အရှည်ကြီးရေးရမည်မှာ မလွယ်။

ထိုအချိန်တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၌ ပြဇာတ်စာပေများပေါ် ထွန်းရေးနှင့် ပတ်သက်ပြီး မောင်စင်ကြယ် ရေးသည့်ဆောင်းပါးကို ဖတ်လိုက်မိသည်။

ထိုအခါ ကျွန်တော်သည် ဤသို့စိတ်ကူးပေါ် ပေါက်လာ၏။

ငါ ပြောချင်၊ ဆိုချင်၊ ဆွေးနွေးချင်ရာတွေကို ပြဇာတ်ပုံစံနဲ့ ရေးရင်ကောင်းမှာပဲ။ ဟုတ်တယ်၊ ပြဇာတ်လိုရေးရင် ငါပြောချင်တဲ့အကြောင်းအရာ အချက်အလက်တွေ အကုန်ပါနိုင်မယ်၊ ဒါ အကောင်းဆုံးပဲ။ သို့ဖြင့် အဖြစ်တရားကို အလှ၊ အပျက်တရားကို အကျည်းတန် အရုပ်ဆိုးခြင်းဟု ခံယူကာ အလှတရား ဖြစ်ပေါ် ထွန်းကားရေးအတွက်"လောကအလှပြဇာတ်"ကို လက်တွေ့ရေး ဖြစ်သွားတော့၏။

ရေးပြီးသည်နှင့် ပုံနှိပ်ထုတ်ဝေနိုင်ရန် ရှည်ရှည်ဝေးဝေး စဉ်းစားတွေးတောမနေတော့ဘဲ "စာပေဗိမာန် စာမူပြိုင်ပွဲ" သို့တင်သွင်းလိုက်တော့၏။ ကျွန်တော်သည် ထိုပြဇာတ်စာမူနှင့် ပတ်သက်၍ ပုံနှိပ်ထုတ်ဝေရေးကိစ္စ ၌ မည်သို့မျှ စိတ်ပင်ပန်းဆင်းရဲခြင်းမရှိ။ ရေးပြီးသည်နှင့် ကျေနပ်အေးချမ်းသွားတော့သည်။ သို့ဖြင့် "လောကအလှပြဇာတ်" သည် မေ့မေ့ပျောက်ပျောက်ပင် ဖြစ်သွားသည်။

ကျွန်တော်သည် ထိုသို့ပင် စာမူတစ်ပုဒ်ရေးပြီးသွားတိုင်း လုပ်သင့်လုပ်ရာများကို လုပ်ဆောင်ပြီးစီး သွားသောအချိန်မျိုး၌

http://www.linhtet.com



"ငါ့တာဝန်တော့ပြီးပြီ"ဟု သဘောထားလိုက်တတ်သည်။ ထိုနောက် တတ်နိုင်သမျှ မေ့မေ့ပျောက်ပျောက် ကြိုးစားနေသည်။ မိမိစာမူကို မေ့မေ့ပျောက်ပျောက် ခေါင်းထဲမှ နှုတ်မထားနိုင်ပါက မိမိစာမူ အပေါ် ထားမိသည့်သံယောဇဉ်ကြောင့် ဖြစ်ပေါ်လာရသည့်သောက ဒဏ်ကို ကျွန်တော့်ရင်သည် ခံနိုင်ရည် အားမရှိပဲ ဖြစ်နေမည်ကို စိုးရိမ်ပါသည်။

၁၉၇၀ ပြည့်နှစ် ဩဂုတ်လ ၁၇ ရက်နေ့ည၌ ရေဒီယိုမှ သတင်းကြေငြာသည်။ သတင်းတွင် "စာပေဗိမာန် စာမူဆုရသူများ စာရင်းကို ကြေညာလိုက်ခြင်း" ဟူသော သတင်းခေါင်းစဉ်ကိုကြားလိုက် မိသောအခါ "ငါ့ပြဇာတ်တော့ သွားပြီ" ဟု ခေါင်းခါလိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သာပြဇာတ်စာမူဆုရ သည်ဆိုပါက ကျွန်တော်သည် တစ်နည်းနည်းဖြင့် ယနေ့ကြိုတင်သိ နေနိုင်ရမည်ဟု ထင်မိသည်။ ယခုမူ ကျွန်တော်ဘာမျှ မသိလိုက်ဘဲ ဆုစာရင်းထွက်နေပြီ ဖြစ်၍ ကျွန်တော်ဆုမရတော့ဟု နားလည် လိုက်မိသောကြောင့် ဖြစ်သည်။

သို့သော် ရေဒီယိုသတင်းအပြည့်အစုံ၌ မူ "ပြဇာတ်စာပေ ဆုတွင် မောင်စိန်ထွေးရေး လောကအလှ ပြဇာတ်က တတိယဆုရ သည်" ဟူသော အသံကိုကြားရလျှင် "ဟေး-ရသေးတယ်ကွ" ဟု အားရဝမ်းသာ အော်လိုက်မိ၏။ အိမ်သားများလည်းဝိုင်းအော်လက် ခုပ်တီးလိုက်ကြသဖြင့် ဆူညံသွားတော့၏။

ခဏကြာလျှင် အနီးအပါးမှ အသိမိတ်ဆွေအချို့ ရောက် လာပြီး ချီးကျူးကြောင်း ဝမ်းသာကြောင်းပြောကြသည်။ကျွန် တော့်မှာ ခုမှ ဖြုန်းကနဲ "စာရေးဆရာ အကောင်းစားကြီး" တစ်ယောက်လို ဖြစ်နေတော့သည်။ လောကကြီး၏ သဘောကိုပြုံးမိပါ၏။

ထိုည အိပ်ရာဝင်သောအခါ "ဤမြေကမ္ဘာ မေတ္တာသည် ပင် လွှမ်းစေချင်"ဝတ္ထုရှည်ထုတ်ဝေရေးကိစ္စကို ပြန်သတိရ စဉ်းစား

http://www.linhtet.com



မိသဖြင့် ရင်လေးပင်ပန်းသွား၏။

ယခုလို ဆုတွေဘာတွေ ရတုန်းရခိုက်အချိန်၌ ထိုဝတ္ထုကို ထုတ်လိုက်ပါက သာမန်အချိန်အခါထက် ဝယ်အားလိုက်နိုင်မည်ကို သိပါ၏။ သို့သော် အပြင်လုံးချင်းစာအုပ်ဈေးကွက်အခြေအနေမှာ အလွန်ဆိုးဝါးနေသည်။ မိမိဘာသာမိမိ ရိုက်ထုတ်ရန်မှာလည်း ငွေမရှိ။ စိတ်ညစ်သွား၏။ အတော်လည်း စိတ်ဓာတ်ကျဆင်းနေသည်။

စာပေဗိမာန်မှ စာမူတတိယဆုအတွက် ရရှိမည့် ငွေ ၂၀၀ ကိုပင် ထုတ်ဝေသူတစ်ဦးအားပေးကာ "ကျွန်တော့်ဝတ္ထုကိုရိုက်ပါ၊ ဒီငွေ ၂၀၀ လည်းယူပါ။ ဒီဝတ္ထုအတွက် စာမူခလည်း မပေးပါနဲ့"ဟု ပြောရလျှင် ကောင်းလေမည်လားဟူ၍လည်း လျှောက်တွေး၏။

တစ်ဖန် ဖေဖေ့ဆီကပဲ အရင်းအနှီးတောင်းပြီး စာအုပ်ထုတ်ရလျှင် ကောင်းမည်လား။ ဟိုစဉ်က မပေးခဲ့ သော်လည်း ယခုလို ဆု တွေဘာတွေရပြီးအချိန်အခါများ ပြောင်းလဲလာသည်၌ ဖေဖေ့သဘောထားများသည်လည်းကျွန်တော့်အပေါ် ပြောင်းလဲချင်ပြောင်းလဲနေနိုင်သည်ဟု မျှော်လင့်သည်။

သို့သော် လက်တွေ့ပြောကြည့်သောအခါ၌ ထပ်မံစိတ်ဆင်းရဲရပြန်ပါသည်။ သို့ဖြင့် တစ်နေ့တွင် ထုတ်ဝေသူအသိရှိသော မိတ်ဆွေ တစ်ယောက်ကို အိမ်သို့လာရန် မှာရပါတော့သည်။

"ငါ့မှာ ဝတ္ထုတစ်ပုဒ်ရှိတယ်။ ဆုရပြီး ပူပူနွေးနွေးအချိန်မှာ သည်ဝတ္ထုကိုထုတ်ချင်တယ်။ မင်းသူငယ်ချင်း စာအုပ်ထုတ်တဲ့ လူကို ပြောပေးပါ။ စာမူခတော့ ပေးချင်သလောက်ပဲ ပေးပါလို့၊ တစ်ပြားမှမပေးလည်း ကိစ္စမရှိပါဘူးလို့၊ ဒါမှစာအုပ်တွေ သိပ်ကျန်နေရင်လည်း ငါဝယ်နိုင်သလောက် ဝယ်ပါ့မယ်လို့ ...."

"အလို ဘယ်နှဲ့ ဆုတွေဘာတွေရမှ အလျှော့ပေးလှ ချည်လား စာရေးဆရာရယ်။ ဘယ်လိုဖြစ်တာလဲ" ကျွန်တော်၏ နဂို စိတ်ဓာတ်အခံကို သိထားသော ထိုမိတ်ဆွေက ကျွန်တော့်ပြောပုံ ထူးနေ၍ မေး၏။

http://www.linhtet.com



"ဘယ်လိုမှ မဖြစ်ပါဘူးကွာ၊ ငါသိပ်စိတ်ညစ်နေတယ်"

"ကောင်းပါပြီ၊ ကျွန်တော်ပြောပေးပါမယ်။ နှစ်ဦးနှစ်ဘက် အသင့်တင့်ဆုံး အဆင်ပြေပါ့စေမယ်" ထိုမိတ်ဆွေက ပြောသွားပြီး နောက်ထပ် ကျွန်တော့်ဆီ စကား မပြန်တော့ချေ။ သို့သော်တစ်နေ့ တွင် မလေးလုံထံမှအကြောင်းကြားလာပါသည်။

"ဤမြေကမ္ဘာ မေတ္တာသည်ပင် လွှမ်းစေချင်အတွက် သတင်းကောင်းပေးလိုက်ပါတယ်။ ပြည်လမ်းက စိမ်းမြအနုပညာ စာပေက ၁၉၇၁ ခုနှစ် နှစ်ဆန်းမှာထုတ်ဝေဖို့ သဘောတူလိုက်တယ်။ စိမ်းမြက မလေးလုံဝတ္ထု ကို လိုချင်တယ်လို့ လာပြောတော့ ကျွန်မမှာ ပြဿနာတစ်ခုရှိနေတယ်။ အခုပြဇာတ်ဆရတဲ့ မောင်စိန်ထွေးရဲ့ဝတ္ထု ကို ငွေ ၄၀၀ ကျပ်နဲ့ ဝယ်ထားတာကြာပြီ။ ကျွန်မဝတ္ထုနဲ့ တွဲထုတ်ဖို့ အစီအစဉ်ရှိတယ်၊သည်တော့ ကျွန်မဝတ္ထုကို အခုပေးလိုက်ရရင် မောင်စိန်ထွေးဝတ္ထုထုတ်ဖို့ ခက်သွား မယ်။ ဒါ့ကြောင့် မောင်စိန်ထွေး ဝတ္ထုပါ ထုတ်နိုင်မယ်ဆိုရင်တော့ ကျွန်မဝတ္ထုကိုပါ ယူပါလို့ပြော လိုက်တယ်၊ စိမ်းမြကလည်း သဘောတူလို့ ထုတ်ဖို့လက်ခံသွားပြီ"

ယခုမှပင် ကျွန်တော့်အဖို့ တစ်မီးငြိမ်းသွားပြီဟု ဆိုရမည် ထင်ပါသည်။ သည်ကိစ္စအတွက် အလွန်ပဲ စိတ်ပင်ပန်းနေမိရာ စိတ်ငြိမ်းချမ်းသွားရပါတော့၏။

## ကိုယ်တိုင်ဆုယူရေး

စာပေဗိမာန်ဆုပေးပွဲသို့ ကိုယ်တိုင်ဆုသွားယူရန် စဉ်းစား ကြည့်သောအခါ ရင်လေးသလိုလို ကြောက်ရွံ့သလိုလို မဝံ့မရဲစိတ် ဖြင့် ခံစားမိသည်။ ကျွန်တော့်အဖို့ လူကြားထဲသို့ ဝင်ရမည်မှာ အထူး ကြီးမားသော စွန့်စား ခန်းကြီးတစ်ခု ဖြစ်နေ၏။

ထို့ပြင် ကျွန်တော့်ဘဝကို စာပေလောက၌ ထုတ်မပြဘဲ ဖွက်ထားခဲ့မိရာက ယခုလိုဆုသွားယူလျှင် မိမိဘဝကို လူသိရှင်ကြား ထုတ်ဖော်ကြေငြာလိုက်သကဲ့သို့ ဖြစ်သွားမည်စိုးသည်။ ထို့ကြောင့်

http://www.linhtet.com



မိမိကိုယ်တိုင် ဆုသွားယူသင့် မယူသင့်ပင် အချိန်အတန်ကြာ အောင်စဉ်းစားရ၏။

"မင်း သတ္တိရှိတယ်ဆို၊ လောကကို ဘဝမှန်အတိုင်းတိုက်မယ် ဆို၊ ဘဝမှန်အတိုင်း တိုက်မယ့်လူဟာ ဘာကြောင့် ကိုယ့်ဘဝကို အကြောင်းမဲ့ ဖွက်ထားချင်ရသလဲ။ ကိုယ့်ဘဝဟာ ဖွက်ထားသင့် တဲ့ နိမ့်ကျတဲ့ ဘဝမျိုး မဟုတ်ဘူး။ သတ္တိရှိယင် လူကြားထဲထွက်ခဲ့။ ပြီးတော့ စာရေးချင်တဲ့လူဟာ လူကြားထဲမှာနေရမယ် မဟုတ်လား"

နောက်ဆုံးမှ ကိုယ့်ကိုယ်ကို အားပေးပြီး ကိုယ်တိုင် ဆုသွား ယူတော့မည်ဟု ဆုံးဖြတ်လိုက်၏။သည်ကြားထဲ အိမ်ကမော်တော်ကား မှာ အင်ဂျင်ချထားသဖြင့် ကျွန်တော်ဆုပေးပွဲသွားရန်မော်တော်ကား မရှိဖြစ်နေသည်။ ထို့ကြောင့် စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့သို့ ဆုပေးပွဲနေ့၌ ကျွန်တော့်အား မော်တော် ကားဖြင့် လာကြိုနိုင်က ကြိုပေးပါရန် မေတ္တာရပ်ခံစာတစ်စောင် ရေးပို့လိုက်ရသည်။

စာပေဗိမာန်အဖွဲ့မှလည်း ကျွန်တော့်အား လာကြိုမည် ဖြစ်ကြောင်း အကြောင်းပြန်ပါသည်။သို့ဖြင့် ဆုပေးပွဲသို့ ကိုယ်တိုင် တက်ရောက်ဖြစ်သွားလေသည်။ဆုပေးမည့်နေ့ နံနက် ၇ နာရီခွဲ ၌ စာပေဗိမာန်က မော်တော်ကားဖြင့် လာကြိုသဖြင့် ကျွန်တော် လိုက်လာခဲ့သည်။ ကျွန်တော်သည် လူမရှုပ်မီ နေရာယူထားလို သဖြင့် စောစောကြိုတင်သွားခြင်း ဖြစ်ပါသည်။ သို့သော် ကျွန်တော် စီးလာသော မော်တော်ကားဆိုက်သည်နှင့် တစ်ပြိုင်နက် လူများ သည် ဝိုင်းဝန်းလာသဖြင့် ကျွန်တော် အံ့အားသင့်သွားရသည်။

"ငါ့ညီကိုပဲ အစ်ကိုတို့အားလုံး စောင့်နေကြတာ၊ လာ လာ"

အားရဝမ်းသာ ကျွန်တော့်ကို ပွေ့ချီချသူကချ၊ ကျွန်တော့် ဘီးတပ်ကုလားထိုင်ကလေးကို ကားပေါ် မှ ယူသူကယူနှင့် အလုပ် ရှုပ်ကုန်တော့သည်။ ထိုအခါမှ ဤလူများသည် ဧည့်သည်များ မဟုတ် ဘဲ စာပေဗိမာန် မှ ဝန်ထမ်းများဖြစ်ကြောင်း နားလည်လိုက်ရ၏။

သူတို့သည် ကျွန်တော့်ကို ပွေ့ချီ၍ ဘီးတပ်ကုလား ထိုင်

http://www.linhtet.com



ကလေးပေါ် တင်တွန်းပြီး ဓာတ်လှေကားဖြင့် ဆုပေးပွဲကျင်းပမည့် နေရာသို့ ပို့ပေးသည်။ သူတို့သည် တာဝန်ဝတ္တရားအရ လုပ်ခြင်းထက် တကယ့်စေတနာနှင့် ခင်ခင်မင်မင် လှိုက်လှိုက်လှဲလှဲ ကျွန်တော့်ကို ဆက်ဆံကူညီကြသောကြောင့် ကျွန်တော့်မှာ အလိုလို နေရင်း အလွန်အမင်း ဝမ်းသာပျော်ရွှင်လာမိ၏။ နဂိုက စိုးရွံ့မှုများလည်း လွင့်စင်ကုန်သည်။ ဆုပေးရာ၌ လည်း ကျွန်တော့် အတွက် ဘာပြဿနာမျှမရှိ။ အားလုံးအဆင်ပြေချောမောစေရန် စီစဉ်ပေးကြသဖြင့် အထူးကျေးဇူးတင်နေမိ၏။ ထို့ကြောင့် ဆုပေးပွဲအပြီး ကျွန်တော့်ခံစားချက်ကို ထုတ်ဖော်ပြောပြမိခဲ့၏။

"ကျွန်တော့်ဘဝမှာ ဒါဟာ ပထမဆုံးလူကြားထဲ ထွက်လာတာပါ။ ကျွန်တော့်အဖို့တော့ အကြီးမား ဆုံးသော စွန့်စားခန်းကြီးပေါ့။ နို့ပေမယ့် သည်ရောက်တော့ ကျွန်တော်ထင်တာထက်ကို အစစအရာရာ အဆင်ပြေနေလို့ သိပ်ကျေးဇူးတင်နေမိပါတယ်၊ ပျော်လဲပျော်သွားမိတယ်"

ထိုနေ့က ဆုပေးပွဲ၌ စာနယ်ဇင်းများတွင် ဓါတ်ပုံပါ၍ မြင်ဖူးသောပုဂ္ဂိုလ်အတော်များများသည် မိမိ အမည်ကို မိမိပြောပြပြီး ကိုယ်တိုင်လာရောက် နှုတ်ဆက်ကြပါသည်။

ကျွန်တော်တို့ လက်ဖက်ရည်သောက်နေကြစဉ် ပြန်ကြားရေးဌာန ဒုတိယအတွင်းဝန် စာရေးဆရာ တက္ကသိုလ်မောင်မောင်ခင်က ဆရာဇော်ဂျီနှင့်ဆရာမင်းသုဝဏ်တို့အား "ကျွန်တော့်သားကလေး တစ်ယောက်လည်း မောင်စိန်ထွေးလိုပဲ ပိုလီယိုရောဂါဖြစ်ပြီး လမ်းမလျှောက်နိုင်ဘူး။ ကျွန်တော့်သားကတော့ ဦးနှောက်ပါ ထိခိုက်သွားလို့ သိပ်စိတ်မကောင်းစရာ ဖြစ်နေတယ်" ဟု ပြောပြလေသည်။

ထိုနေ့သည်ကျွန်တော့်ဘဝဝယ် အထူးခြားဆုံးသောနေ့ တစ်နေ့ ဖြစ်ခဲ့ရပါ၏။ ဤနေ့ကား ကျွန်တော့် ဘဝကို တစ်မျိုးတစ်ဖုံ တစ်ဆစ်ချိုး ကွေ့ဝိုက်ပြောင်းလဲပေးနိုင်သော နေ့တစ်နေ့ဖြစ်ကောင်းဖြစ်လေမည် ထင်ပါသည်။

http://www.linhtet.com

**တစ်ဆယ့်နှစ်**

# ဆန်းစစ်ချက်

ကျွန်တော်သည် လူ့လောကသို့ရောက်ရှိလာပြီး ကလေးအရွယ်၌ မည်သူ့ကိုမျှ အကျိုးမပြုနိုင်သည့်အပြင် ကျွန်တော် လူ့လောကရောက်ရှိလာခြင်းကပင်လျှင် မိမိပတ်ဝန်းကျင်ကို အလုပ်ပေးလျက်ကြီးစွာ အနှောင့်အယှက်ပြုလာခဲ့သည် ထင်ပါသည်။ ကျွန်တော်အသက်ရှင်နေခြင်းပင်လျှင် မိမိပတ်ဝန်းကျင်ကို ဝန်လေးတာဝန်ကြီးမားနေစေဟန် ရှိပါသည်။

နောက်မှ တဖြည်းဖြည်း အချိန်အခါနှင့်အမျှ မိမိပတ်ဝန်းကျင်ကို ဝန်ပေါ့လာစေပုံရပါ၏။ ထိုမှတစ်ဆင့် အသင့်အတင့် အကျိုးပြုမှု အသေးအမွှား အနည်းအပါးရှိလာခဲ့သည်ထင်ပါသည်။

ထိုမှ မိမိပတ်ဝန်းကျင်ကို ကျော်လွန်ပြီး လူ့လောကကို လူတစ်ယောက်အနေဖြင့် အကျိုးပြုနိုင်ရန် လုံးပမ်းကြိုးစား ကြည့်နိုင်လာသည့်အဆင့်သို့ ရောက်လာမိသည်ထင်ပါသည်။

ကျွန်တော်သည် ကျွန်တော့်လောက ကျဉ်းကျဉ်းကလေး ကမ္ဘာသေးသေးလေးထဲမှာနေ၍ မိမိတတ်စွမ်းသမျှ မိမိဦးနှောက်ထဲမှ အနုပညာပစ္စည်းကို လူ့လောကအတွက် ထုတ်ယူပေးစွမ်းကြည့်နေမိပါသည်။ လူသာမန်တစ်ဦးအဖို့ ကျွန်တော်၏ စွမ်းအားသည် မည်သို့မျှမပြောပလောက်ဘဲ ဖြစ်ချင်ဖြစ်နေနိုင်သော်လည်း ကျွန်တော့်အဖို့ကားသည်ရွေ့ သည်မျှကလေးပေးနိုင်စွမ်းရှိဖို့ပင် အလွန်ကြီးမားသော လုံ့လနှင့် အင်အားကို အစွမ်းကုန် ရင်းနှီးအသုံးချခဲ့ရပါသည်။

## <u>စာပေခရီးလမ်း</u>

ကျွန်တော်ကြိုးပမ်းပြုစုရေးသားခဲ့သော ဆောင်းပါး၊ ဝတ္ထုစာ အစုစုထဲမှ စာမူပုဒ်ရေ ၅၀ ခန့်မျှသာ ယနေ့အထိ ပုံနှိပ်

http://www.linhtet.com



စာပေ ဖြစ်ခဲ့နိုင်ပါ၏။

ထိုအထဲမှ စာမူသုံးလေးပုဒ်ကို မြန်မာ့အသံမှ အသံလွှင့်ပေးခဲ့၏။ ရှေ့သို့စာစောင်တွင် ကျွန်တော်ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်ကို ၁၉၆၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့ညက မြန်မာ့အသံအင်္ဂလိပ်ပိုင်း အစီအစဉ်မှ အသံလွှင့်ခဲ့သည်ဟု မိတ်ဆွေတချို့ပြောစကားအရ သိရလေသည်။ သို့သော် ကျွန်တော်ကား မကြားလိုက်ရချေ။

ရှေ့သို့စာစောင် အတွဲ ၉၊ အမှတ် ၁ တွင်ပါသော ကျွန်တော်၏ "ကံဖန်လေလော လူဖန်လေလော" ဝတ္ထုတိုကို ၁၉၆၆ ခုနှစ် ဇွန်လ ၂၁ ရက် ညက မြန်မာ့အသံတွင် "လူမတန် ကံမချ ပါနှင့်" ဟူသော အမည်ဖြင့် ဇာတ်လမ်းပမာအဖြစ် အသံလွှင့်ခဲ့ကြောင်း မိတ်ဆွေများပြောမှ သိရ၏။ လွှင့်စက နားမထောင်လိုက်ရသော်လည်း ထိုဇာတ်လမ်းကို ထပ်မံအသံလွှင့်သောအခါ ကျွန်တော်ကိုယ်တိုင် ကြားရပါတော့သည်။

အလားတူပင် ရှေ့သို့စာစောင် အတွဲ ၁၃၊ အမှတ် ၁၀ တွင်ပါဝင်သော ကျွန်တော်၏ "မြန်မာ့ ကောက်ရိုးပန်းချီ အနုပညာ" ဆောင်းပါးကို ၁၉၆၉ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့၌ အသံလွှင့်ခဲ့၏။ ဤအကြိမ်၌ မူ အဆိုတော်တင်တင်မြလာ၍အကြောင်းကြားသဖြင့် မိမိစာမူကို အသံလွှင့်မည့်နေ့၊ အချိန်နာရီနှင့်တကွ ကြိုတင်သိနေသည်။ တင်တင်မြလာပို့ပေးသော အသံလွှင့်ခ ငွေ ၂၅ ကျပ်ကိုလည်း ရရှိခဲ့ပါသည်။(ယင်းဆောင်းပါးကို ဟောင်ကောင်ထုတ် သတင်းစာများက ကူးယူဖော်ပြခဲ့သေးသည်ဟု မိတ်ဆွေများပြော၍ သိရပါသည်)။

ရွှေသွေးဂျာနယ် အတွဲ ၁၊ အမှတ် ၃၃ မှ "ဝါဝါ့အလုပ်" ဝတ္ထုလေးကိုမူ ၁၉၆၉ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့၌ အသံလွှင့်ခဲ့ပြီး မြန်မာ့အသံမှ ဦးညွန့်တင်က အသံလွှင့်ခ ငွေ ၁၅ ကျပ် လာပို့ပေးပါသည်။

မြန်မာ့အသံမှ ရရှိသော စုစုပေါင်း ငွေ ၄၀ ကျပ်မှာ

http://www.linhtet.com



ထူးခြားစွာရရှိသော စာမူခများဖြစ်ပါသည်။ ယခင်က မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သော မည်သည့်စာမူကိုမဆို စာမူခ ပေးလေ့မရှိခဲ့ဖူးကြောင်း သိရှိရပါသည်။

ရွှေသွေးဂျာနယ်မှ ကျွန်တော့်စာမူ "ဝါဝါ့အလုပ်"မှာ ကျွန်တော့်ဘဝ၌ မှတ်မှတ်သားသားတစ်ခု ဖြစ်ခဲ့ရပါ၏။ အဘယ်ကြောင့်ဆိုသော် ထိုစာမူအတွက် ရရှိရန်ဖြစ်သော စာမူခငွေ ၅၀ ကျပ်ကို "ကျွန်တော် မောင်စိန်ထွေးပါ" ဆို၍ လိမ်လည်ထုတ်ယူရန် ကြံစည်သူပေါ်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ ထိုသူသည် နောင်အခါ အလားတူအလွဲသုံးစားလုပ်မှုကြောင့် ထောင်သုံးလခွဲ ကျသွားကြောင်း သိရ၏။

ကျွန်တော်ရေးခဲ့ဖူးသော ဆောင်းပါးများအနက် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၁၀ ရက်နေ့ထုတ် လုပ်သားပြည်သူ့သတင်းစာပါ ကျွန်တော်၏ "လူနှင့် အလုပ်"ဆောင်းပါးကို ဖော်ပြလိုပါသည်။ သည်ဆောင်းပါး တွင် ကျွန်တော့်သဘော ကျွန်တော့်အမြင် ကျွန်တော့်ကြုံးဝါးမှု အရိပ်အရောင်လေးများ ရိုက်ခတ်နေလိမ့်မည် ထင်ပါသည်။

"ဘာ မျက်မမြင်လဲဟေ့"

"အော် မနက်က မျက်မမြင်နှစ်ယောက်လာတယ်။ သူတို့ကအလုပ်လိုချင်လို့တဲ့၊ ကုလားထိုင် ကြိမ်ထိုးစရာများ ရှိရင်ပေးပါတဲ့။ ဒါနဲ့ မေမေက အပေါ်ထပ်မှာကြိမ်ပေါက်လို့ သိမ်းထားရတဲ့ ကုလားထိုင်တွေ ပေးလိုက်တယ်လေ။ အဲဒါတွေ ကြိမ်ထိုးပြီးလို့ ခုလာပို့တာပါ"

"ဟေ - ဟုတ်လား"

ကျွန်တော့်မှာ ရင်ထဲလှုပ်ရှားသွားမိသည့်အပြင် ခေါင်းထဲ၌ လည်း တွေးစရာ တောစရာတွေ အပြည့် ဝင်လာလေသည်။ ညီဝမ်းကွဲနှစ်ယောက်ကိုလည်းလှမ်း၍ ကွက်ကနဲ ကြည့်မိသွားသည်။

"လာကွာ၊ မျက်မမြင်တွေနဲ့ သွားစကား ပြောကြည့်ရအောင်" ဟု ကျွန်တော်က ညီဝမ်းကွဲနှစ်ယောက်ကိုပါ အိမ်ရှေ့ ဘက်

http://www.linhtet.com



ခေါ်လာခဲ့မိ၏။

မျက်မမြင်တစ်ယောက်သည် သူတို့သယ်လာခဲ့သော ကုလားထိုင်များကိုသွင်းနေသည်။ အခြားတစ်ယောက်က ထိုကုလားထိုင်များမှ ကြိမ်ထိုးထားသည်များကို လက်ချောင်းလေးများဖြင့်စမ်းသပ်၍ ပြန်လည်စစ်ဆေးနေသည်။ သူတို့သည် သူတို့အလုပ်အပေါ်ဝယ် အတော်စိတ်ဝင်တစားကြီး လေးနက်နေပုံရှိ၏။ကျွန်တော် မောင်လေဖောက စကားစ၏။

"ခင်ဗျားတို့မျက်စိက ဘယ်လောက်လောက်မြင်ပါသလဲ"

"ကျွန်တော်က အလင်းအမှောင် အဖြူ အမဲပဲ မြင်ရပါတယ်၊ သူကတော့ လုံးလုံးမမြင်ပါဘူး" ဟု မျက်မမြင်တစ်ယောက်က ဆိုသည်။

"ဟင် - ခင်ဗျားတို့ မမြင်ဘဲနဲ့လည်း လမ်းသွားလို့ရတယ်လား" ဟု ကျွန်တော်က အံ့သြစွာမေးမိသည်။

သူတို့က ပြုံးရယ်၍ ပြန်ပြော၏။

"သြော် .. မျက်စိမမြင်ရင် လမ်းသွားလို့ မရဘူးလို့ ယူဆရင်မှားမှာပေါ့၊ ကျွန်တော်တို့လည်း ကျွန်တော်တို့ရဲ့ အလေ့အကျင့်နဲ့ အမှတ်သညာနဲ့ပဲပေါ့၊ ကျွန်တော်တို့ သည်လမ်းတွေမှာတော့ ကတ္တရာစေး လမ်းစောင်းကို ခြေဖဝါးနဲ့မှတ်၊ စမ်းပြီးသွားလို့လာလို့ရပါတယ်"

"ဘယ်မှာ နေပါသလဲ"

"ကြည့်မြင်တိုင်က ကျွန်တော်တို့အလုပ်ရုံမှာပဲ နေပါတယ်"

"ဩ ... ခင်ဗျားတို့က အလုပ်ရုံနဲ့လား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ အလုပ်ရုံမှာ လူ ၃၆ ယောက်ရှိပါတယ်။"

"အား ..လူအများကြီးပါလား၊ ၃၆ ယောက်စလုံး မျက်စိမမြင်ကြဘူးလား"

"လူ ၃၀ လုံးက လုံးလုံး မမြင်ကြပါဘူး။ ၆ ယောက်ကတော့ နည်းနည်း မမြင်သူနှင့် မျက်စိတစ်ဖက် ကောင်းသူတွေပါ၊

ရွှေမင်းသားစာအုပ်တိုက်

http://www.linhtet.com



မျက်စိလုံးဝမမြင်တဲ့သူတွေ မလုပ်နိုင်တဲ့ အလုပ်တွေကို ဒီ ၆ ယောက်ကလုပ်ပေးပါတယ်"

"အလုပ်ရုံက ဘယ်လိုစနစ်နဲ့ အလုပ်လုပ်ကြသလဲခင်ဗျာ"

"လိုတဲ့ပစ္စည်း ပစ္စယတွေအားလုံးကို အလုပ်ရုံက ပေးရပါတယ်။ အလုပ်ရုံရဲ့အလုပ်ကိုလုပ်ရင် ကျွန်တော်တို့ တစ်နေ့ကို ၄ ကျပ်ခွဲ ရပါတယ်။ အခုလို အပြင်က အလုပ်ကိုရှာလာပြီး ကိုယ့်ဘာသာ လက်ခံ လုပ်ရင် ရသလောက်ကိုယ်ယူပြီး အလုပ်ရုံကိုတော့ ပစ္စည်း ဖိုးပဲ ပေးရပါတယ်။ ဥပမာ ဒီကုလားထိုင်တစ်လုံး ကြိမ်ထိုးတာ ၅ ကျပ်ရရင် ကျွန်တော်တို့က ကြိမ်ထိုးခ ၃ ကျပ်ယူပြီးအလုပ်ရုံ ကို ၂ ကျပ်ပေးရပါတယ်"

"အလုပ်ရုံက ဘာပစ္စည်းတွေ လုပ်ပါသလဲ၊ အပြင်ကရော ဘယ်လို အလုပ်မျိုးကို လက်ခံယူပါသလဲ"

"အလုပ်ရုံက ကြိမ်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေ အမျိုးမျိုးအစုံစုံ ထုတ်လုပ်ပါတယ်။ လက်ဆွဲခြင်းတို့၊ တောင်းတို့၊ ထိုင်ခုံ၊ ကုလား ထိုင် စသည်ဖြင့်ပေါ့လေ၊ အပြင်ကအပ်တာလည်း ကြိမ်နဲ့ပတ်သက် တဲ့ အလုပ်အမျိုးမျိုး ပဲပေါ့"

ထိုစဉ် မေမေသည် ပိုက်ဆံယူ၍ထွက်လာပြီး ကျသင့်ငွေ ၃၅ ကျပ် ကို သူတို့အား ရှင်းပေးလေသည်။ တစ်ဦးက ငွေစက္ကူကို စမ်းသပ် စစ်ဆေးရေတွက်ယူပြီးနောက် ရှင်လန်းတက်ကြွစွာပင် အိမ်မှ ထွက်သွားကြလေ၏။

ကျွန်တော့်ညီဝမ်းကွဲနှစ်ယောက်ကို ကျွန်တော်က အဓိပ္ပါယ်ပါပါပြုံး ကြည့်လိုက်မိ၏။ သူတို့နှစ်ယောက်ကလည်း ကျွန်တော့်အကြည့်ကို နားလည်သွားဟန်ရှိသည်။ ကျွန်တော့်ကို မျက်နှာလွှဲထားလိုက်ကြ၏။ ထိုအခါမှကျွန်တော်ကရယ်မော၍စကားဆိုလိုက်မိပါသည်။

"ကဲ-ငါ့ညီတို့ မင်းတို့လက်တွေ့ မျက်မြင်ပဲ၊ အလုပ်ဆိုတာ လုပ်ရင် ရှိမှာပဲ၊ အဲ ... တစ်ခုတော့ ရှိ တယ်ပေါ့လေ၊ကိုယ်လုပ်တတ် တာနဲ့ ကိုယ်လုပ်ချင်တာ၊ ကိုယ်လုပ်ချင်တာနဲ့အခြေအနေက ပေး

http://www.linhtet.com



လာတာ၊ အဲဒါတွေ တစ်ခုနဲ့တစ်ခုခွင်မကျဘဲ အံချော်နေတာမျိုး ပေ့ါကွာ၊တစ်ခါတစ်လေ ဒီလိုအဆင်မပြေရှိချင်ရှိနေမှာပေ့ါလေ။ တကယ်အလုပ်လုပ်ချင်ရင်တော့ကိုယ့်အစွမ်း ကိုယ့်အစနဲ့ပေးလာတဲ့ အခြေအနေနဲ့ ကိုက်ညီအောင် ညှိယူတတ်ရင်အလုပ်ဖြစ်မှာပဲ၊ ဒီမျက်မမြင်တွေကိုပဲ ပုံစံထားကြည့်ပေ့ါ၊ မျက်စိလည်း မင်းတို့လို မမြင်ဘူး၊မင်းတို့လောက် ကျောင်းပညာတတ်ဖို့နေနေသာသာ ကျောင်းစာဆိုတာတောင် ဘာမှန်းသိပ်သိကြမှာ မဟုတ်ဘူး။ သို့ပေမယ့် သူတို့ဟာ သူ့တို့နည်းနဲ့သူတို့ အလုပ် လုပ်ကိုင်လို့ ဖြစ်နေကြတယ်လေ။ တကယ်တော့ လူ့လောက မှာ လုပ်စရာမရှိတာ မဟုတ်နိုင်ပါဘူး။ မလုပ်ကြတာဘဲ ဖြစ်ကြမှာပါ။ လူမှာ ဦးနှောက်နဲ့ လက်ရှိနေသမျှ ကာလပတ်လုံး ဘ၀အတွက် ဘာမျှ ကြောင့်ကြစရာ မရှိဘူး။ အဲဒီတော့ မျက်မမြင်တွေထက်လည်း မင်းတို့ဟာ ကိုယ်ခန္ဓာပြည့်စုံမှုရှိတယ်။ ကျောင်းပညာလည်း သူတို့ထက် အဆများစွာသင်ထားဖူးတယ်ဆိုတော့ သူတို့ မျက်မမြင်တွေတောင် အလုပ်ဖြစ်နေသေးရင် မင်းတို့ကော ဘာလို့အလုပ် မဖြစ်ကြမှာလဲ။မင်းတို့ဟာ အားငယ်စရာလည်း မရှိဘူး။ စိတ်ပျက်စရာလည်း မရှိဘူး။ ဝမ်းနည်းစရာလည်း မဟုတ်ဘူး" ဟူ၍ ....။

မောင်စိန်ထွေး

အထက်ပါဆောင်းပါးတွင် ဘ၀ကို အရှုံးမပေး လူမတန်ကံမချဘဲ အလုပ်လုပ်လိုစိတ်ရှိက အလုပ်မရှားကြောင်းကို ကျွန်တော်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်ကား မိမိဦးနှောက်တစ်လုံးနှင့် လက်ျာလက်တစ်ဖက်ကို အလွန်ယုံကြည်ကိုးစားသူပါတည်း။ သို့သော်သည် ဦးနှောက်တစ်လုံးနှင့် သည်လက်တစ်ဖက်၏ ရှေ့ခရီးလမ်းမှာကား ....

**မောင်စိန်ထွေး**

* * * * * * *

http://www.linhtet.com

